
www.burmeseclassic.com



# နတ်သမီး

လရောင်ဖော်ဝေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၈၅၀၈၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၄၀၉၁၀
အဖုံးဒီဇိုင်း - သိန်းချောကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ ・ ၈၃
နတ်သမီး
လရောင်ဖော်ဝေး/နတ်သမီး။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၉၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) လရောင်ဖော်ဝေး

BURMESE CLASSIC .com

## အခန်း (၁)

"ခေတ် က ကလေးတစ်ယောက် အမေပါလို့ ပြောလိုက်ရင် နိုင်သစ် က ဘယ်လိုလုပ် လက်ထပ်မှာလဲ အမေ၊ သူ့မိဘတွေကရော ခေတ်ကို လက်ခံပါ့မလား"

"တစ်သက်လုံး ဖုံးကွယ်ထားလို့ ရတဲ့ကိစ္စမှ မဟုတ်တာ သမီးရယ်၊ အိမ်ထောင်ကျဖူးတယ်၊ ယောက်ျားသေသွားတယ်၊ ကလေးတစ်ယောက် ကျန်ခဲ့တယ်၊ ဘာဖြစ်လဲ အမှန်အတိုင်း ပြောလို့ သူတို့ လက်မခံချင် မယူနဲ့ပေါ့"

"အမေ ပြောတော့ လွယ်လွယ်လေး၊ နိုင်သစ်နဲ့ လက်ထပ်နိုင်အောင် ခေတ် ဘယ်လောက် အချိန်တွေ ပေးပြီး ကြိုးစားခဲ့ရတယ် ဆိုတာ အမေသိလို့လား၊ ခေတ် မဆင်းရဲချင်ဘူး အမေ၊ အရင်ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မသွားချင်ဘူး လှူကဲ့ထံ အသိုက်အဝန်းမှာ ချမ်းချမ်းသာသာ နေရမှ ဖြစ်မယ် အမေ၊ အဲလို ချမ်းသာမှ အမေတို့ကို ဒီသက်ပိုပြီး ထောက်ပံ့နိုင်မှာပေါ့"

"ဒါဆို မြေးလေး ဝသုန်ကို ဘယ်လိုလုပ်မှာလဲ သမီး"

ဒေါ်သက်နှင်းချိုရဲ့ စိတ်မရှည်သလို ခပ်ဆတ်ဆတ် မေးခွန်းကြောင့် ခေတ်တော်ဝင် တခဏ ဝိတ်ကျသွားသည်။ ဖြေစရာ မရှိလို့ မဟုတ်။

အစကတည်းက ဒီအကြောင်းတွေ အတိတ်မှာ မှောက်ထားခဲ့ဖို့ ဆုံးဖြတ်ပြီးသား။ ပစ္စုပ္ပန်နှင့် အနာဂတ်မှာ ခေတ်တော်ဝင် ဆိုတဲ့ သူမ အနှောင်အဖွဲ့ ကင်းရမည်။ ဘာသံယောဇဉ် လက်ကျန်မှ အကြွင်းအကျန်မရှိတဲ့ တစ်ဦး တစ်ယောက်တည်းသော လောကကြီးကို ရင်ဆိုင်ရဲသော တန်ဖိုးကြီး မိန်းမတစ်ယောက်။ ဒီအတိုင်းပဲ နိုင်သခ်တို့ဘက်က သိထားတာ။

အမိအဘ မရှိ အတွယ်အတာ မရှိ ကိုယ့်ကိုယ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ အရည်အချင်းတွေ ပြည့်ဝနေသော ခေတ်တော်ဝင်။

"ကောင်းတာပေါ့ကွယ်၊ အားနွဲ့တဲ့ မိန်းမသားဆိုပြီး အရာရာ အားငယ်စိုးရွံ့နေရင် အခွင့်ကောင်းယူပြီး အနိုင်ကျင့် စော်ကားချင်တဲ့





သူတွေ ကျားချောင်းချောင်းနေကြတာ၊ ခေတ်က မြန်မာပြည်ကနေ တစ်ယောက်တည်း ထွက်လာပြီး နိုင်ငံခြားမှာ အလုပ်လာလုပ်တာလည်း တော်တော် သတ္တိရှိလို့ပေါ့၊ ကိုယ့်ဆီက မြန်မာ မိန်းကလေးတစ်ယောက် အလုပ်ကြိုးစားလို့ ကုမ္ပဏီကြီးမှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာတာ တည်း အန်တီ ချီးကျူးပါတယ်၊ အန်တီလည်း မိန်းမသား ဖြစ်ပေမယ့် ဒီလို အခြေအနေ ဒီနေရာထိ ရောက်အောင် ကြိုးစားရုန်းကန်လာခဲ့ရ တာ၊ ခေတ်ကို အားပေးပါတယ်ကွယ်"

နိုင်သခ် အမေရဲ့ ယုံကြည်မှုရအောင် သူမ စိတ်ရော လူရော ဘယ်လောက် ပင်ပန်းခဲ့တယ်ဆိုတာ ဘယ်သူမှ မသိ။

ပြည်ပအလုပ်အကိုင် ရှာပေးတဲ့ အဆက်အသွယ်တွေက တစ်ဆင့် နိုင်ငံခြားကို သူမ ရောက်သွားတော့ အမျိုးသမီး အလှကုန်နှင့် ဈေးထုတ်လုပ်သည့် ကုမ္ပဏီကြီးမှာ သူမ အလုပ်ရခဲ့သည်။

ထိုလုပ်ငန်းကြီးက မြန်မာပြည်က နိုင်သခ်ရဲ့ အမေ ဒေါ်ဆင့်ဆင့်လှိုင် ရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီကြီး ဖြစ်နေသည်။ ဒေါ်ဆင့်ဆင့်လှိုင်က နိုင်ငံခြားသားများနှင့် ဆက်စပ်လုပ်သော လုပ်ငန်းများစွာ ပိုင်ဆိုင်ထား၏။

နိုင်ငံတကာ လှည့်လည်၍ ရှယ်ယာအတိုးအလျှော့နှင့် လုပ်ငန်းစစ်ဆေးရန် လက်ရုံးတစ်ဆူ အားကိုးရသော သားကြီး နိုင်သခ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကာ သွားလာတတ်သည်။

ထိုအချိန်မျိုးမှာ ဝန်ထမ်းတွေကို ထူးချွန်ကြိုးစားမှုအလိုက် ရာထူးတိုးပေးခြင်း၊ လစာတိုးခြင်း၊ လက်ဆောင်ပဏ္ဏာပေးခြင်းနှင့် နှစ်ပတ်လည် ပျော်ပွဲရွှင်ပွဲများလည်း လုပ်ပေးခဲ့၏။

''ခေတ်တော်ဝင်ကို တစ်နှစ်တစ်ခါ ရာထူးတိုးမပေးဘဲ မနေနိုင်အောင် ကြိုးစားထင်ပေါ်နေပါလား။ အန်တီက အဲလို အလုပ်ပေါ်မှာ ကြိုးစားပြီး ထက်မြက်တဲ့ မိန်းကလေးမျိုးကို အရမ်းသဘောကျတာ လူငယ်ဆိုတာ ကိုယ်ပိုင် အလုပ်ပဲဖြစ်ဖြစ် လုပ်ငန်းရှင်ဆီမှာ အခစားလုပ်ရတဲ့ ဝန်ထမ်းပဲဖြစ်ဖြစ် စေတနာနဲ့ ကြိုးစားမှုရှိမှ အောင်မြင်တာ၊ ဒီအတိုင်း ကြိုးစားသွားမယ်ဆိုရင် မင်းလည်း တစ်နေ့နေ့မှာ လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာနိုင်ပါတယ် ခေတ်တော်ဝင်''

BURMESE CLASSIC .com

ချီးမွမ်းဂုဏ်ယူစကားတွေ အကြိမ်ကြိမ်ပြောရင်း သမီး ချွေးမလေး တော်ချင်တဲ့အထိ စကားတွေ ကျွံလာခဲ့သည်။

''အန်တီ့မှာ သားနှစ်ယောက် ရှိတယ်၊ နိုင်သခ်က သားကြီး၊ သားငယ်က နိုင်ဗိမာန်ပါ၊ သားကြီးက အန်တီနဲ့ နိုင်ငံတကာ လှည့်ပြီး လုပ်ငန်းတွေလည်း ကျွမ်းကျင်တတ်မြောက်နေပြီ၊ သားငယ်ကတော့ အခုမှ ကျောင်းပြီးလို့ လုပ်ငန်းတွေ စသင်ရဦးမှာပေါ့ကွယ်၊ အခု သားကြီးက ခေတ်တော်ဝင်ကို စိတ်ဝင်စားတဲ့အကြောင်း အန်တီ့ကို ပြောလာ





တယ်၊ ကိုယ့်လက်အောက်ငယ်သားပဲဆိုပြီး အန်တီ အမိန့်မပေးပါဘူး၊ ခေတ်ဘက်က ဆန္ဒနဲ့ သဘောထားကို သိချင်တယ်''

မေးနေစရာ မလိုအောင် လက်ခံပြီးသားပါလို့ လျှာခလုတ်တိုက်မတတ် ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ အဆင့်အတန်းရှိပြီး ငွေကြေးချမ်းသာတဲ့သူတွေကို ဘယ်လိုအထာနှင့် ဟန်ဆောင် ဣန္ဒြေဆယ်ရမည်ဆိုတာ သူမ သင်ယူတတ်မြောက်ထားပြီး ဖြစ်သည်။

''ကျွန်မမှာ အမိအဘ အုပ်ထိန်းသူတွေ မရှိတော့ဘူးဆိုပေမယ့် ငယ်ကတည်းက စောင့်ရှောက်ပေးခဲ့တဲ့ ဦးလေးနဲ့အဒေါ်ကို တိုင်ပင်ကြည့်ချင်ပါသေးတယ်၊ ကျွန်မကို ယုံကြည်ပြီး ဘာဖြစ်ဖြစ် ခွင့်ပြုမှာ ဖြစ်ပေမယ့် ကိုယ့်ဘက်က လေးစားသင့်တယ် အရေးထားသင့်တယ် ထင်လို့ပါ''

''ဟုတ်တာပေါ့ကွယ် မှန်တာပေါ့၊ ကိုယ်က အခုချိန်မှာ ထောက်ပံ့နေရပေမယ့် ကိုယ့်ကို စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကိုတော့ ဘယ်မေ့သင့်ပါ့မလဲ၊ ပြီးတော့ ဘယ်လောက်ပဲ ပစ္စည်းဥစ္စာ ဂုဏ်ဓနတွေ ပြည့်စုံနေတဲ့ ယောက်ျားကို ရပါစေ၊ မိန်းမကောင်း မိန်းမမြတ်အနေနဲ့ ဒီလိုမျိုး စဉ်းစားချင့်ချိန်တာ အရမ်းတန်ဖိုး ရှိပါတယ်၊ အန်တီကတော့ အမြန်ဆုံး ချွေးမတော်ချင်ပြီကွယ်''

ဒါပဲလေ .ဒီလိုပဲ ဖြစ်ရမှာပေါ့။

မဟာ နဖူးကျယ်ကျယ်မှာ ဆံပင်တွေကို နောက်လှန်ဘီးပြီတင်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ညှိုစိမ့်စိမ့် ယောက်ျားပီသသော အသားအရည်၊ နှာတံစင်းစင်း မျက်ခုံးထူထူ၊ အမြဲတမ်း စပို့ရှပ်နှင့် စတိုင်ပန်မျှားသော တွဲဖက် ဝတ်ဆင်တတ်တဲ့ ခံ့ညားသော နိုင်သစ်ကို သူမ စိတ်မဝင်စားဘဲ နေပါ့မလား။

ကိုယ် ရခဲ့ဖူးတဲ့ ယောက်ျားထက်စာလျှင် ရုပ်ရည်၊ ပညာအဆင့်အတန်း ဂုဏ်ပကာသန မိုးနဲ့မြေလို ကွာခြားနေတာ နိုင်သစ်လို လူမျိုးနှင့် အတွေ့နောက်ကျသည်ဟုတောင် နောင်တရနေမိသည်။

မြင့်မိုး ဆိုသည့်လူနှင့် အိမ်ထောင်ကျစဉ်ကလည်း ငယ်ရွယ်စိတ်နှင့် ရှူးရှူးမိုက်မိုက် စွဲစွဲလမ်းလမ်း ချစ်ခဲ့မိတာပါပဲ။ ဒါပေမဲ့ ချစ်ရည်တူ မှာ နှစ်ယောက်တစ်ဘဝ ထူထောင်ခဲ့ကြရတာတော့ မဟုတ်။

ယောက္ခမတွေ ယောင်းမတွေနှင့် ဇရုတ်ဇရက် ဝရုန်းသုန်းကားပူဆောင်မှာ နေခဲ့ရသည်။

အပြောအဆို မယဉ်ကျေးသော အသိုက်အဝန်းထဲမှာ စိတ်ဓာတ်တွေလည်း ပျက်စီးခဲ့ရ၏ သူ့အကြောင်း ငါပြော၊ ငါ့အကြောင်း သူ ပြော၊ သူ့အပြစ်တင်၊ ကိုယ့်အပြစ်မြင်နှင့် အောက်တန်းကျ ယုတ်ညံ့ ရမှာ ဝန်မလေးကြ။

ကြင်နာ နွေးထွေးမှု၊ တစ်ယောက်နှင့်တစ်ယောက် တန်ဖိုးထားလေးစားမှုတွေလည်း မရှိ။ ကားအက်စီးဒင့်နှင့် မြင့်မိုးဆုံးတော့ ဗိုက်တစ်လုံးနှင့် ကျန်ခဲ့တဲ့ သူမကို ရတဲ့ လျော်ကြေးထဲကတောင် ထောက်ပံ့





ဖို့ စေတနာ မရှိ။

ပြုစုစောင်းမြှောင်း ငြိုငြင်မှုတွေ၊ အပြစ်တင်ရှုတ်ချ အထင်သေးမှုတွေကို ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံး ဆင်းရဲချို့တဲ့သော မိခင်အိမ်ကို ပြန်ရောက်ခဲ့ရသည်။

"အမေတို့ မတားခဲ့ဘူးလား သမီးရယ်၊ မျိုးရိုးဗီဇ အကျင့်စာရိတ္တ မကောင်းပါဘူးလို့၊ အခု အသက်နှစ်ဆယ်တောင် မပြည့်သေးဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရပြီ၊ ဆွေမျိုးသားချင်းတွေကလည်း သမီးကို မပြောနဲ့ သူတို့ သွေးသားကိုတောင် အသိအမှတ် မပြု မလိုချင်ကြဘူး မဟုတ်လား"

"ဘာမှ ပြောမနေပါနဲ့တော့ အမေ၊ နောင်တ ရပေမယ့် ပြင်လို့မှ မရခဲ့တာ အဲဒီအပြစ်တွေကို ဒီကလေး မွေးပြီးတာနဲ့ ကျေအောင် ပြန်ဆပ်မှာပါ အမေ၊ လေဖြန်းနေတဲ့ အဖေ့ကို ဆေးပြန်ကုပေးမယ်၊ ဆေးကျောင်းတက်ချင်နေတဲ့ ညီမလေးကိုလည်း ထောက်ပံ့နိုင်အောင် ကြိုးစားမှာပါ၊ ဒီအိမ် ဒီမိသားစု အဆင်ပြေအောင် ရှန်းကန် ရင်ဆိုင်ပေးမှာပါ အမေ"

ပြောခဲ့တဲ့အတိုင်း သူမ ဖြစ်အောင်လည်း လုပ်သည်။ လသားအရွယ် သားလေးကို အမေတို့နှင့် ထားရစ်ကာ နိုင်ငံခြားကို စွန့်စွန့်စားစား ထွက်လာခဲ့၏။ သူမ ကံကောင်းသည်ပဲ ပြောရမလား။



www.burmeseclassic.com

www.burmeseclassic.com



တချို့လူတွေလို အိမ်ဖော်တွေ၊ စားသောက်ဆိုင်တွေမှာ မလုပ်ရဘဲ နေရာကောင်းကောင်း၊ ဝင်ငွေကောင်းကောင်း အလုပ်ကို သူမ ရခဲ့သည်။

အခွင့်အရေး ပေးတတ်တဲ့ ကုမ္ပဏီမှ သွေးနဲ့ချွေးနဲ့ ရင်းကာ ကြိုးစားပြခဲ့၏။ ဆင်းရဲတွင်းထဲ ဘယ်တော့မှ ပြန်မသွားချင်ဘူးဆိုတဲ့ စိတ်နှင့် အားတင်းခဲ့တာ အချည်းနှီး မဖြစ်ခဲ့၍ သူမ ကံကောင်းသည်ဟု ဆိုရမည်။

မမျှော်လင့်ထားတာတွေတောင် ဖြစ်တော့မှာမို့ သူမ ဘယ်လောက်တောင် ပျော်ရွှင်နေခဲ့ရလဲ။ ခုတော့ ထိုပျော်ရွှင်ကြည်နူးမှုတွေ အားလုံး သားလေး ဝသုန်ကြောင့် အဟန့်အတား ဖြစ်ရတော့မည်လား။

အမေက သားဝသုန်ကို ဘယ်လိုလုပ်မှာတဲ့လဲ။

သူမ ဆုံးဖြတ်ထားတာတွေ ဖွင့်ပြောလိုက်လျှင် အမေတို့ ဘာတွေပြောကြမလဲ။ ဘယ်လိုတွေ ဖြစ်သွားကြမလဲ။

ဘာဖြစ်ဖြစ် သူမ နောက်ဆုတ်တော့မှာ မဟုတ်။

အဲဒီတော့ . . ။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၂)

"ဘာ အဲလို လုပ်လို့ ဖြစ်မလား၊ ကိုယ့်ရင်သွေးက ကိုယ့်ရင်သွေးပေါ့"

"မမခေတ် အဲလို ဆုံးဖြတ်လိုက်တာတော့ လွန်လွန်းတယ်"

"ပြန်စဥ်းစားပါဦး သမီးကြီးရယ်၊ မကြံမစည်အပ်တာတွေ"

သူမ ဖွင့်ပြောလိုက်သည်နှင့် အဖေ အမေ ညီမလေးတို့က အထိတ်တလန့် ခါးခါးသီးသီး ဟန့်တားကြ၏။

ခေတ်ကတော့ မျက်နှာလေးကို တင်းထားကာ သား ဝသုန်လေးကို တစ်ချက်လှည့်ကြည့်ဖြစ်သည်။ ငါးနှစ်အရွယ် သားဝသုန်က သူ့အဖေလို အသားညိုစိမ့်စိမ့် မျက်နုံးကောင်းကောင်းနှင့် သူမလို ပါးဖောင်းဖောင်း မျက်တောင် ရှည်ကော့ကော့ အောက်နှုတ်ခမ်းတွဲတွဲလေးဖြင့် ခေတ်ကို မော့ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်က ဖျတ်ခနဲ မျက်နှာလွှဲကာ

"ဝသုန်က ခုချိန်ထိ ခေတ်ကို သူ့အမေလို့ ထင်သေးပုံ မပေ ပါဘူး"

"ဒါကတွေ့ခါစမို့ အနေစိမ်းနေသေးလို့ပါ၊ မမခေတ်ကရေ သူ့ကို သားလို့ တစ်ခွန်းမှ မခေါ်ရသေးဘူး မဟုတ်လား"

"ကလေးမှာ အပြစ်မရှိပါဘူး သမီးရယ်၊ သမီး သူ့ကို ထား တုန်းက ခြောက်လသားအရွယ်လေးပဲ ရှိသေးတယ်လေ၊ ငါးနှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ ဘယ်လောက်တောင် ကွာဟသွားလဲ၊ ခုပြ ရောက်လို့ အနေနီးရင်တော့ သူ့အမေဆိုတာ သူ သိလာမှာပ ကလေးက အမေကို အရမ်းတနေခဲ့တာ"

"ဟင့်အင်း အဲလို မဖြစ်စေချင်ဘူး၊ သွေးသား တော်စပ်တယ် ဆိုရင်တောင် အဲလောက် သွေးနီးတယ်ဆိုတာ မသိစေချင်ဘူး"

"ဘယ်လို ပြောလိုက်တာလဲ သမီး"

အမေက ကလေးကို ရင်ခွင်တွင်း ဆွဲသွင်းကာ မယုံနိုင်သ သူမကို ပြူးကြည့်၏။ လေဖြန်းထား၍ ပါးစပ်တခြမ်း ရွဲ့ချင်ချင် ဖြစ်ေ တဲ့ အမေကတော့ မျက်ရည်လည်လည်နှင့်

"ဝသုန်လေးကို သားတစ်ယောက်အဖြစ် အသိအမှတ်ပြု သမီး အိမ်ထောင်ရေးမှာ အနှောင့်အယှက် ဖြစ်နိုင်လို့လား သမီး"





"ဟုတ်တယ် အမေ၊ သူတို့ဘက်က ခေတ်ကို အမိအဖ မရှိ၊ ရိုးသား ကြိုးစားမှုတွေနဲ့ ရုန်းကန်ရဲတဲ့ ထက်မြက်မှုတွေရှိလို့ ကမ်းလှမ်းခဲ့တာ၊ ဒီအခွင့်အရေးကို ဘယ်လို အကြောင်းမျိုးနဲ့မှ ခေတ် လက်လွှတ် ဆုံးရှုံးခံလို့ မဖြစ်ဘူး။ ဒါကလည်း ခေတ် တစ်ယောက်တည်းအတွက် ဆုံးဖြတ်ထားတာ မဟုတ်ပါဘူး။ အဖေ အမေ ညီမလေးနဲ့ ဝသုန်အတွက်ရော"

BURMESE CLASSIC .com

"အမေတို့ မသိလို့မှ မဟုတ်တာ သမီးရယ်၊ သမီးတို့ အဖေ လေဖြတ်ပြီးကတည်းက သမီး ထောက်ပံ့မှုနဲ့ အမေတို့ အားလုံး ရှင်သန်နေရတာပါ၊ သမီးငယ်လည်း ဆေးကျောင်းတက်နိုင်တယ်၊ ခုဆို တဖြည်းဖြည်းနဲ့ ပညာသင်စရိတ်က ပိုကုန်လာတယ်၊ ဒါပေမဲ့ ဝသုန်လေးက သမီးရဲ့ သားမဟုတ်ရင် ဘယ်သူ့ရဲ့ သားလို့ အမေတို့ ပြောရမှာလဲ သမီး"

"ညီမလေး မြသွန်းဆက်ရဲ့ သားပေါ့ အမေ"

"မမ ခေတ်"

"သမီး အပြောအဆို ဆင်ခြင်စမ်းပါဦးကွယ်၊ သမီး ညီမလေးက အပျိုစင်လေးလေ"

တစ်ဆင့်ထက် တစ်ဆင့် ပိုဆိုးလာသော ခေတ့်စကားကို ဘယ်သူမှ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ဒီလို ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေတ်တော်ဝင် မျက်နှာမှာ ဘာခံစားမှုမှ ထူးထူးခြားခြား ဖြစ်ပေါ် မနေ။ ကမ္ဘာမီးလောင် သားကောင်ချနင်းတော့မယ့် မျက်နှာမျိုးနှင့် အေးစက် တင်းမာနေသည်။

"အမေတို့အားလုံးအတွက် ခေတ် အများကြီး လုပ်ပေးခဲ့တာပါ ရှေ့လျှောက်လည်း ဒီတာဝန်တွေကို ထမ်းပိုးထားရဦးမှာပဲ မဟုတ်လား။ သွန်းဆက်လည်း ကျောင်းမပြီးသေးဘူးလေ၊ ဒီဝန်တာတွေ ထမ်းနိုင်ဖို့ ခေတ် အနှောင်အဖွဲ့ ကင်းနေမှ ဖြစ်မယ် အမေ၊ ညီမလေး နင်ကရော ငါ့ရဲ့ ပေးဆပ်မှုတွေကို ဒီလိုနည်းနဲ့ ကျေးဇူးပြန်မဆပ်ချင်ဘူးလား"

"မ မမခေတ်ရယ် ဝသုန်က သွန်းဆက်ရဲ့ တူလေးပါ၊ ဒီပတ် ဝန်းကျင်ကလည်း ဒီအတိုင်းပဲ သိထားတာလေ၊ ဝသုန်က ဘယ်လိုလုပ် သွန်းဆက်ရဲ့သား ဖြစ်ရမှာလဲ"

"ဟင့်အင်း မဖြစ်လို့ မရဘူး သွန်းဆက်၊ ငါတို့ မိသားစု အကြောင်းကို သိနေတဲ့ ဒီပတ်ဝန်းကျင်မှာ မနေရအောင် ငါ စီစဉ်ထား တယ်၊ ဒလဘက်မှာ ပေနှစ်ဆယ် သွပ်မိုးပျဉ်ထောင်အိမ်လေး တစ်လုံး ဝယ်မယ်"

"ဟင် သွန်း သွန်းဆက် ကျောင်းတက်ရတာ အခက်အခဲ ဖြစ်သွားမှာပေါ့ မမခေတ်ရယ်"

"သမီးငယ် ဘာမှပြောမနေဘဲ သူ့အစီအစဉ်တွေ ဆုံးအောင်





နားထောင်ကြည့်လိုက်ပါဦး"

အမေက မနေသာသလို သွန်းဆက်ကို ဟန့်တားလိုက်၍ သွန်း ဆက် ဘာမှမပြောမိအောင် နေလိုက်ရသည်။ မမခေတ်က ဒီအိမ်ရဲ့ စားဝတ်နေရေး ကျန်းမာရေး၊ ပညာရေး အားလုံး တာဝန်ယူထားရတဲ့သူ ပဲ။ မလိုက်လျောချင်တောင် နာခံရတော့မယ့် အဖြစ်။

"ငါ မတရား ကြံစည်နေတာ မဟုတ်ဘူး၊ အားလုံး အဆင်ပြေ နိုင်တာကို ရွေးချယ်နေတာ၊ ငါ့စိတ်နဲ့ငါ့ကိုယ်ဆိုရင် ငါ့မှာ ဆွေမျိုးသားချင်း တစ်ယောက်မှ မရှိဘူးလို့တောင် ပြောပစ်လိုက်ချင်တာ၊ အခုဟာက နင်တို့တွေကို ငွေကြေးထောက်ပံ့နေရဦးမှာမို့ ဦးလေးတွေ အဒေါ်တွေ ညီမဝမ်းကွဲတွေနဲ့ ကျေးဇူးပြန်သိတတ်နေရတဲ့ အနေအထားမျိုး ပြောနေ ရတာ"

ဒါလည်း နာမည်ကောင်း လိုချင်လို့ မဟုတ်ဘူးလားလို့ သွန်း ဆက် မမေးဖြစ်လိုက်ပါ။ မမခေတ် ပြောနေတာတွေပဲ ငြိမ်သက်စွာ နားထောင်နေလိုက်သည်။ နိုင်ငံခြားက ပြန်ရောက်ရောက်ချင်း အိမ်ကို ပြန်မလာဘဲ မြို့ပေါ်မှာ တိုက်ခန်းငှားနေတဲ့ မမခေတ်မှာ ဘယ်လို အစီအစဉ် အကြောင်းတရားတွေ ရှိနေဦးမလဲဆိုတာ မသိနိုင်။

"ငါ မြို့ထဲမှာ တိုက်ခန်းငှားပြီး နေနေတယ်ဆိုပေမယ့် တကယ် တမ်း ငါ့ကို လက်ထပ်ဖို့ လာတောင်းတဲ့ အခါမှာ ငါက ဦးလေး အဒေါ်လို့



www.burmeseclassic.com

www.burmeseclassic.com



အသိပေးထားတဲ့ အဖေနဲ့အမေဆီမှာ လာတောင်းမှာ၊ အဲဒီအချိန်မှာ အရွယ်ချင်း ကွာနေတဲ့ ဝသုန်ကို မောင်လေးပါလို့ ပြောလိုက်လို့ မရဘူး တူလေးပါလို့ အသိပေးလိုက်ရင်လည်း ဘယ်လူ့သားလဲဆိုတဲ့ စပ်စုမှုတွေနဲ့ သံသယဝင်သွားရင် မင်္ဂလာပွဲပျက်သွားတဲ့အထိ ဖြစ်သွားနိုင်တယ်"

"အဲဒါကြောင့် သွန်းဆက်ရဲ့ သားပါလို့ တစ်ခါတည်း ကြော်ငြာနိုင်းတာလား"

မနေနိုင်စွာ ဖြတ်မေးတော့ ခေတ်တော်ဝင် ခပ်မိန့်မိန့် ပြုံးသည်

"နင် သဘောပေါက်လွယ်သားပဲ သွန်းဆက်၊ အဲဒီလိုမျိုး ပိပိရိရိ ဖြစ်နေမှ သူတို့ ယုံကြည်ကြမှာပေါ့"

"ဒါဆို ဒီကလေး အဖေ ဘယ်သူလဲဆိုရင်ရော၊ ပြီးတော့ သွန်းဆက် အသက်အရွယ်နဲ့ ဒီအသက်အရွယ် ရောက်နေတဲ့ ကလေးကို မွေးတယ်ဆိုတာရော ယုံကြပါ့မလား"

"အသက်မပြည့်တဲ့ အိမ်ထောင်ကျပြီး မုဆိုးမဖြစ်နေတဲ့သူတွေ တစ်ပုံကြီးပါ၊ ဘယ်လိုပြန်ဖြေရမယ်ဆိုတာ နင် ကြိုစဉ်းစားထားပေါ့၊ ဒါပေမဲ့ ပတ်ဝန်းကျင်အသစ်မှာ လူတကာကို လည်ပြောနေဖို့ မလိုပါဘူး၊ မေးတဲ့သူရှိရင် ပြန်ဖြေတတ်အောင်ပဲ ကြိုးစားထား"

သွန်းဆက် ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ ငါ့ထောက်ပံ့မှုနဲ့ ရှင်သန်နေတဲ့သူတွေ ငါ ပြောသလို နာခံရမယ်ဆိုတဲ့ အမိန့်သံတွေ





ရောစွက်နေတာ မဟုတ်ဘူးလား။

ဘာစကားမှ ပြောဖို့ အင်အားမရှိတော့သလို နေရာက ထထွက်လာခဲ့တော့ မျက်လုံးလေး ပြူးလည်စွာ မမခေတ်ကို ကြည့်နေတဲ့ ဝသုန်လေးကို မေမေက တင်းတင်းပွေ့ဖက်ကာ မျက်ရည်ကျသည်။

"မိခင်မေတ္တာ ဝတ်နေတဲ့ ငါ့မြေးလေး ကံဆိုးလိုက်တာကွယ်"

"အမေတို့ကို အဲဒါတွေ ပြောရခက်တာ၊ မေတ္တာဆိုတာ ရသင့်မှရတာ အမေ၊ အခုလည်း အနေဝေးပေမယ့် သူ့ရှေ့ရေးအတွက်လည်း ပါတာပဲ မဟုတ်ဘူးလား၊ ခေတ် တွေဝေသွားအောင် စကားနာတွေ မထိုးပါနဲ့ ဒီလိုမျိုး ဆုံးဖြတ်လိုက်ရတာ ခေတ်လည်း ရင်တွေ နာနေတာပါပဲ"

"အေးပါလေ ဒါနဲ့ သမီးတို့က ဘယ်အချိန် လက်ထပ်ကြမှာလဲ"

"နောက်နှစ် မိုးအကုန်လောက်ပါ အမေ"

"ဟင် တစ်နှစ်လောက် လိုနေသေးတာကို ကြိုတင်ပြီးတောင် သွေးစိမ်းဖို့ ကြိုးစားနေရတာလား၊ ဒီလောက် အကြာကြီး ဝေးကွာနေရတာ ခဏလောက် သမီး ရင်သွေးကို နွေးထွေးကြင်နာသင့်ပါတယ်"

"သွေးအေးပြီးသား အနေစိမ်းပြီးသားကို တခဏလေး ကြင်နာပြနေတော့ရော ဘာထူးမှာလဲ၊ သူ ဘာမှ သိပ်မသိသေးတဲ့အရွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပဲ ထားလိုက်ပါ''

ပြတ်သားစွာ ပြောရင်း ဝသုန်လေးကို တစ်ချက်သာ ကြည့် ခေတ်တော်ဝင် ထရပ်လိုက်သည်။ စလင်းဘတ်အိတ်ထဲက ထောင်တ အုပ်တွေကို ဆွဲထုတ်၍ စားပွဲပေါ် တင်လိုက်ကာ

''တစ်ပတ်အတွင်း အမေတို့ အိမ်ပြောင်းနိုင်အောင် စီစဉ်ထ ပါ၊ ဝသုန်လေးလည်း နောက်နှစ်မှာ ကျောင်းထားရတော့မှာဆိုတေ အဆင်ပြေပါလိမ့်မယ်၊ အကြောင်းကိစ္စရှိရင် ခေတ်တက်ကပဲ ဆက်သွ မယ် အမေ၊ အမေတို့က ခေတ် မြန်မာပြည်ကို ပြန်ရောက်တယ်ဆိ မအောက်မေ့ဘဲ အရင်အတိုင်း နေပေးကြပါ''

ပြောရက်လွန်းသော ပြတ်သားရဲသော သမီး ကျော့ပြင် ကြည့်၍ ဒေါ်သက်နှင်းချို ဘုရားတကာ ရင်ဘတ်ဖိထားရသည်။

ဒီလိုစိတ်မျိုး သမီး ဘယ်ချိန်တုန်းက ကြိုးစားပမ်းစား မွေး ထားပါလိမ့်။

''အဲဒီ တီတီက သားသား မေမေလား ဟင် ဘွားဘွား''

''ဟင် ဩော် မ မဟုတ်ပါဘူးကွယ်၊ ခုနက မြေးခေါ် တီတီလေ၊ တီတီပဲ ခေါ်''

ဘယ်သူမှ မသင်ရပါဘဲ တီတီလို့ ခေါ်ဝေါ်သုံးနှုန်းလိုက်တ မြေးကို ကျေးဇူးတင်ရဦးမည်။





''မြေးလေး ဒီနေ့ကစပြီး တီတီ သွန်းဆက်ကို မေမေလို့ ခေါ်ရမယ်နော် မြေးလေး''

''ဟင် ဘာဖြစ်လို့လဲ တီတီသွန်းဆက်က သားသားရဲ့ တီတီ လေ''

''ဟုတ်ပါတယ် ဒါပေမဲ့ မေမေလို့ ခေါ်ရမယ်၊ မြေးလေး အမေက တီတီ သွန်းဆက် ဟုတ်ပြီလား''

''အာ ဘွားဘွားကလည်း မေမေက နိုင်ငံခြားက ပြန်လာမှာလို့ ဘွားဘွားတို့ပဲ ပြောထားတာလေ၊ မေမေ ပြန်လာရင် စားစရာတွေရော အစားစရာတွေရော အများကြီး ဝယ်လာမယ်ဆို''

''မြေးရယ် ဘွားဘွား ဘယ်လိုပြောရတော့မလဲ''

နိုင်ငံခြားက ပြန်ရောက်ရောက်ချင်းလည်း အိမ်ကို ပြန်မလာ။ မြန်မာပြည်က ယောက်မတွေ ပိုင်တဲ့ ကုမ္ပဏီနှင့်နီးအောင် တိုက်ခန်း ငှားနေသည်တဲ့။ တစ်လလောက်ရှိမှ အိမ်ရောက်လာတော့လည်း ဘာ လက်ဆောင်ပစ္စည်းမှလည်း မပါ။

အရင်လို ငွေကိုသာထောက်ပံ့လျက် မိသားစုအပေါ်မှာ အလွမ်း သင့် နွေးထွေးခြင်းလည်း မရှိ၊ သူ ဆုံးဖြတ်ထားသမျှ ချပြလိုက်တာလည်း ကိုယ့်သွေးသားမှ ဟုတ်ပါရဲ့လား သံသယ ဝင်ရတော့မလိုပင်။

''ငါတို့က သူ ကျွေးတာ စားနေရတဲ့ဘဝဆိုတော့ သူ့စိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



နေပေးရုံပေါ့ကွာ၊ သမီး သွန်းဆက်ကိုလည်း နားလည်အောင် ပြောပြီး ဖျောင်းဖျလိုက်ပါ၊ အစ်မ ဖြစ်နေပေမယ့် လူငယ်ဆိုတာ့ မခံချင်စိတ်က ရှိနေမှာပဲ''

''သမီး အပျိုရွယ်လေးက ဘယ်လိုလုပ် ကလေးအမေလို့ အထင်ခံချင်မှာလဲ၊ သူ့ပညာရေးအတွက် မတတ်သာလို့ ငြိမ်နေရရှာတာ၊ ဒါပေမဲ့ ဝသုန်လေးကိုတော့ သူ တော်တော်ချစ်ရှာပါတယ်၊ ဒီလိုပဲ နားချ ကြည့်ရမှာပေါ့ ဖေကြီးရယ်''

ဒေါ်သက်နှင်းရို့ ဒါပဲပြောနိုင်သည်။ ကံဇာတ်ဆရာက ဘာတွေ ဘယ်လို ပြောင်းလဲ ကနိုင်းချင်လဲမှ မသိတာ။

ကံတရားအတိုင်းပေါ့။

■ ■ ■



# အခန်း (၃)

''သမီးငယ်လေး''

ဒေါ်သက်နှင်းရို့ အသံပေးရင်း လသာသာ အိမ်ရှေ့ ကွပ်ပျစ်မှာ ထိုင်နေတဲ့ မြသွန်းဆက် အနားမှာ ဝင်ထိုင်လိုက်သည်။

လပြည့်ည ဆိုပေမယ့် မိုးသား မကင်းသော မီးနီးရောင် အိမ်တိုက်တွေ ကြားမှာ လမင်းကြီးက အားကုန်သုံး၍ လင်းလက်နေရသည်။

မိုးသက်လေ တဖြူးဖြူးက မြသွန်းဆက် ရင်ကို မအေးမြနိုင်။

''စိတ်မကောင်း ဖြစ်နေလား သမီး''

စိတ်ချမ်းသာစရာရော ကောင်းလို့လား အမေလို့ အမေ့ကို မြသွန်းဆက် မခံနိုင်ရက်ပါ။ ဒီရက်တွေအတွင်း အမေ့မျက်နှာလေးလည်း နွံ့တဲ့အသက်အရွယ်ထက် ပိုမိုအိုစာနေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်ရှိုက်ရင်း ငြိမ်သက်နေတဲ့ မြသွန်းဆက် ဆံနွယ်လေး တွေကို အမေက ဖွဖွသပ်တင်နေကာ

"သမီး တစ်ယောက်ကို မလွန်ဆန်နိုင်တဲ့ အမေ့ကို အပြစ်တင် ချင် တင်ပါ သမီးရယ်၊ ရင်ထဲမှာ မျိုသိပ်ကြိတ်မှိတ်ပြီး ခံစားမနေပါနဲ့"

"အမေ့မှာ အပြစ်မရှိတာ အမေ့ကို ဘာလို့အပြစ်တင်ရမှာလဲ အမေ၊ ဒါဟာ ကံကြမ္မာလည်း မဟုတ်ဘူး၊ မမခေတ် ဖန်တီးတာ"

"သူဟာ ငယ်ငယ်ကတည်းက ချမ်းသာချင်စိတ် သိပ်ပြင်းပြ တာ၊ မပြည့်စုံတဲ့ ယောက်ျားနဲ့ ရဖူးတော့ ဆင်းရဲတွင်းထဲ ပြန်ဆင်းရမှာ ပိုကြောက်နေပြီပေါ့ကွယ်၊ အခုဟာကလည်း နတ်တွေ ဖန်ဆင်းလိုက်သလို တာဝတိံသာကို တန်းခနဲ ရောက်သွားရမယ့် အဖြစ်မျိုး မဟုတ်လား၊ ဒီအခွင့်အရေးကို မစွန့်လွှတ်ချင်တော့တာ အမေ ဘာပြောရမလဲ"

"သွန်းဆက်လည်း မမခေတ်လို နေရာမျိုးမှာဆိုရင် အဲလို ဆုံးဖြတ်မိမယ် ထင်ပါတယ်၊ ဒါပေမဲ့ သားသမီးကို စွန့်လွှတ်တဲ့အထိတော့ မိုက်မဲမိမယ် မထင်ဘူး အမေ"

မြသွန်းဆက် ရင်ထဲရှိတဲ့အတိုင်း ပြောမိတော့ အမေက သက် ပြင်းရှိုက်၏။ ဟိုအရင်ကတည်းက သမီးနှစ်ယောက်ကိုမွေးခဲ့ရတာ အကျင့် စရိုက်တွေက တခြားစီ။

သမီးကြီး ခေတ်တော်ဝင်က အစားအသောက်ကောင်း ကြိုက်





သလို ကစားစရာဆိုလည်း တန်ဖိုးကြီးတာကိုသာ မက်မောတတ်သည်။ ကလေးချင်းအတူတူတောင် သန့်သန့်ပြန့်ပြန့် တသီးတခြား နေတတ်တာ မို့ တော်ဝင် မင်းသမီးလေး တစ်ပါးလို ခေတ်တော်ဝင်ဟု ချစ်စနိုး အမည်ပေးခဲ့မိသည်။

အရွယ်လေး ရောက်လာတော့လည်း မာနကြီးကြီး ဟန်ပန်တစ် ခွဲသားနှင့် ညွှန့်ပေ့ကောင်းပေ့ဆိုတဲ့ အဝတ်အစားများကို ညီမလေးကို ညှာမတာ သူပဲ အရင်ဦးအောင် ဝတ်ချင်သည်။

ဆံပင်ပုံစံ အမျိုးမျိုးပြောင်း၊ ဆေးရောင်အမျိုးမျိုး ခြယ်ကာ လူချမ်းသာ သားသမီးတွေလိုလည်း စတိုင်ထုတ်ချင်သည်။ အဖေ့ဆီက တစ်မျိုး အမေ့ဆီက တစ်မျိုး၊ ညီမလေးဆီကလည်း အနိုင်ကျင့်လျက် ငွေကို အလျှံပယ် သုံးတတ်တာလည်း အကျင့်ဗီဇလို ဖြစ်နေခဲ့၏။

ဒါကို မြင့်မိုး ဆိုတဲ့ကောင်လေးက အထင်တွေကြီးကာ ခေတ် တော်ဝင်ကို မရမက ချည်းကပ်သည်။ သူကိုယ်တိုင်လည်း သူဌေးသား ကြီးဖမ်းကာ သူငယ်ချင်းတွေရဲ့ ကားတွေ ဆိုင်ကယ်တွေ ထည့်လဲစီးလျက် သူ့ကို အထင်ကြီးအောင် လုပ်၏။

ဒါကို သိလာတဲ့ အဖေကြီးက

"မင်းသမီး တွဲနေတဲ့ကောင်က မဖွံ့ဘူး၊ နည်းနည်းပါးပါး နားဝင် အောင် ပြောပြီး ဆုံးမထားဦး"



www.burmeseclassic.com

www.burmeseclassic.com



‘‘ကျွန်မလည်း သတိပေးပြီး တားပြီးပြီ ကိုထင်အောင်၊ ရှင့်သမီးက မိဘစကားဆို နားခံရမှန်းကို မသိဘူး ရိုက်ပုတ်ဆုံးမမှ ဖြစ်တော့မယ်’’

တကယ်တမ်း ပြောဆိုမရလို့ ရိုက်ပုတ်ဆုံးမမိမှ ပိုဆိုးတဲ့ အခြေအနေကို ရောက်သွားခဲ့သည်။ မိဘတွေကို မခံချင်သည့်စိတ်နှင့် ယောက်ျားနောက် လိုက်သွားခဲ့ပြီး ဝေါ်ဝေါ်နှင့် အဆက်အသွယ် မလုပ်။ တကယ်တမ်း သတင်းကြားခဲ့ရသည်က ထင်သလို မဟုတ်ခဲ့တာကြောင့် မိသားဖသားပီပီ လိုက်တောင်းမပေးနိုင်တာတဲ့။

ဘယ်လောက်များ တာဝန်မဲ့လိုက်ပါသလဲ။

ဒါပေမဲ့ ခေတ်တော်ဝင်က မိဘတွေကြောင့် လင်နောက်လိုက်သွားခဲ့ရတာမို့ သူ့ကိုယ်သူ အပြစ်မမြင်။ ယောက္ခမတွေ ယောင်းမတွေရဲ့ ပြုစုစောင်းမြောင်းမှုကို သည်းခံပြီး အိမ်ကို ပြန်မလာ။

အချိန်တွေ ကြာလို့ ရောက်လာတော့လည်း နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနှင့်။ ထိုအချိန်မှာ သမီးတို့အဖေက လေဖြန်းခါစမို့ ရှိသမျှ ပစ္စည်းလေးတွေ ထုခွဲရောင်းချပြီး စားသောက်နေရသည့်အတွက် စီးပွားရေးက အဆင်မပြေ။

ဘာဖြစ်ဖြစ် မိဘက မိဘပါပဲ။ မေတ္တာမပျက် သမီးကို လက်ခံပြီး အကောင်းဆုံး မီးဖွားနိုင်အောင် ကြိုးစားပေးခဲ့သည်။ ထိုအချိန်





ရောက်မှ ခေတ်တော်ဝင်က နောင်တရသလိုလိုဖြင့်

မိဘတွေကို အလုပ်လုပ်ပြီး ငွေကြေးထောက်ပံ့ပါမည် ဘာညာပြောပြီး နိုင်ငံခြား ထွက်သွားသည်။ တကယ်ဆို ဆင်းရဲတွင်းထဲ နစ်နေတဲ့ မိသားစုထဲက ကိုယ်လွတ်ရုန်းထွက်ခဲ့တာပဲ မဟုတ်ဘူးလား။

ငွေကြေးထောက်ပံ့မှု ရခဲ့တာကြောင့် သမီးငယ် မြသွန်းဆက် ဆေးကျောင်းတက်နိုင်ခဲ့သလို သမီးတို့အဖေကိုလည်း ဆေးပြန်ကုသနိုင်ခဲ့သည်။

မြေးလေး ဝသုန်အတွက်လည်း လိုလေသေးမရှိခဲ့တာ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့ ခုလို ပြန်ရောက်လာချိန်မှာ မိသားစုနှင့် သူစိမ်းပြင်ပြင်ဖြစ်သွားလိမ့်မည်ဟု မထင်မိ။

ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ ဝသုန်လေးကို အသိအမှတ် မပြုချင်တာကရှိပြီး အံ့ဩစရာ ကောင်းသည်။

‘‘အဟင့်. ဟင့်’

‘‘ဟင်’’

သမီးငယ်ရဲ့ ရှိုက်သံကြောင့် ရည်လျှားသော ဒေါ်သက်နှင်းချိုရဲ့ အတွေးတွေ တိခနဲ ပြတ်တောက်သွားသည်။

‘‘သမီးငယ် ကိုယ့်ကိုယ်ကို ဝမ်းနည်းနေလား’’

‘‘တူလေး ဝသုန်အတွက်ပါ အမေ၊ သွန်းဆက်တို့ ပြောစရာလို့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားက ပြန်လာမယ်ဆိုတဲ့ သူ့အမေကို မျှော်နေရှာတာ၊ အဘိုးအဘွား အဒေါ်တွေရဲ့ မေတ္တာ ဘယ်လောက် အေးမြလှုံခြုံပါတယ်ပြောပြော မိခင်ရင်ငွေ့ကိုတော့ မျှော်လင့်နေရှာမှာပါပဲ''

''ဘယ်တတ်နိုင်တော့မလဲ သမီးရယ်၊ အမေ တစ်ယောက်ကတော့ ဒီလို လုပ်ရက်မှတော့ ဒီကလေးရဲ့ ကံတရားပေါ့၊ သမီးကဗျောသမီး အစ်မ ပြောသွားသလို ဝသုန်လေးရဲ့ အမေ နေရာမှာ နေနိုင်ပါ့မလား''

''သူစိမ်းတွေမှ မဟုတ်တဲ အမေရယ်၊ တူတစ်ယောက်ကို သားလို သတ်မှတ်ရတာ ခဲယဉ်းတဲ့ကိစ္စမှ မဟုတ်တာ၊ ကိုယ့်ရဲ့ အမျိုးဂုဏ်ကို ထိခိုက်လို့လည်း သွန်းဆက် ဝမ်းမနည်းပါဘူး၊ ဒါပေမဲ့ ဒီကလေးနဲ့ သွန်းဆက်ကို သားအမိဆိုတာ ယုံကြည်ပါ့မလား အမေ၊ တူလေးက သူ့အဖေ သူ့အမေရဲ့ အသွေးအမွေး ရုပ်ဆင်းအင်္ဂါ တူတာလေးတွေ တဖြည်းဖြည်း ပေါ်လွင်လာပြီ၊ အနေဝေးပေမယ့် မမခေတ်နဲ့ ပိုပြီး သွေးချင်းနီးတယ်''

''ပတ်ဝန်းကျင်က အဲဒီလောက် ခရေစေ့တွင်းကျ နှိုက်နှိုက်ချွတ်ချွတ် စပ်စုကြမယ် မထင်ပါဘူး သမီးရယ်၊ သမီး လက်ခံဖို့ ကြည်ဖြူဖို့ ဝသုန်လေးကို မေတ္တာတွေ အပြည့်အဝ ပေးနိုင်ဖို့ပဲ အရေးကြီးပါတယ်၊ ခေတ်တော်ဝင်ကိုတော့ အမေ တော်တော်လေး စိတ်ပျက်သွားပြီ သမီး''





အမေက စိတ်ပျက်ညည်းညူစွာဖြင့် သက်ပြင်းချလို့ မဆုံး။

သွန်းဆက်ကတော့ မိမိပညာရေးအတွက် မမခေတ် ထောက်ပံ့ပေးနေတာမို့ ဘာဖြစ်ဖြစ် လွန်ဆန်လို့ မရတော့တာ သေချာသည်။

မမခေတ်ကို နားလည်အောင်လည်း မကြိုးစားချင်။ အဖေနှင့် အမေကိုလည်း သောကတွေ မပေးချင်။

အမေနှင့် အချိန်ကြာကြာ စကားပြောပြီး ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ခဲ့သည်။ တူလေး ဝသုန်က သူမနှင့်တူတူ အိပ်တာမို့ အိပ်ရာပေါ်မှာ တရှူးရှူး အိပ်မောကျနေ၏။

အိမ်ခေါင်မိုးပေါ်မှာ မိုးစက်သံ တဖျောက်ဖျောက် ကြားရတာမို့ အအေးမပတ်အောင် ဝသုန်လေး အပေါ် စောင်ပိုင်းလေး ခြုံပေးလိုက်သည်။ အပြစ်ကင်းစွာ အိပ်ပျော်နေသော တူလေးရဲ့ နဖူးကို ခပ်ဖွဖွ နမ်းမွှေး၍ သားဟု မေတ္တာရည် ပြည့်ဝစွာ ခေါ်ကြည့်လိုက်၏။

ရင်မှာ လှိုက်ခနဲ ကြည်နူးချမ်းမြေ့ခြင်းက ကျန်တာတွေနှင့် မတူ။

ဩော် သား သား သားတဲ့လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သားက တစ်နှစ်လောက်ရှိမှ လက်ထပ်မယ်လို့ ခေတ်တော်ဝင်ကို ဘာလို့ ပြောလိုက်ရတာလဲကွယ်၊ မေမေက ခေတ်တော်ဝင်ကို မြန်မာပြည် ပြန်ခေါ်လာတာ သားနဲ့ မြန်မြန်လက်ထပ်စေချင်လို့လေ သားရဲ့"

"သားလည်း လက်ထပ်ချင်ပါတယ် မေမေ၊ ဒါပေမဲ့ မေမေက ညီလေးကို လုပ်ငန်းခွင်ထဲသွင်းမှာဆိုတော့ သားက သင်ပေးရဦးမှာ မဟုတ်လား။ ပြီးတော့ နိုင်ငံခြား ကုမ္ပဏီတွေကို မေမေ မလိုက်တော့ဘူး ဆိုရင် ညီလေးကို သားက လက်တွဲခေါ်ရမှာ"

"ဩော် ဒါက မေမေ မလိုက်ပေမယ့် ခေတ်တော်ဝင်နဲ့ လက်ထပ်ပြီးရင် ခေတ်တော်ဝင်ကို သား ခေါ်သွားလို့ ရတာပဲ၊ သားငယ်လေးကိုလည်း မြန်မာပြည်က ကုမ္ပဏီခွဲမှာပဲ ထားမှာ"





"ညီလေး မကျွမ်းကျင်ရင် သူများနောက်ကျကျန်ခဲ့မှာပေါ့ မေမေ၊ မြန်မာပြည်မှာလည်း အလှကုန်နဲ့ ပတ်သက်ရင် အရမ်းတိုးတက် အောင်မြင်နေကြတာ"

နိုင်သခ်ရဲ့ စိုးရိမ်ပူပန်မှုကို ဒေါ်ဆင့်ဆင့်လှိုင်က ကျေနပ်စွာ ပြုံးရင်း

"ခေတ်တော်ဝင်ကို မြန်မာပြည် အဲဒါကြောင့် ပြန်ခေါ်လာတာ ပေါ့ သား၊ သူက ဖော်မြူလာတစ်ခု ချပြလိုက်တာနဲ့ မေမေတို့ သားတို့ ထက် လုပ်ငန်းကျွမ်းကျင်နေပြီ၊ မိန်းကလေးဆိုတော့ အလှအပကို ယောကျ်ားလေးတွေထက် ပိုပြီး မြင်တတ်တယ်၊ သားတို့က အလှအပ အနံ့အသက်ကို ခံစားရုံပဲ ခံစားတတ်ကြတာ၊ မိန်းကလေးက အဲဒါတွေကို ဘယ်လို ဆန်းသစ်ရမလဲ၊ လူအများ စိတ်ဝင်စားအောင် ဘယ်လိုတွေ လုပ်ရမလဲဆိုတာ မြော်မြင်တွေးဆမှု ရှိတယ်"

"ဒါဆို ခေတ်တော်ဝင်ကို မြန်မာပြည်က ကုမ္ပဏီမှာပဲ ထားတော့မှာလား၊ ညီလေးနဲ့ တွဲလုပ်ခိုင်းမှာလား မေမေ"

"အေးလေ အဲဒါကြောင့် နိုင်ငံခြားမှာ ရတာထက် လစာ ကောင်းကောင်း ပိုပေးမယ်လို့ပြောပြီး ခေါ်လာခဲ့တာပဲ၊ သားနဲ့ရသွားတော့လည်း ဒီကုမ္ပဏီကြီးက သူပိုင်ရမှာပဲလေ၊ သူ ကြိုးစားမယ်လို့ မေမေ ယုံကြည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ညီလေးက"

"အဲဒီအချိန်ကျရင် နိုင်ငံခြားက ကုမ္ပဏီတွေကို သားငယ်ကို တာဝန်ပေးရမှာပေါ့၊ ဒါပေမဲ့ နိုင်ငံခြားတွေမှာလည်း မေမေ သိပ်ကျယ် ကျယ်ပြန့်ပြန့် မလုပ်တော့ဘူးလို့ စဉ်းစားထားတယ်၊ ကုမ္ပဏီခွဲ တစ်ခု လောက်ပဲ ထားပြီး မြန်မာပြည်မှာ တိုးချဲ့မလားလို့"

"ကောင်းပါတယ် မေမေ၊ မိသားစုနည်းတဲ့သူတွေ ဝေးဝေ မနေရတော့ ပိုကောင်းတာပေါ့၊ သားလည်း ခေတ်တော်ဝင်နဲ့ လက်ထပ်ပြီ ရင် ဒီအိမ်မှာပဲ နေမှာနော်၊ မေမေ့ကို ခွဲမသွားဘူး"

နိုင်သခ် ခွဲတော့ ဒေါ်ဆင့်ဆင့်လှိုင် ပြုံးပြုံးကြီးနှင့်ကြည်န ချမ်းမြေ့သွား၏။ ကလေးလေးလို ရင်ခွင်မှာ ခေါင်းတိုးဝင်လာသေ သားကြီး နဖူးလေးကို ဖွဖွနမ်းမွှေးလိုက်ပြီး

"မေမေကလည်း သားတွေ အိမ်ထောင်ကျတောင် မခွဲရအောင် လို့ ဒီအိမ်ကြီးကို ရည်ရွယ်ချက်တွေနဲ့ စိတ်ကြိုက် ခမ်းခမ်းနားနာ ဆောက်ခဲ့တာပေါ့ သားရယ်၊ မြေးတစ်ကျိပ်ရတောင် ဒီအိမ်ကြီးအ ပြေးလွှားဆော့နိုင်မှာတဲ့လား"

"ဟာ မေမေက မြေးတွေတောင် မျှော်နေပြီလား၊ ခေတ်နဲ့သာ က လက်တောင် မထပ်ရသေးဘူး"

"အဲဒါကြောင့် မြန်မြန် လက်ထပ်ပါလို့ ပြောနေတာပေါ့ သာ





နယ်၊ သားတွေ ချွေးမတွေ မြေးတွေနဲ့ မေမေ ပျော်ပျော်ကြီး နေချင်ပြီ"

"ဟုတ်ကဲ့ သိပ်မကြာတော့ပါဘူး၊ ခဏစောင့်ပါ မေမေ"

ဒေါ်ဆင့်ဆင့်လှိုင်က စိတ်အားထက်သန်နေသည်။ အလော ဘကြီး မဆုံးဖြတ်တတ်တဲ့ နိုင်သခ်က စဉ်းစားချင့်ချိန်နေမိ၏။

ဒါပေမဲ့ ခေတ်တော်ဝင်ကို စိတ်မဝင်စားလို့လည်း မဟုတ်။ လက်မထပ်ချင်လို့လည်း မဟုတ်။

ခေတ်တော်ဝင်ဘက်က စွက်ဖက် တားဆီးမယ့်သူ မရှိသလို ကိုယ့်ဘက်ကလည်း သဘောတူ ကြည်ဖြူနေလျက်နဲ့ အလောသုံးဆယ် အရေးတကြီး လက်ထပ်စရာ မလိုဘူးဟု တွေးမိသည်။

လက်မထပ်ခင်မှာ တစ်ယောက်နှင့်တစ်ယောက် ဒီထက်ပိုပြီး နားလည်မှု ရှိကြရင် မကောင်းဘူးလား။ ခေတ်တော်ဝင်ကို မေမေ့ရဲ့ ဘိုက်တွန်းမှုနှင့် စိတ်ဝင်စားခဲ့ပေမယ့် ဒီနေ့ထိ ချစ်စကား မပြောရသေး။ ဒါကလည်း အနေမနီးတာကြောင့် ဖြစ်နေသလို နိုင်ငံခြားကို သွားကြရင် လည်း တစ်နှစ်မှာ တစ်ပတ်လောက်သာ ဆုံဖြစ်ကြသည်။

ဆုံတိုင်းလည်း အနားမှာ မေမေက အမြဲတမ်း ရှိနေတတ်၏။ နောက်တစ်ချက်က ခေတ်တော်ဝင်ဘက်က ဣန္ဒြေရ တည်ငြိမ်လွန်းတာ ကြောင့် သူ့ဘက်က လူငယ်လေးတစ်ယောက်လို ရဲတင်းဖော့တန်လွန်း သည်ဟု ယူဆသွားမှာ စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ခေတ်တော်ဝင် မြန်မာပြည် ပြန်ရောက်နေပြီ၊ သူ့ရင်ထဲက စကားတွေလည်း လွတ်လပ်စွာ ပြောနိုင်တော့မည်။ အစစအရာရာ အဆင်ပြေနေတာမို့ လိုအပ်မှုဆိုတာ ဘာမှမရှိသလောက်။

"ဘာတွေ ပြုံးနေတာလဲ သား"

"ဗျာ အာ ဘာမှမဟုတ်ပါဘူး"

"မေမေ့ကို ဘာလို့ ညာတာလဲ သား၊ သားအပြုံးမှာ အဓိပ္ပါယ်တွေ ရှိနေတယ်ဆိုတာ မေမေ သိတယ်"

"အဟား မေမေက သားမျက်နှာပေါ်က စာတွေကို ဖတ်ေ...တာပဲ၊ ဟုတ်တယ် မေမေ ဒီနေ့ ကုမ္ပဏီပိတ်လို့ ခေတ်တော်ဝင် အပြင်မှာ ချိန်းထားတာ၊ မေမေ့ဆီမှာ ခွင့်တောင်းမလို့"

"သြော် ဒါများ သားရယ်၊ မေမေ ကြည်ဖြူထားတဲ့ ချွေး...လောင်းပဲ ဒီအိမ်မှာ ခေါ်တွေ့လည်း ဖြစ်တယ်၊ သူ့တိုက်ခန်းမှာ စကား...သွားပြောလည်း အဆင်ပြေနေတာပဲ သားရယ်၊ လုပ်ငန်းရှင် လူကုံ...တစ်ယောက်က ဟိုချိန်းတွေ့ ဒီချိန်းတွေ့ဆို ဘယ်ကောင်းပါ့မလဲ သား..."

"သားတို့ကရော အဲလို လုပ်ပါ့မလား မေမေရ၊ အဆင့်အတ...ရှိရှိ နေရာကောင်းလေးကို သွားမှာပါ၊ သားနဲ့ ခေတ်တော်ဝင်...လက်ထပ်ဖို့ပဲ ပြောနေကြတာ၊ အနုအရွ ချစ်စကား ဘာညာ မပြေ...ရသေးဘူး မေမေ၊ အဲ အဲဒါကြောင့်"





"သြော် ဟုတ်သားပဲ မေမေ မေ့နေလို့ပါ သားရယ်၊ ပြောသင့်ပါတယ်၊ ပြောသင့်တယ် အစစ အဆင်ပြေနေတယ် ဆိုပေမယ့် ကိုယ်စိတ်ဝင်စားတဲ့ အကြောင်းတော့ တလေးတစား ပြောသင့်တယ်၊ ဒါနဲ့ သားငယ်လေး မနက်ကတည်းက ထွက်သွားတာ ပြန်မလာသေးပါလား သားရယ်၊ ဒီကလေးက ကျောင်းပြီးတာတောင် လုပ်ငန်းခွင် တန်းခန့် ဝင်ဖို့ မစဉ်းစားဘဲ လွတ်နေတော့တာပဲ"

သားတွေကို ချစ်လွန်းတဲ့စိတ်ကြောင့် လည်ပင်းတရှည်ရှည် မျှော်တော်ယောင် လုပ်နေတဲ့ ဒေါ်ဆင့်ဆင့်လှိုင် မျက်နှာလေးကို နိုင်သခ် လက်နှစ်ဖက်ဖြင့် ဆွဲညှပ်ကာ သူ့ဘက် လှည့်လိုက်သည်။

"ညီလေးကို ကျောင်းပြီးပေမယ့် လုပ်ငန်းခွင် မဝင်ခင် လွတ်လွတ်လပ်လပ် နေဦးလို့ သား ပြောထားလို့ပါ၊ မေမေ့သားတွေက အရွယ်ရောက်နေပြီ မေမေရဲ့ ကလေးလေးတွေလို မျက်စိအောက်က အပျောက်ခံနိုင် လုပ်မနေနဲ့ဦး"

"မေမေ့ မျက်စိထဲမှာတော့ မေမေ့သားတွေက လူလားမမြောက် အရွယ်မရောက်သေးဘူးလို့ ထင်နေတုန်းပဲ၊ မေမေ့ ရင်ခွင်ထဲမှာပဲ ပွေ့ပိုက်ထားချင်တာ၊ သားတို့ကိုလည်း မိခင်ရဲ့ မေတ္တာတွေကိုနားလည်စေချင်တယ်၊ အဲဒါကြောင့် အရွယ်ရောက်လို့ အိမ်ထောင်ပြုကြရင်တောင် ဆင်းရဲချမ်းသာ မခွဲခြားဘဲ အိမ်ပါလာမယ့် ချွေးမ အလိမ္မာလေးတွေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မေမေ ရွေးချယ်ဖို့ ဆုံးဖြတ်ထားတာပေါ့။ မေမေ့ ခံယူချက်က မိဘတွေ ကလည်း သားသမီးတွေကို ကြင်နာယုယထွေး မေတ္တာတွေ ပေးနိုင်ရမယ် သားသမီးတွေကလည်း မိဘကို လေးစားတန်ဖိုးထားတတ်ရမယ်၊ မျ မငြင်း ကျေးဇူးတုံ့ပြန်တတ်ရမယ် သား''

''ဟုတ်ကဲ့ မေမေ ခဏ ခဏပြောတတ်လို့ သား နားလည်ပ ပါတယ်၊ သားတို့ညီအစ်ကို နှစ်ယောက်လုံး လူဆိုး လူမိုက်လေးတွေ ဖြစ်မလာနိုင်ပါဘူး မေမေ''

ဒါကိုတော့ ဒေါ်ဆင့်ဆင့်လှိုင် ယုံပါသည်။ သူမ သွန်သင်ဆုံး ပြုစု ပျိုးထောင်ရကျိုး နပ်သည်ဟု ပြောရမည်။ ငယ်စဉ်ကတည်း ဖတဆိုး သားလေးတွေရယ်လို့ သားတွေကို ပုံအောပြီး အလိုမလိုက်

နားဝင်အောင် ရှင်းပြ၊ နားလည်အောင် ဖျောင်းဖျနှင့် သ တွေ လမ်းမှားမရောက်အောင် အလေးထား ဂရုစိုက်ခဲ့သည်။ မျိုးရိုး ဆက် ချမ်းသာလာခဲ့ကြတာ ဖြစ်ပေမယ့် ငွေကို ဖုံးပေါလအော အ အပယ် သုံးစွဲတတ်အောင် သင်မပေးခဲ့။

စားသင့်တာ စား၊ လှူသင့်တာလှူ၊ သုံးသင့်တာသုံးရုံလော လေ့ကျင့်ပေးခဲ့သည်။

ဒါကမှ ငွေကြေးပစ္စည်း စည်းစိမ်ဥစ္စာအမွေအနှစ်ထက် တ





ကြီး အသိဉာဏ်အမွေအနှစ်တွေ ရရှိမှာ မဟုတ်ပါလား။

လူတစ်ယောက်ရဲ့ အသိတရားက တိုင်းတာမရတဲ့ အဖိုးတန် တနာတစ်ပါးပင်။

ပစ္စည်းဥစ္စာဆိုတာ သုံးစွဲပြီးရင် ကုန်သွားတတ်တာ။ အသိတရား က ဘယ်တော့မှ သုံးလို့စားလို့ မကုန်။ နောင်ဘဝထိ သယ်ဆောင်သွား နိုင်တာလည်း ဒီအသိတရားတွေပဲ ရှိသည်။

နောက်တစ်ချက်က သူတို့လေးတွေကို စာလည်းတတ်အောင် သင်ပေးသည်။ ပညာလည်း တတ်အောင် သင်ပေးသည်။ ကျောင်းပြီး ခဲ့ရတာနှင့် လုပ်ငန်းခွင်ထဲ တစ်ခါတည်း ဆွဲသွင်းလိုက်၏။ တချို့ ကုံထံ သားသမီးတွေလို ဟေးလား ဝါးလား အပျော်ရှာခွင့်မပေး။ သုံးဖြုန်းခွင့်မပေး။

စာတတ်တာနှင့် ပညာတတ်တာ ခွဲခြားသိစေခြင်းဖြင့် တန်ဖိုး ရှိတဲ့ လူတစ်ယောက် ဖြစ်အောင် ပြုစုပျိုးထောင်ခဲ့သည်။

ဒါတွေက မကုန်ခမ်းနိုင်သော သူမရဲ့ မေတ္တာတရားတွေ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မျှော်စင်ကျွန်းက မစွတာ ဂစ်တာဆိုင်လေးကို ရောက်တော့ ခေတ်တော်ဝင်က အရင်ရောက်နှင့်နေသည်။ ကုတ်ဘူးကို လက်တစ်ဖက် က ကိုင်ပြီး ဂျာနယ်တစ်စောင်ကို စိတ်ဝင်တစား ဖတ်နေတဲ့ ခေတ်တော် ဝင်က သူ ဝင်လိုင်တော့ မျက်လုံးတစ်ချက်သာ လှန်ကြည့်ပြီး ဂျာနယ် အာရုံပြန်ရောက်သွား၏။

"မေမေနဲ့ စကားပြော မပြတ်လို့ ကိုယ် နည်းနည်း နောက် သွားတယ်၊ ခေတ် စောင့်နေတာ ကြာပြီလား"

ဝန်ထမ်း ဝတ်စုံလေးနှင့် စားပွဲထိုးလေးကို ကော်ဖီတစ်ခွ မှာရင်း ခေတ်တော်ဝင်ဘက် လှည့်ကာ သူပြောတော့ မပွင့်တပွင့် ကု ရနေသော အပြုံးလေးဖြင့်





"ဂျာနယ်ထဲမှာ ပါတဲ့ အလှကုန်ပစ္စည်းတွေ အကြောင်း စိတ်ဝင် းနေတာနဲ့ ကြာလာ မကြာလားဆိုတာတောင် သတိမထားမိလိုက်ပါ း"

"ဩော် အဲလောက် စိတ်ဝင်စားစရာ အကြောင်းတွေ ပါလို့ ား"

"အင်း အခုလောလောဆယ်မှာ သစ်သီးရနံ့ ရေမွှေးတွေက ုံးတော်တော်များနေတယ်လေ၊ ပန်းရနံ့နဲ့ ရေမွှေးတွေက နည်းနည်း တ်အောက်သလို ဖြစ်နေတယ်"

"ခေတ်ကရော ဘယ်လို တွေးထင် ယူဆနေလို့လဲ"

ခေတ်တော်ဝင်က သူ့ထက် လုပ်ငန်းကို စိတ်ဝင်စားနေသလို သာကြောင့် သူလည်း အလေးအနက် မေးခွန်း ပြန်ထုတ်လိုက်ရသည်။ ဝါရောင် တင်ထားသော သရီးစတက် ဆံပင်ခွေလိပ်လိပ်တွေက မျက်ခုံ ါ တင်ထားတဲ့ ပြာလဲ့လဲ့လေးတွေနှင့် လိုက်ဖက်ကာ ပန်းသွေးရောင် းမို့မို့လေးကို ထင်ပေါ်သွားစေ၏။

ဖွေးဖွေးနီနေသော နှုတ်ခမ်းသားလေးတွေက စွဲဆောင်မှု အရှိ း ဖြစ်ကာ ဝင်းဖန့်နေသော အသွေးအရောင်က လင်းလက်တောက်ပ နေသည်။

ဂုတ်ပိုးပြည့်ပြည့်လေးမှ အကျီလည်ပင်ဟိုက် ကိုယ်ကျပ်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လိုက်ဖက်ကာ အမြဲတမ်း ဒူးဖုံးရုံ စကပ်တိုတိုလေးတွေ ဝတ်တတ်၍ ခေတ်တော်ဝင်က လန်းဆန်းတက်ကြွမှုတွေ ပိုင်ဆိုင်ထားသည်။ ဒါကြောင့် မို့လည်း မေမေက မျက်စိကျကာ သူ့လည်း စိတ်ဝင်စားခဲ့မိတာ ဖြစ်သည်။

သူ့မေးခွန်းကို ခေတ်တော်ဝင်က တော်တော်ကြာကြာ စဉ်းစား ပြီးမှ

"ခေတ်ကတော့ ကိုယ်တိုက်ဆပ်ပြာနဲ့ ခေါင်းလျှော်ရည် သုံးတာ ပဲဖြစ်ဖြစ် ရေမွှေးသုံးတာပဲဖြစ်ဖြစ် လူရဲ့ကိုယ်က သစ်သီးရနံ့ ထွက်တာ ထက် ပန်းရနံ့ ထွက်တာက ပိုကောင်းတယ်လို့ ထင်တယ်၊ ဒါပေမဲ့ စံပယ်နဲ့ နှင်းဆီက ရနံ့ပြင်းတယ်၊ လူကြိုက်မများဘူးလို့ ပြောတာ မဟုတ်ဘူးနော်၊ တစ်ခေတ်တစ်ခါတုန်းက အဲဒီအနံ့ကို စွဲစွဲမြဲမြဲ သုံးခဲ့ကြ ဖူးတယ်၊ အခုမှ အသစ်အဆန်းတွေကို လူတွေ ပြောင်းသုံးလာကြတာ"

"ခေတ်က ဘယ်လိုအနံ့မျိုးကို ကြိုက်တာလဲ"

"အခု ခေတ်တို့ ကုမ္ပဏီက ထုတ်နေတဲ့ ခရေနဲ့ ခွာညိုကိုလည်း ကြိုက်တယ်၊ စံပယ်နံ့လိုလို ချယ်ရီနံ့လိုလို ရောထွေးနေတာကိုလည်း ကြိုက်တယ်၊ အခုတစ်ခါ ကိုယ်တိုက်ဆပ်ပြာကိုရော ခေါင်းလျှော်ရည် ရေမွှေးကိုရော လူကြိုက်များတဲ့ သစ်သီးအနံ့နဲ့ ပန်းရနံ့ နှစ်မျိုးရောထွေး နေတာ ထုတ်ရမလားလို့ စဉ်းစားနေတာ၊ လူတွေရဲ့စိတ်ထဲမှာ သစ်သီး အနံ့လား၊ ပန်းရနံ့လား ခွဲခြားမရအောင်လို့လေ၊ ဒါမှ လူတွေ ပို





စိတ်ဝင်စားမယ် ထင်တယ်"

"ခေတ်က ဖော်မြူလာ အသစ်လုပ်ဖို့ စဉ်းစားနေတာပဲ"

"အခု ပြန်ရောက်ရောက်ခြင်း သိလိုက်ရတာက မြန်မာပြည်က အုံသြစရာကောင်းလောက်အောင် တိုးတက်နေတယ်၊ ကုန်ကြမ်းရှာတာ ကုန်ချောထုတ်တာ၊ ဈေးကွက်ရှာတာ၊ ကြော်ငြာအားနဲ့ ကုန်ပစ္စည်းအထွက် ကောင်းတာ၊ ပြီးတော့ နည်းပညာပိုင်းဆိုင်ရာတွေကို နိုင်ငံခြားလုပ်ငန်းရှင် နဲ့ အတတ်ပညာရှင်တွေ ပူးပေါင်းတာတွေ တော်တော်များများ တွေ့နေရ တယ်"

"ခေတ် ပြောချင်တာက ကိုယ်တို့က နိုင်ငံခြားကို သွားပြီး အမှီရှာတယ်၊ နိုင်ငံခြားက လူတွေက မြန်မာပြည်မှာ လာပြီး ဈေးကွက် ချဲ့ထွင်နေတယ် ဒီလိုလား"

ခေတ်က ဂျာနယ်စာစောင်လေးကို စားပွဲပစ်တင်ပြီး လက်ပိုက် ကာ ပြုံး၏။

"ခေတ်တို့ နောက်မကျသေးပါဘူး နိုင်ငံခြားက အတွေ့အကြုံ ပညာတွေ အများကြီး ရလာတာပဲ၊ ထင်ပေါ်ရင် စင်တော်က ကောက်မှာ ပေါ့၊ အရင်ကထက် အောင်မြင်အောင် နည်းလမ်းအသစ်တွေ ရှာရမယ်"

"ခေတ်က ကုမ္ပဏီအတွက် အမြဲတမ်း တွေးခေါ် ကြိုးစားနေ တယ်နော်၊ မေမေက အဲဒါကြောင့် ခေတ်ကို အားကိုးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



အဲလို ဖြစ်စေချင်လို့ လုပ်ပြနေတာပါလို့ ခေတ်တော်ဝင် မပြောဖြစ်။ နောက်တစ်ချိန်မှာ ဒီအကျိုးရလဒ်တွေက သူမ ပိုင်ဆိုင်ရမှာ မဟုတ်ဘူးလား။ ယုံကြည်မှုရအောင် ကြိုးစားပြနေတာတွေ အရာထင် တော့မှာလည်း သေချာနေ၏။

ဒီနေ့ နိုင်သခ် သူမကို ချိန်းလိုက်တာ ဘာတွေပြောချင်နေတယ် ဆိုတာ သိပေမယ့် လုပ်ငန်းကိစ္စတွေ အရင်တင်ပြလိုက်တော့ သူမကို လေးစားတန်ဖိုးထားမသွားပေဘူးလား။

ဒီလိုနည်းနှင့် သူမဘဝကို တိုးတက်ပြောင်းလဲအောင် လုပ်ရတာ သိပ်တော့ အပန်းမကြီးပါ။ မြတ်နိုးခြင်း၊ အရိပ်အရောင်တွေ ယှက်သန်း နေသော နိုင်သခ် မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ကာ

"ခေတ် နှုတ်ဆော့နေတာနဲ့ ပြောချင်တာတွေလိုရင်း မရောက် တော့ဘူး ထင်တယ်၊ နိုင်သခ် ခေတ်ကို ဘာပြောစရာရှိလို့ ဒီမှာ ချိန်း လိုက်ရတာလဲ"

"အဟင်း ခေတ်က ကိုယ်တို့ ကုမ္ပဏီနဲ့ပတ်သက်ပြီး ဆွေးနွေး တိုင်ပင်နေတာပဲ၊ အရမ်းတန်ဖိုးရှိပါတယ်၊ ဒါပေမဲ့ အချိန်တိုင်း ခေတ် ခေါင်းထဲမှာ အလုပ်ကိစ္စတွေချည်း ရှိမနေစေချင်ဘူး၊ ခုလိုအားလပ်ရက် မှာတော့ ကိုယ့်ကို အချိန်ပေးဖို့ ကောင်းပါတယ်"

"စကားတွေ သိပ်တတ်နေပါလား နိုင်သခ်၊ ကဲပါရှင် နောက်ဆို





ချင် နှစ်ယောက် သီးသန့်တွေ့တဲ့အချိန်တိုင်း လုပ်ငန်းအကြောင်း တခြား အကြောင်း ဘာမှမပြောတော့ပါဘူး ဟုတ်ပြီလား"

ရင့်ကျက်တည်ငြိမ်ပြီး လောဘနည်းသော မိန်းမ တစ်ယောက်ရဲ့ တိုင်မျိုးဖြင့် လက်ကိုပိုက်ပြီး ခေတ်တော်ဝင် ခပ်မိန့်မိန့် ပြုံးသည်။

မိန်းမနှင့် ပတ်သက်လျှင် အတွေ့အကြုံ နည်းပါးသော နိုင်သခ် က ခေတ်တော်ဝင် ဘာတွေလုပ်လုပ် စွဲမက်သင့်သည်ဟု ထင်နေမိသည်။ အပြုံးကိုတောင် ရက်ရက်ရောရော မပြုံးဘဲ ချွေတာတတ်သည့် ခေတ် တော်ဝင်။

"ခေတ်က ဘယ်လိုကြည့်ကြည့် အရမ်းလှပြီး စွဲဆောင်မှု ရှိ တယ်"

"အဲဒါ ပြောချင်လို့ တမင်တကာ ချိန်းလိုက်တာလား"

"အဟား ခေတ်ကတော့ လုပ်ပြီ ဒါလေး ပြောဖို့လောက်နဲ့တော့ ဘယ်တကူးတက ချိန်းပါ့မလဲ"

"ဒီထက်ပိုပြီး လေးနက်တဲ့စကားတွေ ပြောစရာ ရှိနေတယ်ပေါ့"

သူမရဲ့ အမေးစကားတွေက လျှို့ဝှက်သိုသိပ်မှုတွေနှင့် ဘာတွေ ရယူချင်နေတာလဲ နိုင်သခ် သတိမထားမိပါ။

သူမရဲ့ မပွင့်တပွင့် မထိတထိ အပြုံးလေးတွေမှာ နစ်မြောနေ လုပ်ငန်းရှင် သူဌေးတစ်ယောက်ဆိုတာ ကိုယ့်ကိုယ်ကို မေ့လျော့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်နဲ့ကိုယ့်ကို မေမေက လက်ထပ်စေချင်နေပြီ၊ ကိုယ်က ခေတ်နဲ့ ဒီထက်ပိုပြီး နားလည်မှု နီးစပ်မှု လိုအပ်သေးတယ် ထင်လို့ပါ၊ ဟို ကိုယ်ဆိုလိုတာက ခေတ် အရည်အချင်းတွေ အားလုံး လက်မခံနိုင်စရာ မရှိပါဘူး၊ ဘယ်လိုပြောရမလဲ"

"ခေတ် နားလည်ပါတယ်၊ ခေတ်လည်း ရှင် ပြောသလို စဉ်းစားထားတာပါ၊ မိဘတွေ ဆန္ဒထက် ရှင်နဲ့ခေတ် နားလည်မှုရှိဖို့က ပို အရေးကြီးတယ်လေ၊ အိမ်ထောင်ရေး နိုင်မြဲဖို့ သံယောဇဉ်တွေ ရေရှည် တည်တံ့ဖို့ဆိုတာ ကြားခံ သယ်ဓာတတွေ အများကြီး လိုပါသေးတယ်"

"အဲဒါတွေရဲ့ ရေသောက်မြစ်ဖြစ်တဲ့ ချစ်တယ်ဆိုတဲ့ စကားကို အခု ကိုယ် ပြောရင်ရော ခေတ် လက်ခံမှာလား"

"ငြင်းချင်တယ်၊ အဆင့်အတန်းတွေ အလှာတွေ မတူလို့ ဒါပေမဲ့ ရုန်းထွက်မရအောင် ချောင်ပိတ်မိနေသလိုပဲ"

"ဗျာ ဘာ ဘာဖြစ်လို့လဲ ခေတ်ရယ်"

"ညအိပ်ရာဝင်တိုင်း ရှင့်မျက်နှာကို မြင်မြင်နေလို့လေ၊ လုပ်ငန်းတွေအကြောင်း စဉ်းစားရင်လည်း ရှင့်စကားသံတွေရောထွေး ကြားနေရတယ်၊ ရှင် တော်တော် အနှောင့်အယှက် ပေးတဲ့လူ"

နိုင်သခ် နှလုံးသား ဗဟိုတည့်တည့် အရှိုက်ထိ စကားလုံးတွေ အလုံးအရင်း ပစ်လွှတ်လိုက်သည်။ နိုင်သခ် ပုံပျက်ပန်းပျက် ကျွန်မြေမရ





ဖြစ်ကာ သူမ လက်ကလေးကို ဖျပ်ခနဲ ဆုပ်ကိုင်လိုက်၏။

"ခေတ်ရယ် ကိုယ် ဝမ်းသာသွားတာလား၊ ကြည်နူးပီတိ ဖြစ်သွားတာလား ဘယ်လို ခံစားရမှုမှန်း မပြောတတ်တော့ဘူး၊ ဒီစကားတွေက ခေတ် နှုတ်ဖျားက ချစ်တယ်လို့ အဖြေပေးလိုက်တာထက် ပိုပြီး ထိရောက်ပါတယ်၊ ကိုယ်လည်း အဲလိုပဲ ဘယ်နေရာ သွားသွား၊ ဘာတွေ လုပ်လုပ် ခေတ် မျက်နှာလေးကို မြင်ယောင်နေတယ်၊ ခေတ်ရဲ့ လှုပ်ရှားမှုလေးတွေ၊ မပွင့်တပွင့် အပြုံးလေးတွေက ကိုယ့်ရင်ထဲက ချစ်တတ်တဲ့ အရာအားလုံးကို ဆွဲယူသိမ်းပိုက်နေသလိုပဲ"

"မထင်ရဘူးနော်"

"ဘာကိုလဲ"

"လူကိုကြည့်တော့ ရိုးပုံရိုးပန်းနဲ့ အဲလို စကားတွေ ပြောမထွက်လောက်ဘူးလားလို့"

"အချစ်က သင်ပေးတာလေ"

"ခေတ်ကို ရှင် တကယ်ချစ်တာလား"

"အင်း"

အသွယ်အဝိုက် မပါဘဲ နိုင်သခ်က ရိုးစင်းစွာ ဖြေ၏။ သူမ လက်ကလေးကိုလည်း ဖြေလွှတ်မပေးဘဲ သူ့ရင်ဘတ်မှာ ဆွဲကပ်ထား သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ လက်ထပ်ရအောင် ခေတ်"

"ဟင် ဆိုင်းမဆင့် ဗုံမဆင့် အလောသုံးဆယ်ပါလား၊ ဘယ်လို အကြောင်းအရာက တိုက်တွန်းလိုက်လို့လဲ"

"စကားနာ မထိုးနဲ့ ခေတ်ရယ်၊ ကိုယ်တို့နှစ်ယောက်က လွတ်လွတ်လပ်လပ် ဆုံတွေ့ခွင့်မှ မရှိခဲ့ကြတာ၊ အဲဒါကြောင့် ရင်ထဲက တစ်ယောက်အကြောင်း တစ်ယောက်လည်း မသိခဲ့ကြဘူးလေ၊ အခု သိလိုက်ရပြီဆိုတော့ အမြန်ဆုံး လက်ထပ်ရုံပေါ့ ခေတ်ရယ်"

"ဟွန့် ခုမှ အသည်းအသန် ဝါတွင်းကြီး ရောက်တော့မယ်၊ ဘယ်လိုလုပ် လက်ထပ်လို့ ရမှာလဲ"

"ဟာ ဟုတ်သားပဲ သွားပြီကွာ၊ စဉ်းစားနေတာ ချင့်ချိန်နေတာ နားလည်မှု ယူချင်နေတာနဲ့ အချိန်တွေ နောက်ကျကုန်ပြီ၊ တစ်ခုခု လုပ်ထားမှ ဖြစ်မယ်"

"ဟင် ဘာလုပ်ထားမှာလဲ"

"ဝါမဝင်ခင် တစ်ရက်လောက် ခေတ်ဘက်က လူကြီးတွေ ရှေ့မှာ စေ့စပ်ကြောင်းလမ်းထားလိုက်မယ်၊ ကြည်ဖြူပြီးသားမို့ မလိုအပ်ဘူး ဆိုပေမယ့် ကိုယ်နဲ့လည်း မဆုံဖြစ်တော့ အရေးတယူ တလေးတစား ရှိသင့်တာပေါ့၊ မကောင်းဘူးလား"

တစ်ရက်တည်း လွတ်လပ်စွာ အပြင်မှာ ဆုံတွေ့ရတာကို အဖြစ်





သည်းပြုနေသော နိုင်သခ်ကို ကြည့်၍ ခေတ်တော်ဝင် လှောင်ပြောင်နယ်ချင်လှသည်။ ဒီလိုမှန်းသိရင် အစကတည်းက နှစ်ယောက်တည်း ဆုံနိုင်ခွင့်တွေ ဖန်တီးမိမှာ သေချာသည်။

ဒါပေမဲ့ ခုလည်း နောက်မကျသေးပါ။ ဘယ်တက်မှာမှ အနှောင့်အယှက် ငြိုငြင်မှု မရှိနိုင်သော သူမတို့ မင်္ဂလာပွဲက အစစ အဆင်ပြေချောမွေ့နေမှာ သေချာသည်။

စတိုင်ပန် နှံ့သာရောင် စပို့ရှပ်လက်စကနှင့် ဆံပင်တွေကို နောက်လှန် ဖြီးသင်ထားကာ ယောကျ်ားပီပီသသ တည်ငြိမ်ရင့်ကျက်လွန်းသော နိုင်သခ်ကို သူမ မသိမသာ ငေးငေးလေး ကြည့်ဖြစ်သည်။

ဒီယောကျ်ားနှင့် ဆုံဆည်းရလျှင်ဆိုတဲ့ စိတ်ကူးယဉ်မျိုးဖြင့် သူမ မျှော်လင့်ခဲ့ရတာ ဆန္ဒတွေ ပြည့်ဝတော့မည် ထင်သည်။

သိပ်မကြာလှသော အချိန်ကာလလေးမှာ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒလဘက်ကမ်းမှာ အိမ်ပြောင်းလာပြီး သွားရေးလာရေး ခက်
မည် ထင်ထားသော်လည်း ဟိုအရင်နေခဲ့ရတဲ့ နေရာထက် ဆိုးဝါးမသွား
ပါ။

ငွေတစ်ဆယ်ကျပ်နှင့် ဆယ်မိနစ်ဝန်းကျင်လောက် သင်္ဘော
ပြီး ဒီဘက်ကမ်း ရောက်လျှင် ပန်းဆိုးတန်းမြို့လယ်ခေါင်မို့ ဘယ်သွား
သွား ဘယ်လာလာ ကားတွေ ဥဒဟိုပေါများလှသည်။

သွားရေးလာရေး လွယ်ကူလှသလို အချိန်အခါမရွေး ဟိုဘက်
ကမ်း ဒီဘက်ကမ်း ပြန်လို့သွားလို့ အဆင်ပြေနေသည်။

ကျောင်းပိတ်ရက် တစ်ရက်မှာ ဝသုန်လေးကို ရွှေတိဂုံဘုရ
ဟက်ပီးဝေါနှင့် တိရစ္ဆာန်ဥယျာဉ်ကို လိုက်ပို့ပေးရမည်။





"မေမေ ပြန်လာရင် သားသားက ကစားကွင်းတွေ လိုက်ပို့
နိုင်းမယ်၊ တိရစ္ဆာန်လေးတွေကိုလည်း လိုက်ပြနိုင်းမယ်၊ ပြီးရင် သားသား
အ စက်ဘီးလေးလည်း ဝယ်နိုင်းမယ်"

လိုချင်တပ်မက်မှုနှင့် ကစားစရာ မက်သော အရွယ်မို့ တူလေး
အတွက် စိတ်မကောင်း ဖြစ်ရသည်။ ကိုယ်တိုင်ကလည်း မမခေတ်ပေး
သော ငွေကို ချွေတာစီစစ် သုံးစွဲနေရတာ မဟုတ်ပါလား။ သူ ငြိုငြင်မှာ
း‌လို့ စိမ်သမျှ နာခံနေရတဲ့ အဖြစ်။

ဝါသနာကြီးသော ဆရာဝန်ဖြစ်ဖို့ ဆေးကျောင်းသူဘဝမှာ သူ
များတွေလို ကြွားဝါ ထင်ပေါ်မှုလည်း မရှိ၊ ပြည့်စုံပိုလျှံမှုလည်း မရှိ။
ဘာဖြစ်ဖြစ် တူလေးကို ကစားကွင်းနှင့် တိရစ္ဆာန်ဥယျာဉ်ကိုတော့ ပို့ဖြစ်
အောင် ပို့ပေးရမည်။ မမ ဒီတစ်ခေါက် လာလျှင်လည်း ကလေးအတွက်
ခေါက်ပါတဲ့ ကလေးစက်ဘီးလေး ဝယ်ပေးလိုက်ပါဟု တောင်းဆိုရမည်။

"မေမေဆက် သားသားဖို့ မုန့်ပါလား"

ခေါ်ပုံလေးက ချစ်စရာ။ မေမေလို့ သင်ပေးထားတာ ရပေမယ့်
ဆက် တစ်လုံးကို ဘယ်လိုမှ ဖြုတ်ချနိုင်းလို့ မရ။

ကျောင်းက ပြန်လာတဲ့ သူမကို အိမ်အဝကနေ ပွေ့ဖက်နမ်းရှုံ
း‌ကြိုတတ်တဲ့ တူလေးကို သူမကလည်း ခပ်ကြမ်းကြမ်း အာဝါးပြန်ပေး
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား ငိုနေတယ် မေမေဆက်"

"ဟင် ဘာဖြစ်လို့လဲ"

"ဟိုတစ်ခါ လာဖူးတဲ့ တီတီ ပြန်သွားတာနဲ့ ငိုနေတာပဲ၊ သာ သားလည်း မသိဘူး"

"ဪ ဟုတ်လား။ သားသား ဘိုးဘိုးကြီးနဲ့ နေခဲ့ဦးနော် ဘွားဘွားကို ဘာဖြစ်လို့လဲလို့ မေမေဆက် သွားမေးလိုက်ဦးမယ်"

အိမ်ရှေ့မြေကွက်လပ်လေးမှာ ဝါးပက်လက် ကုလားထိုင်နှ ထိုင်နေသော ဖေဖေ့အနားမှာ ဝသုန်လေးကို ထားခဲ့ပြီး မြသွန်းဆ အိမ်ပေါ် လှမ်းတက်ခဲ့သည်။

လွယ်အိတ်ကို ခေါင်းရင်းတိုင်မှာ ချိတ်ဆွဲခဲ့ပြီး မီးဖိုခန်း မီးမွှေးရင်း ထိုင်ငိုင်နေတဲ့ မေမေ့အနားမှာ မြသွန်းဆက် ဝင်ထိုင်လို သည်။

"အမေ မမခေတ် ဘာပြောသွားလို့လဲ"

"ဟင်"

"ဟိုတစ်ခါ လာတဲ့ တီတီလို့ ဝသုန်လေး ပြောလိုက်လို့ မမခေတ် ဖြစ်ရမယ် မဟုတ်လား အမေ"

"သမီးလေး စိတ်ဆင်းရဲမှာစိုးလို့ အမေ မပြောတော့ဘူး နေတာပါကွယ်"





"မပြောလို့ဖြစ်မလား အမေ၊ မိသားစုဆိုတာ ဘာကိစ္စမဆို မျှဝေခံစားရမှာ မဟုတ်ဘူးလား"

မြသွန်းဆက် ပြောတော့ အမေ့မျက်ရည်တွေ တာကျိုးသလို သိမ့်ဆင်းကျလာသည်။ သက်ပြင်းရှိုက်လိုက်တာလည်း မချိမဆံ့။

"ဝါမဝင်ခင် အခုလာမယ့် တနင်္ဂနွေ သူတို့လာပြီး စေ့စပ် ကြောင်းလမ်းကြမယ်တဲ့ကွယ်"

"အဲဒါ ဘာဖြစ်နိုင်လို့လဲ အမေ"

"မြေးလေးကို အိမ်မှာ ရှိမနေစေချင်ဘူးတဲ့၊ မမြင်ကွယ်ရာ ဟိုနား ဒီနား ပို့ထားလိုက်ပါတဲ့လေ"

"အို နေရာစိမ်းမှာ ကလေးကို ဘယ်နေရာ သွားပို့ထားရမှာလဲ၊ ကလေးကရော အနှောင့်အယှက် ပေးနိုင်မှာမို့တဲ့လား"

"ကလေးကို မြင်လိုက်တာနဲ့ ဟိုမေး ဒီစမ်း သံသယတွေနဲ့ အစချွဲထုတ်သလို ဖြစ်သွားမှာ စိုးရိမ်သတဲ့လေ၊ ကလေးအပေါ် နည်းနည်းမှ အကြင်နာတရား မရှိဘူး။ မြေးလေးကို သနားလွန်းလို့ပါ သမီးရယ်"

အမေ ဒီလောက် စိတ်မကောင်းဖြစ်နေတာ ဘယ်လိုမျက်နှာ ဘယ်လိုအသံမျိုးနှင့် ပြောသွားလို့လဲဆိုတာ မြသွန်းဆက် ခန့်မှန်းမိနေသည်။ ကိုယ့်ရဲ့ သွေးသားအပေါ် မမခေတ် ဒီလောက်ထိ မရက်စက်သင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို ရှိမနေစေချင်ရင် သွန်းဆက်လည်း ကလေး
တူတူ ရှောင်နေမှ ဖြစ်မယ် အမေ၊ ကလေးတစ်ယောက်တည်
ဘယ်နေရာ သွားထားလို့ ရမှာလဲ"

"ဒီမှာ လုပ်ဖို့ကိုင်ဖို့ သမီး ရှိမနေရင်လည်း ပြဿနာ ရှာ
မလားလို့ အမေ စိုးရိမ်တယ်ကွယ်"

"ဒါကတော့ သူ နားလည်ပေးရမှာပေါ့ အမေ၊ နေရာတက
သူ့စိတ်တိုင်းကျ မဖြစ်နိုင်တာတွေတော့ ရှိချင် ရှိနေမှာပေါ့၊ သူ ပြ
ဖန်တီးချင်သလို တစ်ပုံစံတည်း ဖြစ်ပေးရအောင် သွန်းဆက်တို့က ကြိုး
ရုပ်တွေမှ မဟုတ်တာ"

ရင်ထဲက ဒီထက်မက ပေါက်ကွဲပစ်လိုက်ချင်ပါသည်။ အမေ
စိတ်ဆင်းရဲမှာစိုးလို့ နေရာက ထထွက်လာခဲ့တော့ အမေ သက်ပြင်းရှိုက်
သံကို ကျယ်ကျယ်လောင်လောင် ကြားခဲ့ရသည်။

ရင်ထဲမှာ အဖုအထစ် အစိုင်အခဲတွေ ပြွတ်သိပ်ကျပ်ခဲနေ
ကျောင်းမနေတော့ဘဲ အလုပ်လုပ်၍ ဒီမိသားစု တာဝန်တွေ ပခုံးပြော
လွှဲယူရမလားဟုပင် စဉ်းစားမိသည်။

ဒါပေမဲ့ အမေနှင့်အဖေကို ဆရာဝန် တစ်ယောက်ရဲ့ မိဘ
အဖြစ်နဲ့ ဂုဏ်ထည်ဝါစေချင်သေးသည်။

"သမီး အမေ တော်တော် စိတ်မကောင်း ဖြစ်နေလား သမီ



ဝသုန်လေးကို ပွေ့ဖက်ထားတဲ့ အဖေ့နားကို ပြန်ရောက်တော့
ဖေ့အသံတွေလည်း ဆို့နင့်နာကျင်နေဟန် ရှိသည်။ နှုတ်ခမ်းလေး
စ်ဖက်ရွဲ့ပြီး ခြေတစ်ဖက် နည်းနည်းယမ်းနေတာမှလွဲ၍ ကျန်းမာရေး
ကောင်းလာပြီဖြစ်တဲ့ အဖေ့ရင်ထဲမှာရော ဘယ်လိုခံစားနေရလဲ။

"အရင်လို လုပ်နိုင်ကိုင်နိုင် သန်သန်မာမာသာ ဖြစ်ရင် အလုပ်
ကလုပ်ပြီး သူ့ထောက်ပံ့မှုကို မယူဘဲ နေလိုက်ချင်တယ် သမီးရယ်၊
ပြောတာကို လက်ခံ၊ သူ့ဆန္ဒကို ခေါင်းညိတ်နေရတာ အဖေလည်း
စိတ်မကောင်းဘူး"

အဖေ့စကားကို ကြားတော့ ရင်ထဲမှာ နင့်သီးကျပ်ဆို့သွားသည်။
ညီသော ဆန္ဒတွေ ရှိနေပေမယ့် လွန်ဆန်နိုင်တဲ့ အင်အားမရှိကြပါလား။
ဘယ်လို ဆုတောင်းမှားခဲ့ကြလဲ မသိပါ။

"အရမ်းကြီး စိတ်မကောင်း မဖြစ်ပါနဲ့ အဖေ၊ ခက်ခဲတဲ့ ကိစ္စ
တွေကို ကျော်လွှားနေရတာမှ မဟုတ်တာ၊ မမခေတ်ရဲ့ ထောက်ပံ့မှုကြောင့်
သွန်းဆက်တို့အားလုံး ကောင်းကောင်းနေနိုင်ကြတာပဲ၊ သူ့မှာ ဖြစ်ချင်တာ
တွေ များချင် များနေမယ်၊ မကောင်းတဲ့ ဆန္ဒတွေတော့ ရှိနေမှာ မဟုတ်
ဘူး အဖေ၊ တူလေးနဲ့ တူတူရှောင်နေမယ်လို့ အမေ့ကို ပြောခဲ့ပြီးပါပြီ၊
ဒီနေ့ သွန်းဆက်လည်း ကျောင်းပိတ်တာဆိုတော့ တူလေးကို ကစား
ကွင်းတွေ၊ တိရစ္ဆာန်ရုံတွေ လိုက်ပို့လိုက်မယ်၊ ဝသုန်လေးက အရင်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားချင်နေတာ အမေရဲ့''

သွန်းဆက် ဖျောင်းဖျ နှစ်သိမ့်မှ ခေါင်းတညိတ်ညိတ်နှင့် အမေ စိတ်သက်သာရာ ရသွားခဲ့သည်။

ဘာပဲဖြစ်ဖြစ် မိဘတွေ စိတ်မချမ်းသာလျှင် မမခေတ်' ကောင်းနိုင်ပါ့မလား။

■ ■ ■



## အခန်း (၅)

''မကောင်းဘူးဆိုပေမယ့် စေ့စပ်ပွဲက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်မှာမှ မဟုတ်တာ၊ ဟိုဘက်ကို အသိပေးရုံ သဘော ဆိုတော့ သား မလိုက်လည်း ဘာမှမဖြစ်ပါဘူး''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မေမေတို့မှာ ဒီမိသားစု လေးတင် ရှိတာ မဟုတ်လား၊ တခြားလူကြီး လေးငါးယောက်ပါပေမယ့် ကိုယ့်မိသားစု သိုက်သိုက်ဝန်းဝန်းလေး သွားချင်တာပေါ့ သားရယ်''

''သား သူငယ်ချင်းတွေနဲ့ ချိန်းထားပြီးသား ဖြစ်နေလို့ပါ မေမေ၊ သူတို့က နယ်ကနေ လာရတာဆိုတော့ အစီအစဉ် ပျက်လို့ မကောင်းဘူး''

''နယ်က သူငယ်ချင်း ဟုတ်လား သား''

''တက္ကသိုလ် တက်ခဲ့တာက အတူတူပါပဲ၊ ကျောင်းပြီးတော့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်တော့ မိန်းမ တန်းခနဲ ရတာလေ၊ သားတို့ ရန်ကုန် ခဏဝင်ပြီး သူတို့က ပြင်ဦးလွင်ဘက် ဟန်းနီးမွန်း ထွက်ကြမှာ”

“ကဲ အဲလောက်ကြီး တိုက်ဆိုင်နေရင်လည်း သဘောပေါ့ သားလေးရယ်၊ မင်းအစ်ကိုကတော့ စိတ်မကောင်း ဖြစ်နေမှာ သေချာ တယ်၊ လတ်တလော ကသုတ်ကယက် လုပ်လိုက်ရတဲ့ စေ့စပ်ပွဲဆိုပေမယ့် သားအစ်ကိုက အရမ်းပျော်နေရှာတာ”

မေမေလည်း ပျော်နေတာ မဟုတ်လားလို့ မေမေ့ကို မမေးဘဲ နိုင်ဗိမာန် ပြုံးနေလိုက်သည်။ မေမေ့လို သားတွေအပေါ် ချစ်နိုင်လွန်း တဲ့ မိခင်မျိုး ရှားပါးပေလိမ့်မည်။

အလိုလိုက် အကြိုက်ဆောင်တာ မဟုတ်တဲ့ နားလည်မှုတွေဖြင့် သိမ်းသွင်း ဆုံးမတတ်သည်။ ကြည်နူးပီတိတွေဖြင့် ကျေနပ်နေတတ် လည်း မိခင်မျိုးလည်း ဖြစ်၏။

အခု ကိုကို့ကိစ္စမှာလည်း အားတက်သရောနှင့် စီမံခန့်ခွဲလို့ မဆုံးနိုင်။ ကိုယ်တိုင် မင်္ဂလာဆောင်တော့မလိုလို အားသွန်ခွန်စိုက် စိတ် အားထက်သန်နေသည်။

“သား အလှည့်ကျရင်ရော အဲလို လုပ်ပေးရမှာလား မေမေ”

“ဘာ သား သားက ချစ်သူတွေ ဘာတွေ ရနေပြီလား ဘယ်လို မိန်းကလေးမျိုးလဲ မေမေ့ကို ပြောပါဦးကွယ်”





“ဟား ဟား ဟား သားက ကြိုပြီးမေးကြည့်ထားတာပါ၊ သားမှာ အဲလောက် အစွမ်းအစ မရှိပါဘူး မေမေ”

“တက္ကသိုလ်တောင် တက်ပြီးခဲ့ပြီ ဟုတ်ပါ့မလားကွယ်”

“သူငယ်ချင်း မိန်းကလေးတွေတော့ ရှိတာပေါ့ မေမေရဲ့၊ လက် ထပ်ရလောက်အောင် ချစ်သူအဆင့် တစ်ယောက်မှ မရှိပါဘူး၊ ဒါပေမဲ့ သားယူမယ့် မိန်းမက မေမေ နှစ်သက်နိုင်မယ့် စံချိန်စံညွှန်းတွေ မီရမယ် ဆိုတာ သား ကတိပေးပါတယ်”

“ဟုတ်ပါပြီရှင် မေမေ မွေးထားတဲ့ သားတွေ မညံ့ဘူးဆိုတာ မေမေ သိပါတယ်၊ ဒါပေမဲ့ မေမေ တစ်ခုပြောထားမယ်နော် သား၊ သားတို့ယူမယ့် မိန်းမက မိခင်နဲ့တူတဲ့ မိန်းမပဲ ဖြစ်စေချင်တယ်၊ ပစ္စည်း ဥစ္စာ စုဆောင်းတာ၊ ငွေကြေးရှာဖွေနိုင်တာ၊ ကိုယ့်သွေးသားကို မေတ္တာ တွေ အပြည့်အဝနဲ့ ချစ်မြတ်နိုးတတ်တာ ပြီးတော့”

“ဟိုး ဟိုး မေမေ ပြောတာတွေ တော်တော်များသွားပါပြီ၊ ထပ်တူညီမျှတော့ မရနိုင်လောက်ဘူး မေမေ၊ မေမေ့လို အရာရာ ပြည့်စုံ နေတဲ့ မိန်းမမျိုးကတော့ ရှားလိမ့်မယ်၊ မေမေ့နီးပါးဆိုရင်တော့ သား ရှာနိုင်မှာပါ”

အရယ်အရွှန်းဖောက်ကာ နိုင်ဗိမာန် ပြောတော့ မေမေ့ ပြုံးရယ်လျက် ကြည်နူးပီတိ ဖြစ်နေသည်။ ထိုအချိန်မှာ ခြံဝင်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတဲ့ ကိုကို့ကားသံ ကြားလိုက်ရ၏။

''ဟော သားကြီးနဲ့ခေတ်တော်ဝင်တို့ လာကြပြီ ထင်တယ်၊ ခေတ်တော်ဝင်ကို မေမေ ထမင်းစားဖိတ်ထားတာ သားရဲ့၊ မလုံးနဲ့ ဒေါ်မြင့်ကို ထမင်းပွဲပြင်ဖို့ ပြောလိုက်တော့ သား''

မေမေက သူ့ကို မှာခဲ့ပြီး ဧည့်ခန်းဘက် ထွက်သွားသည်။ မီးဖိုခန်းဘက် သူထွက်လာတော့ ဒေါ်မြင့်နှင့် မိလုံးက အားလုံး ပြင်ဆင်ပြီး ဖြစ်၏။

''ဟား ဟင်းတွေက မွှေးကြိုင်နေပါလား ဒေါ်မြင့်၊ မေမေက သူ့ချွေးမအတွက် ဘုရင်ပွဲတော်အုပ်လို ပြင်ဆင်ချက်ပြုတ်ခိုင်းထားတာလား''

''မမကြီးက ချွေးမလောင်းလေးကို တော်တော်ချစ်တာ လူလေးရဲ့၊ အချိုပွဲကအစ လိုလေသေး မရှိရဘူးတဲ့''

''ဒီမိန်းမက မေမေ အားကိုးလောက်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေတာကိုး ဒေါ်မြင့်ရဲ့၊ ကျွန်တော်ယူမယ့် မိန်းမကျရင် အဲဒီထက် သာစေရမယ်''

''ဟောတော် လူလေးလည်း အိမ်ထောင်ပြုတော့မလို့လား''

''ရှာနေတုန်းပါ၊ မေမေ့စိတ်ကြိုက် ဖြစ်မယ့် စံချိန်စံညွှန်း မီတဲ့ မိန်းကလေး မတွေ့သေးလို့''





''မမကြီးက အဆင့်အတန်းမှ မခွဲခြားတတ်တာ လူလေးရဲ့၊ ပညာမတတ် ဂုဏ်ပကာသန မပြည့်စုံလည်း အိမ်ထောင်မှု ထိန်းသိမ်းတတ်ရင် သဘောတူမှာပါ''

''ဟုတ်တယ် အစ်ကိုလေး၊ ကိုကိုကြီးပြီးရင် အစ်ကိုလေး မင်္ဂလာဆောင်နိုင်အောင် မြန်မြန်ကြိုးစားပေါ့''

''အေး ညည်းအကြံပေးလို့ ငါ ကြိုးစားလိုက်ပါ့မယ်''

မိလုံး ခေါင်းလေးကို တရင်းတနီး ပုတ်ကာ ပြောလိုက်သည်။ သူတို့အိမ်က လူတွေအားလုံး အလုပ်သမားတွေအပေါ်မှာ အဆင့်အတန်း မခွဲကြ။ အစားအသောက်ဆိုရင်လည်း စားတဲ့အချိန် မတူပေမယ့် ကိုယ်စားသလို သူတို့ စားရသည်။ အဝတ်အစားဆိုလည်း တစ်နှစ်မှာ နှစ်ကြိမ် သုံးကြိမ် အသစ်အဆန်းလေးတွေ ဝယ်ပေးတတ်သလို အပိုဘောက်ဆူး မုန့်ဖိုးများလည်း ခဏ ခဏပေးကမ်းတတ်ကြ၏။

ဒါကြောင့်လည်း ဝန်ထမ်းတွေအားလုံးက မိသားစုသဖွယ် သူတို့အပေါ် စေတနာပြန်ထားကြသည်။

''လာ ခေတ်တော်ဝင် မိသားစု ထမင်းဝိုင်းလေးပေါ့''

မေမေ့ရဲ့ ဦးဆောင်မှုဖြင့် ထမင်းဝိုင်း ထိုင်လိုက်ကြတော့ ဟင်းအမယ်တွေကို ကြည့်ကာ ခေတ်တော်ဝင် အံ့သြနေသလို ရှိသည်။ ဒီလောက် ပြည့်စုံချမ်းသာတဲ့ အိမ်မှာ ချွေးမ ဖြစ်ရတော့မှာမို့ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဂုဏ်ယူမိ၏။

ဒါပေမဲ့ အလုပ်သမားတွေ ထမင်းဝိုင်းနား ကပ်ပြီး ယပ်ခပ်ပေး ဟင်းတွေခပ်ထည့်ပေးနေတာကိုတော့ စိတ်တိုင်းမကျပေ။ တကယ်ဆို ခပ်လှမ်းလှမ်းကနေ လိုအပ်တာတွေ လုပ်ပေးရုံနဲ့ ရနေပြီ မဟုတ်ပါလား။

''ဒေါ်မြင့်နဲ့ မလုံး ဒီနေ့ ဟင်းချက်ရတာတွေများလို့ ထမင်းစားချိန် ကျော်နေပြီ မဟုတ်လား။ တစ်ခါတည်း ဝင်စားလိုက်လေ''

''ဟုတ်တယ် မိလုံး၊ ထမင်းခူးလိုက်၊ အဆာလွန်ရင် ဗိုက်တွေ ဘာတွေ အောင့်နေမယ်''

''နင်က ကလေးပဲ ဒေါ်မြင့်အတွက်ပါ ထမင်းခူးပေးလိုက်၊ လက်လှမ်းမမီတဲ့ ဟင်းတွေကို အဲဒီဘက်မှာ သပ်သပ် ခပ်စားလိုက်''

တစ်ယောက် တစ်ပေါက်နှင့် သားအမိ သုံးယောက်လုံး အလုပ်သမားတွေအပေါ် စေတနာပိုနေကြသည်။ ဒေါ်မြင့်နှင့် မိလုံး ထမင်းပန်းကန်တွေခူးပြီး သူမဘေးက ထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်တော့ သူမ ကိုယ်လေး ကျုံ့ပြီး နှာခေါင်းရှုံ့မိသည်။

ဟင်းနံ့တွေ ချွေးနံ့တွေ နံစော်နေတဲ့ အလုပ်သမားတွေကို ဘာလို့များ တစ်စားပွဲတည်း ဝင်စားနိုင်းပါလိမ့်။

စိတ်ထဲမှာ မသတီပေမယ့် မျက်နှာပေါ်က အပြုံးကိုတော့





ပြောင်းလဲမပစ်ရဲ။ အဆင့်အတန်း မခွဲခြားတတ်ကြလို့ မိမရှိ ဖမရှိ တစ်ယောက်တည်း ရှန်းကန်နေတဲ့ သူမလို မိန်းကလေးကို သူတို့အားလုံး သဘောတူ ကြည်ဖြူလက်ခံပေးခဲ့ကြတာ မဟုတ်ပါလား။

''နောက်ဆိုရင် အလုပ်ပိတ်ရက်တိုင်း အန်တီတို့အိမ်မှာ ထမင်းလာစားပါ ခေတ်ရယ်၊ တစ်ယောက်တည်း အန်တီတို့အိမ်မှာ ထူးပြီး ပိုမချက်ရပါဘူး။ နောက်လည်း အတူတူနေရမှာဆိုတော့ မိသားစုတွေ အလုပ်သမားတွေနဲ့ ပိုပြီး ရင်းနှီးသွားတာပေါ့''

''ဟုတ်ကဲ့ပါ အန်တီ၊ ခေတ်က အလုပ်ဆင်းတော့လည်း အန်တီတို့အိမ်က ထမင်းထည့်ထည့်ယူလာတာ စားနေရတော့ အားနာလို့ပါ''

''တစ်မိသားစုတည်း ဖြစ်ကြတော့မှာ၊ ဘာလို့ အားနာတယ်ဆိုတဲ့ စကား ပြောရတာလဲ ခေတ်ရယ်၊ အန်တီက အမြဲတမ်း သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နဲ့ နေချင်တာ''

''စိတ်ချပါ မေမေရယ်၊ မေမေ့ဆန္ဒတွေ ပြည့်ဝရတော့မှာပါ၊ ဟုတ်တယ်မလား ခေတ်''

ခေတ်က ထုံးစံအတိုင်း မပွင့်တပွင့် ပြုံးကာ ခေါင်းကြီးငုံ့၍ နှန်းခက်ရင်းနှင့်တူကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်ပြီး ဣန္ဒြေရရ စားသောက်နေ၏။ နီညိုရင့်ရောင် ပခုံးချိတ်ခါးတိုလေးနှင့် ဒူးဖုံးရုံ စကပ်အတိုလေး ဝတ်လာသော ခေတ်တော်ဝင်ကို မြင်နေရသည်မှာ ကလက်လွန်းသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဗိမာန် ထင်မိသည်။

အချိန်တိုင်းလိုလို ကာလာတင်ထားတတ်သော မျက်နှာလေးမှာ သိုဝှက်မှုအရိပ်အရောင်တွေ ဖြတ်ပြေးနေတတ်၏။ အပြောအဆို အပြု အမူများမှာ ရဲတင်းသွက်လက်လွန်းကာ မျက်လုံးများက ဘယ်တော့မှ ဂနာမငြိမ်။

ဒီအိမ်ကို ရောက်လာသည့်အခါတိုင်း ဘာကို စိတ်ဝင်စားနေတာလဲ မခန့်မှန်းနိုင်အောင် မျက်ဝန်းများက ပြုံးပြက်လက်နေသည်။ ဒါကို မေမေနှင့်ကိုကိုက ခေတ်တော်ဝင်ကို ယုံကြည်နေခဲ့ကြ၏။ သူ့ အထင်မှားနေတာလည်း ဖြစ်နိုင်ပါသည်။

ခေတ်တော်ဝင်က လုပ်ငန်းနှင့် ပတ်သက်လျှင် ဘာအမှား အယွင်းမှ မရှိ တိကျသေချာ၏။ သူ့မကြောင့် မြန်မာပြည် ကုမ္ပဏီခွဲလည်း လျှင်လျှင်မြန်မြန်ပင် တိုးတက်အောင်မြင်လာခဲ့သည်။

အခွင့်အရေးလည်း အများကြီး မတောင်းဆိုတတ်သလို ကိုကိုနှင့် လက်ထပ်ဖို့ မေမေ တိုက်တွန်းခဲ့တာတောင် သွေးအေး ကူနွေရှုနေတတ်ခဲ့သည်တဲ့။ လောဘနှင့်မက်မောစိတ် မရှိဘူးဟု ကိုကိုက လေးစားနေခဲ့သည်။

ထိုအတိုင်းသာ အမှန်တကယ် ဖြစ်ခဲ့ပါက ခေတ်တော်ဝင်က သူတို့မိသားစုအတွက် တန်ဖိုးရှိသော ရတနာတစ်ပါး ဖြစ်လာနိုင်သည်။





"ခေတ်တော်ဝင်က မေမေ့ရဲ့ သမီးချွေးမ ဖြစ်ဖို့ ထိုက်တန်တယ်၊ လုပ်ငန်းဘက်မှာ တော်တော် ထက်မြက်မှုရှိတဲ့ မိန်းကလေး၊ အနှောင်အဖွဲ့ကင်းတော့ ကိုယ်တစ်ဦးတည်း အပိုင်ရတာပေါ့ကွယ်"

မေမေက ပျော်လို့မဆုံး။ ကြွားဝါလို့ မဆုံး။

ချစ်သူရည်းစား မထားဘဲ ကျောင်းပြီးသည်နှင့် အလုပ်ပေါ်မှာပဲ အာရုံစိုက်နေခဲ့သည့် ကိုကိုလည်း ခေတ်တော်ဝင်ကို တန်ဖိုးကြီးကြီးဖြင့် ချစ်မြတ်နိုးနေခဲ့ပြီ ထင်သည်။

ခေတ်က အရမ်းလှတယ်၊ ဆွဲဆောင်မှု ရှိတယ်၊ မေမေ နှစ်သက်လက်ခံနိုင်တဲ့ အရည်အချင်းတွေနဲ့လည်း ပြည့်စုံတယ်၊ ကိုကို ကံကောင်းတယ် မဟုတ်လား တဲ့။ အားရပါးရ မေးခဲ့သည်။

သူ ခေါင်းတဆတ်ဆတ်ညိတ် ထောက်ခံခဲ့၏။

နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်နေတာ သူ ဘယ်လိုလုပ် ငြင်းမလဲ။ သူ့အလှည့်ကျရင်တော့ ဘယ်လိုမိန်းကလေးနှင့် ဆုံဆည်းရမည် မသိ။

အချစ်နဲ့ပတ်သက်ပြီး စိတ်ကူးမယဉ်တတ်ပေမယ့် မိသားစုဆန္ဒတွေနှင့် ကိုက်ညီတဲ့ မိန်းကလေးတော့ ဖြစ်စေချင်သည်။

ဒါဟာ မေတ္တာနှင့်နွေးထွေးမှုကို တောင့်တသော သူတို့ မိသားစုရဲ့ ခလေ့စရိုက်ကြောင့်. . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီနေ့လောက် ဝသုန်လေး ပျော်နေတာ တစ်ခါမှ မတွေ့ဘူးချေ မနက်စောစောကတည်းက အိမ်က ထွက်လာခဲ့ကြပြီး ပန်းဆိုးတန်း ဆိပ်ကမ်း ကို သင်္ဘောစီး၍ ဆူးလေမှတ်တိုင်ထိ လမ်းလျှောက်လာခဲ့ကြကာ ၄၅ ကားစီးပြီး တိရစ္ဆာန်ရုံကို ရောက်လာခဲ့ကြသည်။

ဟက်ပီးဝေါ မသွားအောင် ဝသုန်လေးကို ချော့မော့၍ တိရစ္ဆာန် ရုံ ခေတ်မီကစားကွင်းမှာပဲ နေရာစုံလိုက်ပို့ ကစားခိုင်းလိုက်သည်။

ဟိုအကောင် ဒီအကောင် ကြည့်ပြီးလည်း ခုန်ပေါက်ပျော်မြူး နေသည်။ အမေ အဖေ မိသားစု စုံစုံလင်လင်ဆိုရင် ဒီထက်ပိုပျော်နေ လိမ့်မည်ဆိုတဲ့ အတွေးကြောင့် စိတ်မကောင်း ဖြစ်ရသေး၏။

ဝသုန်လေးက ဆင်ကြီးနဲ့ ဓာတ်ပုံရိုက်ချင်တယ်၊ ဝက်ဝံကြီး





စားကျွေးချင်တယ်နှင့် မျိုးစုံအောင် ပူဆာသည်။ သူ ဗိုက်ဆာလျှင် ယ်ကျွေးဖို့နှင့် အပြန်လမ်းစရိတ်ကို တွက်ချက်ပြီး ပြားကပ်နေသော ာက်ဆံအိတ်လေးကို ကြည့်ကာ သူမ ခေါင်းတွင်တွင် ယမ်းနေရသည်။

"ရွှေတိဂုံဘုရားကိုလည်း သွားဦးမယ်ဆို၊ အဲဒီကို သွားရင်းနဲ့ သုန်လေးကို မုန့်ဝယ်ကျွေးမယ်နော်၊ အခု ဝသုန်လေး ဆော့တာတွေ ာလည်း ပိုက်ဆံတော်တော် ကုန်နေပြီ၊ အပြန်လမ်းစရိတ် မရှိရင် ာယ်လိုလုပ် အိမ်ပြန်လို့ ရမှာလဲ နော် ဝသုန်လေးက လိမ္မာပါတယ်"

"ဟုတ်ကဲ့ မေမေဆက် သားသား၊ ဗိုက်ဆာနေပြီ၊ ရွှေတိဂုံ ဘုရားဘက် သွားမယ်လေ"

"အင်း ဟုတ်ပြီ လမ်းလျှောက်သွားမယ်နော် သားသား၊ လမ်း ရော လျှောက်နိုင်သေးလား၊ ညောင်းနေပြီလား သား"

"မညောင်းပါဘူး မေမေဆက်ရဲ့၊ သားသား လမ်းလျှောက်နိုင် ါတယ်"

သူမ မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေသော ဝသုန်လေးက အလိုက်သိသည်။ တိရစ္ဆာန်ရုံထဲက ပြန်ထွက်လာခဲ့ပြီး ပလက်ဖောင်းပေါ် ာနေ လမ်းလျှောက်လာခဲ့ကာ ရွှေတိဂုံဘုရားကို ရောက်ဖို့ ကားလမ်းမကို ဖြတ်ကူးရဦးမည်။

ဟိုဘက် ဒီဘက် ရှုပ်ယှက်ခတ်နေသော ကားတွေကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်လေးကို ပွေ့ချီလိုက်သည်။

"ကားတွေ ရှုပ်တယ် သားသားရဲ့၊ တီတီချီပြီး ကူးပေးမယ်

ပြည့်ပြည့်တင်းတင်းနှင့် ဝသုန်ကိုယ်ကို ချီပိုးထားရတာ စလန်ဝေနေသည်။ မနိုင်မနင်း ချီပိုးထားရင်း ကားလမ်းဖြတ် ကြိုးစားရသည်။

"ကျွီ ကျွီ"

"အမလေး"

"ဟာ"

ကားဘရိတ်အုပ်သံ သံရှည်ကြီး ကြားလိုက်ရပြီး လန့်ဖျပ် သူမ ပုံခနဲ လဲကျသွားသည်။ ကလေးကို အကာအကွယ်ပေးလိုက်ရ သူမ လက်တစ်ဖက် တော်တော် အောင့်မျက်သွား၏။

သူမတို့ကို တိုက်မိမလို ဖြစ်သွားတဲ့ ကားပေါ်က လူတစ်ယေ ဆင်းလာကာ

"ကျွန်တော့်ကားနဲ့ မထိမိဘူးနော်၊ ဘာဖြစ်သွားသေးလဲ

"ရှင့်ကားနဲ့ မထိရင် ရှင့်မှာတာဝန်မရှိဘူးပေါ့၊ ရတယ် မဖြစ်ဘူး ရှင့်လမ်း ရှင်သွား"

လက်က နာနေတာကြောင့် ဒေါသဖြစ်ဖြစ်နှင့် ကြိုးထ သူမ အော်ပစ်လိုက်သည်။ ဝသုန်လေးက သူမကို တွယ်ဖက်ထား





ငိုမဲ့မဲ့။

"တီ တီ"

"နောက်ကားတွေ ဟွန်းတီးနေပြီ မော်တော်ပီကယ်တွေလည်း ဟိုဘက်မှာ ရှိနေတယ်၊ မင်းက လမ်းမှားတာ ဆိုပေမယ့် မင်းရော ငါရော ပြဿနာ ဖြစ်လိမ့်မယ်၊ လာ ငါ့ကားပေါ်တက်၊ လူတွေ ဝိုင်းအုံလာရင်လည်း မကောင်းဘူး၊ တခြား လွတ်ကင်းတဲ့နေရာ သွားရအောင်"

ထိုလူက ကားတံခါး ဖွင့်၍ ဆောင့်ခနဲ ဆွဲတင်ပြီး ဂူးခနဲ အရှိန်နှင့် မောင်းထွက်လိုက်သည်။ မနီးမဝေးက ဟော့ပေါ့ဆိုင်ထဲကို သူ့ကားလေး မောင်းဝင်လိုက်ပြီး သူမတို့ကို ကားတံခါး ဖွင့်ပေး၏။

"ခဏဆင်းဦး ဒီမှာ တစ်ခုခု စားရင်းနဲ့ စကားပြောရအောင်"

ငေါက်ငမ်းနေတာ မဟုတ်ပေမယ့် ချိုသာနူးညံ့နေတဲ့ အသံလည်း မဟုတ်တာကြောင့် သူမ ဒေါသ ထောင်းခနဲ ဖြစ်သွားသည်။

"အက်ဆီးဒင့်ဖြစ်တာကို ဒီနားမှာ တစ်ယောက်မှ သိတဲ့လူ မရှိဘူး၊ ရှင် သွားရမယ့်ဇနရာ သွားလို့ရပြီ၊ ကျွန်မတို့လည်း သွားတော့မယ်"

"ဟာ မင်း ဘယ်လိုပြောလိုက်တာလဲ"

"ရှင့်ပုံစံက ငါ မမှားဘူးဆိုပြီး အပေါ်စီးကနေ တင်းတင်းမာမာ ပြောနေတာလေ၊ ကျွန်မကလည်း ကားတိုက်ခံပြီး လျော်ကြေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေတဲ့ မိန်းမ မဟုတ်ဘူး။ ကလေးကို ချီပြီး တစ်ဖက်က လာ
ကားကို ဂရုစိုက်ကြည့်နေတာနဲ့ ရှင့်ကားကို မမြင်လိုက်တာ''

''အေးလေ ငါကလည်း မင်း ပစ်လဲသွားတော့ ကိုယ့်ကား
မတိုက်မိမှန်း သိပေမယ့် လန့်သွားတာပေါ့ကွ၊ အဲဒါကြောင့် စိတ်မထိ
နိုင် ဖြစ်နေတာ၊ လာပါကွာ ဆိုင်ရှေ့ကြီး စကားရပ်ပြောနေတာ မကောင်း
ပါဘူး၊ ကလေးကို ကိုယ် ချီခဲ့မယ်၊ ဆိုင်ထဲသွားရအောင်''

စိတ်မြန်လက်မြန်နှင့် ထိုလူက ဝသုန်လေးကို ချီပြီး ရှေ့
လျှောက်သည်။ ကလေးပါသွားပြီဆိုတော့ သူမ မလိုက်လို့ မဖြစ်။

အေးစိမ့်သော ဆိုင်လေးထဲကို ရောက်တော့ သူက ကုတ်
ဘူး မှာသောက်ပြီး သူမတို့အတွက် ဟော့ပေါ့ မှာပေးသည်။

ဝသုန်လေးက ခုချိန်ထိ ထိတ်လန့်ကြောက်ရွံ့နေကာ ငိုမဲ့
ဖြစ်နေဆဲ။

''ကလေးက အရမ်းလန့်နေတာ၊ ရေတိုက်ချင်တယ်''

''ခဏလေး ကိုယ် ရေသန့်ဘူး မှာပေးမယ်''

သူမ ပိုက်ဆံအိတ်လေး ဘယ်ရောက်သွားလဲ ရှာနေချိန်
သူက စားပွဲထိုးလေးကို ရေသန့်ဘူး မှာလိုက်ပြီး သူကိုယ်တိုင် ဖန်ခွက်
ရေထည့်ကာ ကလေးကို တိုက်ပေးသည်။

ဟော့ပေါ့ရတော့လည်း ပန်းကန်ထဲ ခွဲထည့်ကာ ကလေး



ကျွေး၏။

''နေ နေ သူ ဒါတွေ တစ်ခါမှ မစားဘူးလို့ စားတတ်မှာ
မဟုတ်ဘူး၊ ကျွန်မ ကျွေးလိုက်မယ်''

နည်းနည်း အလိုက်တတ်သိ ဖြစ်လာတော့ သူမကပင် အားနာ
မိ၏။

''အား ကျွတ် ကျွတ်''

''ဟာ ခင် ခင်ဗျား လက် ဘာဖြစ်တာလဲ''

ဖွန်းကိုင်ဖို့ လက်လှမ်းလိုက်သည်နှင့် သူမ အသည်းတုန်အောင်
ဆတ်ဆတ်ခါသွားသည်။

''ခုနက ကလေးကို မထိအောင် လက်နဲ့ခံလိုက်တာ၊ တစ်ခုခု
ဖြစ်သွားတာ နေမှာပေါ့''

သူမရဲ့ မိခင်မေတ္တာလေးကို သူ လေးစားသွားရသည်။ သူမ
လက်တောင်ဆစ်နားမှာ သွေးနည်းနည်း ဆို့နေတာမို့ တစ်သျှူးလေးယူပေး
လိုက်၏။

''ရော့ ခင်ဗျား လက်မှာ သွေးဆို့နေတယ်၊ သုတ်လိုက်ဦး၊
ပြီးရင် ဆေးခန်းလိုက်ပို့မယ်''

''အို ဆေးခန်း သွားလောက်အောင် မဖြစ်ပါဘူး''

''ဘယ်ပြောလို့ ရမလဲ၊ အရိုးမှာ တစ်ခုခု ဖြစ်သွားရင် ခက်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကဲ့ပါ ဘယ်တက်လက်နဲ့ ဟော့ပေါ့ စားလိုက်၊ ကလေးကို ကျွန်တော် ကျွေးလိုက်မယ်''

သူက သူမကိုကြည့်မနေတော့ဘဲ ကလေးကို သေချာ စားတတ်အောင် ကျွေးပြီး ရေတိုက်လိုက်၊ တစ်သျှူးနှင့်သုတ်ပေးလိုက် ဂရုစိုက်နေလိုက်သည်။

ကလေးက မျက်ဝန်းညိုညို ပါးဖောင်းဖောင်း၊ နှုတ်ခမ်းတွဲတွဲလေးဖြင့် ချစ်စရာကောင်း၏။

''သားသားနာမည် ဘယ်လိုခေါ်လဲ''

''ဝသုန်ပါ ဦးဦး''

သင်မပေးရပါဘဲ ဦးဦးဆိုတဲ့ နာမ်စားကို သုံးနှုန်းတတ်နေပြန်၏။ သူက ကလေးငယ် ပါးဖောင်းဖောင်းလေးကို ဖွဖွလေး ညှစ်လိုက်ကာ

''သားသားက ကျောင်းနေပြီလား''

''မေမေဆက်က နောက်နှစ်ဆို ကျောင်းထားပေးမယ်တဲ့''

''ဘယ်သူလဲ မေမေဆက်''

''ဒီမှာလေ သားသား မေမေဆက်''

ကလေးငယ်က သူမ လက်ကို ဆွဲပြီးပြောသည်။ သူက ပြုံးလိုက်ကာ ရဲခနဲ ဖြစ်သွားတဲ့ သူမ ပါးမို့မို့လေးကို သတိထားမိလိုက်၏။

ကာလာတင်မထားသော မျက်နှာလေးက သွေးကြောစိမ်းမြမြ[illegible] ထင်းနေလျက် ပန်းသွေးရောင် ပြေးနေသည်။ မထင်မရှား ခွက်နေ[illegible] မေးဖျားလေးမှာ မှဲ့နက်လေးတစ်လုံးနှင့် နှုတ်ခမ်းတွဲတွဲလေးက [illegible]ခမ်းနီဆိုးထားသလို ရဲရဲစိုနေသည်။

မည်းနက် ပျော့အိနေသော ဆံနွယ်တွေကို ညှပ်ကလစ်လေး[illegible] အရှည်အတိုင်း ညှပ်ထားကာ ပန်းနုရောင် ပါတိတ်ဝမ်းဆက်လေး[illegible] ရိုးယဉ်စွာ လှပနေသည်။

စားသောက်နေပုံက နူးညံ့သိမ်မွေ့စွာ သေသပ်သည်။ အသက်[illegible]ယ်အားဖြင့် ဒီကလေးနှင့် သားအမိဆိုတာ ယုံနိုင်စရာ မရှိ။ ဒါပေမဲ့[illegible]မှ တွေ့ရသော သူစိမ်းတွေကို မစပ်စုသင့်ဘူး ထင်သည်။ အားလုံး[illegible]သောက်ပြီးတော့ သူက စားပွဲထိုးလေးကို ခေါ်ပြီး ပိုက်ဆံရှင်းလိုက်၏။

''ကျွန်တော်တို့ ဆေးဂန်းသွားရအောင် ဒီက''

''မြသွန်းဆက်ပါ၊ ဟို ဟိုလေ ဆေးခန်းသွားရင် ရှင် ပိုက်ဆံ[illegible]များကြီး ကုန်နေမှာ၊ လမ်း လမ်းစရိတ်ပဲ ကူညီလိုက်ပါလား''

''ဟင်''

''လမ်းစရိတ် ချန်ထားတဲ့ ပိုက်ဆံအိတ်လေး ဟိုနေရာမှာ[illegible]နေခဲ့ပြီ ထင်တယ်၊ ကျွန်မ ညာပြီးတောင်းနေတာ မဟုတ်ပါဘူး၊ [illegible]ယုံရင် သားသားကို မေးကြည့်ပါ''

ပိုက်ဆံတောင်းရတာကို ရှက်ရွံ့စိတ်ဖြင့် ပါးပြင်လေး ပန်းသွေး



စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ပြေးနေကာ မျက်နှာမထားတတ်အောင် ဖြစ်နေရှာသည်။

"ဟုတ်တယ် ဦးဦးရ၊ လမ်းစရိတ် မကျန်မှာစိုးလို့တဲ့ ဝက်ဝံကြီး ကို သားသား အစာကျွေးချင်တာတောင် မကျွေးခဲ့ရဘူး၊ ဆင်ကြီးပေါ် တက်ထိုင်ပြီး ဓာတ်ပုံရိုက်ချင်တာလည်း မရိုက်ခဲ့ရဘူး"

သူ့ရင်ထဲ နင့်ခနဲ ဖြစ်ကာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဘာကြောင့်များ ဒီမိန်းကလေးရဲ့ လင်ယောကျ်ား ဖြစ်တဲ့သူ ဒီကလေး ရဲ့အဖေဖြစ်တဲ့သူက ပြည့်စုံအောင် မပေးကမ်းခဲ့ပါလိမ့်။

ကလေးရော လူကြီးရော မျက်နှာညှိုးညှိုးငယ်ငယ်လေးတွေဖြစ် သနားစရာ ကောင်းလိုက်တာ။

"ဒီလိုလုပ်ပါ၊ ကျွန်တော် ဆေးခန်းလည်း လိုက်ပို့မယ်၊ လမ်း စရိတ်လည်း လုံလုံလောက်လောက် ပေးလိုက်ပါ့မယ်၊ ဒါနဲ့ ဘယ်က ပြန်ကြမှာလဲ မသိဘူး"

"ဒလ ဘက်ပါ၊ ဒီကနေ ပန်းဆိုးတန်းဆိပ်ကမ်းကို ရောက်မယ့် ကားစီးသွားရင် ရပါပြီ၊ ဟိုဘက်က သင်္ဘောခ တစ်ဆယ်ပဲ ကုန်တာ အများကြီး ပေးစရာ မလိုပါဘူး"

အခွင့်အရေး ရသလောက် မလိုချင်မှန်း သူမရဲ့ အသံတုန်တုန် လေးက သက်သေခံလျက် ရှိသည်။ သူ ဘာမှပြောမနေတော့ဘဲ သူမတို့ သားအမိနှစ်ယောက်ကို အကောင်းဆုံး ဆေးခန်းတစ်ခုကို ခေါ်သွား





သည်။

သူမလည်း ဘာမှ ပြောချိန်မရ ဖြစ်ကာ ဆရာဝန်ကြီးရဲ့ ဆေးကုသမှု ခံယူရလေသည်။ နောက်တော့ ဆရာဝန်ကြီးနှင့် သူမ ဆေးအကြောင်း အင်္ဂလိပ်လိုတွေ ပြောပြီး ရယ်ရယ်မောမော ဖြစ်နေတော့ သူ နားမလည်နိုင်အောင် ဖြစ်ရသည်။

"သူက ဆရာ့တပည့်လေ၊ ဆေးကျောင်းမှာ အရမ်းစာတော်တဲ့ ထက်မြက်မှုရှိတဲ့ တပည့်မလေးပေါ့၊ ဆရာ ဆေးဖိုး မယူတော့ပါဘူးကွယ်"

"ဗျာ"

ပါးစပ်ဖျားက ထွက်သွားတာ မဟုတ်ဘဲ သူ့ရင်ထဲက အံ့သြ တကြီး အာမေဋိတ်သံ ဖြစ်သည်။ 5th M.B တက်နေတဲ့ ဆေးကျောင်းသူက ငါးနှစ်အရွယ် ကလေးရဲ့အမေ ဖြစ်နေတာ အံ့သြစရာ မကောင်းဘူးလား။

အဒေါ်လား အမေလား။

နှမြောစိတ်နှင့် မေးကြည့်ချင်တာ အာတွေယားနေသည်။ မေမေ ဆက်ဟု ကလေးကခေါ်သလို သူမကလည်း သားသားဟု မိခင်မေတ္တာ အပြည့် နူးညံ့သိမ်မွေ့စွာ ခေါ်သည်။

"ဟား"

ဘာတွေကို ဘယ်လို နားလည်ရမှန်း မသိဘဲ ဒွိဟစိတ်တွေနှင့် နဖတ်ဝင်းဝါနေသော သူမ မျက်နှာလေးကို စူငေးငေးလေး ကြည့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆရာဝန်ကြီးနှင့် စကားပြောနေချိန်မှာ ရယ်နေတော့ ဖြူဖွေးနေသော သွားတန်းလေးက တစ်မျိုးကြည့်လို့ကောင်းသည်။

နှင်းဆီပုံလေးလို စိုရဲအိထွေးနေသော နှုတ်ခမ်းလွှာလေးတွေက ရင်တစ်ခုလုံး သိမ့်သိမ့်လှုပ်ခတ်စေကာ ထူနက်သည့် မျက်ခုံးတန်းများသည် တမင်လှပအောင် ပုံဖော်ထားတာ မဟုတ်တဲ့ ထူထူတန်းတန်းလေး အတိုင်း ရှိနေသဖြင့် ပို၍ ထူးခြားဆွဲဆောင်မှု ရှိနေသည်။

"ခွင့်ပြုပါဦး ဆရာ"

"အေး အေး သမီး၊ လက်က ဒဏ်နဲ့ နာနေရင် ဆရာ့ဆီ ပြန်လာခဲ့နော် သမီး၊ ကျောင်းမတက်နိုင်ရင်လည်း မတက်နဲ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

ဆရာနှင့်သူမ နှုတ်ဆက်နေသံကြားမှ သူ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာသည်။ ပြန်လာတော့ ပန်းဆိုးတန်း ဆိပ်ကမ်းထိ သူ့ကားနှင့် လိုက်ပို့ဖြစ်၏။

"ကျွန်တော် အိမ်အထိ လိုက်ပို့ချင်တယ် ခွင့်ပြုပါ"

"အို မလိုက်ပါနဲ့ ကျွန်မတို့အတွက် ရှင် အချိန်ပေးလိုက်ရတာ တော်တော် ကြာသွားပြီ၊ အရမ်းအားနာပါတယ်ရှင်"

"လိုက်ပို့ခိုင်းလိုက်ပါ မေမေဆက်ရဲ့၊ ဦးဦးကားက အရမ်းစီးလို့





ကောင်းတယ်"

"သားသားရယ် ကားနဲ့မှ ဟိုဘက်ကို သွားလို့ မရတာ၊ နေ ညည်း စောင်းနေပြီ၊ မေမေဆက်တို့ ပြန်ကြမယ်နော်"

သူမက ကလေးကို ကောက်ချီကာ ဖွတ်ထွက်သွားသည်။ သူ့ဆီ ပိုက်ဆံ ယူမသွားဘဲ သင်္ဘောစီးခကို တောင်းပန်ပြီး စီးသွားတော့မည် ။ သင်္ဘောကလည်း ထွက်ခါနီးပြီမို့ ကားကို အပ်ထားခဲ့ကာ သူ ဆင်းလိုက်လာခဲ့သည်။ ဘူဘော်အသံပေး၍ သင်္ဘောထွက်လိုက်သည် ရောင်းသည်တွေ ခရီးသည်တွေ မြွတ်သိပ်ကျပ်ခဲနေတဲ့ကြားမှာ သူမတို့ အမိနှစ်ယောက် ပျောက်သွားသည်။

တချို့က ထိုင်ခုံလေးတွေနှင့် ထိုင်နေကြပြီး တချို့က မိုးတိုး တယ်။

သူ သင်္ဘောအပေါ်ထပ်ကို ပြေးတက်လာခဲ့တော့ သူမတို့ သား အမိနှစ်ယောက်ကို ကော်ထိုင်ခုံလေးတွေနှင့် ထိုင်နေတာ တွေ့လိုက်ရ သည်။ သင်္ဘောစီးခ တောင်းနေတဲ့လူကို သူမ ပိုက်ဆံမပါကြောင်း တောင်းပန်နေ၏။

"ရော့ ဒီက ယူလိုက်ပါ၊ ပြန်မအမ်းနဲ့တော့"

နှစ်ရာတန် တစ်ရွက် ထုတ်ပေးလိုက်ပြီး ထိုင်ခုံတစ်လုံး ယူကာ သူမတို့အနား ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလို့ လိုက်လာတာလဲ"

"မင်းတို့မှာ ပိုက်ဆံမပါတာ သတိရလို့"

စိတ်ဝင်စားမှုတွေ များနေလို့ပါလို့ သူ မပြောဖြစ်လိုက်။

သဘော်ကြီး တစ်ခုလုံးကို ဝေ့ဝဲကြည့်လိုက်ကာ

"သဘော်ပေါ်မှာ လက်ဖက်ရည်ဆိုင်ဇတောင် ပါတယ်နော် အဆင့်မြင့်သားပဲ၊ ကျွန်တော် တစ်ခါမှ မစီးဖူးဘူး"

"ကျွန်မတို့ စီးဖူးတာလည်း သိပ်မကြာသေးပါဘူး"

"ဟင် ဒီဇာတိ မဟုတ်ဘူးလား"

"ဟင့်အင်း အရင်တုန်းက တခြားမှာ နေတာ"

သူမက တုံးတိတိ ဖြေလျက် မြစ်ပြင်ကြီးကို ငေးကြည့်ရင်း လိုက်ပါလာ၏။ သားသားလေးကလည်း သူ့ပေါင်ပေါ် တက်ထိုင်၍ ငေး သည်။ ဈေးသည်တချို့က သူတို့အနားကို ဟိုဟာလာရောင်း ဒီဟာ လာရောင်း ဆူညံနေသည်။

"ရှင် အိမ်အထိတော့ လိုက်မလာနဲ့နော်"

"ဘာဖြစ်လို့လဲ ခင်ဗျား ယောက်ျား အထင်လွဲမှာ စိုးလို့လား"

"ဘာ"

သူမ စိတ်ဆိုးမာန်ဆိုး အော်ပစ်လိုက်၍ သူ လန့်ဖျပ်သွား၏ သူ့မေးခွန်းမှာ ဘာတွေအမှားပါသွားလို့လဲ။





သူ့အတွေးမဆုံးခင် သဘော်ကြီးက ဒလဘက်ကမ်းကို ဆိုက် ကပ်သွားသည်။ ကလေးကို ဈေးခြနဲ့ ပွေ့ချီကာ သဘော်ပေါ်က အရင်ဆုံး ဆင်းလိုက်ပြီ။ ကုန်းအမြင့်ကနေ သူမကို စောင့်နေလိုက်သည်။

"ကလေးပေး ရှင် နေခဲ့တော့"

"ဟင့်အင်း ကျွန်တော် လိုက်မယ်"

ဘယ်လို ဖွတ်တရွတ် ညဉ့်မျိုးနှင့် အမျှင်တန်းဖို့ ကြိုးစားနေ လဲ သူမ မတွေးတတ်အောင် ဖြစ်သွားသည်။ ဟိုဘက်ကမ်းမှာကတည်းက လိုက်ခဲ့ပါနဲ့ ပြောခဲ့တာ ဒီဘက်ကမ်းထိ လိုက်လာသည်။

ကလေးကိုလည်း အောက်ချမပေးဘဲ ဖွတ်အတင်းပွေ့ချီထား၏။ ခုမှ တွေ့ဖူးကြတဲ့ ဒီလူ ရိုးမှရိုးပါရဲ့လား။

"ကျွန်မ ယောက်ျားက အရက်သမား၊ ရှင်ပါလာရင် သဝန်တို ပြီး ထိုးကြိတ်နေလိမ့်မယ်၊ သူက အရမ်းသွေးဆိုးတာ၊ ရှင် နေခဲ့တော့"

"ဟင်"

သူ့လက်ထဲက ကလေးကို အောက်ဆွဲချကာ သူမ လက်နှင့် ခပ်တင်းတင်း ဆုပ်ကိုင်ပြီး ခပ်သွက်သွက် လျှောက်သွားသည်။ ခုနက သူ မေးတော့ မျက်နှာလေး နီရဲပြီး စိတ်ဆိုးသွားတဲ့ မိန်းကလေးက ခု ဘယ်လိုဖြစ်သွားရတာလဲ။

ကလေးအမေဆိုတာ ယုံကြည့်ဖို့ ခက်ခဲနေသည်။ မပြောခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင် သူ့ရဲ့ စိတ်ဝင်စားမှုက မြန်ဆန်လွန်းနေလိမ့်မည်။ နာရီပို
အတွင်း ဆုံတွေ့လိုက်ရတဲ့ မိန်းကလေးကို သူ ဒီလောက်ထိ အလေ
အနက် မခံစားသင့်ပါ။

တကယ် ကလေးအမေ အစစ်ဆိုရင်ရော သူ ဘယ်လိုလုပ်
မလဲ။ ကျွန်မ ယောကျ်ား သဝန်တိုလိမ့်မယ်တဲ့။

ငါ မယုံချင်ဘူး မြသွန်းဆက်။

■ ■ ■



## အခန်း (၉)

"မင်းက အဲဒါတော့ လွန်တယ်ကွာ၊ ငါတို့ကို မေ့ထားပြီး ကလေးအမေနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားရလား။ ငါတို့မှာတော့ တစ်နေကုန် လည်ပင်းရှည်အောင် စောင့်နေရတယ်၊ ဒီကောင် မင်းဝေသာ မတားရင် တစ်ခါတည်း ဒိုးလိုက်ပြီ"

"ဟုတ်တယ်ကွ သူတို့ လင်မယားကို ဟိုတယ်မှာ တည်းခိုင်းထားလိုက်တယ်၊ မင်း ဟိုတယ်ခ ပေးလိုက်"

"ပေးပါ့မယ်ကွာ၊ နေစရိတ် စားစရိတ် အားလုံး ငါ့တာဝန်ထားပါ၊ မင်းတို့ကို ဖုန်းဆက်ကြည့်လို့ ဒီဟိုတယ်မှာ ရှိတယ်ဆိုတာနဲ့ အိမ်ကိုတောင် မပြန်ရသေးဘဲ တန်းခနဲ လာခဲ့တာပါ"

"မင်းအိမ်ကိုရော အသိပေးပြီးပြီလား။ မင်းအမေက အရှမ်း စိတ်ပူတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ မဆက်ရသေးဘူး၊ ခဏလေး"

မင်းဝေ ပြောမှ သတိရကာ ဟိုတယ်အပြင်ဘက် ထွက်ပြီး မေမေ့ဆီ ဖုန်းခေါ်လိုက်ရသည်။

"မေမေ သား ကားအက်ဆီးဒင့် ဖြစ်သွားလို့ သူငယ်ချင်းတွေ နဲ့ ခုမှ တွေ့ရတယ်၊ သား အိမ်ပြန်နောက်ကျမယ်နော် မေမေ"

"ဟင် သား ကားနဲ့ ဘယ်သူ့ကို တိုက်မိတာလဲ၊ ဘာဖြစ်သွား သေးလဲ သား၊ သားရော ထိခိုက်မိသေးလား၊ ပြဿနာတွေ ဖြစ်ကြသေး လား သားရယ်"

"ဘာမှမဖြစ်ပါဘူး မေမေ၊ အကျိုးအကြောင်းကို သား အိမ် ရောက်မှ ပြောပြပါ့မယ်၊ မေမေ စိတ်မပူနဲ့နော်၊ သူငယ်ချင်းတွေနဲ့ စကားပြောပြီးမှ သား ပြန်လာခဲ့မယ်"

မေမေ့ဘက်က စိုးရိမ်ပူပန်မှုတွေ ထပ်မကြားရခင် ဖုန်းမြန်မြန် ပိတ်ပြီး သူငယ်ချင်းတွေဆီ ပြန်လာခဲ့ရသည်။

"ကဲ မင်းတို့ ဘာစားမှာလဲ၊ ဘာသောက်မှာလဲ မှာကြလေ"

"မင်းပြောတာ နောက်ကျနေတယ်၊ ငါတို့ မှာပြီးပြီ လာချလိမ့် မယ်"

ပြောနေရင်း စားပွဲထိုးလေးက စားစရာ အမြည်းတွေနှင့် ဘီယာပုလင်းတွေ လာချပေးသည်။





"ဟာ မင်းတို့ ဘီယာ သောက်ကြမလို့လား၊ ထွန်းသိန်း မင်း ...မ ခွင့်မပြုရင် မသောက်သင့်ဘူးနော်"

"သူငယ်ချင်းတွေနဲ့ ဆုံတုန်း တစ်ခါတစ်ရံ သောက်တာ ငါ့ ...မက ခွင့်လွှတ်ပါတယ် နော် ဖြူဖြူ"

ထွန်းသိန်း မိန်းမ ဖြူဖြူက ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြ၏။ ...ဝေက သူ့အတွက်ပါ ဘီယာတစ်ခွက် ငှဲ့ပေးသည်။

"ငါ မသောက်တော့ဘူး၊ မင်းတို့ပဲ သောက်ပါ"

"အများကြီး ချမှာမှ မဟုတ်တာ၊ ထွန်းသိန်းကို ဂုဏ်ပြုတဲ့ ...နေနဲ့ တစ်ခွက်နှစ်ခွက်တော့ ချမှပေါ့၊ မသောက်တတ်ပေမယ့် သောက်ပြားဆိုတာ ဒီလို အတွေ့အကြုံလေးလည်း ရှိဦးမှ"

မင်းဝေရဲ့ အားပေးမှုနှင့် ဘီယာတစ်ခွက် ကုန်အောင် သူ သောက်ပစ်လိုက်သည်။ နောက်တစ်ခွက် ထပ်ငှဲ့ပေးတော့လည်း သူ ...တားဖြစ်။

"တော်တော်လှတယ်၊ မဟာဆန်တဲ့ တည်တည်ငြိမ်ငြိမ် ရင့် ...ကျက်နေတဲ့ တော်ဝင်အလှမျိုး"

"ဘယ်သူ့ကို ပြောနေတာလဲ၊ ကလေးအမေကိုလား၊ ဒုဿန ...သာ တဲ့၊ ငရဲအိုးထဲ ဇောက်ထိုးဆင်းနေရဦးမယ်"

ဘီယာတစ်ခွက်လောက် ဝင်ပြီး အရှက်မရှိ ပြောနေသ...



www.burmeseclassic.com

www.burmeseclassic.com



နှင်းဇီမာန်ကို မင်းဝေ အငေါ်တူး နှိပ်ကွပ်လိုက်သည်။ ထွန်းသိန်းနှ
သူ့မိန်းမက လက်ကုတ်ပြီး ပြုံးကြည့်နေ၏။

"ကလေးအမေ ဖြစ်လိမ့်မယ်လို့ ငါ ယုံကြည်လို့ မရဘူးကွ
ကလေးနဲ့သူ့ကို ယှဉ်တွဲကြည့်တာ ဘယ်လိုမှ သဟဇာတ မဖြစ်ဘူး"

"မဖြစ်ဖြစ် ဖြစ်ဖြစ် မင်းနဲ့ ဘာဆိုင်လို့လဲ"

"ငါ သူ့ကို စိတ်ဝင်စားတယ်"

"ဘာ"

"အာ ဒီကောင်"

မင်းဝေနှင့်ထွန်းသိန်း အာမေဍိတ်တွေနှင့် အံ့ဩသွားကြသည်
မင်းဝေက နှင်းဇီမာန် ပခုံးကို ခပ်ဖိဖိ ဖျတ်ခနဲ ဆုပ်ညှစ်လိုက်ကာ

"ကျောင်းမှာတုန်းက အလှဆုံး မိန်းကလေးတွေနဲ့ မင်
ဆုံဆည်းပါတယ်၊ အဲဒီတုန်းကတော့ ဘာမှမခံစားခဲ့ဘဲနဲ့၊ ဒီကလေ
အမေကို မင်းရင်ဘတ်ရဲ့ ဘယ်နေရာမှာ ထားဖို့လဲ"

"နှလုံးသား ဗဟိုတည့်တည့်မှာ ငြိနေတယ်ကွ၊ ဘယ်လို
ခွာချလို့ မရဘူး၊ ကလေးကလည်း တော်တော်ချစ်စရာ ကောင်းတယ်"

"ဟား ဒီကောင် တော်တော် ခက်နေပါလား၊ ယောက်ျားရှိလာ
မရှိလားဆိုတာတော့ မင်းသေချာ မသိဘူး မဟုတ်လား၊ ပြဿနာကြ
ဆလိုက်ထွန်း မရှာချင်စမ်းပါနဲ့ကွာ၊ မင်း ရှေ့ဆက်စရာ လမ်းပေါက်ပိတ်





ပေါ်ပြီး ခံစားမနေစမ်းပါနဲ့"

"သူတို့နောက်က ငါ တိတ်တိတ်လေး လိုက်သွားတယ်ကွ၊
ထဲက အဘိုးကြီးနဲ့ အဘွားကြီးပဲ ထွက်လာတယ်၊ သူ့ယောက်ျား
တဲ့လူ အရိပ်အယောင်တောင် မမြင်ခဲ့ရဘူး"

မင်းဝေက ပခုံးကို တွန့်ပြီး ဆလံသသည်။ ပိရိသေသပ် ထောင့်
ညီနေတဲ့ နှင်းဇီမာန် နှုတ်ခမ်းလေးက ချိုအီစွာ ပြုံးနေ၏။

"ကလေးအမေလို့ ထင်ရက်စရာ မရှိအောင် အပြစ်ကင်းပြီး
တဲ့ မိန်းကလေးမှာ ဆင်းရဲချို့တဲ့နေတာ မြင်တွေ့ရတာ ငါ့ရင်ထဲ
ကောင်းဘူး၊ တကယ်လို့သာ ယောက်ျား ရှိနေရင် သူ့ကို ချစ်လွန်းလို့
ပေါ်မြတင် ထားမှာကွ"

"မင်းက ချစ်နေလို့ အပြစ်မြင်ရကောင်းမှန်း မသိ ဖြစ်နေတာ
သူ့မှာ ဖွင့်ဟ မထုတ်နိုင်တဲ့ အကြောင်းတရားတွေ ရှိချင် ရှိနိုင်တာပေါ့၊
င်း ဝေဒနာ မရင့်သေးပါဘူး၊ ပြီးပြီးပျောက်ပျောက် ထားလိုက်ပါတော့
ကွာ"

"ဟုတ်တယ် နှင်းဇီမာန်၊ သိုသိပ်လျို့ဝှက်မှုဆိုတာ လူတိုင်းမှာ
တစ်ခုမဟုတ် တစ်ခုတော့ ရှိတတ်ကြတယ်၊ ငါ မပြောချင်ဘဲ ပြောရတော့
ယ်၊ မင်းတို့ ငါ့မိန်းမကို အပျိုလို့ ထင်နေလား"

"ဘာ မင်း မင်းက"



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းသိန်း ရှင်းရှင်းပြောကွာ၊ ညြှော် ဒီက ဖြူဖြူ နေတတ် သလို နေပါနော်၊ ကျွန်တော်တို့ သူငယ်ချင်းတွေက ဘီယာလေး တစ်ခွက် လောက် ဝင်ရင် အဲလိုပဲ ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်ကြလို့ပါ"

ဖြူဖြူ မျက်နှာလေး ပျက်ယွင်းသွားပေမယ့် အအေးဖန်ခွက် လေးကို ပိုက်တံလေးဖြင့် မွှေနှောက်ပြီး ငြိမ်သက်နေ၏။ ထွန်းသိန်းက သူ့မိန်းမ လက်ကလေးကို အားပေးသလို ဆုပ်ညှစ်ပြီးမှ

"ငါနဲ့သူနဲ့က သေချာ စပ်ဟပ်ကြည့်မယ်ဆိုရင် ဆွေမျိုးမကင် ဘူးကွ၊ ဒါပေမဲ့ ငါတို့နှစ်ယောက်က ချစ်သူလို ချစ်ပြီး ရင်းရင်းနှီးနှီးလည် နေကြတယ်၊ နှစ်ဖက်အသိုင်းအဝိုင်းကလည်း တောသူဒွေးတွေဆိုတော့ သဘောတူ လက်ခံကြည်ဖြူကြတယ်ပေါ့ကွာ၊ ငါ ရန်ကုန်ကို ကျောင်းလ တက်မှ မထင်မှတ်တာတွေ ဖြစ်လာတာ"

"ဘာတွေ ဖြစ်ကုန်တာလဲ ထွန်းသိန်း"

မင်းဝေက သိချင်စိတ်စောကာ ဖြတ်မေးသည်။ ထွန်းသိန်းက ဘီယာကို တစ်ကျိုက် နှစ်ကျိုက် မော့သောက်ပြီးမှ စကားဆက်၏။

"ရွာထဲက ငပေ ငတေ တစ်ကောင်က ငွေမက်ပြီး ဖြူဖြူ မရမက ကြံစည်တယ်လေ၊ တစ်လလောက် နိုးပြေးပြီးမှ ရွာကို ပြန်ရော လာတယ်၊ သိတယ်မဟုတ်လား၊ တောကလူတွေက ရိုးသားလွန်းတေ တိုင်တာတောတာတွေ မလုပ်ဘဲ ပေးစားလိုက်တယ် ဆိုပါတော့ကွ





အဲဒီလိုနဲ့ တစ်နှစ်လောက် ကြာတော့ ကြက်ဝိုင်း ဖဲဝိုင်း ရန်ကြွေးနဲ့ အဲဒီလူ ဓားထိုးခံရပြီး သေသွားတယ်၊ ဖြူဖြူ မုဆိုးမ ဖြစ်ပြီး ကျန်ခဲ့တယ်"

"ဒုတိယနှစ် ငါတို့ ကျောင်းတက်တော့ မင်း ငိုင်တွေပြီး လေ ဖွင့်နေတာ အဲဒီကိစ္စကြောင့်လား၊ ငါတို့ကိုလည်း ဘာမှမပြောပြဘူး"

"ပြောပြလို့ ကောင်းတဲ့အရာမှ မဟုတ်တာကွာ၊ ငါ တစ်ယောက် တည်း မျိုသိပ်ခံစားနေခဲ့တာပေါ့၊ အခုတော် နိုင်ဗိမာန် ဆက်မှားနေမှာ စိုးလို့ ငါ ပြောပြနေတာ၊ ငါက အိမ်ထောင်ကျပြီးသား ဖြူဖြူကို ယူလိုက် တယ်ဆိုတာ ယောက်ျားလည်း သေပြီ၊ မိဘတွေကလည်း မုဆိုးမလေး ဖြူဖြူကို သနားလို့ ငါနဲ့ လက်ထပ်စေချင်တယ်၊ ငါကလည်း ဒီအမှားက ဖြူဖြူ စိတ်ပါလက်ပါ ကျူးလွန်ခဲ့တာ မဟုတ်လို့ သူ့ကိုချစ်တဲ့စိတ်လည်း မကုန်သေးလို့ လက်ထပ်လိုက်တာ"

နိုင်ဗိမာန် တွေခနဲ ဖြစ်ကာ လက်ကျန်ဘီယာခွက်ကို တစ်ကျိုက် တည်း မော့သောက်လိုက်ပြီး သက်ပြင်းရှိုက်၏။

သူငယ်ချင်းတွေရဲ့ စေတနာကို နားလည်ပေမယ့် ဘာကိုမှန်း မသိ လက်မခံနိုင်အောင် ဖြစ်နေသည်။

အချိန်ခဏလေးအတွင်းမှာ မြသွန်းဆက်ကို ဒီလောက် အလေး အနက် ခံစားမိတာ ကိုယ့်ကိုယ်ကိုလည်း အံ့သြမိသည်။ တချို့လူတွေ ပြောသလို ရေစက်ကြောင့်များလား။



www.burmeseclassic.com

www.burmeseclassic.com



ခုံဆည်းစေခဲ့တဲ့ ကံကြမ္မာကလည်း ဆန်းကျယ်သည်။ မလှမ
နှင့် အတိတ်နိမိတ် မကောင်းချင်တဲ့ သင်္ကေတများလား။

ကလေးတစ်ယောက်အမေနှင့် မပတ်သက်စေချင်တာ၊ သူငယ်
ချင်းတွေဘက်ကလည်း မမှား။

မြသွန်းဆက် ဆိုတဲ့ မိန်းကလေးက ဘာကြောင့်များ သူ့စိတ်
တွေကို အချိန်တိုတိုလေးအတွင်းမှာ လွှမ်းမိုးသွားနိုင်ရတာလဲ။

အကြင်နာကြီးသော မျက်ဝန်းညိုများရဲ့ အစွမ်းအစကို
ဘယ်လို ခုခံကာကွယ်ရမလဲ။ ဟင့်အင်း ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် ညင်သာ
နူးညံ့စွာနှင့် သိမ်းပိုက်ချင်လှသည်။

ကရုဏာက မြစ်ဖျားခံ ဆင်းသက်လာသော မေတ္တာတွေ
တန်ဖိုးကြီးတာ မြသွန်းဆက် သိစေချင်၏။

ပြောချင်တဲ့ စကားတွေ ပြောခွင့်မသာမှာ သိနေပေမယ့်...

■ ■ ■



## အခန်း (၁၀)

"အဲဒီကောင်မလေး ဘာဖြစ်သွားသေးလဲ သား။ ဒဏ်ရာ
...တော်များလား"

"ဟုတ်ကဲ့ လက်ကို နည်းနည်း ထိခိုက်မိတာပါ။ ဆေးခန်းကို
...ပို့တာ၊ သူတို့ ဆေးကျောင်းက ဆရာဖြစ်နေတော့ ဆေးဖိုးဝါးခလည်း
...ယူလိုက်ဘူး"

"ဟင် ဒါဆို သား အကုန်အကျ မရှိခဲ့ဘူးပေါ့၊ အဲလိုတော့
...ယ်ကောင်းမလဲကွယ်၊ ချို့တဲ့တဲ့သူတွေကို တစ်ခုခုတော့ ထောက်ပံ့မှ
...ဖြစ်မှာပေါ့"

"သား ပြောပါသေးတယ်၊ သူ့ဘက်ကလည်း အမှားမကင်းဘူး
...ပြီး သူက ဘာမှလက်မခံတာ"

"သူ့မှာ ကလေးပါလာတယ်ဆို၊ အဲဒီကလေးကို လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ဝယ်ပေးဖို့ ကြိုးစားပေါ့ သားရယ်၊ ဆင်းရဲပေမယ့် အခွင့်အရေး မယူတတ်တဲ့ စိတ်လေးကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ပြဿ တစ်ခုခု ဖြစ်ရင် နှစ်ဦးနှစ်ဖက်လုံး ထိခိုက်ရနိုင်တာပဲ သား၊ ဒါ သား ဘာမှဖြစ်မလာဘူးဆိုတော့ သူ့ကို ကျေးဇူးတင်ထိုက်တာပေါ့ သ ရယ်''

မေမေ့ နားလည်မှုကြောင့် သူ့ရင်ထဲ ပေါ့ပါးသွားခဲ့ရသ သူ့စိတ်ကူးကလည်း မြသွန်းဆက်တို့ သားအမိနှင့် ဘယ်လို ထ ဆုံသည်းရမလဲ ကြိုးစားချင်နေခဲ့တာ။

''သား ခုနက ပြောတာ မေမေ မရှင်းလို့ ဆေးကျောင်းသ လည်း ပြောတယ်၊ ကလေးအမေလို့လည်း ပြောတယ်နော်''

''သားအမိ ဖြစ်နိုင်လား၊ မဖြစ်နိုင်လား သား သေချာမသိ မေမေ၊ သူက ကလေးကို သားလို့ ခေါ်တယ်၊ ကလေးက သူ့ကို မေ ဆက်လို့ ခေါ်တယ်၊ အဲဒါကြောင့် သားအထင် ပြောလိုက်တာပါ''

''အေးလေ ဘာဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်ပါဘူး၊ ဗုဒ္ဓဘာသာ မြ လူမျိုးတစ်ယောက်အနေနဲ့ ကူညီသင့်တာ ကူညီလိုက်ပါ''

''ဟုတ်ကဲ့ သား မနက်ဖြန် သွားလိုက်မယ် မေမေ၊ သူ့လက် အနာမသက်သာရင်လည်း ဆရာဝန်ကြီးက ထပ်လာဖို့ ပြောထားတ

''ဟုတ်လား လိုအပ်ရင် သားဆေးခန်း လိုက်ပို့ပေးလိုက်





ကဲ သားလေး၊ အိပ်တော့၊ သား ကိုကိုတောင် မေမေ အခုလေးပဲ ဖွတ် အတင်း အိပ်ခိုင်းလိုက်ရတာ၊ သားကို စိတ်ပူလို့ဆိုပြီး မေမေနဲ့ စောင့်ပေး မလို့တဲ့လေ''

''ဟုတ်ကဲ့ မေမေနဲ့ကိုကိုကို သား စိတ်ပူအောင် လုပ်မိပြီ၊ မေမေလည်း သွားအိပ်တော့နော်၊ သားလည်း အိပ်တော့မယ်''

ဘီယာနဲ့ မရအောင် ခပ်လှမ်းလှမ်းကနေ စကားပြောပြီး အောက်ထပ် ညှော်ခန်းနှင့်ကပ်လျက် သူ့အခန်းထဲကို နိုင်ဗိမာန် ဝင်လာ ခဲ့သည်။

မွေ့ရာထူထူကြီးပေါ် ပစ်လှဲလိုက်ပေမယ့် မျက်လုံးတွေက ကြောင်တောင်တောင်နှင့် အိပ်ချင်စိတ် မရှိ၊ အဝတ်အစားတွေ သစ်လွင် ဆန်းပြားမှု မရှိပေမယ့် ရိုးယဉ်စွာ မဟာန်ဆန်သော မြသွန်းဆက် ပုံရိပ်လေးကိုသာ မြင်ယောင်နေသည်။

ဆရာဝန်ကြီးနှင့် စကားပြောနေစဉ်မှာ ရယ်ပြုံးနေသော သူ့ရဲ့ ဖွေးဖြူသွယ်တန်းလှတဲ့ သွားချွန်ချွန်လေးတွေကို သတိရ၏။ ယောကျာ်း မရှိတဲ့ ကလေးအမေလို့ တွေးလိုက်တာတောင် ရင်ခုန်သည်။

တစ်ညလုံး အိပ်စက်မရစွာ မိုးမြန်မြန်လင်းပါစေဟု ဆုတောင်း မိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဖျော့ဖျော့ နွေးထွေးသော အလင်းရောင်ကို မြင်လိုက်ရသည်နှင့် သူ ဝီရိယ ကောင်းစွာ အိပ်ရာက လူးလဲထ ရေမိုးချိုးလိုက်သည်။ ဗီရိုထဲက အဖြူစင်း ရှပ်လက်တိုလေးနှင့် စတိုင်ပန်အနက်ကို တွဲဖက်ဝတ်လိုက်၏။

ဂုတ်ထောက်နေတဲ့ စင်းစင်းပျော့ပျော့ ကာလာတင်ထားတဲ့ ဆံပင်လေးကို သေသပ်ပုံကျအောင် ဖြီးသင်လိုက်ပြီး ဘယ်ညာပြန်ကြည့်လိုက်ကာ စိတ်တိုင်းကျသွား၏။

ညှော်ခံပွဲတွေ ဘာတွေ မတက်ရလျှင် သူက ကတ္တီပါဖိနပ်များကိုသာ အရောင်စုံ စီးတတ်သည်။ အခု နီညိုရောင် ကတ္တီပါဖိနပ်အသစ်လေးကို ထုတ်စီးလိုက်ကာ အခန်းထဲက ထွက်လာခဲ့၏။

''ဟယ် စောစောစီးစီး ဘယ်သွားမလို့လဲ သား''

''မေမေပဲ ဟိုသားအမိဆီ သွားလိုက်ပါဆို''

''ဒီလောက် အစောကြီး သွားစရာ လိုလား သားရယ်၊ ဟိုက အိပ်ရာတောင် နိုးပါဦးမလား၊ သားက ဝီရိယ ကောင်းလိုက်တာ''

''သူနဲ့ဆုံအောင် သွားချင်လို့ပါ မေမေ၊ သူက လက်က ဒဏ်ရာ သက်သာတယ်ဆိုပြီး ကျောင်းသွားနေရင် လွဲသွားမှာ စိုးလို့''

''သွားတော့လည်း ဘာဖြစ်လဲ သားရယ်၊ ကလေးကို လက်ဆောင် ပစ္စည်းလေး ဝယ်ပေးပြီး သူ့အိမ်က အိမ်သားတွေကို လိုအပ်





ယ် ထင်တာ လုပ်ပေးလိုက်ပေါ့၊ ကဲပါ မနက်စာစားပြီးမှ သွားတော့သာ သား၊ ဒေါ်မြင့်ကို အမြန်လုပ်ခိုင်းလိုက်''

မေမေ့စကားတွေကြောင့် ရှက်ကိုးရှက်ကန်း ကတုန်ကယင်ဖြစ်သွားကာ မေမေ့နောက်က လိုက်ခဲ့ရသည်။

ကော်ဖီပြင်းပြင်း တစ်ခွက်နှင့် ကိတ်တွေ ဒေါ်မြင့် ချပေးတော့သူ စိတ်မပါတပါ စားဖြစ်သည်။ ဆွမ်းတော်ပွဲနှင့် မီးလုံးနောက်က မေမေလိုက်သွားမှ သူ သက်ပြင်းချရဲ၏။

သူ့ အရမ်းကို ဤကြွေပျက်ယွင်းနေပြီလား။ ကိုကို နိုးလာလို့စလား မေးလား လုပ်နေလျှင် မလွယ်။

ခပ်သုတ်သုတ် ကားပေါ်တက်ကာ မောင်းထွက်ခဲ့သည်။ လမ်းမှာ ဆိုင်ဖွင့်ဆဲ စတိုးဆိုင်ဝင်ပြီး ကလေးအတွက် စက်ဘီးတစ်စီးနှင့် ဆော့ကြီးကြီး ဝက်ဝံတစ်ကောင် ဝယ်လိုက်သည်။ မြသွန်းဆက်အတွက် အပျော့သား သားရေအစစ် အကောင်းစား စလင်းဘတ်အိတ် တစ်လုံး ဝယ်လိုက်၏။

ပန်းဆိုးတန်း ဆိပ်ကမ်းကိုရောက်တော့ ကားထားခဲ့ကာ သင်္ဘောစီးလိုက်သည်။ ဟိုဘက်ကမ်းကို ရောက်တော့ ခြေလျင်လျှောက်သွားလျှင် သိပ်မဝေးပါဘဲ လက်ဆောင်ပစ္စည်းတွေနှင့်မို့ ဆိုက်ကားသယ်ရီ ငှားစီးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ အိမ်ရှေ့ကို ရောက်တော့ ယောင်တောင်တောင်နှ
ရပ်နေမိကာ ခြံဝင်းလေးထဲကို လူရိပ်လူခြေ လှမ်းကြည့်မိသည်။ အိမ်ရှေ့
မှာ အဘိုးကြီးတစ်ယောက် ခြေတစ်ဖက် လက်တစ်ဖက် လေဖြတ်ထ
သလို အနည်းငယ် ယမ်းလျက် လမ်းလျှောက်နေသည်။

အဘွားကြီးက အိမ်ထောင့်က ရေတွင်းလေးမှာ ရေခပ်နေ
ပျဉ်ချောင်းလေးတွေ စီရိုက်ထားကာ ခပ်ဟဟ ပွင့်နေတဲ့ ဝင်းတံခါးလေး
တွန်းဖွင့်လျက် သူ ဝင်လာခဲ့သည်။

"ဒီအိမ်က မြသွန်းဆက်တို့ အိမ်ပါလား ခင်ဗျာ"

"ဩော် အေး ဟုတ်ပါတယ်ကွယ်၊ လူလေးက ဘာကိစ္စ

ပစ္စည်းတွေ မနိုင်မနင်းနှင့် ရောက်လာသော သူ့ကို အဘွား
က ခြေဆုံးခေါင်းဆုံး ကြည့်ကာ မေးသည်။

"ကျွန်တော် မြသွန်းဆက်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ၊ မနေ့
ကားမတော်တဆ ဖြစ်သွားတဲ့ ကားပိုင်ရှင်ပါ"

"ဩော် အေး အေး မနေ့က မတော်တဆ ဖြစ်တာ လူ
တစ်ယောက်နဲ့လို့ ပြောပါတယ်၊ အများကြီးလည်း ကူညီလိုက်တယ်

"ဟုတ်ကဲ့ မနေ့က ဘာမှသိပ်ပြီး မကူညီလိုက်ရပါဘူး၊ အဲ
ကြောင့် ကလေးအတွက်ရော သူ့အတွက်ရော လက်ဆောင်ပစ္စည်းတွေ
တွေ လာဝယ်ပို့တာပါ၊ မြသွန်းဆက်ရော ရှိရဲ့လား မသိဘူး၊ ကျော





များ သွားတက်နေလား"

မြသွန်းဆက်ကို မမြင်တော့ ရင်တွေပူပြီး အလောတကြီး
မေးလိုက်မိသည်။ အဘွားကြီးက အိမ်ပေါ်ကို တစ်ချက်ငဲ့ကြည့်ကာ

"ညက လက်နည်းနည်းနာလို့ဆိုပြီး တစ်ညလုံး မအိပ်ရဘူး၊
မနက် ဘယ်ရောက်သွားနိုင်မလဲကွယ်၊ အိပ်ရာကတော့ နိုးနေပြီ ထင်ပါ
တယ်၊ မိုးလင်းခါနီးမှ အိပ်ပျော်သွားတာလေ၊ လာ လူလေး"

အိမ်က မြေစိုက် မဟုတ်ပေမယ့် လှေကားထစ်လေး သုံးထစ်
တက်လိုက်သည်နှင့် အိမ်ပေါ်ကို တန်းခနဲ ရောက်သည်။

ဘုရားစင်လေးရှိတဲ့ အခန်းကျယ်လေးရှေ့မှာ ပစ္စည်းတွေချ၍
သူ ဝင်ထိုင်လိုက်သည်။ အခန်းတစ်ခုအတွင်းက အိပ်မှုန်စုတ်မွှား ထလာ
တဲ့ ကလေးငယ်က သူ့ကို အရင်မြင်၏။

"ဟာ ဦးဦး လာတယ်၊ သားသားတို့အိမ် အလည်လာတာလား
ဟင်၊ ဟာ အရုပ်ကြီးတွေ စက်ဘီးတွေ သားသားဖို့ ဝယ်လာတာလား
ဦးဦး"

သားငယ်လေးက သွက်လက်ရွှင်မြူးစွာနှင့် အရုပ်တွေ စက်ဘီး
တွေကို ကိုင်ကြည့်နေ၏။

သူက သားငယ်လေးကို ပွေ့ဖက်လိုက်ကာ

"သားသားဖို့ ဦးက ဝယ်လာတာပေါ့ကွ၊ သားသား ကြိုက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား''

''ကြိုက်တာပေါ့ ဦးဦးရဲ့ သားသားက စကၠဘီးအရမ်းစီးချင်တာ၊ ဝက်ဝံကြီးကိုလည်း ချစ်တယ်''

သားသား အပျော်တွေအတွက် သူ့ရင်မှာ ကြည်နူးရသည်၊ ဘွားအေကြီးကလည်း ကြည်နူးပီတိ ဖြစ်နေ၏။

''ဟင် ရှင် ဘယ်လိုလုပ် ကျွန်မတို့ အိမ်ကို သိပြီးရောက်လာတာလဲ''

စူးရှနေသော အသံလေးနှင့်အတူ ခပ်ဆောင့်ဆောင့် လှုပ်ရှ
သူမ ရောက်လာသည်။ မျက်နှာသစ်ပြီးစ သူမ မျက်နှာလေးက ဘာမှ
လိမ်းခြယ်ထားခြင်း မရှိ၊ ဝင်းဝါ စိမ်းဖန့်နေသည်။ ဖြီးသင်ရခြင်း မရှိသေး
သည့် ဆံနွယ်များက ကပိုကရို နွဲ့ကျလျက် အိမ်နေရင်း ဝတ်ထားသည့်
အဝါနုနု ဘလောက်(စ်)အကျႌလေးက တစ်မျိုး ကြည့်ကောင်းနေသည်။

မျက်ဝန်းညိုများနှင့် အတုအယောင် မပါတဲ့ မျက်တောင်ရှည်ကော့ကော့လေးတွေကို အကြည့်မလွှဲနိုင်စွာ ရင်ခုန်နေမိ၏။

''မေးနေတယ်လေ၊ ဘာလို့ လာတာလဲလို့''

''ဟဲ့ သမီး ညွှံ့သည်ကို ကောင်းကောင်း ညွှံ့ခံစကားပြောပါကွယ်၊ ညွှံ့သည်ကို ကျွေးဖို့ မေမေ ဈေးဘက် တစ်ခုခု သွားဝယ်လိုက်ဦးမယ်''

အမေ အိမ်အောက်ဆင်းသွားမှ ထိုလူကို မြသွန်းဆက် မျက်စောင်းထိုးလိုက်သည်။ ဒီလူရဲ့ မရိုးသားသော မျက်လုံးတွေကို သူမ မနှေကတည်းက သတိထားမိသည်။

ပိုက်ဆံချမ်းသာတဲ့သူတွေက အခြေအနေပေးလို့ အခွင့်အရေးသာလျှင် ကြံသလို ယူတတ်ကြသည်လား။

ခဏာတာ တိုက်ဆိုင်မှုက ဒီလောက်ထိ မရဲတင်းသင့်ပါ။

''ကျွန်တော် တမင်တကာ ထပ်ဆုံချင်လို့ ဒီအခြေအနေကို ဖန်တီးလိုက်တာ မဟုတ်ပါဘူး၊ မေမေ့ကို မနေ့က မတော်တဆ ကိစ္စပြောပြဖြစ်တယ်၊ မေမေက စိတ်လည်းမကောင်းဘူး၊ ပြဿနာ ကြီးကြီးမားမား ဖြစ်အောင် မလုပ်လို့၊ ပြီးတော့ ဆေးဖိုးဝါးခလည်း မကုန်ခဲ့လို့ မင်းကို ကျေးဇူးတင်သင့်တယ်တဲ့ အဲဒါနဲ့''

''လက်ဆောင်ပစ္စည်းတွေ ဝယ်ပြီး ရောက်လာရတယ်ဆိုပါတော့ ဒါမှာ တခြားရည်ရွယ်ချက် မရှိဘူးဆိုရင် ကလေး မက်မောတာတွေ ထားခဲ့ပြီး ကျွန်မကို ပေးမှာတွေ ယူပြီးပြန်လိုက်ပါတော့၊ ရွယ်တူတန်းတူ ယောက်ျားလေး တစ်ယောက် အိမ်လာတာကို ကျွန်မယောက်ျား သိသွားရင် မကောင်းဘူး''

''လူကြီးတွေတောင် ဟန့်တားတာမျိုး မရှိတဲ့နဲ့ မင်းက ဘာလို့ ကြောက်ကန်ကန် ငြင်းဆန်နေရတာလဲ၊ တကယ်လို့ မင်း ယောက်ျားနဲ့





www.burmeseclassic.com

www.burmeseclassic.com



ဆုံမယ်ဆိုရင်တောင် မိကောင်းဖခင် သားသမီးပီပီ ကျွန်တော် ယဉ်ယဉ် ကျေးကျေးပဲ ဆက်ဆံမှာပါ၊ ကျွန်တော့်ကို လင်ရှိမိန်းမကို ပစ်မှားမယ့် ကောင်လို့ ထင်နေတာလား၊ ကျွန်တော် မရိုးသားတာကို တစ်ဖက်သက် တွေးနေပြီဆိုကတည်းက မင်းမှာ သူများ မသိစေချင်တဲ့ သိုဝှက်မှု တစ်ခုခု ရှိနေလို့များလား''

''ဘာ''

သူမ ဆတ်ဆတ်ခါသွားသည်။ ဘာကြောင့်များ သူမကို မှား ယွင်းစွာ တိုက်ရိုက်စော်ကားနေရတာလဲ၊ သူမတို့ မိသားစု အတွင်းရေး တွေ သိမှာစိုးလို့ ပတ်ဝန်းကျင်နဲ့တောင် စိမ်းစိမ်းပြတ်ပြတ် နေနေရတာပါ

ဘာကိုမှ အမှန်အတိုင်း ဖွင့်ထုတ်ချမပြရဲတဲ့ အကြောင်းတရား များစွာ ရှိနေသည်။ ဒါကို ဒီလူကိုရော ကျွန်မက ဝသုန်လေးရဲ့ အဖေ မဟုတ်ပါဘူး၊ အပျိုစစ်စစ်ပါလို့ ဖွင့်ပြောပြသင့်လို့လား။

စကားပြောလည်ကာ သွက်လက်လွန်းသော ဝသုန်လေးကြော မသိသင့်တာတွေ သိသွားနိုင်သည်။

''ကျွန်တော့်ရဲ့ စိတ်က လူတကာကို ခင်မင်ရင်းနှီး လွယ်နေတ တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်ခုခု ရင်ထဲ ငြိပြီဆိုရင်လည်း မဖြစ်မ ကြိုးစားတတ်တယ်၊ မနေ့က မြသွန်းဆက်တို့ရဲ့ ချို့တဲ့မှုက ကျွန်တေ ရင်ထဲမှာ ဖျောက်ဖျက် မရဘူး၊ ကလေး ဆန္ဒတွေကို ဖြည့်ဆည်းချင်တယ်





ဖိုက်ဆံအိတ်ကျပျောက်ခဲ့တဲ့ မြသွန်းဆက်ကို ကျွန်တော် အစားတစ်ခုခု ပြန်ဝယ်ပေးချင်တယ်၊ ကျွန်တော့်ဘက်က ဘာတွေများ မှားယွင်းနေသေး သိုလဲ ပြောပါ မြသွန်းဆက်''

သူမ ဘာပြောရမှန်း မသိပါ။ တကယ်ဆို ပြည့်စုံမှု မရှိတဲ့ ကလေးအမေ တစ်ယောက်ကို ရိုးရိုးသားသား ကူညီချင်တာရော မဖြစ် နိုင်ဘူးလား။ လူမှုရေး ရှုထောင့်က ကြည့်ရင်း သူမ ရိုင်းစိုင်းနေပြီလား သေ။

အတွေးနှင့် ငြိမ်သက်နေဆဲ အမေ ပြန်ရောက်လာတော့ ပါလာ တဲ့ လက်ဖက်ရည်နှင့် ကိတ်ခြောက်လေးကို ပန်းကန်ပြားထဲ ဖန်ခွက်ထဲ ထည့်ကာ ဧည့်ခံလိုက်ရသည်။

ဝသုန်လေးက အစားကိုတောင် မမက်တော့ဘဲ ဘွားဘွားကြီး ကို စက်ဘီးမနိုင်းကာ အိမ်အောက် ဆင်းသွားသည်။ သူက လက်ဖက်ရည် ကို တစ်ငုံခန့် သောက်လိုက်ပြီး

''မင်းယောက်ျား မတွေ့ပါလား၊ ဘယ်သွားလဲ''

''ဟင် ဟို အလုပ်သွားတယ်''

''အဲလောက် အလုပ်ကြိုးစားတဲ့သူဆိုရင် မင်းတို့သားအမိ အဆင်ပြေနေမှာပေါ့၊ မင်းလို အပျိုရှုံးအောင် လှပလွန်းတဲ့ မိန်းကလေး ကို ကိုယ်သာဆိုရင် ပြည့်စုံအောင် ထားမှာ''



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ စည်းကျော်နေပြီမှန်း သိပေမယ့် မထိန်းသိမ်းချင် စိုရဲအိပ်ထွေးကာ လှသော နှုတ်ခမ်းလေးက ဘာကြောင့်များ ရန်တွေ့ချ နေရတာလဲ။ မျက်နှာလေး ပျက်ပျက်နှင့် သူမ ငြိမ်သက်နေတော့ သ မချင့်မရဲ ဖြစ်ရသည်။

“မင်းအတွက် ဝယ်လာတဲ့ အိတ်ကလေးကို မင်း မယူဘူးဆိုရင် တနည်းနည်းနဲ့ ရအောင် ပေးဖို့ ကျွန်တော် စဉ်းစားထားတယ်”

“ဘာ ရှင်”

“ဟုတ်တယ် ကျွန်တော်က ခက်ခဲတာကို ရအောင် လုပ်တ တဲ့ အကျင့်ရှိတယ်၊ မှန်တယ် ထင်ရင်လည်း နောက်မဆုတ်ဘူး”

သူမ မျက်စောင်းထိုးဖို့ မေ့လျော့ကာ အံ့ဩစိတ်နှင့် ထိုလူ မော့ကြည့်မိ၏။

နှုတ်ခမ်းဖျားလေးနှင့် မေးဖျားလေးအောက်မှာ အမွေးအ ရှည်ရှည်လေးများကြောင့် ရင့်ကျက်တည်ငြိမ်သယောင် ထင်ရပေ ဒီလူရဲ့ စိတ်က ကလေးဆန်လွန်းပါလား။

ဖြူနုဝင်းဖန့်သော အသားရောင်နှင့် ကိုရီးယားတွေလို ကြေ ရောင် ဆံပင်စင်းပျော့ပျော့လေးများက လိုက်ဖက်ကာ ပိရိသေ ထောင့်ချိုးညီနေတဲ့ စိုရဲရဲ နှုတ်ခမ်းများက စွဲညို့နေသလို ရှိ၏။

နှာတံ ပေါ်ပေါ် မျက်ခုံးထူထူနှင့် မေးရိုးပြေပြေ ဆင်း





ယောကျ်ားပီသကာ မျက်တောင်တိုစိပ်စိပ်လေးတွေက အဖျားကော့၍ ကြည့်ကောင်းလွန်းသည်။

အဖြူစင်း ရှပ်လက်တိုလေးနှင့် စတိုင်ပန် အနက်ကို တွဲဖက် ဝတ်ထား၍ ရှင်းလင်း သေသပ်တောက်ပနေသည်။

သူမဘက်ကို သူ့အကြည့် ရောက်မလာခင် စေ့စေ့စပ်စပ် ကြည့် မိကာ သူမ မျက်နှာကို ချာခနဲ ပြန်လွှဲလိုက်မိ၏။

“ဒီတစ်ခါ ကိစ္စကို ကျွန်မ အသိအမှတ်ပြုတယ်လို့ သဘောထား ပြီး နောက်တစ်ခါ ကျွန်မတို့ မပတ်သက်ဘဲ နေရအောင်”

ပြောလိုက်ရတာ ရင်ဘတ်တစ်နေရာက စူးစူးနစ်နစ် အောင့် သွားတာ ဘာကြောင့်မှန်း မသိ။

ခွဲခြားမရတဲ့ အဆိပ်သင့်ဝေဒနာများဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သမီးစိတ်ကို အမေ နားမလည်တော့ဘူး"

"ဘာကိုလဲ အမေ"

"ဒီမနက် လာတဲ့ဧည့်သည်အပေါ် သမီး ဆက်ဆံတာ … နည်းများ ရိုင်းနေသလားလို့ အမေနဲ့ အိမ်အထွက်မှာတွေ့တော့ ဆေး… သွားဖို့ ခေါ်တာ သမီးက မလိုက်ဘူးဆို"

"သွန်းဆက် ဆေးဝယ်သောက်လို့ သက်သာနေပြီပဲ၊ ဘာ… လိုက်ရမှာလဲ အမေ၊ သူစိမ်းတွေနဲ့ တရင်းတနှီး ဆက်ဆံရင် သွန်း… တို့ အိမ်တွင်းရေးတွေ သိတော့ ဘယ်လိုလုပ်မလဲ၊ ဘယ်သူနဲ့မှ အ… အသင်း မလုပ်တာ ကောင်းပါတယ် အမေရယ်"

"အဲဒီကောင်လေး ပုံစံက မွန်မွန်ရည်ရည်လေးပါ၊ စပ်… မထင်ပါဘူးကွယ်"





"စပ်စုချင်လို့ ရင်းနှီးအောင် ကြိုးစားနေတာရော မဖြစ်နိုင်ဘူး …း အမေ၊ တစ်စုံတစ်ခု ဖြစ်လို့ မမခေတ် ငြိငြင်မှာကို မခံနိုင်ဘူး။ …ာ သွန်းဆက် ပညာရေးကို ထိခိုက်အောင် လုပ်ပစ်မှာ သေချာတယ်"

ဒေါ်သက်နှင်းရှို သက်ပြင်းရှည်ကြီး ချ၍ အိမ်ရှေ့မှာ ပက်လက် …ကုလားထိုင်လေးနှင့် ထိုင်နေသော ဦးထင်အောင်ကို တစ်ချက် ကြည့် …သည်။

"သမီး အဖေကိုလည်း ဆေးကုပေးမှာ မဟုတ်ဘူး။ အမေတို့ …လည်း ထောက်ပံ့မပေးတော့ဘူးဆိုတာ အမေ သိပါတယ်၊ ဒါပေမဲ့ …မေတို့က ဒီအတိုင်း သူ ကြိုးဆွဲသလို ကနေရတော့မှာလား။ ခုဆို …လေးက ကလေးအမေ ဖြစ်နေပြီး သူက အပျိုလေး တစ်ယောက်လို …လပ်ပျော်ရွှင်နေတယ်၊ အမေတို့ အားလုံးအတွက် အသံကောင်း …နေပေမယ့် သူ့ဘဝ ပြည့်စုံချမ်းသာဖို့ အဓိက ထားနေတာပါ"

"သွန်းဆက်လည်း သိတာပေါ့ အမေရယ်၊ ဒါပေမဲ့ ကိုယ့်ရည် …ချက် မပြည့်သေးရင် သူ ဖြစ်စေချင်သလို သူ့စိတ်တိုင်းကျ နေပေးရ …မှာပေါ့၊ ကလေးအတွက်တော့ စိတ်မကောင်း ဖြစ်မိတယ်၊ ဟိုနေ့ … အိမ်ရာဝင်တော့ နိုင်ငံခြားက သူ့အမေ ပြန်မလာသေးဘူးလားတဲ့၊ …မေတ္တာ မိခင်ရင်ငွေ့ ခိုလှုံချင်တဲ့ အရွယ်ဆိုတော့ ဖျောင်းဖျ နှစ်သိမ့် …ိုင်း သနားမိတယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း သူကတော့ စေ့စပ်ပွဲနေ့က တော်တော်ပျော်နေရှာတာ
ကလေးကို မတွေ့ရတော့ စိတ်ပေါ့ပါးနေတယ် ထင်ပါရဲ့၊ ဟိုဘက်
သားအမိကလည်း သူ့ကို အရိုပ်တကြည့်ကြည့်နဲ့ ချစ်မြတ်နိုးကြပါတယ်
လိုလေသေးမရှိ ငွေကို အလျှံပယ် ထုတ်ပေးတာ၊ အမေတို့ကိုလည်
ခေတ်တော်ဝင်က သူတို့သမီးချွေးမ ဖြစ်သွားပေမယ့် အရင်လို ငွေကြေ
ထောက်ပံ့နိုင်အောင် စီစဉ်ပေးမှာပါလို့ ပြောသွားတယ်၊ ယဉ်ကျေးသိမ်မွေ
ပြီး အဆင့်အတန်းရှိတဲ့ အသိုက်အဝန်းကမို့ သူ့အတွက်တော့ ဒီတစ်ကြ
စိတ်ချမ်းသာရပါတယ်”

စိတ်ချမ်းသာတယ်လို့ ပြောနေတဲ့ အမေ့မျက်ဝန်းမှာ မျက်ရည်
တွေ လည်နေသည်။ ဘာအတွက် စိတ်မကောင်း ဖြစ်နေသလဲ ဆိုတ
လည်း သူမ ကိုယ်ချင်းစာပေးနိုင်ပါသည်။

သားသားလေးက သူ့အဘိုးရှေ့က မြေကွက်လပ်လေး
ဒေါက်ပါတဲ့ စက်ဘီးလေးကို စီးပြီး ပျော်ရွှင်နေသည်။ သားလေး မက်မေ
သော စက်ဘီးလေးက သူများဝယ်ပေးလို့မှ စီးရသေးသည်။

မမခေတ်ကတော့ သားလေးအတွက် ဘာကိုမှ အရေးတ
အမှတ်တရ မရှိပါ။ မိခင်တစ်ယောက် ဖြစ်ပြီး သံယောဇဉ် အရိပ်အရေ
လည်း မပြ။

တစ်ခါတစ်ရံ ထောက်ပံ့ငွေပေးဖို့ အိမ်ရောက်လာလျှင်တော

အနေစိမ်း အကြည့်စိမ်းစိမ်းများဖြင့် သိသိသာသာ ရှောင်လွှဲတတ်သည်။
မခေတ်ရဲ့ ချမ်းသာကြွယ်ဝချင်စိတ်ကို နားလည်အောင် ကြိုးစားရင်း
နားမလည်နိုင်အောင် ဖြစ်ရသည်။

ဘာကြောင့်များ ဒီမိသားစုလေးရဲ့ ဘဝတွေကို လှေကားထစ်
ပြင်ပြားလို အကျနာအောင် တက်ပြီးမှ အမြင့်ကို ရောက်ချင်နေရတာလဲ။

ကံကြမ္မာရဲ့ စေစားရာ ဝဋ်ကြွေးတွေများလား။

■ ■ ■




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မြသွန်းဆက်"

"ဟင် ရှင်"

ချိုအီသြရှနေတဲ့ ခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်ကာ သူမ အံ့သြသွားသည်။ သဘော်ပေါ်က ဆင်းပြီး ပန်းဆိုးတန်း ဂုံးတံတားကို အတက်မှာ မိုးဖွဲလေးတွေ ကျနေတာမို့ သူမ ထီးထုတ်ဆောင်းဖို့ ပြင်နေစဉ် ခပ်ကြီးကြီး ထီးတစ်ချောင်းကို မိုးပေးလျက် ထိုလူ ခေါ်လိုက်ခြင်း ဖြစ်သည်။

"ထီးထုတ်မနေနဲ့တော့၊ ကျွန်တော့်ထီးနဲ့ ကားနားကို လိုက်ခဲ့၊ မြသွန်းဆက်ကို ကျွန်တော် ကျောင်းလိုက်ပို့မယ်"

"အို ဘာလို့ လိုက်ပို့ရမှာလဲ၊ မလိုပါဘူး"





"အဲလို လိုက်ပို့ခွင့်ရအောင် ကျွန်တော် တကူးတက လာစောင့်နေတာပါ၊ သွန်းဆက် မကျေနပ်လည်း ကျွန်တော် လိုက်ပို့ဖြစ်အောင် ပို့မှာ"

"ရှင် အဲလို ဖွတ်တရွတ် မလုပ်နဲ့၊ ရှင်နဲ့မပတ်သက်ချင်ဘူး"

"တရှင်ရှင်နဲ့ မလုပ်နဲ့၊ ကျွန်တော့်နာမည် နိုင်ဗိမာန်"

"ဘာဖြစ်ဖြစ် ကျွန်မကို မနှောင့်ယှက်ပါနဲ့ နိုင်ဗိမာန်၊ ကျွန်မက ကလေးတစ်ယောက် အမေ၊ ရှင့်ရဲ့ မရိုးသားမှုကို လက်ခံလို့ မဖြစ်ဘူး"

ကျစ်ခနဲ အသံပြုလျက် သူမ လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆွဲချသွားလျက် ကားပေါ်ကို ဆွဲတင်ပြီး ကားတံခါးကို ဂျိန်းခနဲ ပိတ်ချလိုက်သည်။ တချို့ လူတွေ လှည့်ပြန်ကြည့်နေတာကို ရှက်ရွံ့စိတ်နှင့် သူမ အော်ဟစ်ဖို့ မေ့လျော့နေ၏။

သူက ကားလေးကို ရှောခနဲ လိမ့်ထွက်လိုက်ပြီး မျက်နှာကြီး တင်းမှုန်နေ၏။ ဘာမှ ရင်းနှီးပတ်သက်မှု မရှိပါဘဲ စိတ်ကောက်ကာ ဒေါသပြနေသလို ဖြစ်နေပြီး အသံတိတ်၍ ကန်တော်ကြီးဘက် ကားလေးကို မောင်းဝင်လိုက်သည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ကျောင်းကို လိုက်ပို့မှာဆို ကျောင်းဒီဘဲ မောင်းပါလား၊ ဘာလို့ ဒီထဲ မောင်းဝင်လာရတာလဲ"

"မင်း ရန်မတွေ့တတ်ဘဲ ရန်တွေ့မနေနဲ့ကွာ၊ နားထောင်စမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



ချိုအီပြီး ငြိမ့်ညောင်းနေတယ်''

''ဘာ''

''အော်ပြန်ပြီကွာ၊ စိတ်မရှည်ရင် ဖက်နမ်းမှာနော်''

''အေးပါ ရှင် ပါးစပ်သရမ်းနေ၊ ဒုသနသော ကံကြီးထိုက်မယ်''

''ကလေးအမေကို စိတ်ဝင်စားရုံနဲ့ ကံကြီးမထိုက်နိုင်ပါဘူး မင်းမှာ ယောကျ်ားမရှိဘူးဆိုတာ ကျွန်တော် သိတယ်''

''ဟင် ရှင် ရှင် ဘယ်လိုလုပ် သိတာလဲ''

အထိတ်တလန့် ပြန်မေးပုံလေးက အပြစ်ကင်းလှသည်။

အနီရဲရဲ ရှန်သားပြောင်ပေါ်မှာ အနက်ရောင် စပေါ့လုံးလေးတွေ ပါတဲ့ လက်ပြတ်အင်္ကျီလေးကို ဝတ်ထားတာမို့ သွယ်တန်းနေသော လက်မောင်းလေး တစ်လျှောက် ဝင်းဝါစိုပြည်နေသည်။

နီးကပ်စွာ မြင်တွေ့နေရတာမို့ ပါးပြင်လေးနှင့် ကြော့ရှင်းသော လည်တံလေးဆီမှာ တလှုပ်လှုပ် ဖြစ်နေတဲ့ သွေးကြောစိမ်းလေးတွေကလည်း ရင်ခုန်မြန်စေသည်။

''မင်းကို ကျွန်တော် ချစ်တယ် မြသွန်းဆက်''

''ရှင်ပြောတဲ့ စကားတွေက အရမ်းအတင့်ရဲလွန်းတယ် နိုင်ဗိမာန်၊ ရှင် ကျွန်မကို အထင်သေးနေတာလား''

''တန်ဖိုးထားလို့ မင်းကို ကားပေါ်တင်ခေါ်လာတာပါ၊ ကျွန်တော် ကားကို စီးခွင့်ရတဲ့ မိန်းကလေးက မင်းတစ်ယောက်ပဲ ရှိတယ်''





''ရှင့်ပါးစပ်က ပြောတာ ရှင့်စကားပေါ့၊ ကျွန်မ ဘာမှ နားမထောင်ချင်ဘူး။ ကျွန်မကို ကားတံခါးဖွင့်ပေး နိုင်ဗိမာန်၊ ကျွန်မ ဒီထက်ပိုပြီး မပေါက်ကွဲချင်ဘူး''

ကားတံခါးက လော့(ခ်)ချထားတာမို့ ဘယ်လိုမှ ဆွဲရုန်းဖွင့်လို့ရေ။ နိုင်ဗိမာန်ရဲ့ ချိုအီနေတဲ့ အပြုံးကြောင့် ခဏ ခဏ မျက်နှာလွှဲနှင့်သူမ မအားမလပ် ဖြစ်နေရသည်။

''မင်းပေါက်ကွဲတာ ချစ်စရာ ကောင်းပါတယ်၊ စိတ်ထဲရှိသလောက် ပေါက်ကွဲစမ်းပါ မြသွန်းဆက်၊ ပြီးရင် ကျွန်တော့်ကို ပြန်ချစ်နိုင်အောင် ကြိုးစားပေးပါ''

''မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး နိုင်ဗိမာန်၊ ကျွန်မ ဘဝမှာ စိတ်ကူးယဉ်ရမယ့် အချိန်တွေ မရှိဘူး၊ ပညာရေးနဲ့ သားက အဓိက''

''မြသွန်းဆက်ကိုရော ကလေးကိုရော ကျွန်တော် တာဝန်ယူနိုင်ပါတယ်''

''ရှင်လည်း စိတ်ကူးမယဉ်ပါနဲ့ နိုင်ဗိမာန်၊ ရှင် ကြည်ဖြူတောင် ရှင့်အသိုက်အဝန်းက ကလေးတစ်ယောက် အမေနဲ့ ဘယ်လိုမှ သဘောတူ လက်ခံနိုင်မှာ မဟုတ်ပါဘူး''

''ကျွန်တော့်ကို ကြိုးစားဖို့ အခွင့်အရေးပေးပါလား မြသွန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်ခဲ့ဘူးဆိုရင်တောင် ကျွန်တော့်ရင်ထဲက အလေးအနက် ခံစားမှုကို ဘယ်သူမှ ဖြိုခွဲဖျက်စီးလို့ ရမှာမဟုတ်ပါဘူး၊ မြသွန်းဆက်ဘက်ကလည်း ပိတ်ပင်တားဆီးလို့ ရမှာ မဟုတ်ဘူး၊ ကျွန်တော် မရမက ကြိုးစားနေမှာ''

''ကျု ကျွန်မ ယောကျ်ား''

''ကျွန်တော် မယုံဘူး၊ ဝသုန်လေးက မြသွန်းဆက်ရဲ့ သားအရင်း ဖြစ်နေမယ်ဆိုရင်တောင် ယခုလက်ရှိ မြသွန်းဆက်မှာ ယောကျ်ားမရှိဘူးဆိုတာ ကျွန်တော် သိတယ်''

''ဟို ဟုတ် ဟုတ်တယ် ကျွန်မတို့ ကွဲနေတာ''

ဒီလူစိတ်ကို ကြောက်ရွံ့နေပြီမို့ သူမ ဆက်ပြီး လိမ်ညာဖို့သာ ကြိုးစားနေမိသည်။ နိုင်ဗိမာန်က မျက်နှာတစ်ချက် မပျက် အပြုံးလည်း မပျက်ပါ။

''မြသွန်းဆက် ဘာတွေပြောပြော လိမ်ညာနေတယ်ဆိုတာ မြသွန်းဆက် မျက်ဝန်းတွေက သက်သေခံနေတယ်၊ ကျွန်တော် လက်ခံတယ် မည့်ဘူးဆိုရင် မြသွန်းဆက် အပျိုစင်တစ်ယောက် ဖြစ်ရမယ်လို့ ယုံကြည်ထားချင်တယ်''

ဖွတ်တရွတ်ညဉ်နှင့် ဘာကြောင့်များ အသေအချာ ပြောနိုင်နေရတာလဲ။ သူမ တစ်ကိုယ်လုံးကို နိုင်ဗိမာန် ခြုံငုံကြည့်နေတော့





အဒိုနဲ့တူအောင် သူမ ဘာတွေပြုပြင် ပြောင်းလဲပစ်ရမလဲဟုတောင် အတွေးဝင်မိသည်။

တားဆီးပိတ်ပင်ဖို့ မကြိုးစားပါနဲ့လို့တောင် သတိပေးထားသေး၏။

ကိုယ်ပိုင်ကား ကိုယ်ပိုင်ဖုန်းနှင့် လူရည်သန့်တစ်ယောက်က သူမကို အတွေးဆိုးဆိုးဖြင့် ချဉ်းကပ်တာတော့ မဖြစ်နိုင်ပါ။

ရင်တွေခုန်အောင် ဖွတ်တရွတ် ပြုမူတတ်တာကိုတော့ မုန်းသည်။ သူ့ကို ကြိုးစားခွင့်ပြုပါ ဆိုတာလည်း ဘာကိုပြောချင်တာမှန်းမသိ။ ပြန်ချစ်နိုင်အောင် ကြိုးစားပေးပါလို့ ပြောခဲ့တာကလည်း ပိုင်ဆိုးပိုင်နင်း။

ရှေ့မတိုးသာ နောက်မဆုတ်သာအောင် ချည်နှောင်လိုတဲ့ သူ့ဆန္ဒများက မလှုံးသာ မလွန့်သာ။

ဒီလူကို ဘယ်လိုယုံကြည်ရမလဲ။ နားလည်ရမလဲ။

ဘဝတစ်သက်တာ ရှေ့ရေးအတွက် အားကိုးသင့်တဲ့လူ တစ်ယောက် လိုအပ်နေတာကတော့ အမှန်။

ဒါပေမဲ့ . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒီခြံဝင်းကြီးထဲကို ခြေချမိတိုင်း ရင်တုန်လှိုက်မော ကတုန်ကယင် ဖြစ်ရသည်။ ကြီးကျယ်ခမ်းနား ပြာလွင်နေသော တိုက်အိမ်ကြီးကို ရောက်ဖို့ ကွန်ကရစ်ကားပတ်လမ်းက တမျှော်တခေါ်။

ဂျပန်မြက်ခင်း အစပ်မှာ တရုတ်စကားပင်များ စီတန်းစိုက်ပျိုးထားတာက ကဗျာဆန်၏။

အုတ်ပေါင်လေးတွေပေါ်မှာ အရောင်အသွေးစုံ၊ အမျိုးအစားစုံတဲ့အလှပန်းအိုးတွေက အစီအရီ။

အုတ်တံတိုင်း၏ အတွင်း မျက်နှာစာမှာ စက္ကူပန်းပင်တွေက ခြံစည်းရိုးသဖွယ် အလျားလိုက် ပွင့်လန်းနေကာ

သစ်ခွရုံနှင့် စံပယ်ရုံက ဘူ့အဓိပ္ပါယ်နှင့်သူ ခံ့ညားဝင့်ထည်နေ





ခြံဝင်းရဲ့ ဟိုနေရာ ဒီနေရာတွေမှာ ရေတံခွန်အတုများနှင့် စမ်းရေသံလေးက ငြိမ့်ညောင်းသော ဂီတသံစဥ်တို့ကို ပေးကာ သာယာနာပျော်ကြည်နူးလိုက်ဖို့စေသည်။

အိမ်ထဲကို ရောက်တော့လည်း ရွှေညိုရောင် ကော်ဇောခင်းများက ခြေမနင်းရက်အောင် ရုပ်လုံးကြွလျက် ရှိသည်။ ဧည့်ခန်းအလယ်မှာ ကျွန်းဆက်တီများက ဖိတ်ဖိတ်တောက်နေသည်။ အတက်အဆင်း လှေကားလက်ရန်းတွေက စတီးငွေမှင်ရောင် လက်လက်တောက်လျက် ဧည့်ခန်းနံရံ အမြင့်တွေမှာ အဘိုးအဘွားများရဲ့ ပုံတူပန်းချီကားချပ်များက မျိုးရိုးဂုဏ်နှင့် အဆင့်အတန်းတစ်ခုကို ဖော်ကျူးနေသလို ရှိသည်။

ထိုအရာတွေအားလုံး သေချာ တွေးကြည့်တော့ သူမ ပိုင်ဆိုင်မှာတွေချည်းပါလား။ မက်မောတောင့်တစိတ်နှင့် ရင်တွေဖျပ်ဖျပ်ခါနေသည်။

"သူ့နာမည်က မြသွန်းဆက်ပါ မေမေ၊ သားလေးကိုတော့ သုန်လို့ ခေါ်ကြတယ်၊ အရမ်းစိတ်ရင်းကောင်းပြီး သဘောထား ဖြူစင်တဲ့ မိသားစုလေးပါ"

"မိဘတွေကရော ဘာလုပ်ကြလဲ သား"

"အဖေကြီးက လေဖြန်းထားလို့ ဘာအလုပ်မှ မလုပ်နိုင်ဘူး မေမေရဲ့၊ အမေကလည်း အိမ်မှုကိစ္စတွေလုပ်၊ ကျန်းမာရေးမကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူကို ပြုစု၊ ကလေးကိုလည်း စောင့်ရှောက်နဲ့ ဆေးကျောင်းတက်နေ
မြသွန်းဆက် အကူအညီပေးနိုင်လို့သာပေါ့''

''ဒါဆို သူတို့စားဝတ်နေရေးကို ဘယ်သူဖြေရှင်းပေးနေ
သား၊ သားပြောတော့ လင်ယောက်ျား မရှိဘူးဆို''

မေမေ့ မေးခွန်းက စေ့စပ်သေချာလွန်း၏။ သူတောင် တွေ
မကြည့်ဘူးတဲ့ကိစ္စ။

သူမ ပြောသလို ကွဲနေတဲ့ ယောက်ျားကများ ထောက်ပံ့ပေး
သလား။ ဟင့်အင်း မဖြစ်နိုင်ပါဘူး။ တကယ် ယောက်ျားရှိခဲ့လို့ ထောက်
ရင်လည်း ကလေးစရိတ်ပေါ့။

ဆေးကျောင်းတက်တဲ့ ကုန်ကျစရိတ်နှင့် အိမ်စရိတ်က နည်
တာမှ မဟုတ်တာ။ မေမေ့ကို ဘယ်လို ဆင်ခြေနှင့်သက်သေပြရမှန်း
မသိ။

''ဆင်းရဲပေမယ့် စိတ်ရင်းစေတနာ ကောင်းတာကို မေမေ
လက်ခံနိုင်တယ်၊ ငါ့သား ရွေးချယ်လိုက်တဲ့ မိန်းကလေးဟာ အတိအလ
အိမ်ထောင်ကွဲပြီး ကလေးအမေ ဖြစ်နေတာကိုလည်း မေမေ လက်ခံနိ
တယ်၊ မပြတ်မသား ထောက်ပံ့မှုနဲ့ ရှင်သန်ရပ်တည်နေရတာမျိုးဆို
တော့ မေမေ လုံးဝ လက်မခံနိုင်ဘူး သား၊ လင်ရှိမယားကို ပြစ်မှား
ဒုသနသော ကံကြီးထိုက်မယ်၊ ဒီဘဝမှာလည်း မယားခိုးမှု ပုဒ်မ တပ်





ပြီး ထောင်တန်းကျနိုင်တယ်၊ သူများမိသားစု ပြိုကွဲအောင် လုပ်ရင်လည်း
ကိုယ်ပိုင်ဆိုင်လိုက်ရတဲ့ မိသားစု ဘဝက မသာမယာ မအေးချမ်းနိုင်ဘူး
သား''

''သား မြသွန်းဆက်ကို သေချာ မေးမြန်းကြည့်ပါမယ် မေမေ၊
သူက လက်ခံမှု မရှိသေးလို့ သား ဘာကိုမှ သိခွင့်မရှိသေးတာပါ''

''အင်း အဲဒီတစ်ချက်ကိုလည်း မေမေ ကြိုက်တယ်၊ လူပျို
ရုပ်လွတ် သူဌေးသား တစ်ယောက်ကို ငမ်းငမ်းတက် လိုချင်တပ်မက်စိတ်
မရှိနေလို့ပေါ့''

''ဟုတ်ကဲ့ အဲဒါကြောင့် သားကလည်း တန်ဖိုးထားမိတာပါ''

ကြားနေရတဲ့ စကားသံတွေက သူမနားထဲ သံရည်ပူတွေ၊
အက်ဆစ်တွေ လောင်းထည့်လိုက်သလို ဆတ်ဆတ်တုန်အောင် ခံရဆိုး
လှသည်။

အိမ်တွင်းရေးကိစ္စ တိုင်ပင်နေတယ်မှတ်လို့ ဧည့်ခန်းဆောင်ကြီး
ထဲကို မဝင်ဘဲ အကွယ်လေးမှာ ရပ်နားထောင်နေမိတာ၊ ဘယ်လို
အကြောင်းတရားတွေကြောင့် နိုင်ဗိမာန်နှင့် ညီမလေး မြသွန်းဆက်တို့
ရင်းနှီးပတ်သက် ဆက်နွယ်သွားပါလိမ့်။

မဖြစ်ဘူး ဘယ်လိုမှ မဖြစ်နိုင်ဘူး။

သူမ အကြောင်းတွေ အစဆွဲထုတ်လိုက်သလို ဖြစ်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲလို ဖြစ်သွားပါက သူမ မျှော်လင့်ချက်တွေ ကြိုးစားသမျှ
သဲထဲရေသွန် အလကား ဖြစ်ကုန်ပြီပေါ့။

ခြေလှမ်းတို့က ညှော်ခန်းဆောင်ကြီးအတွင်း စိတ်အဟုန်ထ
လျှင်မြန်စွာ ရောက်ရှိသွားသည်။

"ဟော ခေတ်တော်ဝင် ပါလား၊ သားကြီးနဲ့အတူတူလာ
မဟုတ်ဘူးလား"

"နိုင်ငံခြားက ညှော်သည်တွေကို ညှော်ခံစရာရှိလို့ ကျန်း
တယ် အန်တီ၊ ခေတ်က အရင်ထွက်လာခဲ့တာ"

"အေး အေး ကောင်းတာပေါ့၊ သားကြီး ပြန်လာလို့ ည
စားပြီးမှ ပြန်နော်၊ ခေတ် လာမယ်ဆိုလို့ ဒေါ်မြင့်တို့ကို ဟင်းကော
ကောင်း ချက်ခိုင်းထားတယ်"

ခေတ်က အပြုံးလေးနှင့် ဣန္ဒြေရရ တုံ့ပြန်ကာ ဒေါ်ဆင့်ဆင့်
နှင့်အနီးကပ်ဆုံး ကျွန်းဆက်တီခုံကြီးမှာ ဝင်ထိုင်လိုက်သည်။

"ခုနက ဝင်လာတော့ အမေ မြသွန်းဆက်ဆိုတာ ကြားပ
သလားလို့"

"ဪ ဟုတ်တယ် သားငယ်လေ ကလေးအမေကို ဖ
တမ်းစွဲ ချစ်နေသတဲ့၊ အဲဒါ မအေဆီမှာ ခွင့်တောင်းနေတာ၊ အန်တီ့အ
နဲ့ကတော့ ကိုယ့်သားကမှ နှစ်သက်နေတယ်ဆိုရင် သားတွေ စိတ်ချမ်





ဲ့ ခွင့်ပြုမှာပါ၊ ဆင်းရဲပေမယ့် အဆင့်အတန်း ရှိရင် လူရာဝင်တာပဲ
ဟုတ်လား၊ လူ့ဘဝမှာ နေရတဲ့ သက်တမ်းလေးက တိုတိုလေးရယ်၊
သူတို့လေးတွေကို စိတ်မဆင်းရဲစေချင်ပါဘူး၊ ပြီးတော့ သူတို့တွေက
ချင်ချိန်စဉ်းစားတတ်တဲ့ အရွယ်ရောက်နေပြီ၊ အမှားအမှန် ခွဲခြားတတ်ကြ
မှာပါ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အိမ်ထောင်ကျပြီးသား
ကလေးအမေနဲ့ဆိုတော့ အန်တီတို့ ဂုဏ်သိက္ခာ မထိခိုက်နိုင်ဘူးလား၊
အပေါင်းအသင်း မိတ်ဆွေအသိုက်အဝန်းတွေကလည်း လက်ညှိုးထိုး
ကြရဲ့ ရှုံ့ချ အထင်သေးကြမှာ သေချာတယ် အန်တီ"

"အဲဒါ ကျွန်တော်တို့ကိစ္စပါ ခေတ်တော်ဝင်၊ ကြားထဲကနေ
အဲဒီလောက် စိုးရိမ်ပေးမနေပါနဲ့"

"ဟဲ့ ဒသားငယ်"

နိုင်ဗိမာန် စိတ်မထိန်းနိုင်စွာ ဖုံးဖုံးဆတ်ဆတ် ပက်ခနဲ ပြော
လိုက်တော့ ဒေါ်ဆင့်ဆင့်လှိုင် အလန့်တကြား ဟန့်တားလိုက်ရသည်။

ခေတ်တော်ဝင်က အပြုံးမပျက်ပါ။ စိတ်ဆိုးဟန်လည်း မပြဘဲ

"မိသားစုဝင်တွေလိုပဲ အသိပေးသင့်တယ် ထင်လို့ပါ၊ လင်သေ
သိုးမ မဟုတ်ဘဲ အိမ်ထောင်ကွဲ တစ်ခုလပ်တွေက ဖယားရှုပ်တာတွေ
နောက်ကြောင်းမရှင်းတာတွေ ရှိတတ်တယ်၊ တကယ်လို့ ပြဿနာတက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီမိသားစုရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာ မဟုတ်လား၊ ခေတ်
စေတနာနဲ့ပါ နိုင်ဗိမာန်''

''ခင်ဗျား စေတနာကို နားလည်တယ်၊ ဒါပေမဲ့ ကျွန်
အမေ တောင် အဲဒီလောက် မဝေဖန်လို့ နည်းနည်း ဆင်ခြင်ပေး

ပြောပြီးတာနှင့် နိုင်ဗိမာန် ငေါက်ခနဲ ထထွက်သွားသ
ဒေါ်ဆင့်ဆင့်လှိုင်က ပင့်သက်မောတို့ ရှိုက်ထုတ်ကာ ခေတ်တော်ဝ
အားနာစွာ တောင်းပန်လိုက်၏။

''အန်တီ တောင်းပန်ပါတယ်ကွယ်၊ သားငယ်က နည်း
တော့ တဖွတ်ထိုး ဉာဉ်လေး ရှိတယ်၊ သူ မှန်တယ် ထင်နေတာကို
သူများ ဝေဖန်လို့ မရဘူး၊ အဲဒါကြောင့် အချေအတင် ပြဿနာ
ရအောင် သူ့ဆန္ဒကို လိုက်လျောဖို့ အန်တီ ကြိုးစားနေရတာ''

''အဲဒါဆိုရင် သူ လုပ်ချင်တာကို မဖြစ်မနေ ဖွတ်အ
လုပ်ပစ်မှာပေါ့ အန်တီ၊ မိသားစု ဂုဏ်သိက္ခာကို ထိခိုက်နိုင်တာဆို
အန်တီ ရအောင် တားဆီးသင့်ပါတယ်၊ အန်တီတို့က မျိုးရိုးဂု
ထည်ထည်ဝါဝါ နေကြတာ၊ ကလေးတစ်ယောက် အမေနဲ့ ဘယ်
မပတ်သက်သင့်ပါဘူး အန်တီ''

ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားတွေးတောကာ ဒေါ်ဆင့်
လှိုင် သက်ပြင်းတချချ ဖြစ်နေသည်။ သူမ ဖွတ်တိုး မပြောလို့ မ





နိုင်ဗိမာန်က အစကတည်းက သူမကို လှိုက်လှိုက်လှဲလှဲ ဝမ်း
အားရ ကြိုဆိုခဲ့တာ မဟုတ်။ အစ်ကိုနဲ့အမေရဲ့ ဆန္ဒအရ အလိုက်
သိုက် မေးထူးခေါ်ပြော ဆက်ဆံရေးမျှသာ။

ဒါကြောင့်မို့ သူမ ပြောတာတွေ နားမဝင်မှာ အသေအချာ။

ဒေါ်ဆင့်ဆင့်လှိုင်ကို စည်းရုံးသိမ်းသွင်းနိုင်မှ နိုင်ဗိမာန်နှင့်
သွန်းဆက် ဝေးကွာသွားလိမ့်မည်။

မြသွန်းဆက် မြသွန်းဆက်

မြသွန်းဆက် ကရော ဘယ်လို ရည်ရွယ်ချက်တွေ မျှော်လင့်
တွေနှင့် နိုင်ဗိမာန်ကို ပတ်သက်ဖို့ ကြိုးစားနေရတာလဲ။

အရှုံးအမှုးဖြစ်အောင် ဘယ်လိုများ သိမ်းသွင်းဖြားယောင်းလိုက်
သလဲ၊ မတန်မရာ မှန်းရဲတာ ဘယ်လို အရည်အချင်းတွေ ရှိနေလို့လဲ။

နင် ဘယ်တော့မှ နိုင်ဗိမာန်ကို မရစေရဘူး မြသွန်းဆက်။

ငါ့လို နေရာမျိုး နင် ရောက်မလာစေရဘူး။ နင် ရောဖ်လာတာ
ငါနေရာက အလိုလို ပျောက်သွားမှာ။

ဟင့်အင်း ဘယ်တော့မှ မဖြစ်စေရဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"ဒါက ဘယ်လိုဖြစ်နေတာလဲ ဒါ ဘယ်သူ ဝယ်ပေးတဲ့ စက်ဘီး ကို စီးနေတာလဲ"

"ဦး ဦးဦး ဝယ်ပေးတာပါ တီတီ"

အိမ်ထဲကို ဝင်ဝင်ချင်း မြေကွက်လပ်လေးမှာ စက်ဘီး စီးနေတဲ့ ဂသုန်ကို အရင်ဆုံး ရန်လုပ်မိသည်။ အိမ်ထဲက အမေရော အမေရော မြသွန်းဆက်ရော ပြေးထွက်လာကြ၏။

"မြသွန်းဆက် နင်နဲ့ စကားပြောစရာ ရှိတယ်၊ နင် တစ်ယောက်ပဲ အောက်ဆင်းလာခဲ့ ဟဲ့ ကလေး နင်အပေါ်တက်စမ်း သွား"

ရှိုင်းရှိုင်းစိုင်းစိုင်း တင်းမာနေသော ခေတ်တော်ဝင်ကို နား မလည်နိုင်အောင် ဖြစ်ကာ ခြေလှမ်းတုံ့သွားကြပြီး ဒေါ်သက်နှင်းချို က





လေးကို ဆင်းခေါ်ကာ ဦးထင်အောင် လက်ကိုပါ ဆွဲပြီး အိမ်ထဲ ပြန်ဝင်သွားသည်။

စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသော်လည်း ဟင်းခနဲ သက်ပြင်းမှု ကာ မှတ်ထုတ်၍ မြသွန်းဆက် အိမ်အောက် ဆင်းလာခဲ့ရသည်။ မိုးလေ င်းနေတာမို့ ရေတွင်းနားက ထိုင်ခုံပုလေးမှာ သွားထိုင်တော့ ခေတ် တော်ဝင် နောက်က လိုက်လာ၏။

ရေတွင်းနားမှာ ထောင်လျက်ရှိသော ဂသုန်လေးရဲ့ စက်ဘီး ကို စိတ်ထွက်ပေါက်အနေနဲ့ ဝုန်းခနဲ တွန်းချလိုက်သည်။

"မမခေတ် အပြုအမူ အပြောအဆိုတွေ အရမ်းရိုင်းလွန်းနေပြီ ဒီ စက်ဘီးက မမခေတ် ထောက်ပံ့မှုနဲ့ ဝယ်ထားတာ မဟုတ်ပါဘူး။ များက ကလေးကို သနားလို့ စေတနာနဲ့ ဝယ်ပေးထားတာ"

"သိတယ် နင်နဲ့ နိုင်ဗိမာန် ပတ်သက်မှုကနေ လက်ဆောင် ားတယ်ဆိုတာ"

"ဟင်"

"မအံ့ဩပါနဲ့၊ အဲဒီ နိုင်ဗိမာန်နဲ့ ငါနဲ့ ဘယ်လိုပတ်သက် ာစပ်တယ်ဆိုတာ သိလို့ နင် ဝင်ရောလိုက်တာ မဟုတ်လား"

"ဘာ မမခေတ် ဘယ်လိုပြောလိုက်တာလဲ၊ နိုင်ဗိမာန်နဲ့ မ ယ်က"



www.burmeseclassic.com

www.burmeseclassic.com



''မရှိးနဲ့မတ်လေ၊ ငါ လက်ထပ်မယ့် ယောက်ျားရဲ့ ညီ၊ ငါက အရမ်းချမ်းသာတဲ့ အဲဒီအိမ်ကြီးရဲ့ အရှင်သခင်မ ဖြစ်တော့မှာ''

''ဟင့်အင်း မသိဘူး၊ မမခေတ်နဲ့ အဲဒီလူနဲ့ တော်စပ်မှု ပတ်သက်မှုကို သွန်းဆက် မသိဘူး။ သူ ဘယ်လောက် ချမ်းသာတယ် ဘယ်အသိုက်အဝန်းကဆိုတာလည်း မသိဘူး''

ခေါင်းတခါခါ လက်တခါခါ ဖြစ်နေတဲ့ မြသွန်းဆက်ကို ခေတ်တော်ဝင် မဲ့ရွဲ့ကြည့်သည်။ မျက်နှာပေါ် နွဲ့ကျလာတဲ့ ဆံနွယ်တွေကို ဆတ်ခနဲ ခါထုတ်ကာ

''ဒါဆို ဘယ်လိုတိုက်ဆိုင်မှုမျိုးနဲ့ တကူးတက ဆုံဖြစ်ကြတာလဲ ပြောပါဦး''

''မမခေတ် စေ့စပ်ဖို့ အိမ်လာတဲ့နေ့က ဝသုန်လေးကို ခေါ်ပြီး သွန်းဆက် ရှောင်နေခဲ့တာ မမခေတ် သိပါတယ်၊ အဲဒီနေ့က သူ့ကားနဲ့ မတော်တဆ ဖြစ်ပြီး ဆုံကြတာ ဒီလောက်ပဲ''

''အဲဒီလောက်နဲ့ နိုင်ဗိမာန် အရှုံးအမှုး မဖြစ်နိုင်ပါဘူး၊ အခု မအေကို ဖွင့်ပြော အသိပေးတဲ့အထိ ရဲတင်းနေတာ နင့်ဘက်က အခွင့်အရေးတွေ ပေးနေလို့ ဖြစ်မှာပါ''

''ဟင်''

မြသွန်းဆက် ဟင်ခနဲ အံ့အားသင့်သွားကာ မျက်ခုံးလေးပ





င့်တက်သွားသည်။ ကြိုးစားခွင့် ပြုပါလို့ ပြောသွားတဲ့ နိုင်ဗိမာန်။ မဖြစ်သူနှင့် အလောတကြီး အတိုက်အခံ လုပ်နေပြီလား။

အောက်ကျို့ခံ တောင်းပန်နေခြင်းလား။ ဖြစ်ချင်တာတွေ တင်ပြခြင်းဖြင့် ဆန္ဒပြနေလေသလား။

ဒါပေမဲ့ သူ့ဘက်က ဘာတွေလုပ်လုပ် သူမနှင့် ဘာမှမဆိုင်သေးပါ။ အတိုင်းအတာ တစ်ခုထိလည်း ရင်းနှီးပတ်သက်မှု မရှိသေးပါ။

''အခွင့်အရေး ပေးဖို့ မပြောနဲ့၊ သူ့ကို သွန်းဆက် လက်ခံဖို့ဆောင် မစဉ်းစားရသေးပါဘူး၊ မမခေတ် ပြောချင်တာတွေ အရမ်းမပြောပါနဲ့''

''အပြောမခံချင်ရင် အပြောမခံရအောင် နေမှဖြစ်မယ် သွန်းဆက်၊ ငါ အုတ်မြစ်ချ တည်ဆောက်ထားတဲ့ မျှော်လင့်ချက်တွေကို ဘယ်လို အကြောင်းနဲ့မှ အပျက်စီး မခံနိုင်ဘူး၊ ငါ့ဘဝရဲ့ အမြင့်ဆုံးနေရာတိုင်ကို ရောက်ဖို့အတွက် လမ်းမှာတွေ့သမျှ ခလုတ်ကန်သင်းတွေကို ဖြစ်တဲ့နည်းနဲ့ ဖယ်ရှားပစ်ရမှာပဲ၊ နင်နဲ့ နိုင်ဗိမာန် ပတ်သက်မှု ရှိသွားရင် ငါ လျှို့ဝှက်ထားသမျှတွေ အစဆွဲထုတ် ခံလိုက်ရသလို တစ်နေ့မဟုတ်တစ်နေ့ ပေါ်သွားမှာ၊ အဲဒီတော့ နိုင်ဗိမာန်ကို နင် ရှောင်နိုင်သမျှရှောင်ပါ၊ လုံးဝ ကင်းကင်းရှင်းရှင်း နေပါ''

''သတိပေးတာလား၊ အမိန့်ပေးတာလား မမခေတ်''



www.burmeseclassic.com

www.burmeseclassic.com



"နင် ထင်ချင်သလိုထင်လို့ ရတယ် သွန်းဆက်၊ ငါ့ရာဇဝင်ကို ကြက်ခြေခတ်ဖို့ မကြိုးစားနဲ့၊ ဒီအိမ်ရဲ့စားဝတ်နေရေး၊ နင့်ရဲ့ပညာရေး အတွက် ငါ တာဝန်ယူနေတာ"

မလိုက်နာလျှင် ရက်စက်ဖို့ ဝန်မလေးဘူးဆိုတဲ့ သဘောပေါ့။

မိသားစုဝင် သွေးသားအရင်းမှ ဟုတ်ပါရဲ့လား။ စကားလုံးတွေ က ရင့်သီး၊ အပြုအမူတွေက ရိုင်းပြ၊ ခံယူချက်တွေက ဥပေက္ခာပြုလွန်း စွာဖြင့် မမခေတ်ကို သွန်းဆက် နားမလည်နိုင်အောင် ဖြစ်ရသည်။

ဘယ်လိုအခြေအနေမျိုးထိ ရက်စက်နိုင်မလဲလို့ စိန်ခေါ်မှုမျိုး ဖြင့် ရင်ဆိုင်ပြီး မေးလိုက်ချင်သည်။ ဒါပေမဲ့ အဖေ အမေ တူလေးတို့ရဲ့ မျက်နှာလေးတွေကို ထောက်ထားပြီး အလုံးလိုက် ပြန်မျိုချလိုက်ရတာ ရင်ဘတ်တစ်ခုလုံး နာကျင်အောင့်မျက် နေသည်။

ထိန်းချုပ်ထားရင်းက ဖြုန်းခနဲ ထရပ်လိုက်တော့ မမခေတ် လည်း ထရပ်လိုက်သည်။

"သူများတွေအတွက် ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းမကျဘူး ဆိုပေမယ့် ငါ့ဆန္ဒနဲ့ ငါ့ဘဝ တစ်ထပ်တည်းကျအောင် ငါ ကြိုးစားနေခဲ့တာ အချိန်တွေ တော်တော်များများ ပေးဆပ်ခဲ့ရပြီးပြီ၊ အောင်မြင်ဖို့လည်း လက်တစ်ကမ်းပဲ လိုတော့တယ်၊ နင့်ပညာကိုပဲ ကောင်းကောင်းဆက်သင် ပါ၊ နိုင်ဇိမာန်နဲ့ကိစ္စ လုံးဝ စိတ်မဝင်စားပါနဲ့လို့ ငါ ထပ်ပြီး သတိပေး





လိုက်မယ် ဟုတ်ပြီလား"

ခပ်စူးစူး ကြည့်ကာ ပြောခဲ့ပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ တော်ဝင် လှည့်ပြန်သွားသည်။ ဝင်းတံခါးကို ရောက်မှ တက်တစ် ချက် ခပ်ပြင်းပြင်း ခေါက်ခဲ့သေး၏။

အိမ်အတွင်း သံဇကာကွက်လေးကနေ ချောင်းမြောင်း ကြည့် နေတဲ့ အမေတို့ဆီ မြသွန်းဆက် စိတ်လှုပ်ရှား သွေးပူတုန်ယင်စွာ ဆက်လာခဲ့သည်။

"ဘာကိစ္စ ဘာအကြောင်းလဲ သမီး၊ အမေ စိတ်ပူလိုက်တာ"

"ဟုတ်ပါရဲ့ကွယ်၊ ဒေါနဲ့မာန်နဲ့ ရန်သူကို တိုက်ခိုက်ဖို့ ရောက်လာ သလိုပဲ၊ အဖေလည်း ရင်တွေ မောနေတာ"

"သားသားလည်း အဲဒီ တီတီ လာရင် အရမ်းကြောက်တယ်"

သုံးယောက်လုံး ညှိုးညှိုးငယ်ငယ်လေးတွေ ခံစားနေတော့ ခေတ် စိတ်ဒုက္ခပေးခဲ့တာ သူမ တစ်ယောက်တည်း မဟုတ်ပါလားဟု တွေးရောက်သည်။

ဟောင်းနွမ်းနေသော ဆက်တီခုံလေးတွေမှာ ထိုင်မိကြတော့ သွန်းဆက် သက်ပြင်းချသံက အကျယ်လောင်ဆုံး ဖြစ်၏။

"သားလေးကို စက်ဘီးဝယ်ပေးတဲ့လူက သူယူမယ့် ယောက်ျား ညီတဲ့၊ မပတ်သက်ဖို့ လာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာဆိုင်လို့လဲ လူမှုရေးတွေထိ လိုက်ကန့်ကွက်နေတာ တရားလွန်နေပြီ"

"သူတစ်ယောက်တည်း ချမ်းသာချင်ပြီး သူများကောင်းစားမှာကို မရှုစိမ့်တာ ဖြစ်ရမယ်"

အဖေနှင့်အမေက မခံမရပ်နိုင် ဖြစ်သွားကြသည်။ အဖေနှင့် အမေကို စိတ်မချမ်းမသာ မဖြစ်စေချင်ပေမယ့် အံကြိတ်ထားမိတဲ့ မြသွန်းဆက် မျက်ဝန်းအိမ်မှ မျက်ရည်တွေ စီးကျလာသည်။

"သူကျွေးတာ စားနေရတဲ့ အချိန်ပဲ၊ သူ့စကားကို နားထောင်ရမှာပေါ့ အမေရယ်၊ ဒီဝန်ကြီးတွေက သွန်းဆက် ပညာရေး ဆုံးခန်းမတိုင်ဘဲ ပြီးဆုံးသေးမှာ မဟုတ်ဘူး။ ရင်ဆိုင်တယ်၊ တုံ့ပြန်တယ်ဆိုတာ ကိုယ့်ဘက်က အင်အားရှိမှ ဖြစ်တာ မဟုတ်လား၊ သွန်းဆက် ဆရာဝန်ဖြစ်ပြီဆိုရင် အမေတို့ ဒီလို စိတ်မဆင်းရဲစေရတော့ပါဘူး၊ သွန်းဆက် ကတိပေးပါတယ်"

"အခုလည်း သမီးလေးကြောင့် အမေတို့ စိတ်ဆင်းရဲနေတာ မဟုတ်ပါဘူး၊ ခေတ်တော်ဝင် အနိုင်ကျင့် နှိပ်စက်နေလို့ စိတ်မကောင်းဖြစ်နေတာပါကွယ်၊ ထမင်းတစ်လုပ် တုတ်တစ်ချက်နဲ့ စားနေရတာတွေ အဆိပ်အပင်း ဖြစ်နေပါပြီကွယ်"

အမေက မျက်ရည်တွေ ဝဲကာ မချိမဆံ့ ခံစားနေသည်။ အဖေ





ဘက်ခေါက်သံက သွားကြားထဲက လေထွက်နေတာမို့ ပီသမှု မရှိပေမယ့် မျက်နှာတစ်ခုလုံး သုန်မှုန်အေးစက် နေသည်။

အားမတန်လို့ မာန်လျှော့နေရတဲ့ အဖြစ်မျိုးမို့ ဝေဒနာသည် အဖေ့ကို ပိုပြီးသနားမိ၏။

အဖေ့ အလုည့်တုန်းက သမီးနှစ်ယောက်လုံးအပေါ် မငြိုမငြင် တာဝန်ကျေခဲ့ဖူးသည်။ အသောက်အစား လောင်းကစားမရှိ မိသားစုကိုပဲ ချစ်မြတ်နိုးခဲ့သည်။ နောက်မှ သွေးတိုးရောဂါဖြင့် လေဖြန်းပြီး ဒီလိုဖြစ်သွားခဲ့ရတာ။

အမေကရော မိခင်ပီသတဲ့ မိခင်တစ်ယောက်ပါ။ အချက်အပြုတ် အချုပ်အလုပ် စည်းကမ်းတကျနှင့် ပိရိသေသပ်ပြီး သားသမီးတွေကို ဆုံးမသွန်သင် အိမ်ထောင်ထိန်းသိမ်းနိုင်ခဲ့သည်။

ဒီအမေ ဒီအဖေရဲ့ မေတ္တာ စေတနာတွေကို မမခေတ် မစော်ကားသင့်။ ရင်နဲ့လွယ်မွေးခဲ့တဲ့ သားလေးအပေါ်လည်း တာဝန်မမဲ့သင့်။

မမခေတ် ပေးခဲ့တဲ့ ဒဏ်ရာတွေက တဆစ်ဆစ် နာကျင်ကာ နှုတ်ပျော့ပျောင်းနေသော လက်သီးဆုပ်လေး တင်းခနဲ ဖြစ်၍ ပါးပြင်လေးတွေ နီမြန်းလာသည်။

အလုံးအရင်း ကျလာတဲ့ မျက်ရည်တွေကို ဆတ်ခနဲ ခါထုတ်ပစ်ကာ ရင်ဘတ်ကလေး နိမ့်ချည် မြင့်ချည်ဖြင့် အသက်ကို ပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com



ရှုထုတ်လိုက်၏။ လူတစ်ယောက်မှာ အသက်တစ်ချောင်း နောက်ထပ် အပိုမပါပါ။

■ ■ ■



အခန်း (၁၅)

"ကျွန်မကို လုံးဝ နောက်ထပ် ပတ်သက်ဖို့ မကြိုးစားပါနဲ့ နိုင်ဗိုမာန်"

"အဲဒါ မင်း အကြိမ်ကြိမ် ပြောခဲ့တဲ့ စကားပဲလေ၊ ကျွန်တော့် ဆက်ကလည်း ရတဲ့နည်းနဲ့ ဖြစ်အောင် ကြိုးစားမယ်လို့ မင်းကို ပြောခဲ့ နေတာပဲ၊ မေမေ့ကိုတောင် ဖွင့်ပြောထားတယ်"

"သိပါတယ်"

"ဘာ"

"သြော် ရှင့်ရဲ့ တဖွတ်ထိုးညည်ကို ရှင့်အမေကို ဖွင့်ပြောနိုင်တာ သွားလိုက်တာပါ"

ထိန်းနေတဲ့ကြားမှ စိတ်က လွတ်လွတ်ထွက်ချင်နေသည်။ ဒီ ယောက်ျားကို ဘယ်လို ဖယ်ထုတ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်က စောထွက်ပြီး နောက်ကျထွက်ပြီး ရှောင်ပြေးလို့ မ လွတ်နိုင်အောင်လည်း ဒီလူက ဝီရိယ ကောင်းလွန်း၏။ နေ့စဉ်နေ့တိုင် ဆေးကျောင်းကို လိုက်ပို့ကာ သူမ လက်မခံနိုင်တဲ့ ဒီအကြောင်းတွေကို တတွတ်တွတ် ပြောသည်။

အိမ်ပြန်ချိန်တွေမှာ အိမ်အထိ လိုက်မလာအောင် ပြောရတာ လည်း အမော။

ဘယ်လောက်ပင် ငြင်းဆန်စကားတွေ ပြောပြော နိုင်ဇိမာ ဖွဲကောင်းလွန်းတာ သူမ မအံ့သြဘဲ မနေနိုင်။

ဘယ်လောက်ပင် ငြင်းဆန်စကားတွေ ပြောပြော နိုင်ဇိမာ ဖွဲကောင်းလွန်းတာ သူမ မအံ့သြဘဲ မနေနိုင်။

ကလေးအမေလို့ သိထားတာတောင် ဒီလောက် အသည် အသန် ဖြစ်နေလျှင် ထိုအတွေးနှင့်သူမ ရင်ခုန်လှိုက်မော၍ ညတိုင် အိပ်မပျော်ခဲ့တာ ဒီလူ သိမှာ မဟုတ်။

အမြဲတမ်း အော်တာရှပ်လေးတွေ တီရှပ်အဖြူလက်စကလေး တွေကို အတွင်းက စွပ်ကျယ်သားတစ်ထည် ခံဝတ်ကာ အကျႌ ဟပြဲထားပြီး အိတ်ကပ်တွေအများကြီးနှင့် ဘောင်းဘီကို တွဲဖက်ဝတ် ဆင်တတ်သည်။ တစ်ခါတစ်ရံ စတိုင်ပန်များနှင့် တွဲဖက်ဝတ်ဆင်လာ လျှင်လည်း တစ်မျိုးကြည့်ကောင်းနေကာ အရောင်အသွေးစုံတဲ့ ကတ္တီ





နှပ်လေးတွေနှင့် ရှင်းသန့်တောက်ပြောင်နေတတ်၏။

အရောင်တင်ထားတဲ့ ဆံပင်ပျော့ပျော့အိအိလေးနှင့် ကလေး ဆန်သည့် ထင်ရသော်လည်း လက်ခလယ်မှာ တန်ဖိုးကြီး စိန်လက်စွပ် တစ်ကွင်း ဝတ်ထားတာမှလွဲ၍ ဖန်စီပစ္စည်းလေးတွေကိုသာ အမျိုးမျိုး ဝတ်တတ်သည်။

အဆောင်အယောင်နှင့် ပကာသန နည်းပါးသူမို့ ခင်မင်လိုက် လျှာသင့်သော်လည်း ထိန်းချုပ်မျိုသိပ်နေရတာ ဆန္ဒတွေလည်း အလွဲ လွဲအချော်ချော် ဖြစ်နေရသည်။

"ကျွန်မ ရှင့်ကို ငြင်းနေရတာ အကြောင်းတရားတွေ အများ ကြီး ရှိတယ် နိုင်ဇိမာန်၊ ဖွင့်ပြောလို့လည်း မရဘူး။ ရှင့်ကို တင်းတင်း မာမာ ငြင်းဆန်လို့ မရရင် ကန်တော့ပြီး တောင်းပန်ဖို့ပဲ ရှိတော့တယ်"

တွေးနေရင်း မျက်နှာလွှဲကာ အဆက်အစပ်မရှိ ပြောချလိုက် တော့ သူ့ဆံပင်လေးတွေ လွင့်ခနဲ ဖြစ်အောင် ခါထုတ်လိုက်ကာ ကန်ရေပြင်ဘက်ကို နိုင်ဇိမာန် ငေးမောနေ၏။

ဘောင်းဘီအိတ်ကပ်ထဲကို လက်နှစ်ဖက်လျှိုသွင်းပြီး လေပူ တွေကိုလည်း မှုတ်ထုတ်သည်။

"ကျွန်တော်လည်း ကျွန်တော့်ကို မြသွန်းဆက် ဘာလို့ လက် ခံနိုင်ရတာလဲလို့ ညတိုင်း တွေးဖြစ်တယ်၊ မြသွန်းဆက်မှာ အခွင့်ကိုရှိ



www.burmeseclassic.com

www.burmeseclassic.com



လင်ယောက်ျားမရှိဘူးဆိုတာ သိနေလို့ ကျွန်တော် ကြိုးစားနေတာ
ကျွန်တော့်ဘက်မှာ ဘာချွတ်ယွင်းချက်တွေ ရှိနေလဲ၊ မြသွန်းဆက်
မနှစ်သက်နိုင်စရာတွေ ဘာတွေရှိနေလဲ ကျွန်တော် သိချင်တယ်''

''ဟင့်အင်း ရှင် အပြစ်ကင်းပါတယ်၊ ကျွန်မဘက်က လက်
လို့ မဖြစ်တဲ့ အကြောင်းတရားတွေ ပြောပြဖို့ကလည်း မလှပဘူး၊ ကျွန်မ
ရှေ့မဆက်ဘဲ ဒီအတိုင်း ရပ်တန့်လိုက်ကြရအောင်''

''ကျွန်တော် နောက်မဆုတ်ဘူးလို့ ပြောပြီးပြီလေ၊ ဘယ်
အကြောင်း ဘယ်လို ပြဿနာပဲရှိရှိ ဖြေရှင်းလို့ ရတဲ့နည်းလမ်း
အများကြီးပါ၊ မြသွန်းဆက် ဒီအတိုင်း ဆက်ငြင်းဆန်နေဦးမယ်ဆို
မေမေ့ကို ရအောင်ပြောပြီး လက်ထပ်တောင်းရမ်းနိုင်းမယ်''

''ဟင့်အင်း ဟင့်အင်း အဲလိုလုပ်လို့ မရဘူး၊ မလုပ်
ရှင့်အမေကိုလည်း ဒီထက်ပိုပြီး ဘာမှပြောပြမထားပါနဲ့''

ပျာပျာသလဲ ငြင်းဆန်ရင်း မြသွန်းဆက် ဖျပ်ဖျပ်ခါသွား
မြသွန်းဆက်ကို နားလည်ပြီးရင်း နားမလည်နိုင်အောင် ဖြစ်နေရ
ရင်တွေ မောလှသည်။ မျက်တောင်ဖျားလေးတွေမှာ မျက်ရည်ဥ
တွေခိုနေတာ သူ့ရင်တွေ နာကျင်စေသည်။

နီးကပ်စွာ မြင်နေရတဲ့ လည်တိုင်က သွေးကြောလေး
တလှုပ်လှုပ်။ တဆတ်ဆတ် တုန်နေတဲ့ နှုတ်ခမ်းဖျားလေး



ရဲအိတွေးနေကာ ဆံနွယ်တချို့ ဝေ့ဝဲကျနေတဲ့ နဖူးပြင်လေးက ချွေးစ
လေးတွေ စို့နေ၏။

''အို ရှင် ဘာလုပ်တာလဲ လွှတ် လွှတ်စမ်းပါ''

သူ သိမ်းကျုံးဖက်ပွေ့ပစ်လိုက်တော့ မြသွန်းဆက် အလန့်
တကြားလေး အော်၏။ လူရှင်းနေသော နေရာလေးမို့ သူမ နှုတ်ခမ်း
လေးကိုပါ ဖျတ်ခနဲ နမ်းပစ်လိုက်သည်။

''အာ ရှင် ညစ်ပတ်တယ်၊ လူညစ်လူဆိုး လွှတ် လွှတ်စမ်းပါ
ဆို''

အပျိုရိုင်းလေးရဲ့ ရက်ရွံ့မှုမျိုးဖြင့် မျက်နှာလေး သွေးရောင်
လွှမ်းကာ သူမ ဆတ်ဆတ်တုန်နေသည်။ သူ့မျက်နှာကို မော့မကြည့်ဘဲ
ခေါင်းကြီးငုံ့နေတော့၊ သူ့ရင်ခွင်တွင်း တိုးဝင်သလို ဖြစ်နေ၏။

လျှော့ပေးမလို လုပ်ပြီးမှ ခပ်တင်းတင်း တိုးဖက်လိုက်သည်။

''ဟင့်အင်း ဟင့်အင်း ရှင်နော် ကျွန်မ စိတ်ဆိုးမှာ''

''ချစ်လို့ပါ သိပ်ချစ်လို့ပါ မြသွန်းဆက်ရယ်၊ ကျွန်တော့် နှလုံး
သားက မြသွန်းဆက်ကိုပဲ အရင်ဆုံး ချစ်ဖူးတာပါ၊ မြသွန်းဆက်
တစ်ယောက်တည်းကိုပဲ ကျွန်တော် ချစ်တာပါ မြသွန်းဆက်ရယ်၊
ကျွန်တော့်ကို ပြန်ချစ်ပေးပါ၊ လက်ခံပေးပါနော်၊ ကျွန်တော့်ကို မငြင်းပါ
နဲ့တော့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို အတင်းပူဆာပြီး ပြောနေသည်။

ဘယ်လိုမှ ရှုန်းထွက်လို့ မလွတ်မြောက်နိုင်ဘဲ အသက်[illegible]ကျပ်လာ၏။ သူ့ကိုယ်မှ တန်ဖိုးကြီး ရေမွှေးရနံ့က သိမ်းသွင်း[illegible]ယောင်းနေသလို ရှိသည်။

နိုင်ဇိမာန် အချစ်ကို သူမ အရှုံးပေးရတော့မည်လား။ တ[illegible]ဖြည်း ရစ်တွယ်လာတဲ့ နှောင်ကြိုးတွေက ခိုင်ခံ့လွန်းစွာ သူမကို [illegible]နှောင်နေသည်။ ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် နိုင်ဇိမာန် အ[illegible]ပိုက်ကွန်မှာ ငြိတွယ်လိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေသည်။

ဟင့်အင်း အဖေ အမေ တူလေးရဲ့ မျက်နှာ။

ခေတ်တော်ဝင်ရဲ့ ကြိမ်းဝါးမှုတွေ။

''ဟင့်အင်း ဖယ် လွှတ်''

''ဟာ သွန်းဆက် မြသွန်းဆက်''

အားကုန်ဆောင့်တွန်း၍ ကန်တော်ကြီးထဲက သူမ ပြေး[illegible]လာခဲ့သည်။ ကားပတ်လမ်းကနေ ပတ်ထွက်လာတဲ့ တက္ကစီကား[illegible]ပြေးတက်ပြီး ပန်းဆိုးတန်း သဘော်ဆိပ်ကို မောင်းနိုင်းလိုက်၏[illegible]

နိုင်ဇိမာန်ကတော့ သူမ ဆေးကျောင်းကို သွားဖို့ ကြံ့[illegible]ပေါ် တက်လိုက်သွားတယ် ထင်ပြီး ထိုကားတွေနောက်က သူ့[illegible]မောင်းပြီး လိုက်သွားမှာ သေချာသည်။





မတွေ့လျှင် နိုင်ဇိမာန် ဘာလုပ်မလဲ။ စိတ်ရှည်ရှည် ဆက်[illegible]စောင့်နေမလား။ စိတ်နာကြည်းစွာ လှည့်ပြန်သွားမလား။

ဘာဖြစ်ဖြစ် သူ့အတွက် ခံစားပေးလို့မှ မရတာ။

ကျွန်မ ဘယ်လိုမှ မတတ်နိုင်လို့ပါ နိုင်ဇိမာန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

"မင်း စိတ်လျှော့လိုက်သင့်ပြီ နိုင်ဇိမာန်၊ ကလေးအမေ... အငြင်းခံရတယ်ဆိုတာ ရာဇဝင်ရှိုင်းပါတယ်ကွာ"

"မင်း မသိသေးတာတွေ အများကြီး ရှိပါသေးတယ် မင်း... ရာ"

"မင်းကရော ဘယ်လောက် သိနေလို့လဲ၊ ယောကျ်ားမရှိ... စုံစမ်းလို့ ရတာတစ်ခုတည်းနဲ့ မင်း ကြိုးစားနေတာ ဘာတွေအောင်မြင်... လာခဲ့လို့လဲ၊ သူ့ရဲ့လျှို့ဝှက်ချက်တွေ သိုသိပ်မှုတွေ မင်း ဘာမှမသိ... ဒီလိုမျိုး ဖြစ်နေတာ မဟုတ်ဘူးလား"

နိုင်ဇိမာန် ဘာမှမပြောနိုင်ဘဲ ဘီယာတွေ ဆင့်ကဲ မော့နေ... ၏။ ရင်ထဲမှာ ပူလောင်ပြင်းပြနေတဲ့ ဝေဒနာတွေကို မခံစားနိုင်။





ဖြေဆေး မရှိသလို အဆိပ်တွေ တစ်ကိုယ်လုံး ပျံ့နှံ့နေသည်။

"ငါ သူ့ကို အရမ်းချစ်တယ် မင်းဝေ" -

"လှလို့ ချစ်တာလား"

"ချစ်လို့ ချစ်တာ"

"သူ့မှာ နောက်ကြောင်းမရှင်းလို့ မင်းလို သူဌေးသား လူပျို ...လွတ်တစ်ယောက်ကို လက်မခံရဲတာ နိုင်ဇိမာန်ရာ၊ မင်း အကြီးကြီး ...စားမနေသင့်ဘူး"

"နောက်ဆုတ်ပါလို့ မတိုက်တွန်းပါနဲ့ကွာ၊ ဘာလုပ်သင့်သလဲ ...ဆိုတာပဲ အကြံဉာဏ်ပေးစမ်းပါ"

မင်းဝေ သက်ပြင်းချပြီး နိုင်ဇိမာန်ကို ရီဝေမှေးဆင်းစွာ ကြည့်... ...၏။ နိုင်ဇိမာန်က ကုမရသော ရောဂါရကာ ညှိုးမှိုင်ငိုင်တွေနေသည်။ ...ချစ်နာကျနေခြင်းလား။

တစ်ခါမှ မိန်းကလေးတစ်ယောက်အတွက် နိုင်ဇိမာန် ဒီ ...လောက်ထိ မခံစားဘူးပါ။ ပြည့်စုံချမ်းသာသူတွေမို့ ပေါ့ပေါ့ပါးပါး ...ပျော်ပျော်ပဲ နေသည်။

မိခင်ရဲ့ အုပ်ထိန်းမှုအောက်မှာ စည်းကမ်းတကျနှင့် အရက် ...သောက်စားခြင်းလည်း မရှိ။ လောင်းကစားလည်း ဝါသနာ ...ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမအရှုပ်အရှင်းလည်း ကင်းသည်။

အခု ကလေးအမေနှင့်ကျမှ နိုင်ဗိမာန် အရှုးအမူး အသည်းအသန် ဖြစ်နေတာ အံ့သြစရာ ကောင်း၏။

ဘယ်သူတားတား ရပ်တန့်သွားမှာလည်း မဟုတ်။ ဖျောင်းဖျနားချနေလည်း နောက်ဆုတ်မှာ မဟုတ်။

"ရှေ့ဆက်တိုးဖို့ပဲ စဉ်းစားနေတယ်ဆိုရင် သူ့အကြောင်းတွေ အများကြီးသိဖို့ ကြိုးစားသင့်တယ်"

မင်းဝေ စကားကြောင့် နိုင်ဗိမာန် ခေါင်းထောင်သွား၏။ ဘီယာခွက်ကို တစ်ဖက်တိုးရွှေ့ကာ

"သူ ဘာကြောင့် လက်မခံနိုင်ရတာလဲ ဆိုတဲ့အကြောင်းရင်းကို သိရအောင်လို့လား၊ ကာယကံရှင်က မပြောရင် ပတ်ဝန်းကျင်ကကြားရတာ သေချာပါ့မလား၊ ငါ သူ့ကို အကြိမ်ကြိမ် မေးဖူးတယ်၊ ပြောပြလို့ မရတဲ့ အကြောင်းတွေကြောင့် လက်မခံပါရစေနဲ့တဲ့၊ အနီးစပ်ဆုံး ပတ်ဝန်းကျင်ကို စုံစမ်းကြည့်တော့လည်း သူတို့ပြောင်းလာတာမကြာသေးဘူး၊ ဘယ်ကပြောင်းလာတယ်ဆိုတာလည်း မသိကြဘူး၊ မြသွန်းဆက်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ယောကျ်ား တစ်ယောက်မှလည်း မတွေ့ဖူးဘူးတဲ့၊ ငါက အခု လက်ရှိသူ့မှာ ယောကျ်ား မရှိဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ ကြိုးစားနေခဲ့တာ"





"ရင်မောစရာကြီးကွာ ဘာမှလည်း သေချာတာ မရှိဘဲနဲ့၊ နှလုံးသား တစ်ခုလုံး အက်ကြောင်းထင်နေပြီ၊ တားလို့ မရမယ့်အတူတူ ငါ ဘာလုပ်ပေးသင့်သလဲ နိုင်ဗိမာန်"

တောင်းဆိုသလိုလိုနှင့် နိုင်ဗိမာန် ပခုံးကို ဖက်ကာ မင်းဝေ ဖစ်ညှစ်လိုက်သည်။ နိုင်ဗိမာန်က လှိမ့်ခနဲ ကျဆင်းလာတဲ့ မျက်ရည်တွေကို ပခုံးစောင်းနှင့် တိုက်သုတ်ကာ

"ငါ မြသွန်းဆက်ကို ပိုင်ဆိုင်ချင်တယ်၊ ရင်ထဲမှာ မြတ်မြတ်နိုးနိုးနဲ့ ချစ်နေတာပါ၊ ယောကျ်ား ရဖူးတာတွေ ကလေးအမေ ဆိုတဲ့ အရောင်တွေက ငါ့အချစ်ကို မလွှမ်းမိုးနိုင်ဘူး"

"ဘာဖြစ်ဖြစ် ရင်ဆိုင်ရဲတယ်ပေါ့"

"မေမေ့ကိုတောင် ဖွင့်ပြောထားသေးတာ၊ မေမေက မကန့်ကွက်ပေမယ့် နောက်ကြောင်းမရှင်း ဖြစ်မှာကိုတော့ စိုးရိမ်တယ်"

"ဒါပေါ့ကွာ ဘယ်မိဘက ကိုယ့်သားသမီး ထိခိုက်နစ်နာတာကို မြင်ချင်မှာလဲ၊ ခယ ကျိုးနွံပြီး တောင်းရမ်းလက်ထပ်ပေးဖို့ ဆိုတာလည်း အပျိုစင်လေး တစ်ယောက်မှ မဟုတ်တာ၊ အဲဒါကြောင့် မင်းဘက်က နားလည်ပေးဖို့ လိုတယ်၊ အဆင်ပြေချင်ရင် မြသွန်းဆက်ကို ညှိနှိုင်းလို့ ရအောင် ကြိုးစားပေါ့"

"အဲဒါပဲ ငါ့အတွက် အခက်အခဲ ဖြစ်နေတာ၊ မြသွန်းဆက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေနိုင်လို့ မေမေ့ကို အကူအညီတောင်းရမလား စဉ်းစားထားတယ်''

''မအေကို မဖြစ်မနေ အပူကပ်တော့မယ်ပေါ့၊ မင်းစိတ်ဆင်းရဲတာကို မမြင်ရက်တဲ့ အမေက နောက်ဆုံးအနေနဲ့ လိုက်လျောမှုတွေ ဖြစ်လာအောင် အကျပ်ကိုင်တော့မယ်ပေါ့၊ ဒီလိုလား နိုင်ဗိမာန်''

လေးပင်ပြင်းရှသော သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်၍ နိုင်ဗိမာန် တွေးငေးအေးစက်သွားသည်။

''မြသွန်းဆက် ဘက်က ပြောင်းလဲမှု ရှိလာနိုင်မလားလို့ နောက်ဆုံးအနေနဲ့ ကြိုးစားကြည့်ချင်တာပါ''

''သူ့ဘက်က ပြောင်းလဲမှု မရှိရင် မင်းရှေ့ဆက်မတိုးတော့ဘူးပေါ့၊ အဲလိုလား နိုင်ဗိမာန်''

''ဟင့်အင်း နောက်တစ်မျိုး နောက်နည်းလမ်း တစ်ခုနဲ့ ထပ်ပြီး ကြိုးစားမှာပါ၊ ငါ စိတ်လျှော့မှာ လက်လျှော့မှာမှ မဟုတ်တာ''

''မြသွန်းဆက်က အဲလောက်တောင် တန်ဖိုးကြီးနေလား''

''အဲဒီထက် ပိုတယ်၊ တိုင်းဆမရဘူး၊ နှိုင်းယှဉ်စရာ မရှိဘူး သူက ငါ့အသက်ဆိုရင် ငါက သူ့ဝိဉာဉ်ဖြစ်ချင်တယ်၊ သူ့အသားမှာ ကပ်တွယ်ခွင့်ရတဲ့ မှဲ့ကလေးတွေရဲ့ အဖြစ်မျိုး ရောက်ချင်တယ်၊ ဒီစွဲလမ်းမှုကြောင့် ငါ ဘယ်လောက်ပဲ နာကျင်ခံစားရပါစေ၊ ငါ ဘယ်တော့မှ နောင်တ မရဘူး''

ရင်ထဲမှာ ရှိသမျှ ဖွင့်အံထုတ်ကာ မင်းဝေကို သူ ပြောချင်ရာတွေ ပြောပစ်ခဲ့သည်။ အိမ်ပြန်လမ်းမှာ ကားပြတင်းက တိုးဝှေ့ဝင်လာတဲ့ လေပြည်ပြင်းပြင်းကြောင့် သူ သောက်လာခဲ့တဲ့ ဘီယာ အရှိန်တွေ တရိပ်ရိပ် တက်လာသည်။

ကြယ်ရောင် လရောင် လမ်းဘေးမာကျူရီ မီးရောင်တို့က တဖျပ်ဖျပ်။ သူ့နှလုံးသားလေးလည်း မှိတ်တုတ် မှိတ်တုတ် အလင်းအားနည်းစွာဖြင့်. . .။

■ ■ ■







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သားကြီး မင်္ဂလာပွဲလည်း နီးကပ်လာပြီ၊ ခေတ်နဲ့ တိုင်ပင်ပြီး ခန်းဝင်ပစ္စည်းလေး ဘာလေး သားတို့ ကြိုက်တာ ကြိုဝယ်ထားလေ"

"ခေတ်က ဒီအိမ်မှာ လိုက်နေမှာပဲဥစ္စာ၊ တကူးတက ရှာဖွေဝယ်စရာ ကြိုတင်ပြင်ဆင်စရာ မလိုပါဘူး မေမေ၊ နဂိုကတည်းက သားအခန်းက ခမ်းနားပြီးသားပဲ၊ မင်္ဂလာဆောင်ပြီးလို့ ဟန်းနီးမွန်းထွက်ပြီးတာနဲ့ မင်္ဂလာအိပ်ခန်းကို သား အခန်းလုပ်လိုက်မယ်"

"အေးလေ သားတို့ သဘောပါပဲ၊ ဒါပေမဲ့ ခေတ် ဖြစ်ချင်တာတွေ ရှိရင် သားက လိုက်လျောပေးလိုက်ပါ၊ အခုချိန်မှာ ခေတ်က ဘယ်လောက်ပဲ ထက်မြက်အောင်မြင်နေပါစေ၊ တစ်ချိန်က ဦးလေး





အဒေါ်တွေကို မှီခိုပြီး ရုန်းကန်ခဲ့ရတာပဲလေ၊ ကိုယ့်ဘဝထဲကို တိုးဝင်လာတဲ့အခါ ဂရုစိုက်ပေးလိုက်ပါ သားရယ်"

ဒေါ်ဆင့်ဆင့်လှိုင်က ခေတ်ဘက်က ကိုယ်ချင်းစာကာ မှာတွေးပေးတတ်သည်။ သူ့စိမ်းဝန်ထမ်းတွေအပေါ်တောင် မြေတောင်မြှောက်ပေးရမှာ ဝန်မလေးတော့ ကိုယ့်သားနှင့် လက်ထပ်မယ့် ခေတ်တော်ဝင်အပေါ် လိုအပ်သမျှ ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်ထားသည်။

လူ့ဘဝမှာ ကိုယ်နေရမယ့် သက်တမ်းက သူတို့လေးတွေထက် အချိန်တွေ တိုတောင်းသွားပြီ မဟုတ်ပါလား။

နေခွင့်ရတဲ့အချိန်လေးမှာ သားတွေကို စိတ်ချမ်းသာမှုတွေ ပေးရင်း မိသားစု အသိုက်အမြုံ မပြိုကွဲ မပျက်စီးဘဲ မြေးတွေ မြစ်တွေနှင့် ပျော်ရွှင်ကြည်နူးစွာ နေသွားချင်သည်။

ဒီလိုနေနိုင်ဖို့အတွက်လည်း မိမိဘက်က မေတ္တာတွေနှင့် ပေးဆပ်နေခဲ့တာ။ ဒါတွေကို သားတွေကလည်း နားလည်သည်။

ဆိုးပေမိုက်တန်းတာ တစ်ယောက်မှ မရှိ။ သောက်စားမူးယစ် လောင်းကစားလုပ်၊ မကောင်းတာ လိုက်စား၊ အကျင့်ပျက် စရိုက်ပျက် အဆင့်အတန်းမရှိ အောက်တန်းကျတာတွေ ဘာမှမလုပ်။

ဒါတွေကြောင့် သားတွေကို ချီးမွမ်းကျေးဇူးတင်ရသည်။ ကျန်တဲ့ အမှားတွေ လုပ်ခဲ့ရင်တောင် ခွင့်လွှတ်နားလည်ပေးဖို့ ကြိုးစားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးက ကလေးတစ်ယောက် အမေနဲ့ ပတ်သက်နေတာကို မေမေ တင်းတင်းကျပ်ကျပ် တားဆီးသင့်တယ်"

"ဟင်"

သားကြီး စကားကြောင့် ခေါင်းက မတ်ခနဲ ဖြစ်သွားကာ မျက်လုံး လှန်ကြည့်လိုက်သည်။

"သား ရွေးချယ်လိုက်တဲ့ ခေတ်တော်ဝင်က မေမေလည်း စိတ် တိုင်းကျတယ်၊ ဂုဏ်သိက္ခာလည်း တက်စေပါတယ် မေမေ၊ ခေတ်က မိဘမွေးချင်း မရှိတာက လွဲရင် အပြစ်ပြောစရာ မရှိဘူး။ ဟိုမိန်းကလေး က ကလေးအမေလည်း ဖြစ်နေတယ်၊ နောက်ကြောင်းလည်း မရှင်းဘူး အဆင့်အတန်းလည်း ရှိမယ် မထင်ဘူး၊ လုံးဝ လက်မခံသင့်ဘူးနော် မေမေ"

"မေမေက လူတွေကို အတန်းအစား ခွဲပြီး မဆက်ဆံတတ်တာ သားကြီး သိမှာပါ၊ သားငယ်ကို ပိတ်ပင်တားဆီးရင်ရော သားငယ်စိတ် မချမ်းမသာ ဖြစ်ခံစားနေတော့ ဘယ်လိုလုပ်မလဲ၊ ကိုယ့်အသိုက်အဝန်း ထဲကို ရောက်လာရင် ကိုယ်က ပုံသွင်းပြုပြင်ပေးရမှာပေါ့"

"ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းရမှန်းမသိလို့ အဲဒီကလေးက လင်ကောင်မပေါ်ဘဲ မွေးထားတာဆိုရင်ရော မေမေ လက်ခံမှာပဲလား"

"ဘာ ဘယ်လို"





"ခေတ်ပြောလို့ သား ပြောကြည့်တာပါ မေမေ၊ လင်ယောက်ျား နဲ့ ကွဲနေတဲ့သူ၊ လင်ပစ်ခံရလောက်အောင် အပြစ်ကြီးလုပ်တဲ့သူ၊ ဒါမှ မဟုတ်၊ လင်ကောင်မပေါ်ဘဲ မွေးထားတဲ့ကလေးအမေ၊ တစ်ခုခု ဖြစ်နိုင် တယ်တဲ့၊ ဘယ်လိုပဲ ဖြစ်ဖြစ် နိုင်ငံဗိမာန်နဲ့ မသင့်တော်ဘူးတဲ့လေ၊ ခေတ် ပြောသလို သားလည်း အဲလိုပဲ ထင်တယ်၊ အလွန်အကျွံ မဖြစ်ခင် တားဆီးနိုင်မှ ဖြစ်မယ် မေမေ၊ ညီလေး ခံစားရလည်း ခဏပေါ့"

ဒေါ်ဆင့်ဆင့်လှိုင် အသားတွေ တုန်ကာ သွေးတွေ ပူနွေးလာ သည်။ သားငယ် အရူးအမူး စွဲလမ်းနေတဲ့ မိန်းကလေးက အဲလိုဖြစ်နေမှာ တော့ စိုးရိမ်သည်။ အမှန်တကယ် အဲလို အကျင့်စာရိတ္တ ရှိတဲ့ မိန်းကလေး ဖြစ်နေပါက သားငယ် ခဏတာပဲ စိတ်ချမ်းသာနိုင်လိမ့်မည်။

ဒါပေမဲ့

"အဲဒီ မိန်းကလေးက သားငယ်ကို လုံးဝ ခါးခါးသီးသီး ငြင်း ဆန်နေတာ ထူးဆန်းတယ် သားရဲ့၊ ခုနက သားကြီး ရွတ်ပြတဲ့ အဆင့် အတန်းမရှိတဲ့ အနေအထားမျိုးဆိုရင် သားငယ်ကို အမိဖမ်းပစ်လိုက်မှာ ပေါ့ မဟုတ်ဘူးလား"

နိုင်သခ်က တွေခနဲ ဖြစ်သွား၏။ မေမေ ပြောတာလည်း ဟုတ် နေတာပဲ။ ခေတ် ပြောတာလည်း မမှားနိုင်။

"ဟား သားတော့ နားမလည်တော့ဘူး မေမေ၊ ခေတ်လည်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တော်တော် စိုးရိမ်ကြီးနေတာ၊ ကုမ္ပဏီမှာလည်း အဲဒီအကြောင်းပဲ သား ကို ပြောနေတယ်၊ အစ်ကိုကြီး တစ်ယောက်အနေနဲ့ နိုင်ဗိမာန်ကို ဖျောင်းဖ နားချသင့်တယ်၊ မေမေ့ကိုလည်း လက်ပခံဖို့ တိုက်တွန်းသင့်တယ်တဲ့ အားလုံး ဂုဏ်သိက္ခာကျ အရှက်ရနိုင်တယ်၊ ကောင်မလေးဘက်က ငြင်း ဆန်နေတယ်ဆိုတာလည်း သူ့ကိုယ်သူ တန်ဖိုးတက်အောင် လိမ်ညာ လီဆယ်နေတာ ဖြစ်နိုင်တယ်တဲ့လေ''

''ခေတ်တော်ဝင် အတွေးတွေ တစ်ဖက်စွန်းရောက်နေတာရော မဖြစ်နိုင်ဘူးလား သား''

''ဗျာ''

''သူ့ကို လက်ခံခဲ့တုန်းက မေမေ သူ့နောက်ကြောင်းကို မေး မမေးမြန်း မစုံစမ်းခဲ့ဘူး။ သူ ပြောတာကို ယုံပြီး အမှားအယွင်းရှိခဲ့ရင် တောင် ကိုယ့်အရိပ်ကို ရောက်မှ ပြုပြင်စောင့်ရှောက်မယ်လို့ မေမေ ဆုံးဖြတ်ခဲ့တာ၊ အခုဟာက သားငယ်လေးလည်း ပညာမဲ့ စည်းပျက်ကမ် ပျက် ကလေကချေ တစ်ယောက်မှ မဟုတ်တာ၊ ပြီးတော့ အဲဒီမိန်း ကလေးကို နိုက်ကလပ်မှာ ကာရာအိုကေမှာ မကောင်းတဲ့နေရာတွေမှာ ပေါ့ပေါ့တန်တန်တွေ့ခဲ့တာ မဟုတ်ဘူးလေ၊ ဆေးကျောင်းသူ တစ်ယောက် ရဲ့ ဂုဏ်သိက္ခာနဲ့ သားငယ်ကို ငမ်းငမ်းတက် လက်ခံနေတာလည်း မဟုတ်ဘူး။ ခေတ်တော်ဝင် ဟိုဘက်က ဟိုလိုမျိုး တွေးနေတယ်ဆိုရင်





မေမေတို့ဘက်ကရော သားငယ်လေး စိတ်ချမ်းသာမှုအတွက် ဒီလိုမျိုး တွေးကြည့်လို့ မရနိုင်ဘူးလား သား''

နိုင်သစ် ငြိမ်သက်တိတ်ဆိတ်သွား၏။

မေမေ ပြောတာ မှန်နေမလား။ ခေတ်တော်ဝင် ပြောတာ မှန်နေမလား မခွဲခြားနိုင်ပေမယ့် ညီလေးကို သူလည်း စိတ်ချမ်းသာစေချင် ပါသည်။ ထိုအချိန်မှာ ပေါ်တီကို အောက်ကို ထိုးရပ်လိုက်တဲ့ ကားသံကို ကြားတော့ ခေါင်းမတ်သွားကာ လက်ကနာရီကိုလည်း ကြည့်လိုက်မိသည်။

''ညီလေး ပြန်လာပြီ ထင်တယ် မေမေ၊ နောက်ကျလိုက်တာ''

''သူလည်း ဘယ်လိုတွေဖြစ်ပြီး ဘာတွေ ခံစားနေရလဲမှ မသိ ဘာ''

ဒေါ်ဆင့်ဆင့်လှိုင်က အမြဲတမ်း မေတ္တာတွေနဲ့သာ နားလည်ပေး နေခဲ့သည်။ ကမူးရှူးထိုး ယိုင်နဲ့စွာ ဝင်လာတဲ့ နိုင်ဗိမာန်က ဒေါ်ဆင့်ဆင့် လှိုင်ကို ဖက်တွယ်ကာ အီးခနဲ ငိုချလိုက်၏။

''ဟဲ့ သား သားငယ် ဘာဖြစ်လို့လဲ၊ ဘာဖြစ်လာတာလဲ သားရယ်''

''မေမေ သား သား မြသွန်းဆက်ကို ချစ်တယ်''

''ဩော် သားရယ် မေမေက ကန့်ကွက်နေလို့လား၊ ဘာဖြစ်လို့ အရက်တွေ သောက်လာတဲ့အထိ ခံစားနေရတာလဲကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ညီလေးရာ မိန်းကလေး တစ်ယောက်ကြော
မမေ့ကို စိတ်မချမ်းသာအောင် လုပ်နေတာလား"

"ဟင့်အင်း သားကြီး ညီလေးကို အဲလို မဆူပါနဲ့၊ မမေ
စိတ်မဆင်းရဲပါဘူး။ သားငယ်လေး ဒီလို ခံစားနေရတာကိုပဲ စိ
ကောင်း ဖြစ်တာပါ"

နိုင်သစ် လေသံမာသွားတာကြောင့် ဒေါ်ဆင့်ဆင့်လှိုင် ဟန့်
လိုက်ရသည်။ ခုမှ နိုင်ဗိမာန်က ကျွန်းဆက်တီခုံကြီးကို ကျောကပ်

"သားကို ဘာဖြစ်လို့ မြသွန်းဆက် ခါးခါးသီးသီး ငြင်းနေတာ
မသိဘူး မမေရယ်၊ သားမှာ မိန်းကလေး တစ်ယောက် လက်ခံ
လောက်တဲ့ အရည်အချင်းတွေ မရှိဘူးလား။ မပြည့်စုံဘူးလား မမေ

"တခြား မိန်းကလေး တစ်ယောက်ဆိုရင်တော့ မသွတ်ခ
ညွှတ်ချင်နေမှာ သေချာပါတယ် သား။ သားမှာ ရုပ်ရည်အဆင့်အတ
ဂုဏ်ပကာသန အားလုံး ပြည့်စုံနေတာပဲ"

"အဲဒါကြောင့် မြသွန်းဆက်ကို တန်ဖိုးထားမိနေတာပါ မေ
သူ လက်ခံလာအောင် သား ဘယ်လိုလုပ်ရမလဲ"

"စိတ်ရှည်သည်းခံရမှာပေါ့ သားရယ်၊ အလွယ်တကူ
ရူးလို့ မရတာ မိန်းမကောင်း မိန်းမမြတ်မို့လို့ပေါ့၊ ဒီခေတ်ထဲမှာ မ
ခင် ညွှတ်ချင်နေတဲ့ မိန်းကလေးတွေ မချူခင်က ကြွေချင်နေတဲ့





ကလေးတွေ အများကြီး မဟုတ်လား၊ အရာရာ ပြည့်စုံနေတဲ့ သားကို
ရှုံ့တဲ့နေတဲ့ မြသွန်းဆက်က ရှောင်တိမ်းငြင်းပယ်တယ်ဆိုတာ အရမ်း
တန်ဖိုးကြီးပါတယ် သား"

"သား ဘာလုပ်ရမလဲ မမေ"

"မြသွန်းဆက်ကို မမေ့ဆီ ခေါ်လာနိုင်မလား"

"ဗျာ"

မမေ ဒီလောက်ထိ လိုက်လျောမည် မထင်၍ နိုင်ဗိမာန် အံ့အားသင့်သွားသည်။ ဒေါ်ဆင့်ဆင့်လှိုင်က နိုင်ဗိမာန် နဖူးလေးပေါ်က ဆံပင်လေးတွေကို သပ်တင်ဖယ်ရှားပေးကာ

"မြသွန်းဆက်ကို မမေ တွေ့ကြည့်ချင်ပါတယ်၊ ဘာတွေ အခက်အခဲ ရှိနေလဲ၊ သားကို ဘာတွေ မနှစ်သက်တာ ရှိနေလဲဆိုတာ မမေ မေးကြည့်မယ်၊ ဝေဒနာရှိရင် ဆေးရှိရမှာပေါ့ သား၊ ပြဿနာ ရှိရင် အဲဒီ ပြဿနာမှာ အစအလယ် အဆုံး အဖြေဆိုတာ ရှိကို ရှိနေမှာပဲ၊ မိန်းမသားချင်းဆိုတော့ သားကို ပြောမပြနိုင်တာတွေလည်း ပြောချင်ပြောမှာပေါ့"

"ကျေးဇူးတင်ပါတယ် မမေ၊ မမေ့ဆီကို သူ လာတွေ့နိုင်အောင် သား ကြိုးစားကြည့်ပါမယ်"

မမေ့ကို ကတိသာ ပေးလိုက်ရသည်။ လွယ်မည်တော့ မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတောင် လက်မခံသေးဘဲ မေမေ့ကို ဘယ်လိုလုပ် တွေ့ချင်ပါ့မယ်
နားလည်ရခက်သော မြသွန်းဆက်ကို သူ ဘယ်လိုပြောဆို စည်းရုံးရမည်

သူ တနည်းနည်းနှင့် အရဲစွန့်နိုင်မှ ဖြစ်လိမ့်မည်။ တစ်ခု
တွေးတောရင်း ချီတုံချတုံ ဖြစ်နေသေး၏။

နောက်မှ ဆုံးဖြတ်ချက်တစ်ခုနှင့် သူ့စိတ်တွေ ပေါ့ပါးသွ
သည်။ မဖြစ်လာနိုင်တာတွေ ဖြစ်လာနိုင်အောင် နည်းပရိယာယ် သုံး
ပေါ့ မြသွန်းဆက်ရယ်။

■ ■ ■



အခန်း (၁၈)

"ဩော် လူလေး လာထိုင်လေကွယ်၊ သမီးလေးကတော့ ဒီနေ့
ကျောင်းပိတ်လို့ နောက်ဖေးမှာ ချက်ပြုတ်နေလေရဲ့"

"သားသားလေးရော မတွေ့ပါလား အဒေါ်"

"အေးကွဲ့ အခုလေးပဲ သူ့အဘိုးနဲ့ ဘုန်းကြီးကျောင်း သွားကြ
တယ်၊ လူလေး ကိစ္စရှိလို့လား၊ အလည်သက်သက်ပဲလား"

နိုင်ဗိမာန် ဆက်တီခုံလေးမှာ ဝင်ထိုင်ရင်းဖြင့် ကလေးအတွက်
ဆက်ဆောင်ပစ္စည်းလေးတွေကို စားပွဲပေါ် တင်လိုက်ကာ

"မြသွန်းဆက်ကို ကျွန်တော့်မေမေက တွေ့ဖူးချင်တယ်ဆိုလို့ပါ၊
ကြီးလူကောင်းဆန်ဆန် ထမင်းစား ဖိတ်ခိုင်းလိုက်ပါတယ်၊ အဲဒါ
သွန်းဆက်ကို နည်းနည်း တိုက်တွန်းပေးပါနော်၊ ကျွန်တော် အနူးအ



www.burmeseclassic.com

www.burmeseclassic.com



ညွှတ် တောင်းဆိုပါတယ်''

ဂုဏ်ခြွပ်များစွာ ပိုင်ဆိုင်တဲ့ လူချမ်းသာရဲ့ သားတစ်ယောက်က ကျိုးနွံခယနေတော့ ဒေါ်သက်နှင်းချို မနေတတ် မထိုင်တတ် အားနာ မိသည်။ ကလေးအမေလို့ သိထားတာတောင် ဖွဲ့မလျှော့ နောက်မဆုတ်တဲ့ ဒီကောင်လေးကို ဘာအကြောင်းတွေရှိရှိ သမီး လက်ခံသင့်သည်ဟု ဒေါ်သက်နှင်းချို တွေးမိသည်။

ခေတ်တော်ဝင်ကြောင့် ဒီကောင်လေးကို မပတ်သက်ရဘူးဆို တာ ဖြစ်သင့်လို့လား။

ခေတ်တော်ဝင်က ညီမ တစ်ယောက် သူမနှင့် တန်းတူဖြစ်လာ မှာကို မနာလို မရှုစိမ့်တာလား။ သူမ လိမ်ညာထားသမျှ ပေါ်ကုန်မှာစိုး စိုးရိမ်စိတ် သက်သက်ပဲလား။

ဘာဖြစ်ဖြစ် အိမ်ထောင်ရေးအထိ ခွက်ဖက်တားဆီးတာမျိုး တော့ မိခင်တစ်ယောက်အနေဖြင့် လက်မခံချင်ပါ။

''ဟင်''

အမေနှင့် ထိုင်စကားပြောနေတဲ့ နိုင်ဗိမာန်ကို မြင်တွေ့လိုက် ၍ ရေနွေးဖြည့်ဖို့ ထွက်လာတဲ့ မြသွန်းဆက် ခြေလှမ်းတွေ တုံ့ခနဲ ဖြ သွားရသည်။ အိမ်ကို ဝင်ရဲထွက်ရဲတဲ့အထိ ခြေလှမ်းစိပ်လာတာကို သူ မကြိုက်။





အမျိုးမျိုး ငြင်းဆန်ပိတ်ပင် တားဆီးထားတာတောင် တစ်စက် လေး နောက်မဆုတ်တဲ့ ရှေ့တိုးဖို့သာ ပြင်နေသည်။ ဒီလူကို ဘယ်လို နည်းနဲ့မှ ခွာထုတ်လို့ ရမည် မထင်။

ဒီလိုပုံစံမျိုးသာ ဆက်လုပ်နေပါက သူမ ရင်ထဲက ကြိတ်မှိတ် သိပ်နေရတဲ့ ဆန္ဒတွေလည်း ကြာရှည်တောင် ခံနိုင်မှာ မဟုတ်။

''ရှင် ဘာလာလုပ်ပြန်တာလဲ နိုင်ဗိမာန်''

''ညွှဲသည်ကို အဲလို မဆက်ဆံပါနဲ့ သမီးရယ်၊ ထိုင်စမ်းပါဦး အမေ ပြောပါမယ်''

ရေနွေးဓာတ်ဘူးလေး ချပြီး အမေ့နားမှာ မြသွန်းဆက် ကပ် ထိုင်လိုက်သည်။ နိုင်ဗိမာန်က သူမကို မျက်လုံးတစ်ချက်သာ ဝေ့ကြည့် ပြီး အမေ့ကို အားကိုးတကြီး ဖြစ်နေသည်။

ဂျင်းဘောင်းဘီအနက် နှံ့သာရောင် အင်္ကျီကွက်စိပ်လေးကို ဝတ်လာတဲ့ နိုင်ဗိမာန်က ရှင်းသန့်ချောမွေ့နေသည်။ မုတ်ဆိတ်လို အမွေး ညှိရှည်လေးတွေက ရင်ခုန်စရာ ကောင်းကာ ဖန်စီလက်ပတ်ကြိုးလေး က တစ်မျိုး ဆွဲဆောင်မှုရှိပြီး ပလက်တီနမ်ကြိုး မျှင်မျှင်လေးက လက် ကော်ထနေ၏။

''သူ့အမေက သမီးကို ထမင်းစား ဖိတ်ပြီး တွေ့ဆုံစကားပြော ချင်လို့ပါတဲ့၊ လိုက်သွားလိုက်ပါ့ သမီးရယ်''



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာလို့ လိုက်ရမှာလဲ၊ မလိုက်ချင်ပါဘူး၊ သူနဲ့သမီး ဘာပတ်သက်မှုမှ မရှိဘူး အမေ"

"လူကြီးမိဘက တလေးတစား ခေါ်တွေ့တာ မသွားလို့ ကောင်းမလား သမီး၊ ကျန်တာတွေ မတွေးဘဲ သမီး လိုက်သွားကြည့် လိုက်ပါ"

"လိုက်ဖြစ်အောင် လိုက်ခဲ့ပေးပါ မြသွန်းဆက်၊ မေမေနဲ့ စကား ပြောကြည့်ပါ၊ ကျွန်တော့်ကို လိုလားမှု မရှိရင်တောင် မေမေကို အားနာ သင့်ပါတယ်"

"အဲဒါကိုက ခက်နေတာ၊ ရှင်နဲ့ကျွန်မ ချစ်သူရည်းစားတွေလား ဘယ်လို ရင်းနှီးပတ်သက်မှုမျိုးတွေရော ရှိနေလဲ"

"ကျွန်တော် နားလည်ပါတယ်၊ အဲဒီအတွက် ကျွန်တော့်ဘက်က ကတိတစ်ခုပေးဖို့လည်း စဉ်းစားထားပါတယ်"

"ဘာကတိလဲ"

"မေမေနဲ့တွေ့ပြီးလို့မှ ကျွန်တော့်ကို မြသွန်းဆက် လက်မခံ နိုင်သေးဘူးဆိုရင် ကျွန်တော် နောက်ဆုတ်ပါ့မယ်"

အလေးအနက် ပြောနေတော့ သူမ တွေခနဲ ဖြစ်သွားမိ ဘာဖြစ်ဖြစ် လိုက်သွားတွေ့ပြီးမှ လက်မခံနိုင်ဘူး ပြောလို့ နိုင်ငံမိမာ နောက်ဆုတ်သွားလျှင်လည်း သူမ စိတ်သက်သာနိုင်သည်။





မမခေတ်ရဲ့ ယောက္ခမလောင်း ဘယ်လိုအနေအထား ရှိသလဲ ဆိုတာလည်း သူမ သိခွင့်ရှိတာပေါ့။

"ရှင် တကယ် ကတိပေးတာလား နိုင်ဇိမာန်၊ အခု ရှင်တို့ ပိုင်ဆိုင်တဲ့ အဆောင်အယောင်တွေကို ကျွန်မ မက်မောပြီး လက်ခံလာ နိုင်မယ်လို့ သွေးတိုးစမ်းမှာတော့ မဟုတ်ဘူးမလား"

"မြသွန်းဆက် လောဘနည်းတာ ကျွန်တော် သိပြီးသားပါ၊ အဲဒီအတွက် မဟုတ်ဘူးဆိုတာ ကျွန်တော် ကျိန်ပြောရဲပါတယ်"

"သမီးရယ် နူးညံ့သိမ်မွေ့တဲ့ မေ့သမီးလေးက ဘာလို့သူများကို ချည်ပြီးတုတ်ပြီး စကားတွေပြောနေရတာလဲ၊ အခု မီးဖိုချောင်ဝင်ထားတာ ချမိုးချိုးပြီး လိုက်သွားတော့ သမီး၊ လူကြီးနဲ့ စကားပြောတဲ့ အချိန်မှာ ကိုယ့်ဘက်က ဘာအမှားအယွင်းမှ မဖြစ်စေနဲ့"

သူမ အလိုမကျစွာနှင့် ရေချိုးဖို့ ထွက်သွားသည်။ သူမ အမေ နှင့် နှစ်ယောက်တည်း ကျန်ခဲ့ချိန်မှာ သူမ အကြောင်းတွေ မေးသင့် မမေးသင့် စဉ်းစားချင့်ချိန်နေမိ၏။

မယုံသင်္ကာ မေးတယ်ထင်ပြီး စိတ်ခုသွားရင် ဒီအစီအစဉ်လေး ဆောင် ပျက်သွားနိုင်၏။ သက်ပြင်းတွေ အကြိမ်ကြိမ်ချရင်း သူ ရင်တွေ မောနေသည်။ မေမေနဲ့မြသွန်းဆက် ဆက်ဆံရေးကရော အဆင်ပြေပါ့ မလား။



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ကို သနားပြီး လိုက်လျှောခဲ့ရင်တောင် မြသွန်း ဆက် ဘက်က မခန့်လေးစား အပြုအမူ အပြောအဆိုမျိုးနဲ့ ဆိုလျှင် အခြေအနေ မကောင်းနိုင်။

ဒါပေမဲ့ မြသွန်းဆက် လိုက်လာပေးတာပဲ ကျေးဇူးတင်ရမည့် စွန့်စားမှုတစ်ခုရဲ့ ရလဒ်က အကောင်းဆုံးတွေချည်း ဖြစ်ခဲ့လျှင် ဘယ် လောက်များ ကောင်းမည်လဲ။

မျှော်လင့်ချက်တွေ စိုးတထိတ်ထိတ်ဖြင့်. . .။

■ ■ ■



အခန်း (၁၉)

ကွန်ကရစ်လမ်းလေးအတိုင်း ကားကို ပတ်ဝင်ခဲ့ပြီး ပေါ်တီကို အောက်မှာ ကားရပ်ပြီးသည်နှင့် နိုင်ဗိမာန်က သူမကို ကားတံခါးလာ ဖွင့်ပေးသည်။

သူ့ကို မျက်လုံးတစ်ချက်သာ ပင့်ကြည့်လိုက်ပြီး သူမ မင်သေ သေပဲ နေလိုက်၏။ ဘာကိုမှ မက်မောမှု မရှိတာမို့ သူတို့တွေ ပိုင်ဆိုင် သမျှ ဘာတစ်ခုမှ စပ်စုချင်စိတ် ကြည့်ချင်စိတ် မရှိ။

ခြံဝင်းကြီး ကျယ်တာကို သိသည်။ တိုက်ကြီးရဲ့ ခန်းတော်တမျှ ခမ်းနားထည်ဝါတာကို သိသည်။ အလှအပ ဒက်ကရေးရှင်း အားလုံး ခေတ်မီဆန်းပြား လှပတာကို မျက်လုံးဒေါင့်ကြည့်ရုံနှင့် သိနေ၏။ ဒါပေမဲ့ ဒါတွေက သူမနှင့် ဘာမှမဆိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းဆောင်ကြီးထဲကို သူက ဦးဆောင် ခေါ်သွားတော့ ခပ်ရှိုရှိုပင် နောက်က လိုက်သွားမိသည်။

ဖိတ်ဖိတ်တောက်နေသော ကျွန်းဆက်တီခုံတွေရှေ့မှာ သူ ရပ်လိုက်တော့ သူမလည်း တုံ့ခနဲ ရပ်လိုက်ရသည်။ ရှေ့မှာ နောက်မှာ ဘေးဘီဝဲယာ ဘယ်ကိုမှ မကြည့်။

အရှိန်အဝါကြောင့် သူမရဲ့ လက်တွေ အေးစက်နေပေမယ့် သူ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်လို့ မဖြစ်။

"ဟော သမီးလေး လိုက်လာပြီ ဟုတ်လား၊ ကျေးဇူးတင်ပါတယ်ကွယ်၊ ထိုင်လေ သမီးလေး၊ သား ခေါ်မြင့်တို့ကို ညည့်သည်ရောက်နေပြီလို့ ပြောပြီး တစ်ခုခု လုပ်ခိုင်းချည်ပါကွယ်"

ပဋိသန္ဓာရ စကားတွေ ဖော်ရွေရင်းနှီးစွာ ပြောပြီး၊ နိုင်ဗိမာန်ကို ရှောင်ထွက်ခိုင်းလိုက်ကာ ခေါ်ဆင့်ဆင့်လှိုင် ချိုအီစွာ ပြုံးနေသည်။ ဖြောင့်သိမ်းလှန်ထားတဲ့ အုပ်အုပ်ခဲခဲ ဆံပင်တွေကို သေသပ်စွာ ထုံးဖွဲ့ထားပြီး ရွှေဆွဲကြိုးကြီးက ရင်ဘတ်မှာ ဝင်းမှည့်ညွတ်အိနေကာ နိုင်ဗိမာန် အမေက ကျက်သရေ ရှိလှသည်။

ရိုကျိုးဦးညွတ်စွာ ဝင်ထိုင်လိုက်ပြီး သူမ ခေါင်းလေး ငုံ့ထားမိ၏။

"မိဘတွေရော နေကောင်းကြရဲ့လား သမီး"

"ဟုတ်ကဲ့ ကောင်းပါတယ် အန်တီ"





"သမီး ဒီကို ဘာလို့ လိုက်လာခဲ့တာလဲ"

"နိုင်ဗိမာန်က နောက်ဆုတ်မယ်လို့ ကတိပေးလို့ပါ"

"ဟင်"

သွေးတိုးစမ်း စကား ခေါ်ပေမယ့် သူမရဲ့ သိမ်မွေ့ညင်သာသော အဖြေက သားအတွက်တော့ စိတ်မကောင်း ဖြစ်သွား၏။ ဒီကို ရောက်လာပြီး ဒီက အဆောင်အယောင် ခမ်းနားထည်ဝါမှုတွေကို မြင်တွေ့တာတောင် သူမရဲ့ ဆုံးဖြတ်မှုကို မပြင်တော့တာ အံ့ဩဖို့ ကောင်းသည်။

နဖူးပြေပြေ နှာတံစင်းစင်း၊ ဝင်းဝါသော အရေ၊ နီထွေးစိုလက်နေသည့် နှုတ်ခမ်း၊ အခြယ်အသကင်းပေမယ့် ဝင်းမွတ်ရှန်းလက်တောက်ပသော ဒီမိန်းကလေးရဲ့ အလှနှင့် ဝတ်စားနေထိုင်ပုံက ဘယ်သူနဲ့မှ မတူဘဲ ထူးခြားသေသပ်လွန်းသည်။

ကျက်သရေရှိသော တည်ငြိမ်ထည်ဝါသော ဣန္ဒြေများဖြင့် ကောင်းခြင်းမင်္ဂလာတွေ ပြည့်စုံတဲ့ အလှပိုင်ရှင် ဖြစ်နေ၏။

ဒါကြောင့် သားလေးက အရူးအမူး စွဲလမ်းနေရှာတာနေမှာ။ သား ပြောဖူးသော ကလေးအမေဆိုတာတောင် ခေါ်ဆင့်ဆင့်လှိုင် ယုံရခက်နေသည်။

"သားက သမီးနဲ့ဆက်ဆံရေးကို ပြောပြတယ်၊ အန်တီ ဘာကြောင့် သမီးကို ခေါ်တွေ့တယ်ဆိုတာ သမီး သိသလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး အန်တီ၊ နိုင်ဗိမာန်က အန်တီနဲ့ လိုက်တွေ့ပေး

အန်တီ ပြောတဲ့စကားတွေ နားထောင်ပြီးရင်တောင် သူ့ကို လက်မခံ

သေးဘူးဆိုရင် သူ နောက်ဆုတ်ပေးပါမယ်လို့ အလေးအနက် ကတိ

ထားတဲ့အတွက် သွန်းဆက် လိုက်လာတာပါ"

"သားကို ဘာကြောင့် ခါးခါးသီးသီး ငြင်းဆန်ရတယ်ဆို

အကြောင်းပြချက် ရှိလား သမီး"

"ရှင် သွန်း သွန်းဆက်က ကလေးအမေ"

"အဲဒါကို သား သိတယ်လေ၊ သိသိကြီးနဲ့ သမီးကို တွယ်

နေခဲ့တာ မဟုတ်လား၊ သမီးရဲ့ အိမ်ထောင်နဲ့ အတိအလင်း လက်

ထိုး ကွဲထားကြတာလား"

"ရှင် ဟို အဲ အဲဒါ"

"ဆုံးသွားတာလား သမီး၊ မုဆိုးမ တစ်ခုလပ်ဆိုတာ

အိမ်ထောင်သည် အမျိုးသမီးတိုင်း ကြုံတွေ့ရတတ်တာပဲ"

"အင်း အဲ ဟို ဟိုလေ"

ဒေါ်ဆင့်ဆင့်လှိုင်ရဲ့ အငိုက်မိစေတဲ့ မေးခွန်းတွေကြောင့်

မျက်နှာလေး နီမြန်းကာ ကတုန်ကယင် အထစ်ထစ် အငေါ့ငေါ့

ပြောရမှန်းမသိ ဖြစ်နေရသည်။ ဒီထက် ဆိုးဆိုးဝါးဝါး ဂုဏ်သိက္ခာ

ဆင်းရလောက်တဲ့ အဖြေမျိုးကိုလည်း မပေးချင်။





ရက်စက်လိုက်တာ မမခေတ်ရယ်လို့ ရင်ထဲက ညည်းညူမိရင်း

ကျင်စူးရှနေကာ မျက်ရည်တွေတောင် ကျချင်လာသည်။ အပျိုစင်

ယောက်ရဲ့ ဂုဏ်သိက္ခာတွေ၊ မမခေတ်ရဲ့ အတ္တတွေကြောင့် ပျက်စီး

ကြွမ္ဘ စုတ်ပြတ်သတ်နေပြီ။

"သမီး အိမ်ထောင်သည် မဖြစ်နိုင်ဘူး၊ အဲဒီ ကလေးကို

မွေးစားထားတာလား"

"ရှင် မ မဟုတ်ပါဘူး"

"ဒါဆို ဆွေမျိုးသားချင်းထဲက ကလေးတစ်ယောက်လား"

သူမ ဘယ်လို ပြန်ဖြေရမှန်းမသိအောင် မေးခွန်းတွေက ကျပ်

သည်။ ခေါင်းကို တွင်တွင်ငုံ့ရင်း တစ်ဖက်နဲ့တစ်ဖက် ဆုပ်နယ်နေမိတဲ့

က်ဖဝါးလေးထဲမှာ ချွေးစေးတွေတောင် ပြန်နေ၏။

"သမီး ရှက်နေတာ၊ ထူပူပြီး ပြန်မဖြေနိုင်တာတွေက ကလေး

မေ မဖြစ်နိုင်ဘူးဆိုတာ သက်သေခံနေပါတယ်၊ ပြီးတော့ သမီးရဲ့

ဆင့်အတန်းရှိရှိ ပြင်ဆင်နေထိုင်မှု ရိုးသားမှုတွေကို အန်တီ မိန်းမချင်း

ကြည့်လို့ သိနေတယ်၊ လျှို့ဝှက်ထားရမယ့် အကြောင်းအရာဆိုရင်

ဘာ့ ထားလိုက်ပါတော့၊ ဒါပေမဲ့ အန်တီ့သားကိုတော့ လက်ခံပေးပါ"

"ဟင့် ဟင့်အင်း"

သူမ အလန့်တကြား ငြင်းမိပြန်သည်။ ဒေါ်ဆင့်ဆင့်လှိုင်က



www.burmeseclassic.com

www.burmeseclassic.com



သူမကို ခြုံငုံကြည့်ကာ ခပ်လွင့်လွင့်ပြုံးသည်။ ဒေါ်မြင့် လာချပေးတဲ့ အအေးခွက်လေးကို သူမ လက်ထဲ ထည့်ပေးကာ

''အအေးလေး သောက်လိုက်ပါဦး သမီး၊ သမီး အရမ်း စိတ်လှုပ်ရှားနေတယ်''

သူမက အအေးခွက်လေးကို နည်းနည်းသောက်လိုက်ပြီး စား ပေါ် ပြန်တင်လိုက်ကာ အရှိန်အဝါ ကြီးလွန်းပေမယ့် ကြင်နာရုံးကိုက်တင် တဲ့ ဒေါ်ဆင့်ဆင့်လှိုင်ကို မဝံ့မရဲ မော့ကြည့်မိသည်။

''သမီး နားလည်အောင် အန်တီ ပြောပြမယ်၊ အန်တီ့သားတွေ ကို အန်တီ အရမ်းချစ်တယ်၊ သူတို့ စိတ်ချမ်းသာမှုကို အလေးထားတယ် သူတို့ ဖြစ်ချင်တာတွေကို စဉ်းစားဝေဖန်ပြီး ဖြစ်သင့်ဖြစ်ထိုက်တာ လိုက်လျောတယ်၊ အဲဒါကြောင့် သားကြီးက သူ့ကဏ္ဍနဲ့သူ ပြီးသွားပြီ သားငယ်လေးက သမီးကို ချွဲလမ်းနေတယ်၊ အရက်တွေသောက်လာ အထိ မူးရူးခံစားနေတယ်၊ သားတွေကို ချစ်တဲ့ မိခင်တစ်ယောက်အနေ ဘယ်လိုလုပ် စိတ်ချမ်းသာမှာလဲ သမီးရယ်''

နိုင်ဇီမာန် ဒီလောက်ထိ သူ့အိမ်မှာ ဖြစ်ပျက်နေတာတွေ တော့ မသိပါ။ သူမကို မြတ်မြတ်နိုးနိုး အလေးအနက် ချစ်နေတာကိုတော့ ခံစားလို့ ရနေသည်။

သူမကရော





''သမီး ရင်ထဲကို အန်တီ လှမ်းမြင်နေပါတယ်၊ သားလေး အပေါ် တစ်ခုခု ခံစားမှု မရှိရင် ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒီအိမ်ကို လိုက်လာစရာ အကြောင်းမရှိဘူး မဟုတ်လား''

''ရှင် ဟို ဟို အဲဒါက''

''အန်တီ နားလည်တယ် သမီး၊ သမီးမှာ ဒီကလေးနဲ့ပတ်သက် ပြီး လျှို့ဝှက်မျိုသိပ်ထားရမယ့် ကိစ္စတွေ ရှိနေတယ် မဟုတ်လား၊ အဲဒီ အကြောင်း အန်တီ နောက်ထပ် မမေးတော့ပါဘူး၊ ဒါပေမဲ့ ခုနက ပြောသလို အန်တီ့သားလေးကို လက်ခံပေးပါ၊ သမီးတို့အိမ် မိသားစုကို ရော သမီးပညာရေးဆုံးခန်းတိုင်တဲ့အထိ နောက်ဆုံး ဘဝတစ်ခုလုံးအထိ အန်တီ တာဝန်ယူပါတယ်၊ ဒါဟာ အန်တီတို့ရဲ့ ပကာသနတွေနဲ့ သမီးရဲ့ ဆုံးသားကို အရိပ်မည်းကြီး လွှမ်းမိုးခံလိုက်ရတယ်လို့ မအောက်မေ့ပါနဲ့ သားသမီးကို ချစ်တဲ့မိခင်တစ်ယောက်ရဲ့ မေတ္တာတရားလို့ နားလည်ပေးပါ၊ အန်တီ တောင်းပန်ပါတယ် သမီးရယ်''

ဒီလို လူမျိုးရဲ့ တောင်းပန်တိုးလျှိုးမှုကို ခံရတော့ မြသွန်းဆက် အနေရ အထိုင်ရ ခက်ကာ မျက်နှာပူ အားနာမိသည်။

နိုင်ဇီမာန် ရှင်က ကျွန်မကို မလူသော မလွန်သော ကျဉ်းထဲကျပ် ထဲ ထားရစ်ခဲ့ပြီး ရှောင်ထွက်နေတာလား။

ဒီလိုတွေ ဖြစ်သွားအောင်လို့ တမင်တကာ ကတိတွေပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရအောင်ခေါ်လာခဲ့တာလား။ တစ်လမ်းလုံး ဘာစကားမှ မပြောတဲ့ ဣန္ဒြေ
ရလာခဲ့တဲ့ ရှင့်ကို ကျွန်မ နည်းနည်းပါးပါး သက်ာမကင်း သံသယ
ဝင် ခဲ့မိဖို့ကောင်းတယ်။

ခုတော့

"မေမေ ဒေါ်မြင့်တို့ ထမင်းပွဲပြင်ပြီးပြီ၊ တစ်ခါတည်း စားလိုက်
ရအောင်"

"ဪ အေး သား စားမယ်လေ၊ မြသွန်းဆက် သမီး အန်
တို့ ထမင်းစားပြီးမှ စကားဆက်ပြောရအောင်နော်၊ သိမ်သိမ်မွေ့မွေ့လေး
နဲ့ အရမ်းလှတဲ့ သမီးကို မြင်နေရတာ အန်တီ စိတ်ချမ်းသာလိုက်တာ
ကွယ်"

သူမလက်ကို တယုတယ ဆွဲခေါ်သွားတဲ့ ဒေါ်ဆင့်ဆင့်လှိုင်
နောက်က ခပ်ရှိုရှိုလိုက်နေမိရင်း မြသွန်းဆက် တိတ်တဆိတ် သက်ပြင်း
တွေ ချနေမိသည်။ ထမင်းစားခန်းထဲရောက်တော့ ဟင်းခွက်ပေါင်းများစွာ
နှင့် ဆုံလည်ထမင်းဝိုင်းကြီးက ခမ်းနားစွာ ကြိုဆိုနေခဲ့သည်။

"ဒီနေ့ ထမင်းဝိုင်းက မိသားစုတော့ မစုံဘူး သမီးရေ၊ သားကြီး
က အရေးပေါ် စင်ကာပူကို ခရီးထွက်သွားရတယ်၊ ကိုယ့်မိသားစု
သဘောထားပြီး ရင်းရင်းနှီးနှီး စားသောက်ပါနော်"

ငြင်းဆန်လို့မရ ရှောင်လွှဲလို့ မရနှင့် ထမင်းဝိုင်းကို ထိုင်မိ





ာ သူမ အကျင့်အတိုင်း လူကြီးသူမကို အရင်ဆုံး ဦးချမိသည်။

ဣန္ဒြေရ ငြိမ်သက်နေတဲ့ နိုင်ဗိမာန် ထမင်းပန်းကန်ထဲကိုလည်း
ခပ်ချဉ်ချဉ်နှင့် ကြက်အသည်းအမြစ် ဦးချလိုက်သည်။

"ဒေါ်မြင့်တို့ နောက်ကျနေပြီ ထမင်းတစ်ခါတည်း ဝင်စားလေ"

ဒေါ်မြင့် ထမင်းရှူးပြီး စားပွဲဝိုင်း ဝင်ထိုင်တော့လည်း သူမ
ပန်းကန်ထဲ ဟင်းမထည့်တဲ့ ဒေါ်မြင့်ကို အလျင်မီအောင် ဦးချလိုက်သည်။
နောက်မှ သူမအထဲ အနည်းအကျဉ်း ခပ်ထည့်၍ ခေါင်းလေးငုံ့၍ စားနေ
သည်။

အိမ်ဖော်တွေနှင့် ထမင်းတစ်ဝိုင်းတည်း တူတူစားတာ ဒေါ်ဆင့်
ဆင့်လှိုင်တို့ မိသားစုပဲ ရှိပေလိမ့်မည်။ အဆင့်အတန်း မခွဲတဲ့ ဓလေ့
အကျင့်လေးက ချစ်စရာကောင်းကာ ကြည်နူးဖို့လည်း ကောင်းနေ၏။

"အစ်ကိုလေး မမလေးထဲ ဟင်းထည့်ပေးလေ၊ ညီသည်က
ည့်ပေးနေရတယ်"

"မမက ဦးချတာ အကျင့်ပါနေလို့ပါ၊ နေပါစေ မမ စားတတ်ပါ
တယ်"

မိလုံးဘက် တရင်းတနှီး ပြောပြီး ဣန္ဒြေရရ ထမင်းပြန်စားနေ
လိုက်သည်။ သူမ ဘာလုပ်လုပ် မျက်လုံးဒေါက်ထောက် အကဲခတ်နေ
သော ဒေါ်ဆင့်ဆင့်လှိုင်က ကျေနပ်အားရစွာ ပြုံးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထမင်းစားခန်းဝ ရောက်နေတဲ့ ခေတ်တော်ဝင် ခြေလှမ်းဒေ ဖြုန်းခနဲ နောက်ဆုတ် ရပ်တန့်သွားသည်။ အသားတွေ ဆတ်ဆတ်တု ကာ ဖြိုကျလုလု ယိမ်းယိုင်နေ၏။

မြသွန်းဆက်က ဒီအိမ်ကို ဘယ်လိုလုပ် ရောက်လာတာလဲ ဒေါ်ဆင့်ဆင့်လှိုင်ရဲ့ ထမင်းစား ဖိတ်ကျွေးခြင်းကို ခံရတဲ့အဆင့်ကိုတော ရောက်သွားခဲ့ပြီလား။

"တောက်"

လက်သီးကို ဆုပ်၊ အံကို တင်းတင်းကြိတ်ကာ အကြိမ်ကြိ တက်ခေါက်မိရင်း ဒေါသသွေးတွေ ဆူဝေ၍ ရှေ့တိုးရခက် နောက်ဆုတ် ခက် ချီတုံချတုံ ဖြစ်နေသည်။

မြသွန်းဆက် ဘာတွေပြောလို့ ဒေါ်ဆင့်ဆင့်လှိုင်တို့ ဘာတွေ သိသွားပြီးပြီလဲ။

"ဟော ခေတ်တော်ဝင်ပါလား။ လာလေ ထမင်း တစ်ခါတည် ဝင်စား။ သားကြီး မရှိလို့ ဒီအလုပ်ပိတ်ရက် ရောက်မလာတော့ ထင်နေတာ"

အမယ်လေး ရင်ထဲက ဘုရားတကာ ကိုင်ထားတဲ့ ဇွန်းဒေ လွတ်ကျတော့မတတ် မြသွန်းဆက် ကတုန်ကယင် အထိတ်တလ





ဖြစ်သွားသည်။ မမ.မမခေတ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေပါလား။ ဘယ်လိုများ ပေါက်ကွဲပြီး သူမကို ဘာတွေ ပြောမှာပါလိမ့်။

"ဧည့်သည် ရောက်နေတာလား"

"ဟုတ်တယ် ကျွန်တော်ပြောတဲ့ မြသွန်းဆက်ပါ၊ မေမေ ထမင်း အဖိတ်လို့ ကျွန်တော် ခေါ်လာတာ"

အငေါ်တူးတူး နိုင်ဇိမာန်ရဲ့ အဖြေကြောင့် ဖြတ်အရိုက်ခံလိုက် သလို ခေတ်တော်ဝင် မျက်နှာ လည်ထွက်သွားကာ သပြေသီးမှည့်ရောင် န်းသွား၏။

ဒါပေမဲ့ ခံစားမှုတို့ကို သိုဝှက်ကာ အပြုံးလွှင့်လွှင့်ဖြင့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"နိုင်ဇိမာန် မိန်းကလေးက မဆိုးပါဘူး။ ကလေးရှိတယ်ဆို ခေါ်မလာဘူးလား"

မြသွန်းဆက် ဆတ်ခနဲ တုန်သွားသည်။ မမခေတ် ပါးစပ်များက ပြုံးနေပေမယ့် အံကြိတ်ပြီး မေးလိုက်တယ်ဆိုတာ သူမ သိသည်။ ပြန် ပြောစရာ စကားလုံးတွေ ရင်ထဲမှာ ပြည့်နေသော်လည်း သူစိမ်းတွေရှေ့မှာ သနာ မဖြစ်ချင်ပါ။

မမခေတ် မေးခွန်းကို မြသွန်းဆက် မဖြေတော့ နိုင်ဇိမာန်က

"သူ ကလေးခေါ်လာလာ မခေါ်လာလာ ခင်ဗျားနဲ့မဆိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အပိုတွေ ဘာမှမပြောပါနဲ့''

ခေတ်တော်ဝင် မှဲ့ခနဲ ဖြစ်သွားသည်။ နိုင်ဗိမာန်က မြသွန်းဆ

နှင့် ပတ်သက်လျှင် ဆတ်ဆတ်ထိမခံပါလား။ ဒီတစ်ခါ ဒေါ်ဆင့်ဆင့်လှိုင်

ကလည်း ဝင်ရောက်ဟန့်တားခြင်း မရှိဘဲ ထမင်းကိုဟန်မပျက် ဆက်

နေသည်။

မိလုံးက ခေတ်တော်ဝင်ကို ထမင်းခူးပေးတော့ ခေတ်တော်

လက်ကာလိုက်ကာ

''ခေတ် ထမင်းမစားတော့ဘူး အန်တီ၊ သူငယ်ချင်းတစ်ယော

ရဲ့ ညစာခံပွဲ သွားရမှာမို့ ဒီကို ခဏဝင်လာခဲ့တာ၊ ဟိုရောက်မှ စားလို

တော့မယ်''

ဒေါ်ဆင့်ဆင့်လှိုင်က ဝတ္တရားကျေ ခေါင်းညိတ်ပြပြီး ဘာ

မပြော။ နိုင်ဗိမာန်က သိသိသာသာ ငြိမ်သက်တိတ်ဆိတ်သွားတဲ့ မြသွ

ဆက် ပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးကာ လောကွတ်လုပ်

သည်။

ဒေါ်မြင့်နှင့်မိလုံးကလည်း မြသွန်းဆက်ကို ဖေးဖေးမမ။ အ

ရှာစရာမလိုအောင် သူမက လူပိုသက်သက် ဖြစ်သွားသည်။

ရင်ထဲက ပြင်းထန်စွာ တက်ခေါက်မိရင်း မြသွန်းဆက်

ရှုးရှုးစိမ်းစိမ်း စိုက်ကြည့်လိုက်၏။ မြသွန်းဆက်က ခေါင်းပင် မော့မလာ





မြသွန်းဆက် နင့်ရဲ့ ရောင့်တက်မှုတွေအတွက် နင် တစ်ခုခု

ပြန်ပေးဆပ်ရမယ်။ ဒီနေရာကို ငါက စွန့်လွှတ်မှုတွေ အများကြီးနဲ့

ရောက်အောင် တိုးဝင်လာခဲ့ရတာ။

နင်က ညင်ညင်သာသာ ရှောရှောရှူရှူ ရောက်လာလို့ ဖြစ်မ

သား။ နင်က ငါ့လမ်းကြောင်းရဲ့ အနှောင့်အယှက် အဟန့်အတား

တစ်ခုပဲ။ နင် ဘယ်တော့မှ ငါရထားတဲ့နေရာကို အလွယ်တကူ ရောက်

လာစေရဘူး။

အဲဒါ ငါ့ရဲ့ကျိန်စာပဲ မြသွန်းဆက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဖြန်း ဖြန်း"

မြသွန်းဆက် ပါးပြင်လေး နှစ်ဖက် ပူထူကျိန်းစပ်သွားသည်
စည်းနှောင်မထားတဲ့ ဆံနွယ်လေးတွေလည်း လွင့်ခနဲ ခါထွက်သွား

ရှုးခနဲ ပြန်မော့ကြည့်လိုက်တော့ ခေတ်တော်ဝင်က အမြင်က
စရာကောင်းလောက်အောင် နှုတ်ခမ်းပါးလေးတွေကို မဲ့ရွဲ့ထား၏။

"နင့်ကိုငါ အတန်တန် သတိပေးခဲ့တယ်၊ မပတ်သက်ဖို့ မရင်း
ဖို့ ငါ ပြောထားတယ်၊ ဟိုဘက်က အငမ်းမရ ကြိုဆိုတာနဲ့ ငါ့ကို ဓ
စိုက်စရာ မလိုဘူးဆိုတဲ့ သဘောလား၊ ဟုတ်လား မြသွန်းဆက်"

"အဲဒီအိမ်ကို ဘာကြောင့် ရောက်သွားရတယ်ဆိုတဲ့ မေးခွန်း
အရင် မေးဖို့ကောင်းတယ်"

"မေးစရာ လိုသေးလား၊ ဟိုအိမ်ပေါ် အခန့်သားရောက်ပြီ





ထမင်းဝိုင်းဖွဲ့စားနေတာ ဘယ်အဆင့်ရောက်နေပြီလဲ ငါ သိတယ်"

"အဲဒါ မမခေတ်ဘက်က အတွေးလေ၊ သွန်းဆက်ကတော့ နိုင်ဗိုမာန် နောက်ဆုတ်မယ်လို့ ကတိပေးလို့ လိုက်သွားခဲ့တာ"

"ဘာ"

ရှုးခနဲ အော်ကာ ခေတ်တော်ဝင် မျက်လုံးလေး ပြူးလည်သွား၏။ သွန်းဆက်ကတော့ ပါးပြင်လေးနှစ်ဖက်ကို ပွတ်သပ်ရင်း ရင်ထဲမှာ သွေးစိမ်းရှင်ရှင် ပန်းထွက်လောက်တဲ့ အနာတရ ကြီးကြီးမားမား ရသွားခဲ့၏။

အဖေ အမေနှင့် ဝသုန်လေးတို့ ရပ်ကွက်ဘုရားပွဲ သွားနေချိန်မှာ မမခေတ်တော်ဝင် စိတ်ဆိုးမာန်ဆိုး အိမ်ထဲဝင်လာကာ အမေးအမြန်း မရှိ ပါးရိုက်တာ ခံလိုက်ရသည်။

တုံ့ပြန်ချင်စိတ်နှင့် စိတ်က တင်းခနဲ ဖြစ်သွားသော်လည်း ထောက်ထားငဲ့ညှာရမယ့် မျက်နှာတွေကို မြင်ယောင်ကာ ထိန်းသိမ်းလိုက်ရပြန်သည်။

ဒါပေမဲ့ ဒဏ်ရာရ ကျားနာတစ်ကောင်လို မခံစားနိုင်စွာ ဆတ်ဆတ်တုန်နေမိသည်။

"နင် ခုနက ဘာပြောလိုက်တယ် သွန်းဆက်၊ နိုင်ဗိုမာန်က နောက်ဆုတ်မယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရင်ထဲမှာ ဘယ်လို ဆန္ဒတွေရှိနေတယ်ဆိုတာ မသိပေမယ့် သူ အဲလို ပြောလာလို့ လိုက်သွားခဲ့တာပါ"

"ဒါပေမဲ့ သူ့အမေရှေ့မှာ နင် မငြင်းဆန်ခဲ့ဘူး မဟုတ်လား ချစ်ကြင်နာ မြတ်နိုးနေတဲ့ အရိပ်အရောင်တွေကို ငါ တွေ့တယ်၊ ငါ ပြောတာကိုတောင် မကြိုက်တဲ့ ပုံစံမျိုးနဲ့ ငါ့ကို အရင်လို ဟက်ဟက်ပက် ပက် မဆက်ဆံလိုက်ဘူး၊ နိုင်ငံခြားဖိမာန်ကရော ဘာထူးလဲ၊ နင့်ကို ပြောတာ ဆတ်ဆတ်ထိမခံနိုင်တဲ့ ပုံစံမျိုး ဖြစ်နေတယ်လေ"

မမခေတ်က အခဲမကြေစွာ လေသံတွေက မာကျောခက်ထန် နေသည်။ ဘယ်လိုမှ ဖြေရှင်းလို့ မရ။ ပြောသမျှ စကားတွေကို ဆင်ခြေ တွေလို့သာ အောက်မေ့နေသည်။

"သူတို့ဘက်က ဘာတွေဖြစ်နေနေ၊ ခုချိန်မှာ သွန်းဆက် စိတ် ထဲ ဘာမှ မရှိသေးဘူး"

"အခု မရှိသေးဘူးဆိုတော့ နောက်ဆိုရင် မပြောနိုင်ဘူးဆိုတဲ့ သဘောပေါ့၊ နင် တစ်သက်လုံး အဲလို လုပ်လို့ မရဘူး သွန်းဆက် နင်တို့ကို ငါ ကြည့်ရှုစောင့်ရှောက်နေတာ ငါ့ဘဝအတွက် ခလုတ်ကန်သင်း အနှောင့်အယှက် ဖြစ်ဖို့ မဟုတ်ဘူး၊ အေး နင့်ဘက်က ကင်းရှင်းတယ်ဆို ရင် အခု ငါပြောတဲ့ စကားကို သေချာ နားထောင်"

ဘယ်လို အကြံဉာဏ်တွေ ထုတ်သုံးဦးမှာလဲ မသိ။ အရှေ့





အနောက် နှစ်ခါက်လောက် လျှောက်ပြီးမှ မြသွန်းဆက်နှင့် မျက်နှာချင်း ဆိုင် ဆက်တီခုံလေးမှာ ဆောင့်ခနဲ ဝင်ထိုင်သည်။

"နင် နိုင်ငံခြားကို ပညာတော်သင်သွားဖို့ ငါ အကုန်အကျခံ စီစဉ်ပေးမယ်"

"ဟင် သွန်း၊ သွန်းဆက်က ဒီမှာ ကျောင်းတက်နေတာ"

"ငါ သိတယ်၊ နင် အခု အလုပ်သင်ဆရာဝန် တက်ပြီးရင် ဘွဲ့လွန်အတွက် နိုင်ငံခြားမှာ တက်ရမယ်၊ နိုင်ငံခြားမှာ ကျောင်းတက်ဖို့ ဘယ်လောက် ငွေကြေးကုန်ကျမယ်ဆိုတာ နင် သိပါတယ်၊ နင် ဒီမှာ ရှိလို့ မဖြစ်လို့ ငါ စီစဉ်ရတာ"

"ဒီမှာ ဝသုန်လေးကို အမေတို့နဲ့ချည်း ထားခဲ့လို့ ဘယ်ဖြစ်ပါ့ မလဲ၊ မမခေတ် ဖြစ်ချင်တာတွေချည်း တွေးမနေနဲ့၊ သွန်းဆက် မရှိရင် ကလေးတစ်ယောက်နဲ့ အမေတို့ အခက်အခဲ ဖြစ်သွားလိမ့်မယ်"

"အဲဒါ နင် ပူစရာ မလိုဘူး သွန်းဆက်၊ အမေတို့က ကလေး တစ်ယောက်ကို တာဝန်မယူနိုင်တဲ့ အိုနာကျိုးကန်းတွေ မဟုတ်သေးဘူး၊ လုပ်နိုင်ကိုင်နိုင် အရွယ်ကောင်းတွေ ရှိသေးတယ်၊ နင် ဆရာဝန်ဖြစ်မှ သူတို့ကို သက်တောင့်သက်သာ နေနိုင်းပေါ့"

ရူးရဲသော အကြည့်၊ စိမ်းသက်သော ဥပေက္ခာစကားတွေနှင့် ခေတ်တော်ဝင်က ပြတ်သားနေသည်။ မြသွန်းဆက် ရင်ထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဗလောင်ဆူလျက် ဘာတွေလုပ်ရမှန်းမသိ ဆုံးဖြတ်ဝေခွဲမရ ဖြစ်နေသည်။

နိုင်ငံဗိမာန် အမေ အခွင့်အရေး ပေးနေတာကို သူမက မယူချင်တာ။ မက်မောမှုတွေကြောင့် သူ့သားကို လက်ခံလိုက်တာမျိုး မဖြစ်ချင်။

မမခေတ်ကို ပြန်တိုက်ခိုက်ဖို့ ခေါ်ဆင့်ဆင့်လှိုင်ပေးတဲ့ လက်နက်ကောင်းတွေ ရှိလျက်နဲ့ သူမ လက်လှမ်းယူရမှာ တွန့်ဆုတ်နေသည်။ အခွင့်အရေး ပေးမှ နိုင်ငံဗိမာန်ကို လက်ခံလိုက်တာလို့ အထင်မြင်သေးရှုတ်ချသွားလျှင် သူမ ဘဝ အကောင်းအတိုင်း ဖြစ်လာပါ့မလား။

ဒါဆိုလျှင် မမခေတ် ဆန္ဒအရ အားလုံးကို ခွဲခွာသွားရရင်ရော သူမ ခံနိုင်ရည် ရှိပါ့မလား။ ခံစားနိုင်ပါ့မလား။

ဘယ်လိုတွေးတွေး သူမအတွက် သက်တောင့်သက်သာ မရှိပါ။ နည်းအမျိုးမျိုးဖြင့် နှိပ်စက်တတ်လွန်းသော မမခေတ်ကိုသာ နာကြည်းခံခက်စွာ ကြည့်နေမိသည်။

"ပန်းချီကား တစ်ချပ်ကို ပုံဖော်ဖန်တီးတဲ့နေရာမှာ စုတ်ချက်ကြမ်းကြမ်းတွေ ခဲကြောင်းတွေ၊ ဖောင်ဒေးရှင်းရှိမှ ကိုယ်လိုချင်တဲ့ ပုံစံမျိုး လှပအသက်ဝင်တာ၊ ငါ့ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက်လည်း ဘယ်သူ့ကိုမှ ငါ ပြန်ငဲ့ကြည့်လို့မဖြစ်ဘူး။ နှိပ်စက်မှုတွေ ရက်စက်မှုတွေ ဥပေက္ခာတွေ အမှန်းတရားတွေ ငါလိုသလို ဆွဲသုံးနေရမှာပဲ၊ ငါ့ဘဝကနင့်လို ဆေးကျောင်းကို ကြော့ကြော့လေး တက်ရသလို မလှပခဲ့ပါဘူး





အသိဉာဏ်မဲ့ပြီး ယောကျ်ားနောက် လိုက်မိလို့ ယောက္ခမတွေ၊ ယောင်းမတွေရဲ့ ငြိုငြင်မှုကို ခံခဲ့ရတယ်၊ အနေအစား ဆင်းရဲချို့တဲ့ခဲ့တယ်၊ မုဆိုးမဘဝကိုရောက်ပြီး ကလေးကို ခက်ခက်ခဲခဲ မွေးခဲ့ရတယ်"

အဲဒီဘဝ ရောက်အောင် ဘယ်သူက တိုက်တွန်းခဲ့လို့လဲလို့ မြသွန်းဆက် မေးကြည့်ချင်လှသည်။ ထိုအချိန်ကလည်း အဖေ အမေရဲ့ ဆုံးမဩဝါဒတရား ဆုံးမသွန်သင် စကားတွေကို စော်ကားပြီး ယောကျ်ားနောက် လိုက်သွားခဲ့တာ မဟုတ်ဘူးလား။

အကြောင်းလည်း မကြား၊ ဘယ်ကိုလိုက်ရှာရမှန်းလည်း မသိနှင့် မိဘတွေ ဘယ်လောက်တောင် ပူပင်သောကတွေ ရခဲ့ရသလဲ။ အဖေဆိုလျှင် သမီးကြီးကို အချစ်ဆုံးမို့ ကျန်းမာရေး ချို့တဲ့တဲ့ အထိ စိတ်ထိခိုက်ခဲ့သည်။

ဤကဲ့သို့ စိတ်နှလုံးမထူလို့လည်း အလုပ်လုပ်ရင်း သွေးတိုးလွန်ကာ လေဖြတ်ခဲ့ရတာ။

ဒါတွေကိုတော့ မမခေတ် ဘာလို့ မေ့ထားခဲ့တာလဲ၊ ဘယ်သူ့ကိုမှ ကိုယ်ချင်းမစာနာတတ်သူမို့ တွေးပေးရကောင်းမှန်း မသိတာလား။ မမခေတ် သူပြောချင်ရာတွေ ပြောပြီး ပြန်သွားတော့ မြသွန်းဆက် ချုံးပွဲချကာ ငိုပစ်လိုက်သည်။

"မေမေဆက် မေမေဆက် ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးကို ခေတ်တော်ဝင် ဘာပြောသွားပြန်ပြီလဲကွယ် အိမ်အဝမှာ တွေ့တာလည်း ဆောင့်ကြီးအောင့်ကြီးနဲ့ နှုတ်တောင် ဆက်မသွားဘူး"

"အဖေ သူ့ကို သမီးအရာ မထားတော့ဘဲ တစ်ခုခု လုပ်ပစ်တော့မယ်"

အားလုံး တစ်ယောက်တစ်ပေါက် ခံပြင်းစိတ်တွေဖြင့် မြသွန်းဆက် အနား ဝိုင်းအုံထိုင်လိုက်ကြသည်။ မြသွန်းဆက် မျက်ရည်တွေကို ကပျာကယာ သုတ်ကာ မချိတင်ကဲ ပြုံးပြလိုက်ရသည်။

အမေတို့ကို ဒီထက်ပိုပြီး မခံစား မနာကျင်စေချင်တော့ပါ။

"မမခေတ်က သွန်းဆက်ကို နိုင်ငံခြား ကျောင်းသွားတက်စေချင်လို့ လာပြောတာပါ။ သွန်းဆက်က အားလုံးနဲ့ ခွဲရမှာစိုးလို့ ဝမ်းနည်းနေတာ"

"အာ နိုင်ငံခြား ဘာလို့ သွားရမှာလဲ၊ ဒီဘွဲ့ရလည်း ဆရာဝန် လုပ်စားလို့ ရနေပြီပဲဟာ၊ အမြဲတမ်း သူ့စိတ်တိုင်းကျ လိုက်လုပ်နေလို့ ဖြစ်မလား"

"သမားတော်တို့ ပါရဂူဘွဲ့တို့ရတော့လည်း ဒီထက် ဂုဏ်မြင့်တာပေါ့ အဖေရယ်၊ သူတောင် ငွေကုန်ကြေးကျခံပြီး လွှတ်သေးတာ၊ သွန်းဆက်က ဘာလို့ မသွားနိုင်ရမှာလဲ၊ အဖေတို့နားမှာ သုံးနှစ်လောက်





နေ့မနေနိုင်တာကို သွန်းဆက် စိတ်မကောင်း ဖြစ်မိတာပါ၊ ဝသုန်လေးကိုလည်း ကျောင်းအပ်ရတော့မှာဆိုတော့ အဖေတို့ အပင်ပန်း မခံနိုင်မှာစိုးလို့ပါ"

"ဒါကတော့ မြေးလေးကို အမေ စောင့်ရှောက်နိုင်ပါသေးတယ် သမီးရယ်၊ သမီးအဖေလည်း ရောဂါသက်သာလို့ လမ်းတော်တော်လျှောက်နိုင်နေပြီ၊ သူ့ဝေယျာဝစ္စ သူ့ဟာသူ လုပ်နိုင်နေပြီ၊ အပန်းမကြီးပါဘူးကွယ်၊ ဒါပေမဲ့ သမီးလေး ဆန္ဒရှိမှ သွားပါ၊ သမီး မသွားချင်ရင် လုပ်ချင်ရင် အမေ သူ့ကိုရအောင် ပြောမယ် သမီး"

ပညာကို လိုချင်ပေမယ့် သွန်းဆက် ဝေခွဲရခက်နေဆဲ ဖြစ်သည်။ အဖေ အမေ ဝသုန်လေးတို့ ပြီးတော့ နိုင်ဇိမာန် မျက်နှာကို မြင်ယောင်သည်။

အစပျိုး ပွင့်လန်းလာတဲ့ နှလုံးသား ပန်းပွင့်လေးကို သူမကိုယ်တိုင် အမြစ်ကဖြတ်၊ အသေသတ်ရတော့မှာလား။

မဆုံဆည်းခင်က ဝေးရတော့မယ် ထင်တယ် နိုင်ဇိမာန်။
ဆုံနိုင်ခွင့်ဝေး
မျှော်တော်ယောင်ငေးလို့
အချစ်ငှက်လေး
အဆိပ်သင့်သွားပြီ နိုင်ဇိမာန်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သားတော့ ခေတ်တော်ဝင်ကို နားမလည် တွေးကြည့်လို့ မရဘူး မေမေ၊ သားကိုစွတွေမှာ၊ ခေတ်တော်ဝင် ဘာလို့ ခဏ ခဏ ဝင်ပါနေရတာလဲ၊ ကိုကို့ဇနီးလောင်း ဆိုပေမယ့် သူ့နေရာနဲ့သူ နေတ အောင် သင်ပေးလိုက်ပါဦး"

"အင်း မေမေလည်း အဲဒီနေ့က တစ်မျိုးတော့ ဖြစ်မိသားကွယ် သားကို ပိုင်ဆိုးပိုင်နင်း စွက်ဖက်ချင်တာထက် မြသွန်းဆက်ကို ပြိုင်ဘ တစ်ယောက်လို တိုက်ခိုက်ချင်နေတာများ ဖြစ်နေမလားဘဲ"

ထိုနေ့က ခေတ်တော်ဝင် မျက်လုံးနှင့်အပြုံးတို့ကို မြင်ယော ကာ ဒေါ်ဆင့်ဆင့်လှိုင် တွေးဆပြီး ပြောလိုက်ခြင်း ဖြစ်သည်။ နိုင်ဗိမာ ကတော့ ခေတ်တော်ဝင် အပြုအမူတွေကို မမြင်လိုက်ပေမယ့် မလိုတ





ပြောတဲ့ အသံကို သတိထားမိလိုက်တာ ဖြစ်သည်။

အဝတ်အစား ဝတ်တာကအစ မြသွန်းဆက်နှင့် နိုင်းယှဉ်ကာ လက်လွန်းသည်ဟု ထင်မိသည်။

မြသွန်းဆက်က ရိုးလွန်းတုံးလွန်းတာ မဟုတ်တဲ့ သိမ်မွေ့မှုလေး ဆွဲဆောင်မှု ရှိသည်။ ဒီဘက်ခေတ်နှင့် ဆံပင်ရှည်က မလိုက်ဖက် သော်လည်း မြသွန်းဆက်ကတော့ နွဲ့အိမှောင်ကျနေတဲ့ ဆံနွယ်တထွေး ဖြင့် ကဇျာဆန်လှသည်။

ခေတ်တော်ဝင်ကတော့ ဒီလို မဟုတ်။ ဂုတ်အောက် မရောက် ရောက် ဆံပင်လေးကို ဆေးရောင်အမျိုးမျိုး ကာလာတင်လျက် ဖြောင့် က် ကောက်လိုက် အမြဲတမ်းလိုလို ပုံသွင်းနေသည်။ မျက်နှာလေးက ည်း မြသွန်းဆက်လို ဘာမှလိမ်းခြယ်ခြင်း မရှိဘဲ လှပဝင်းဖန့်နေတာ း မဟုတ်။

တန်ဖိုးကြီး ပစ္စည်းများဖြင့် ထောက်ပံ့မှုယူကာ ပြုပြင်ဖန်တီး ားခြင်း ဖြစ်သည်။

ဘာဖြစ်ဖြစ် ခေတ်တော်ဝင်ကို အပြိုးကြီးကြီး မုန်းနေတာတော့ ဟုတ်ပါ။ ကိုကို့ရဲ့ဇနီးလောင်း တစ်ယောက်အနေဖြင့် ရှိသေလေးစား န်ဖိုးထားချင်သည်။ ဒါပေမဲ့ ခေတ်တော်ဝင်က သူ့ လေးစားခံရအောင် နေ။



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးပေးထားတာကို နေရာတကာ အခွင့်ကောင်း
ကာ ဆရာကြီး ဝင်လုပ်ချင်သည်။ သူသိ သူတတ် စွက်ဖက်လွန်း
ထက်မြက်တာမှ မဟုတ်တာ။

မြသွန်းဆက်နှင့် ပတ်သက်လျှင် သူ လုံးဝ သည်းမခံနိုင်

"မြသွန်းဆက်ကို သား အိမ်ပြန်လိုက်ပို့တော့ လမ်းမှာ ဘာ
ပြောဖြစ်ကြသေးလဲ"

"ဘာမှ သိပ်မပြောဖြစ်ဘူး မေမေ၊ ခေတ်တော်
ထိန်းသိမ်း မှုမရှိတဲ့ မေးခွန်းကြောင့် တုန်လှုပ်နေတာ ဖြစ်
တစ်လမ်းလုံး ငြိမ် ပြီး တစ်ခုခုကို တွေးလာသလိုပဲ"

"အင်း မြသွန်းဆက်မှာ သူ့အတွက်ကြောင့် မဟုတ်တဲ့
ကြောင်း မရှင်းတာတွေ ရှိနေတာ သေချာတယ် သား"

"ဗျာ သူ့ကြောင့်မဟုတ်ဘဲ"

"ဟုတ်တယ် မြသွန်းဆက်က သူ လုပ်တဲ့အပြစ်ဆိုရင်
မယ့် မိန်းကလေးမျိုးကွဲ၊ သတ္တိရှိတယ်၊ ရဲရင့်တယ်၊ ဒါပေမဲ့ မပွင့်လ
တခြားအကြောင်းတွေ သူ့မှာရှိတယ်၊ တိတိကျကျ မပြောနိုင်
အဲဒီကလေးဟာ သူ့ကလေး မဖြစ်နိုင်ဘူး"

"ဒါဆို မြသွန်းဆက်နဲ့ သားကို မေမေ သဘောတူတယ်

"သူ့ကို မမြင်ရခင်ကတည်းက မေမေ အတတ်နိုင်ဆုံး





လျော့မယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အခု မြင်လိုက် တွေ့လိုက် စကားပြောလိုက်ရတော့ သူ့ကို မေမေ သဘောကျပါတယ်၊ ချစ်လည်း ချစ်တယ်၊ သားနဲ့လိုက်ဖက်တယ်လို့လည်း မေမေ ထင်တယ်"

"ကျေးဇူးတင်ပါတယ် မေမေ၊ ဒါပေမဲ့ သားက နောက်မပတ် သက်တော့ပါဘူးလို့ အာမခံပြီး မေမေ့ဆီကို ရအောင် ခေါ်လာခဲ့တာ"

ဒေါ်ဆင့်ဆင့်လှိုင် တဟင်းဟင်း ရယ်သွမ်းသွေးကာ သား ဆံပင်လေးတွေကို ဖွဖွသပ်တင်ပေးလိုက်သည်။

"သား အခု တကယ်နောက်ဆုတ်တော့မယ်ပေါ့၊ ရှေ့က သား ကောင်ကို ခုန်အုပ်မယ့် ကျားက နောက်ခြေတစ်လှမ်းဆုတ်ကြည့်တာမျိုး မဟုတ်ဘူးလား"

"ဟဲဟဲ သားနည်းနည်းလေး ဉာဏ်ဆင်လိုက်တာပါ၊ နောက်လည်း မဆုတ်ဘူး၊ စွန့်လည်းမစွန့်လွှတ်ဘူး၊ မေမေ့ကို လိုက်တွေ့ပေးလို့ ပိုတောင် ချစ်သွားသေးတယ်"

"သားကတော့လေ အဲဒီဘက်မှာချည်း အားစိုက်ထုတ်နေလို့ မဖြစ်သေးဘူးနော်၊ ကျောင်းပြီးတာ ကြာနေပြီ၊ ကုမ္ပဏီမှာ ဘာအလုပ်မှ ထဲထဲဝင်ဝင် မကျွမ်းကျင်သေးဘူး"

"ခဏပဲစောင့်ပါ မေမေ၊ မြသွန်းဆက်နဲ့အဆင်ပြေသွားရင် အဲဒီအလုပ်တွေကို သား စိတ်ပါဝင်စားပြီး လုပ်မှာပါ၊ ကိုကိုတို့ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီးရင် သား မင်္ဂလာပွဲ ဆက်သွားအောင်လို့ သားက ကြိုးစားနေ

တာ''

''ဟုတ်ပါပြီရှင်၊ မေမေကလည်း သားတွေ ချွေးမတွေ မြေးတွေ

နဲ့ ပျော်ပျော်ကြီး နေချင်လှပါပြီ၊ ချွေးမ အလိမ္မာလေးတွေကို အိမ်ကိုသာ

ပါအောင် ခေါ်ခဲ့''

''ဟာ အဲဒါတော့ မေမေ့ဆန္ဒအပြည့်အဝ ဖြစ်နိုင်မယ် မထင်ဘူ

မေမေ၊ မြသွန်းဆက်မှာက အဖေ အမေနဲ့ သားလေး ဝသုန်ရှိသေ

တယ်၊ ဟိုတစ်လှည့် ဒီတစ်လှည့်ပေါ့''

''ဟုတ်ကဲ့ ဟုတ်ကဲ့ သားတော်မောင် စီမံသလို နာခံပါ့မယ်ရှင်''

ဒေါ်ဆင့်ဆင့်လှိုင်က နိုင်ဗိမာန် ဘာပြောပြော ကြည်နူးပြုံးပျေ

နေသည်။ သား လူရွေးမမှားဘူးဆိုတာ ဒေါ်ဆင့်ဆင့်လှိုင် သိနေပေ

''မြသွန်းဆက်နဲ့သား လက်ထပ်ဖြစ်ရင် အဆင့်မြင့် ပုဂ္ဂလိ

ဆေးခန်းကြီး တစ်ခု မေမေ လက်ဖွဲ့မယ် သား၊ မြသွန်းဆက်ရဲ့ မိသား

အဆင့်အတန်းမြင့်မြင့် နေနိုင်အောင်လည်း မေမေ ကူညီမယ်''

''ဟာ တ တကယ်ပြောတာနော် မေမေ''

''တကယ်ပေါ့ သားရယ်၊ သားတို့ဖေဖေ ရှာဖွေစုဆောင်းခဲ့သ

တွေ မေမေ လက်ထက်မှာ တိုးပွားလာတဲ့ စည်းစိမ်ဥစ္စာတွေက သား

အတွက်ပါပဲ၊ မေမေက အိမ်မှာ မြေးတွေကို ထိန်းကျောင်းသွန်သင်ရ





စိတ်ချမ်းသာသာ နေရရင် တော်ပြီ၊ မေမေ ပင်ပန်းခဲ့ပြီးပြီလေ''

မေမေရဲ့ တန်ဖိုးရှိတဲ့ အလေးအနက် စကားတွေကို ကြားရ

သော့ နိုင်ဗိမာန်ပိုပြီး စိတ်အားထက်သန်လာသည်။ မြသွန်းဆက် မျက်နှာ

လေးကို မြင်ယောင်ပြီး အပြေးသွားပြောချင်လှ၏။

ပကာသနတွေ ဂုဏ်မနေတွေနှင့် မြူဆွယ်စည်းရုံးနေတယ်လို့

များ မြသွန်းဆက် ယူဆသွားလေမလား။

သူမမှာ မက်မောမှုတွေ လောဘတွေ မရှိတာ သူ သိသည်။

သူ့အိမ်ကို ရောက်လာလို့တောင် မြသွန်းဆက် မျက်လုံးတွေ အရောင်

တောက် ပြောင်းလဲခြင်းမှ မရှိခဲ့တာ။

မင်း ဘာမှ မလိုချင်လည်း ပေးချင်နေတာ ဘယ်လိုလုပ်ရမလဲ

မြသွန်းဆက်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မြသွန်းဆက်"

"ဟင်"

ဟင်ခနဲ လှည့်ကြည့်ပြီး မြသွန်းဆက် သူ့ကားအနား ခပ်ဖြည်းဖြည်း လျှောက်လာ၏။ နောက်ဆုတ်မယ်ဆို ဘာလို့ စောင့်နေတာလဲလို့ မြသွန်းဆက် မမေး။

မှုန်ဖွေးဝင်းဖန့်နေသော မျက်နှာလေးမှာ အရောင်တွေ ဖြတ်ပြေးလျက် အေးစက်စက် ဖြစ်နေသည်။

"ကန်တော်ကြီးဘက် မောင်း နိုင်ဗိမာန်၊ ကျွန်မတို့ ခဏ စကားပြောရအောင်"

"စားသောက်ဆိုင် တစ်နေရာရာ သွားမလား"





"ဟင့်အင်း ခဏလောက် ထိုင်လို့ရမယ့်နေရာဆိုရင် အဆင်ပြေတယ်"

ဟိုအရင်က မြသွန်းဆက် ကျောင်းသွားတိုင်း သူ ဖွတ်အတင်းသွားတတ်တဲ့ နေရာလေးကို မြသွန်းဆက်က သွားရအောင်လို့ ပြောပေမယ့် နိုင်ဗိမာန် ဝမ်းမသာနိုင်ပါ။

သွေးအေးတည်ငြိမ်နေတဲ့ မြသွန်းဆက်ဆီမှာ တစ်စုံတစ်ရာ တောက်လိုသော ဆန္ဒတွေ ရှိနေလေသလား။

ကန်တော်ကြီးအတွင်း ပတ်လမ်းလေးအတိုင်း မောင်းဝင်လာ င်း အရိပ်အရဆုံး သစ်ပင်လေးအောက်မှာ ကားထိုးရပ်လိုက်သည်။ ကန်စွာ ကားတံခါးဖွင့်ဆင်းရင်း မနီးမဝေး ထိုင်ခုံလေးမှာ ထိုင်လိုက်ပြီ၏။

"နောက်ဆုတ်မယ်လို့ ကတိပေးပြီး လာစောင့်နေမိလို့၊ မင်းထဲမှာ ပြောချင်နေတဲ့ စကားတွေ ပြည့်နေပြီလား"

"..."

သူ့မေးခွန်းကို မဖြေဘဲ မြသွန်းဆက်ဘက်က သက်ပြင်းရှိုက် သံ့သံ့ကြားရသည်။

"အဆောင်အယောင် ဂုဏ်ပကာသနတွေနဲ့ မင်းကို လွှမ်းမိုး ကိုင်ထားဖို့ စိတ်ကူး မရှိပါဘူး သွန်းဆက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောမယ့် စကားကို ရှင် စိတ်ရှည်ရှည်နဲ့ နားထော
ပေးနိုင်မလား နိုင်ဇိမာန်"

"ဗျာ ပြော် ဟုတ်ကဲ့ ပြောပါ သွန်းဆက်"

"ကျွန်မ နိုင်ငံခြားကို ဘွဲ့လွန်သွားတက်တော့မယ်"

"ဟင် ကျ ကျွန်တော်နဲ့ ဝေး ဝေးအောင်လို့လား သွန်းဆ
ရယ်"

နိုင်ဇိမာန် အထိတ်တလန့် တုန်ယင်စွာ မေးတော့ မြသွန်းဆ
ယှဲ့ယှဲ့လေး ပြုံး၏။

"အဲဒါ အမှန်ပဲ နိုင်ဇိမာန်၊ ဒါပေမဲ့ ကျွန်မ ဆန္ဒနဲ့ မဟုတ်
ဘူး"

"ဘယ် ဘယ်သူက သွားစေချင်တာလဲ၊ ဘယ်သူ တိုက်တွ
တာလဲ"

"အဲဒါကိုလည်း ရှင်သိအောင် ကျွန်မ ပြောပြမှာ မဟုတ်ပါဘူ
ဒါပေမဲ့ ကျွန်မ ဆုံးဖြတ်ထားတာ တစ်ခုတော့ ရှိတယ်"

စိတ်ဝင်စားမှု ရှိပေမယ့် မျက်နှာတစ်ခုလုံး နီမြန်းကာ ဆံ
တွေကို ခဏ ခဏ သပ်တင်ပြီး နိုင်ဇိမာန် ရင်တွေ ပူနေသည်။

မြသွန်းဆက်ဆီက သူနဲ့ဝေးကွာစေမယ့် ဒီလို အဆိုးဝါး
စကားတွေ ကြားရလိမ့်မည် မထင်မိ။





မြသွန်းဆက်က အဝေးကိုငေးကာ

"ပညာစုံလို့ ပြန်ရောက်လာရင် ကျွန်မ ဖြစ်ချင်တာတွေ လုပ်
ချင်တာတွေ ဖြစ်အောင် လုပ်တော့မယ်"

"..."

"ဘာတွေလဲလို့ ရှင် မမေးတော့ဘူးလား"

"မေးချင်ပေမယ့် မကြားချင်တာတွေ ကြားရမှာစိုးလို့"

ရင်ဘတ်ရှေ့နှင့် မျက်နှာတစ်ဝိုက် ဝေ့ဝဲကျနေတဲ့ ဆံနွယ်တွေ
ကို အသာအယာ လက်နှင့်ဖယ်ရှားလိုက်ရင်း နိုင်ဇိမာန်ဘက်ကို တစ်ချက်
ငဲ့ကြည့်လိုက်သည်။

ဒီနေ့မှ ထူးထူးခြားခြား နိုင်ဇိမာန်က နံ့သာရောင် ပုဆိုးကွက်
စိပ်လေးကို ဝတ်လာကာ တီရှပ်လက်ရှည်အဖြူလေးနှင့် ရှင်းသန့်တောက်
ပနေ၏။ နီညိုရောင် ကတ္တီပါ ဖိနပ်လေးနှင့် ဖြူဖွေးသန့်စင်နေသော
ခြေအစုံက လိုက်ဖက်တင့်တယ်နေသည်။

ဘယ်အချိန်ကြည့်ကြည့် ဗိုသီဗတ်သီ ဖရိုဖရဲ မရှိ၊ ဒီလို ပြည့်စုံ
နေတဲ့ ယောကျ်ားတစ်ယောက်ကို သူမ ဘယ်လို အင်အားနှင့် ထားရစ်ခဲ့
ရမှာလဲ။

"ကျွန်မ ရှင့်အချစ်တွေကို ထုပ်ပိုးသိမ်းဆည်းသွားမယ် နိုင်ဇိ
မာန်၊ ပြန်လာရင် ရှင့်အတွက် အကောင်းဆုံး အဖြေတစ်ခုခုကို ပြန်ယူ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မယ်''

''ဗျာ တ တကယ်လား မြသွန်းဆက်''

''ကျွန်မ ရင်ထဲရှိတာတွေ အမှန်အတိုင်း မပြောဖြစ်တာ ကြာပြီ အခု ကျွန်မ ပြောလိုက်တာ ရင်ထဲက သစ္စာစကားပါ''

''ဝမ်းသာလိုက်တာ မြသွန်းဆက်ရယ်၊ ကျွန်တော့်အတွက် အဲလို စဉ်းစားပေးလို့ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဘယ်လို ပုံစံမျိုးနဲ့ လွမ်းကျန်ခဲ့ရမှာလဲ မြသွန်းဆက်''

''ရှင့်စိတ်ထဲ ရှိသလို လွမ်းပေါ့ နိုင်ဗိမာန်ရယ်၊ ကျွန်မလည်း ဒီထက်ပိုပြီး မတတ်နိုင်တော့ဘူး''

အသံတိမ်တိမ်လေးဖြင့် ပင့်သက်ရှိုက်ရင်း မြသွန်းဆက် ညည်းညူ၏။ ဒီအချိန်မှာ မြသွန်းဆက် လက်ကလေးကို တရားဝင် ဆုပ်ကိုင်နှစ်သိမ့်ခွင့် ရရင် ဘယ်လောက်ကောင်းမလဲ၊ နဖူးလေးပေါ် နွဲ့ကျနေတဲ့ ဆံနွယ်လေးတွေကို ဖွဖွသပ်တင်ပေးခွင့်ရလျှင်လည်း ဒီကမ္ဘာပေါ်မှာ သူ့လောက်ပျော်ရွှင်ကြည်နူးမည့်သူ ရှိလိမ့်မည် မထင်။ ခုတော့ လွမ်းရမှာတောင် ပါမစ်မကျသလို အစိပ္ပါယ်တွေ အံမဝင်ချေ။

''နိုင်ငံခြား မသွားခင် မေမေ့ကို တစ်ခေါက်လောက် လိုက်တွေ့ပေးပါဦးလား မြသွန်းဆက်''

''ဟင့်အင်း ပြန်လာမှ လေးလေးစားစား လာတွေ့ပါမယ်၊





ကျွန်မ ရှင့်အမေရဲ့ မေတ္တာတွေကို လေးစားတယ် နိုင်ဗိမာန်၊ အဆင့်အတန်း မခွဲခြားတတ်တာလေးကိုလည်း ချစ်တယ်''

''ကျွန်တော့်ကိုရော တစ်ခါတည်း အဖြေပေးသွားလို့ မရဘူးလား''

''လောဘကြီးတဲ့သူကို ကျွန်မ မုန်းတယ် နိုင်ဗိမာန်၊ ကျွန်မ ပေးခဲ့တဲ့ မျှော်လင့်ချက်တွေနဲ့ ရှင် မရောင့်ရဲနိုင်ဘူးလား''

''ကျွန်တော် အတိအကျ သေသေချာချာ လွမ်းခွင့်ရချင်လို့ပါ၊ အခုဟာက ချစ်သူရည်းစားလည်း မဟုတ်သေးဘူး၊ ရင်းနှီးပတ်သက်ဖို့ ဆိုတာလည်း မြသွန်းဆက်က ကျွန်တော့်ကို တစ်ချိန်လုံး နှင်ထုတ်နေခဲ့တာ''

''အလွမ်းကို မဝေခွဲတတ်ရင် မလွမ်းနဲ့ပေါ့ နိုင်ဗိမာန်၊ ကျွန်မ ရှင့်ကို ဖွတ်မလွမ်းခိုင်းပါဘူး၊ ကျွန်မ ပေးခဲ့တဲ့ မျှော်လင့်ချက်တွေအပေါ်မှာ စိတ်မရှည်ရင်လည်း နောက်တစ်ယောက် ပြောင်းချစ်နိုင်ပါတယ်''

''ကျွန်တော့်ကို သံသယ မဝင်ပါနဲ့၊ မြသွန်းဆက် ထားခဲ့တဲ့နေရာမှာ ကျွန်တော် ဒီအတိုင်း ကျန်နေခဲ့မှာပါ၊ အံမဝင်တဲ့ အလွမ်းတွေကို မြတ်မြတ်နိုးနိုး တွေးပွေ့ရင်းနဲ့ပေါ့ မြသွန်းဆက်ရယ်''

ညင်သာစွာ လမ်းခွဲခဲ့ကြပြီး စူးနင့်သော မျက်ဝန်းတွေနှင့် နှုတ်ဆက်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်တွေကို မိနစ်တွေက ဝါးမြို၊ မိနစ်တွေကို နာရီတွေက သိမ်းပိုက်၊ နေ့ရက်တွေကို နှစ်လတွေက အဆိပ်သင့်စေပြီး အချိန်ဆိုင်ရာ ယန္တရားကြီးကို မြန်မြန်ကုန်ဆုံးပါစေဟု ဆုတောင်းမိသည်။

သစ်ရွက်တွေက အကြွေမြန် အဝေမြန်။

ပန်းလေးတွေက ပွင့်လိုက် ဖူးလိုက်၊ ပျောက်ကွယ်သွားလိုက် အသစ်ပြန်ပေါ်လိုက်။

မကျွမ်းခင်က လွမ်းနှင့်တဲ့ အံ့မဝင် အလွမ်းတွေနဲ့ ကျန်ရစ်ခဲ့တာပါ မြသွန်းဆက်ရယ်။

■ ■ ■



## အခန်း (၂၃)

"ဒါဆို မြသွန်းဆက်က မင်းကို ပုံပြောသွားတာ မဖြစ်နိုင်ဘူးပေါ့"

"ပုံပြင်ဆိုရင်တောင် အဲဒီပုံပြင်လေးကို ငါ ညတိုင်းကြားယောင်ပြီး အိပ်ပျော်အောင် ကြိုးစားမယ် မင်းဝေ"

"ပြန်လာရင် မင်းလိုချင်တဲ့ အဖြေရမယ် ထင်လား"

"မြသွန်းဆက် လိမ်ညာပြောသွားတာ မဟုတ်ဘူးလို့ ငါ ယုံတယ်၊ သူ့မျက်ဝန်းထဲက အလင်္ကာတွေက သက်သေပဲလေ၊ သူ ပြန်လာမှာ သေချာပါတယ်၊ ငါ့အတွက် အချစ်တွေလည်း သယ်ဆောင်လာလိမ့်မယ်"

နိုင်ဗိမာန် ပုံစံက ထိုင်းမှိုင်းတွေဝေနေတာ မဟုတ်ဘဲ ပေါ့ပါးသွက်လက် တက်ကြွနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နလံမထတော့ဘဲ အချစ်လူမမာကို မြသွန်းဆက် ကျွေးခဲ့ ဖြေဆေးက အစွမ်းထက်လှသည်။ ထူထူထောင်ထောင်ဖြင့် အလွမ်းတွေ ငိုကြွပွဲ့တတ်နေ၏။

"မင်းအခု မရီးနဲ့အစ်ကိုကို ကုမ္ပဏီမှာ အထိုင်ထားပြီး နိုင်ငံခြ ကို အလှည့်အပြောင်း ခရီးထွက်နေတာ မဟုတ်လား၊ သူနဲ့ သွားမတွေ့ ဘူးလား"

"သူ ရှိတဲ့နိုင်ငံကိုလည်း ရောက်ပါတယ်၊ သူက လာမတွေ့ ချင်ဘူးလေ၊ ပညာသင်နေချိန်မှာ စိတ်ကသိကအောက် အနှောင့်အယှ မဖြစ်စေချင်ဘူးတဲ့၊ ပြန်လာမှာ သေချာနေတဲ့ သူ့ကို ငါကလည်း အဲ မဖြစ်စေချင်ပါဘူး"

"မင်း မရီးနဲ့အစ်ကိုကတော့ လက်ထပ်ပြီးကတည်းက တတွဲ ပဲနေ၊ သူတို့ ကလေးမယူကြသေးဘူးလား"

"ခေတ်တော်ဝင်က လွတ်လွတ်လပ်လပ် နေချင်သေးတယ် လက်ထပ်ပြီးမှ အချိုးပြောင်းသွားတာ၊ အစကတော့ မေမေ လိုချင် မြေးတွေကို အများကြီး မွေးပေးတော့ မလိုလို့နဲ့"

"နိုင်ငံခြားကို မင်းအစ်ကိုနဲ့မရီး ထွက်ရင်လည်း ပစ္စည်း အရမ်းဝယ်ပြီး ငွေတွေဖြုန်းလို့၊ မင်းအမေက နေရာအပြောင်းအ ဖြစ်အောင် မင်းကို နိုင်ငံခြားတွေ ခရီးထွက်ခိုင်းနေတာ မဟုတ်လာ





"ဟုတ်တယ် အစက ငါက မြန်မာပြည်က ကုမ္ပဏီမှာ တာဝန် ယူရတယ်၊ ကိုကိုတို့ လင်မယားက နိုင်ငံခြား ကုမ္ပဏီမှာ ခဏ ခဏ သွားနေရတာပေါ့၊ အခုတော့ ငါက ခရီးထွက်နေရပြီး သူတို့က ရုံးထိုင် ဖြစ်သွားပြီ"

ပြောရင်းနှင့် နိုင်ဗိမာန်က အေးစက်နေပြီဖြစ်သော ကော်ဖီ ခွက်ကို အကုန်မော့သောက်ချလိုက်၏။

"ကိုကိုက ဖြန့်ချိရေးနဲ့ ဈေးကွက်ရှာတာ တော်ပါတယ်၊ ဒီမိန်းမ ကလည်း သူများတွေထက် ပစ္စည်းထုတ်လုပ်တဲ့နေရာမှာ အပြည့်အဝ စံချိန်မီအောင် လုပ်နိုင်တယ်၊ အရမ်းထက်မြက်ပြီး အစွမ်းအစ ရှိပါတယ်၊ ဟင်း ဟင်း ယောကျ်ားဖြစ်တဲ့ ကိုကို့ကိုတောင် ကြိုးကိုင်နိုင်တဲ့ အရည် အချင်း ရှိတယ်"

"မင်းအစ်ကိုကလည်း တပြုံးပြုံးနဲ့ ခံချင်နေတာပဲ မဟုတ်လား"

"သူ ချစ်လို့နေမှာပေါ့ကွာ၊ မေမေကတော့ မုန်းချက်နဲ့ နှမ်းထွက် သိပ်မကိုက်ဘူးလို့ ညည်းတယ်၊ ခေတ်တော်ဝင်က ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး၊ မဝတ်ဘူးတာတွေ ဝတ်ချင်တယ်၊ မစားဘူးတာတွေ စား ချင်တယ်၊ ပင်ပန်းလို့ဆိုပြီး ဟိုတယ်တွေမှာ အနားသွားယူတတ်တာ လောက်ပါပဲ၊ ဒီစည်းစိမ်တွေ သူမှ မခံစားဘူးတာ၊ ခွင့်လွှတ်နိုင်တဲ့ အမှားအယွင်းတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေက နိုင်ဗိမာန် ပခုံးကို ဖတ်ခနဲ ပုတ်ပြီး ပြုံး၏။

"မင်းတို့ မိသားစုမျိုးကတော့ ရှားပါတယ်ကွာ၊ အရမ်းနားလည်မှု ရှိတယ်၊ အိမ်ဖော်တွေကိုလည်း အဆင့်အတန်း မခွဲဘဲ အခွင့်အရေးတွေ ပေးပြီး ဆက်ဆံတတ်ကြတယ်"

"မေမေက အမြဲသင်တယ်၊ လူလူချင်း စာနာစိတ်ထားပြီး လူပီသအောင် နေပါတဲ့၊ ဆင်းရဲချမ်းသာ ပညာရှိနဲ့ ပညာမဲ့ ဘယ်လိုပဲ ကွဲပြားခြားနားပါစေ လူတွေချည်းပဲတဲ့လေ၊ မကောင်းတဲ့သူကိုလည်း ကံကြမ္မာက သူ့ဟာသူ ဒဏ်ခတ်လိမ့်မယ်တဲ့"

"မင်းအမေ အိုင်ဒီယာ အရမ်းကွတ်တယ်၊ မကောင်းတဲ့သူကို တုဖက်ပြိုင်နေရင် ကိုယ်ပါ မကောင်းတဲ့လူ ဖြစ်သွားလိမ့်မယ်၊ ရှောင်နိုင်ရင် ရှောင်၊ မရှောင်နိုင်ရင် ဥပေက္ခာပြုလိုက်ရုံပဲပေါ့၊ ဒါနဲ့ မြသွန်းဆက်ရော ခေတ်တော်ဝင်လို မိန်းကလေး ဖြစ်လာနိုင်မလား"

မင်းဝေ မေးခွန်းက နိုင်ဗိမာန် မျက်နှာကြီး ရှုံ့မဲ့သွားစေ၏။

"မြသွန်းဆက်ကို မင်း တစ်ခါမှ မတွေ့ဘူးလို့ သံသယဝင်နေတာ၊ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ မေမေတောင် လက်ခံတယ်ဆိုရင် မင်း စဉ်းစားကြည့်ပေါ့၊ မြသွန်းဆက်က အရောင်ပြောင်းမလွယ်တဲ့ တန်ဖိုးရှိတဲ့ မိန်းကလေးပါ၊ သူ သွားတဲ့နေ့က ငါ့ကို လေယာဉ်ကွင်း လိုက်ပို့ခွင့်မပြုခဲ့ဘူး၊ ပြန်လာရင်တော့ လာကြိုပါလို့ မှာခဲ့တယ်"





"မင်းက အဲဒါကို ကြည်နူးနေတာလား၊ သွားခါနီးမှ ရင်ကွဲနာ
ာအောင် မျှော်လင့်ချက် ပေးခဲ့တာရော မဖြစ်နိုင်ဘူးလား"

"အချစ်က နီးခြင်း ဝေးခြင်းတွေ မြင်တွေ့ရခြင်း၊ ဥပေက္ခာပြု
ခြင်းနဲ့ မဆိုင်ဘူး၊ ချစ်နေတဲ့ စိတ်တစ်ခု ရှိနေဖို့ပဲ အရေးကြီးတာ"

"ဒါဆို မြသွန်းဆက် သူ ပြန်လာလည်း မင်းကို အဖြေမပေး
ဆိုရင် ဖြစ်တယ်ပေါ့၊ အဖြေပေးမှာ သေချာသိလို့ အဲဒီလို ယုံကြည်ချက်
နေတာလား"

မင်းဝေရဲ့ ပြုံးစိစိ မေးခွန်းကြောင့် ပခုံးတွန့်ကာ ပြုံးရယ်ရင်း
ကျီကော်လံစကို လက်နှစ်ဖက်ဖြင့် ဟန်ပါပါ မကာ

"ယုံကြည်ချက်တွေ ရှိတာပေါ့ကွာ၊ ကိုနိုးယား မင်းသားလေးလို
ချာတဲ့ ငါ့လိုကောင်ကို မြသွန်းဆက် မချစ်ဘဲ နေနိုင်ပါ့မလား ဟဲ
ဲ"

မြသွန်းဆက် အကြောင်းပြောလျှင် နိုင်ဗိမာန် အမြဲတမ်း အူမြူး
နေတတ်သည်။ အလွမ်းတွေ တမေ့တပိုက်နှင့် နေခဲ့ရတာတောင် မျှော်
သင့်ချက်တွေ ရှင်သန်နေသေးသည်။

ဒီဘဝမှာ ဒီတစ်ခါပဲ ချစ်ခဲ့ဖူးတာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဒီအိမ်လေးမှာ မြသွန်းဆက် မရှိကတည်းက သွေ့ခြော
ခြောက်နှင့် သန့်ရှင်းတောက်ပြောင်မှုလည်း မရှိ။ ဝသုန်လေးကလ
ကျောင်းသားကြီး ဖြစ်နေပြီဆိုတော့ သူ့ဝေယျာဝစ္စကလည်း မလွ

ကျန်းမာရေး ကောင်းနေပြီဆိုပေမယ့် ပင်ပန်းတဲ့ အလုပ်
အလေးအပင်တွေ မလုပ်နိုင်တော့တဲ့ ဦးထင်အောင်ဆီကလည်း ဘာအ
အညီမှ မရ။ ဒါပေမဲ့ ဒေါ်သက်နှင်းချို မညည်းညူပါ။

နိုင်သမျှ ဝန်တွေ ထမ်းရင်း စိတ်ကို ဖြေသည်။ မြသွန်း
မရှိလျှင် ဂရုစိုက်ပါမည်လို့ အာမခံထားတဲ့ ခေတ်တော်ဝင်က
ဟိုအရင်ကလိုပဲ ငွေကြေးထောက်ပံ့တဲ့ အချိန်ခဏလောက်သာ
လာခဲ့သည်။





"နိုင်ဇိမာန်က ဒီအိမ်ကို ခဏ ခဏ လာတတ်တယ်ဆိုတော့ ခေတ် ကြာကြာနေလို့ မဖြစ်ဘူး အမေ၊ ဒေါ်ဆင့်ဆင့်လှိုင်ကသာ ခေတ် ဒီအိမ်နဲ့ပတ်သက်မှုရှိတာ၊ စေ့စပ်ပွဲနေ့က ဆိုလို့သိတာ၊ နိုင်ဇိမာန်က သိတာ မဟုတ်ဘူး၊ ဆိုလိုက်ရင်တော့ ဆက်စပ်တွေးပြီး ပြဿနာတွေ ဆက်လိမ့်မယ်၊ အလုပ်တွေ အမေတစ်ယောက်တည်း မနိုင်ရင် အိမ်ဖော် အစ်ယောက်လောက် ငှားချင်_ငှားပါ၊ ခေတ် ပိုက်ဆံပို့ပေးပါ့မယ်"

ပြောသွားလိုက်တာ လွယ်လွယ်လေး။ အိမ်အစုတ်နဲ့ နေပြီး အိမ်ဖော်ငှားတော့ လူရယ်စရာ မကောင်းဘူးလား။

သမားရိုးကျ အလုပ်တွေပဲမို့ ဒေါ်သက်နှင်းချို လုပ်နိုင်သမျှ လုပ်သည်။ နိုင်ဇိမာန်ကလည်း သမီး နိုင်ငံခြားသွားတာတောင် ကလေး အတွက် လက်ဆောင်၊ မိမိတို့ လူကြီးတွေအတွက် ကန်တော့ဖို့ ပစ္စည်း လေးတွေနှင့် တစ်လတစ်ခေါက် ပုံမှန်ရောက်အောင် လာတတ်သည်။

ရောက်လာတိုင်းလည်း မြသွန်းဆက်ဆီက ဘာသတင်း ကြား သေးလဲ မေးရတာ အမော။

"ခေတ်နဲ့ ဒီအိမ်နဲ့ ပတ်သက်မှုကို နိုင်ဇိမာန် လုံးဝ မသိပါစေနဲ့ အမေ၊ အဲလို ကိစ္စတွေ ဖြစ်မှာစိုးလို့ ခေတ် မင်္ဂလာဆောင်ကိုတောင် အမေတို့ကို မဖိတ်ခဲ့တာ၊ ဒေါ်ဆင့်ဆင့်လှိုင်က ခေတ် မင်္ဂလာဆောင်မှာ ဦးလေးနဲ့ အဒေါ် ဘာလို့ မလာတာလဲလို့ မေးသေးတယ်၊ နေ့ပါက



www.burmeseclassic.com

www.burmeseclassic.com



အမျိုးတစ်ယောက် နာရေးဖြစ်လို့ ခရီးသွားနေတာနဲ့ မလာနိုင်တာ ခေတ် ပြောထားတယ်၊ နောက်တိုက်ဆိုင်လို့ ဆုံဖြစ်ရင် အဲဒီကိစ္စများ ပြီး မဖြေဂိပါစေနဲ့ အမေ''

ခေတ်တော်ဝင်က သူမ ဘဝကောင်းစားဖို့ စည်းစနစ်နဲ့ ကောင်အထည် ဖော်သွားတာ တိကျပီရိလွန်းပါသည်။

ဘာမှမတုံ့ပြန်နိုင်အောင် ငွေကြေး လာထောက်ပံ့တဲ့နေ့မှ ပြောသွားတတ်တာ ဖြစ်၏။

မခံစားနိုင်အောင် နာကျင်နေလို့လည်း အပိုပဲပေါ့။ ရင် လွယ်မွေးပြီး ကိုယ် ပြုစုစောင့်ရှောက်ကျွေးမွေးခဲ့ရတဲ့ သမီးဆိုပေ ခုအချိန်မှာ ကိုယ်က သူတို့လုပ်စာ မျှော်ကိုးပြီး သူတို့ ထောက်ပံ့ အသက်မွေးနေရတာ။

သူတို့ဆန္ဒ သူတို့ပြောသလို နာခံရုံပဲ ရှိတော့တာပေါ့။

''ဘွားဘွား''

''ဟော မြေးလေး ကျောင်းက ပြန်လာပြီ၊ စာမေးပွဲဖြေ လား မြေး''

''ဟုတ်ကဲ့ ဘွားဘွား၊ သားသားတို့ အတန်းပိုင်ဆရာ ဘိုးဘိုးကို ဘာမှာလိုက်လဲ မသိဘူး၊ ဘွားဘွား မေးကြည့်လိုက်ပါဦး''

''ဟဲ ကိုထင်အောင် ရှင့်မြေးက ပြောနေပြီ ဆရာမက ဘာ





လိုက်လဲ ပြောပါဦး''

ဦးထင်အောင်က ဆက်တီခုံလေးမှာ ဝင်ထိုင်လိုက်ပြီး ပြုံးပြုံးကြီး ချောင်းဟန့်၏။

''ဘွားဘွားကြီး ဘိုးဘိုးက ပဲများပြီး ချောင်းဆိုးနေတာ''

''အေးပါကွာ ပဲများတယ်ပဲ ထားပါတော့၊ ဒီလိုကွ မယ်ချိုရဲ ရာမက ပြောလိုက်တယ်၊ မင်းမြေး နောက်နှစ်ဆိုရင် ပညာရည်ချွန်ဆု ပွဲ တက်ရနိုင်တယ်တဲ့၊ အခု သူသင်နေတဲ့ တတိယတန်း တက်တဲ့ ချိန်မှာ ဆုပေးပွဲလုပ်မှာ၊ စာမေးပွဲဖြေပြီး တတိယတန်း တက်တဲ့အချိန် ဆုပေးပွဲ လုပ်မှာ၊ အဲဒါကြောင့် သမီးလေး ပြန်လာတဲ့အချိန်နဲ့ ပေးတဲ့အချိန် တိုက်ဆိုင်ရင် မြေးလေး ပိုဂုဏ်တက်တာပေါ့ကွာ''

''အို ဟုတ်လား၊ မြေးလေးက တော်လိုက်တာကွယ်၊ ကျွန်မ ည်း သမီးလေး ပြန်လာတဲ့အချိန်မှ ဖြစ်စေချင်ပါတယ်၊ သူ့မှာ သူများ တွေလို အဖေ အမေကမရှိ၊ ကျွန်မတို့ကလည်း အသက်တွေ ကြီး ပြီ မဟုတ်လား၊ နိုင်ငံခြားပြန် ဆရာဝန်ကြီးရဲ့ တူလေးဆိုတော့ ပို ကောင်းတာပေါ့''

ဦးထင်အောင်နှင့် ဒေါ်သက်နှင်းချို ပျော်ရွှင်နေချိန်မှာ ဝသုန် း မျက်နှာက မှုန်မှိုင်းမှိုင်း ငိုမဲ့မဲ့ ဖြစ်နေသည်။

''မေမေဆက်တောင် နိုင်ငံခြားက ပညာသင်ပြီးလို့ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ သားသား မေမေက ဘာဖြစ်လို့ အခုထိ ပြန်မလာသေးတာ
ဟင် ဘွားဘွား။ သားရှိနေမှန်းမသိလို့ ပြန်မလာတာလား''

ဒေါ်သက်နှင်းချို ရင်ထဲ နင့်ခနဲ ဖြစ်ကာ ဝသုန်လေးကို ရင်
တွင်းဆွဲသွင်း ပွေ့ဖိုက်လိုက်သည်။

''ပြန်လာမှာပေါ့ မြေးလေးရယ်၊ မေမေက မြေးနဲ့ဘွားဘွား
ထမင်းစားဖို့ သုံးဖို့စွဲဖို့ ငွေတွေပို့ပေးနေတယ်လေ၊ အလုပ်တွေ မအား
မလာသေးတာ နေမှာပါ''

''သူများမိဘတွေလည်း အလုပ်လုပ်ကြတာပါပဲ ဘွားဘွား
ဒါပေမဲ့ သူတို့ သားအမိတွေကို ကျောင်းလိုက်ပို့တယ်၊ မုန့်ဝယ်ကျွေးတ
ပြီးတော့ ဒီလို ဆုပေးပွဲတွေဆိုရင်လည်း အလုပ်က ခွင့်ယူပြီး လာကြတ
တဲ့၊ ဒမေမေက သားသားကို မချစ်လို့ မလာတော့တာပဲ ဖြစ်မယ်''

''မြေးရယ်''

ဝသုန်လေးက လည်လည်ဝယ်ဝယ်လေးနှင့် စဉ်းစားတွေ
တတ်နေပြီ။ အမေကို မုန်းတီးနာကြည်းတတ်လာရင် ဘယ်လိုလုပ်
ခေတ်တော်ဝင် အတွက် ရင်လေးလှသည်။

''ဒီဘက်ကို လာလာနေတဲ့ တီတီကိုရော ချစ်လားဟင်
လေး''

''ချစ်တော့ ချစ်ချင်ပါတယ်၊ ဒါပေမဲ့ သူ့မျက်နှာက ခပ်





ဘည်နဲ့၊ မေမေဆက်လောက် သားမချစ်ဘူး''

''သူက မြေးလေး ကျောင်းဝတ်စုံတွေ လွယ်အိတ်တွေ ဝယ်ပေး
ဘယ်လေ၊ မြေးလေးအတွက် မုန့်ဖိုးတွေလည်း ပေးတယ် မဟုတ်လား''

''သူနဲ့သားသား ဘာတော်လဲဟင်''

''ဟင်''

ဝသုန်လေး အဲလို မေးလိုက်မည် မထင်၍ ဒေါ်သက်နှင်းချို
အငိုက်မိသွားသည်။ ဝသုန်လေးက လိမ္မာရေးခြားရှိသလို စကားပြော
ပါးနပ်လှ၏။ ဒေါ်သက်နှင်းချို ဘယ်လိုဖြေရပါ့မလဲ။ အမှန်အတိုင်း ပြော
လိုက်လျှင် ဘာတွေ ဖြစ်နိုင်မလဲ။

မပြောရင်ရော အမေ့ကို မုန်းတဲ့အစွဲကြီးနှင့် ဝသုန်လေး တစ်
သက်လုံး နာကျင်နေပေတော့မည်။ သမီးလေး လာမှပဲ ပြောပြပါစေ။

''မေမေဆက် ပြန်လာမှ မေးကြည့်နော် မြေးလေး၊ မေမေ
ဆက်ပြောပြလိမ့်မယ်''

''ဘွားဘွားက ဆွေမျိုးမစပ်တတ်ဘူးလား၊ သားက စာစီစာကုံး
ပြိုင်ပွဲမှာ တစ်ခုခု ထည့်ရေးချင်လို့ပါ၊ ဘွားဘွားမသိလည်း နေပါစေ၊
သားသား ကြည့်ရေးလိုက်တော့မယ်''

ဝသုန်လေး အလွယ်တကူ စိတ်လျှော့သွားလို့ တော်ပါသေးရဲ့။
ဘေးကျဉ်နံကျပ် အသက်ရှူတွေပါ ကျပ်ချင်လာသည်။ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင် တစ်သက်လုံး ဒီအတိုင်း နေသွားတော့မှာလား။

ရင်က လွယ်မွေးသော သားကို ဘာလို့များ . . ။

■ ■ ■



အခန်း (၂၅)

"ဘာလို့ ဒီအကြောင်းကိုပဲ ခဏ ခဏ ပြောနေတာလဲ ခေတ်၊ မြသွန်းဆက်ကို လက်ထပ်မှာက နိုင်ငံမာန်လေ၊ ညီလေး သူ့ဟာသူ ဆုံးဖြတ်လိမ့်မယ်"

"မိသားစုကိစ္စမှာ ခေတ်က ဒီလောက်တောင် ပြောခွင့်မရှိဘူး လား ကို၊ နိုင်ငံမာန်နဲ့မေမေကလည်း မြသွန်းဆက် အကြောင်း ခေတ် ပြောရင် လက်မခံချင်ကြဘူး၊ ကိုကလည်း ကိုတို့မိသားစု အိမ်တွင်းရေး ကိစ္စကို ခေတ်ကို ဝင်မပါစေချင်တာလား"

"ကိုတို့ကိစ္စကိုရော ညီလေး ဝင်ပါခဲ့လို့လား ခေတ်ရယ်၊ သူ့ ဟာသူ နေတတ်သလို နေခဲ့တာပဲ၊ အခုလည်း ညီလေးကိုယ်ရေးကိုယ်တာ ကိုတို့ ဝင်မပါသင့်ဘူး၊ မြသွန်းဆက် ဘာကြီးဖြစ်နေနေ ညီလေးနဲ့မေမေ လက်သင့်ခံရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်သစ် ဘယ်လိုပြောပြော ခေတ်က လက်ခံချင်ပုံ မပေါ်။ မျက်ခုံးလေးကိုတွန့် နှုတ်ခမ်းလေးကို မဲ့ပြီး

"အိမ်မှာ ထမင်းနပ်မှန်ရဲ့လား မသိဘူး၊ နိုင်ငံခြားကို ဘွဲ့လွန်သွားတက်တာတဲ့၊ ဘယ်လိုလူမျိုးက ထောက်ပံ့လို့ သွားနိုင်တယ်ဆိုတာ ကိုတို့ သိသလား"

"ကိုကိုစွမှ မဟုတ်တာ၊ ကို သိစရာလည်း မလိုဘူး၊ စုံစမ်းစရာလည်း မလိုဘူး ခေတ်"

"ခေတ်ကတော့ စုံစမ်းရမယ် ကို၊ ဒီမိသားစု ဂုဏ်သိက္ခာကျရင် ခေတ်လည်း ဂုဏ်သိက္ခာ ကျတာပဲ၊ မှဆိုးဖို သူဌေးတစ်ယောက်က အပြည့်အဝ ထောက်ပံ့လိုက်တာတဲ့၊ ပြန်လာရင် မြသွန်းဆက်နဲ့ လက်ထပ်မှာလို့ ပြောတယ်"

"ဘာ"

"အံ့သြမသွားနဲ့ ကို၊ ခေတ်က ဒါတွေကို ကြိုမြင်လို့ နိုင်ဗိမာန်ကို မြသွန်းဆက်တို့အိမ် မသွားစေချင်တာ၊ မျှော်လင့်ချက်တွေနဲ့ စောင့်မျှော်မနေဘဲ၊ ဒီမှာ တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်စေချင်တာ သိရဲ့လား"

နိုင်သစ် ပြူးပြူးပျာပျာ ဖြစ်သွားပေမယ့် ခေတ်တော်ဝင်က ခပ်တည်တည်ပင်။ ဆံလည်ထိုင်ခုံမှာ ခပ်မတ်မတ် ထိုင်လျက် ခြေချိတ်ထား၏။ နှုတ်ခမ်းဖျားလေးတွေက မထိတထိ ပြုံးလျက်





"ကိုတို့ သားအမိတွေက မြသွန်းဆက် ပညာလေး တတ်တာနဲ့ အဆင့်အတန်းရှိမယ် ထင်နေကြတာလား၊ ဟိုက်ဘော့(စ်)တစ်ယောက်ရဲ့ စပွန်ဆာ လုပ်ပြီး သူလည်း ပညာသင်၊ မိသားစုကိုလည်း ထောက်ပံ့နေတာ၊ အဲဒီ ကလေးကလည်း လင့်ကောင်မပေါ်ဘဲ မွေးထားလို့ အတိအလင်း လူရှေ့မပြရဲတာပေါ့ ကိုရဲ့"

"အဲ အဲဒါ အမှန်တွေလား ခေတ်"

"ယုံချင်ယုံ မယုံချင် နေကြလေ၊ ခေတ် ပါးပါးလေးပဲ စုံစမ်းထားတာပါ၊ အဲဒါကြောင့် ကိုအနေနဲ့ နိုင်ဗိမာန်ကို ရအောင် တားစေချင်တယ်လို့ ခေတ် ပြောနေရတာ"

နိုင်သစ် မယုံချင်ဘဲ ယုံလိုက်ရတော့မလို ဖြစ်နေသည်၊ ညီလေးကို ဒီလိုမိန်းကလေးနဲ့တော့ မပတ်သက်စေချင်ပါ။

မေမေကလည်း ညီလေး ပြောတဲ့အတိုင်း ယုံပြီး လိုက်လျောနေခဲ့တာ။ အစကတည်းက မြသွန်းဆက်ကို မလိုလားခဲ့တဲ့ ခေတ်က လိမ်ညာ လီဆယ်ပြောနေတာတော့ မဖြစ်နိုင်။

"ခေတ်တော်ဝင်က မြသွန်းဆက်ကို မနာလို ဖြစ်နေတာ သေချာတယ် သားကြီး၊ သူ ပြောသမျှတွေယုံပြီး မင်းညီလေးကို နားချဖို့ မကြိုးစားနဲ့၊ မင်းညီလေးက မြသွန်းဆက် ပြန်လာရင် လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်အားထက်သန်နေတာ၊ ဟိုကလည်း ပြန်လာရင် အဖြေပေးမယ်လို့ ပြောသွားတယ်''

မေမေ ပြောတာတွေ ပြန်ကြားပြီး ခေတ်တော်ဝင် ပြောသမျှ ပြန်မပြောဖြစ်တာ တော်တော်ကြာနေပြီ။

အခု ခေတ်ပြောတဲ့ကိစ္စက ဆိုးဝါးလွန်းနေတော့ ပြောသင့် မပြောသင့် ချင့်ချိန်ရဦးမည်။ ပြောတိုင်း ညီလေးနဲ့ ပြဿနာဖြစ်ရတာမို့ သူ ဘယ်လိုလုပ်ရရင် ကောင်းမလဲ။

''ဟား စိတ်ပျက်ဖို့ ကောင်းလိုက်တာ''

''ကို မပြောချင်လည်းနေ၊ ခေတ်ကတော့ ဒီကိစ္စကို မေမေနဲ့ နိုင်ဇိမာန် သိအောင် ပြောသင့်တယ်လို့ ထင်တယ်၊ ဟိုက ပြန်လာလို့ အဲဒီပုဂ္ဂိုလ်နဲ့ လက်ထပ်လိုက်ရင် နိုင်ဇိမာန် ရှုံးပြီး ကျန်ခဲ့မှာ၊ မနေနိုင် မထိုင်နိုင် နိုးပြေးရင်လည်း အားလုံး အရှက်ကွဲ သိက္ခာကျမှာ အမှန်ပဲ ကို''

''ကို အခြေအနေကြည့်ပြောပါမယ် ခေတ်ရယ်၊ မင်း အဲဒီ အကြောင်းပြောရင် ညီလေးက အမြင်ကြည်တာ မဟုတ်တဲ့နဲ့ ပြဿနာ ဖြစ်မှာစိုးရိမ်လို့ပါ''

''သိပါတယ် ခေတ်က ကိုတို့ မိသားစုအိမ်တွင်းရေးမှာ ဘာမှ စွက်ဖက်လို့ မရဘူးဆိုတာ၊ ဒါပေမဲ့ ခေတ်ကို နိုင်ဇိမာန် ယူမယ့် မိန်းမနဲ့





အမွေတွေ ခွဲဝေယူရမှာစိုးလို့ မရမက ဉာဏ်များလိုက်ဖျက်နေတယ်လို့ မယူဆစေချင်ဘူး၊ မြသွန်းဆက် မဟုတ်တဲ့ တခြားမိန်းကလေးဆိုရင် ကိုယ်ရမယ့်ထဲကတောင် ခွဲပေးလိုက်ဦးမယ်၊ ခေတ် စေတနာကို နား မလည်လည်း မတတ်နိုင်ဘူး''

ခေတ်တော်ဝင် ခပ်ပြတ်ပြတ် ပြောခဲ့ပြီး ရုံးခန်းထဲက လှည့် ထွက်လာခဲ့သည်။

ဒီပွင်ကို သူမ ခပ်မြန်မြန် အဆုံးသတ်နိုင်အောင် ကြိုးစားမှ ဖြစ်မည်။ မြသွန်းဆက် နိုင်ငံခြားထွက်သွားချိန်မှာ သူမနှင့် နိုင်သစ်တို့ အောင်မြင်စွာ လက်ထပ်နိုင်ခဲ့တယ်ဆိုပေမယ့် မြသွန်းဆက် ပြန်ရောက် လာလျှင် သူမ အကြောင်း အစပြန်ပေါ်တော့မှာ သေချာသည်။

ခုတောင်မှ နိုင်ဇိမာန်က အိမ်ကို ဝင်ချည်ထွက်ချည် ရင်းနှီး အောင် နေနေသည်။ အမေ့ကို ပိတ်ပင်တားဆီးမထားမိလျှင် မလွယ်။

တကယ်လို့ နိုင်ဇိမာန်နှင့် မြသွန်းဆက်သာ လက်ထပ်ဖြစ်ပါက ဒီအိမ်ကြီးထဲမှာ ဘယ်လိုမှ ရှောင်လို့ လွတ်မှာ မဟုတ်။ မြသွန်းဆက် ပြန်လာခါနီးလေ သူမ စိတ်တွေ ဂနာမငြိမ် ဖြစ်နေရသည်။

ဘာတွေဖြစ်လာနိုင်မလဲလို့ တွေးရင်း အိပ်မပျော်နိုင် ဖြစ်နေရ တာ ဘယ်သူ့ကိုမှလည်း ပြောပြလို့ မဖြစ်၊ သက်ပြင်းတွေ ချပြီး အသက်ရှူကျပ်နေခဲ့ရတာလည်း ဘယ်သူမှ မသိ။



www.burmeseclassic.com

မရှိးသားမိတဲ့ စိတ်က ကိုယ့်ကိုယ်ကို ပြန်ဖိစီးနေ၏။

ဒီအချိန် အခိုက်အတန့်အတွင်းက ခဏာလေ်ာတော့ လွတ်မြောက်ချင်လှသည်။

ဘယ်သူ ကယ်တင်နိုင်မလဲ။

■ ■ ■



## အခန်း (၂၆)

"မြသွန်းဆက် ပြန်လာခါနီးလို့ အူမြူးနေတာလား သားငယ်၊ မေမေ့နားကို ဣန္ဒြေရရ ထိုင်စမ်းပါဦး"

ကွန်ပျူတာရှေ့မှာ ထိုင်ပြီး ကိုယ်လေး တလှုပ်လှုပ်ဖြင့် ပေါ့ပါးသွက်လက် တက်ကြွနေသော နိုင်ဝိမာန် နဖူးလေးကို ခပ်ဖွဖွ နမ်းမွှေးကာ ဒေါ်ဆင့်ဆင့်လှိုင် လက်ဆွဲခေါ်လာခဲ့ရသည်။ နိုင်ဝိမာန်က မေမေ့ကို ဖက်တွယ်ပြီး ထလိုက်လာခဲ့၏။

"ဒီတစ်ခေါက် နိုင်ငံခြား အော်ဒါအများကြီး ရတယ်ဆို၊ မေမေတို့ ကုမ္ပဏီက ရေမွှေးက တစ်ကမ္ဘာလုံး ပျံ့နှံ့အောင် နာမည်ကြီးနေပြီပေါ့"

"စီးပွားရေးလုပ်ငန်းရှင်တိုင်း ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် ကြိုးစားနေကြတာပါ၊ သားတို့လည်း နောက်ကျမကျန်ခဲ့အောင် ကြိုးစား

www.burmeseclassic.com



ရတာပေါ့"

"အင်း ဖော်မြူလာနဲ့ ပတ်သက်ရင်တော့ ခေတ်တော်ဝင်က တော်တော် အားကိုးရပါတယ်၊ သားတို့ ကုမ္ပဏီမှာရော အဆင်ပြေကြ တယ် မဟုတ်လား"

"လုပ်ငန်းနဲ့ ပတ်သက်ရင်တော့ အဆင်ပြေပါတယ်၊ အစည်း အဝေး လုပ်ရင်လည်း ကိုကို့ထက်တောင် ခေတ်တော်ဝင်က တိကျသေး တယ်၊ ဒါပေမဲ့ မြသွန်းဆက်ကို အမြင်မကြည်တာ သား စဉ်းစားလို့ မရဘူး"

ဒေါ်ဆင့်ဆင့်လှိုင် ခေါင်းတညိတ်ညိတ်ဖြင့် သက်ပြင်းချ၏။ ဒါကို ဒေါ်ဆင့်ဆင့်လှိုင်လည်း သိသည်။

တကယ်ဆို ခေတ်တော်ဝင်တို့ အိမ်ထောင်ရေးမှာ သားငယ် မစွက်ဖက်ခဲ့တာမို့ ခေတ်တော်ဝင်လည်း နေသာသလို နေသင့်သည်။

လုပ်ငန်းပိုင်းမှာ ကျွမ်းကျင်ထက်မြက်မှု ရှိတာ သဘောကျပေ မယ့် တစ်ခါတစ်ရံ ခေတ်တော်ဝင် စိတ်ကို နားမလည်နိုင်အောင် ဖြစ်ရ သည်။ အထူးသဖြင့် မြသွန်းဆက်နှင့် ပတ်သက်လျှင်ပေါ့။

"မြသွန်းဆက် အကြောင်း ဘယ်သူ ဘာပြောပြော သား စိတ်ဆန္ဒက အရေးကြီးပါတယ်၊ ကိုယ်နဲ့ပေါင်းသင်းဆက်ဆံရမယ့် မိန်း ကလေး ကိုယ့်စိတ်တိုင်းကျ ရွေးထားတဲ့ မိန်းကလေး၊ သား အပြစ်မမြင်





ရင် ပြီးတာပဲလေ"

"ဟုတ်ကဲ့ သားကတော့ သူ ပြန်လာလို့ အဖြေပေးရင် တစ်ခါ တည်း လက်ထပ်မယ်လို့ စိတ်ကူးထားတယ် မေမေ"

"ကိုကို သဘောမတူဘူး ညီ"

"ဟင်"

နိုင်သခံက ကျွန်းဆက်တီခုံကြီးမှာ ဝင်ထိုင်ရင်း ပြောလိုက် တော့ နိုင်ဗိမာန် အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ ကိုကို"

"မင်း သူ့အကြောင်း ဘယ်လောက် စုံစမ်းထားပြီးပြီလဲ၊ ကိုကို သိထားတာက မြသွန်းဆက် မိန်းမကောင်း မဖြစ်နိုင်ဘူး ညီ"

"ဗျာ ကိုကို ဘယ်လိုပြောလိုက်တာလဲ"

နိုင်ဗိမာန် ထိတ်လန့် ပြူးပျာသွားသလို ဒေါ်ဆင့်ဆင့်လှိုင် ကိုယ်လေးလည်း မတ်ခနဲ ဖြစ်သွား၏။

"ဟိုက်ဘော့(စ်)တစ်ယောက်ရဲ့ စပွန်ဆာနဲ့ ကျောင်းသွားတက် တာလို့ ကိုကို သိထားတယ်၊ ပြန်လာရင် လက်ထပ်ကြမှာတဲ့"

"အာ မဖြစ်နိုင်တာ၊ မြသွန်းဆက်က အဲဒီလို အတန်းအစားထဲ က မိန်းကလေး မဟုတ်ဘူး ကိုကို၊ အရမ်းသိမ်မွေ့ပြီး တန်ဖိုးရှိတဲ့ သူပါ၊ ကိုကို့မိန်းမ သတင်းပေးလိုက်တာ ဖြစ်မယ်၊ ဟုတ်လား ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ သတင်းပေးပေး မင်း သိထားတာ တစ်မျိုး၊ ... ဖြစ်နေတာ တစ်မျိုးလည်း ဖြစ်နိုင်တာပေါ့၊ အခု ရှိနေတဲ့ ကလေးတော... လင်ကောင်မပေါ်ဘဲ မွေးထားလို့ လူသိအောင် မပြောရဲတာတဲ့"

"သားကြီး သူများအကြောင်း ပြောတာ စည်းကမ်းရှိပါကွယ်၊ ဂုဏ်သိက္ခာ ထိခိုက်လောက်အောင် ပစ်စလက်ခတ် မဖြစ်ပါစေနဲ့၊ မြသွန်း ဆက်ကို မေမေ တွေ့ကြည့်တာ အဲလို မိန်းကလေး မဖြစ်နိုင်ပါဘူး"

မေမေက မိန်းမချင်း ကိုယ်ချင်းစာကာ မြသွန်းဆက်ဘက်... မခံမရပ်နိုင် ဖြစ်သွားသည်။ တကယ် ဖြစ်ခဲ့လျှင်တောင် တစ်ဖက်သား... မှိုချိုးမျှစ်ချိုး ပြောတာမျိုး မကြိုက်။

နိုင်သခ်က မိန်းမသွေးထိုးစကားနှင့် မျက်နှာကြီး တင်း... ခက်ထန်နေသည်။

"ကိုကိုတို့ အသိုက်အဝန်းထဲမှာ အဲလို မိန်းကလေး မရှိ... ဘူး ညီ၊ မေမေ့လိုက်လျောမှုကို အခွင့်ကောင်းယူပြီး မင်းလုပ်ချင်... လုပ်လို့ မစဉ်းစားပါနဲ့၊ ကိုကို ခွင့်မလွှတ်ဘူး"

"ကိုကို့ စွပ်စွဲမှုတွေ ပြန်ရုပ်သိမ်းပေးပါ ကိုကို"

"မြသွန်းဆက် မိန်းမကောင်းပါလို့ မင်း သက်သေပြနိုင်လို့... ညီ"

"သူ ပြန်လာရင် သေသေချာချာ သိရမှာပါ ကိုကို ကိုကိုလည်း...





ဒီကြားထဲမှာ ကျွန်တော့်ကို ဘာမှထပ်မပြောပါနဲ့၊ မရိုးပြောလို့ ဖြစ်စေ ကိုကို စုံစမ်းလို့ သိလာသည်ဖြစ်စေ၊ ရင်ထဲမှာပဲ သိမ်းထားပေးပါ"

"ဟုတ်တယ် သားကြီး မြသွန်းဆက် ပြန်လာတော့မှာပါ၊ သူ ရောက်တာနဲ့ အကြောင်းစုံ သိရမယ်၊ သားငယ် ပြောသွားတာ ဟုတ်မဟုတ် သိရမှာပေါ့၊ ကာယကံရှင် ဆုံးဖြတ်ရမယ့်ကိစ္စမှာ ပြဿနာ ဖြစ်အောင် ဘာမှဝင်မပြောတာ အကောင်းဆုံးပါပဲ"

မေမေ ယတိပြတ်ပြောတော့ ကိုကို မကျေမနပ် ထထွက်သွားသည်။ မေမေက ခုမှ သက်ပြင်းချကာ

"သားကြီး ပြောတာ ဖြစ်နိုင်သလား သားငယ်"

"မေမေ သံသယ ဝင်နေပြီလား၊ မြသွန်းဆက် ပြန်ရောက်ရင် သက်သေပြနိုင်အောင် ကြိုးစားပေးပါ့မယ် မေမေ"

"အေးကွယ် ဒီအသံတွေချည်း ကြားနေရတော့ စဉ်းစားရမလို ဖြစ်နေပြီ၊ ဒါနဲ့ မြသွန်းဆက် မိဘတွေက ဘယ်မှာနေကြတာလဲ သား"

"ဒလဘက်ကမ်းမှာပါ မေမေ"

"ဟင် ခေတ်တော်ဝင် ဦးလေးနဲ့ အဒေါ်လည်း အဲဒီမှာ နေကြတာပဲ၊ စေ့စပ်ပွဲနေ့က မေမေတို့ တစ်ခေါက်ရောက်ဖူးတယ်၊ အဲဒါကြောင့်များ မြသွန်းဆက် အကြောင်းတွေ သိနေတာလား မသိဘူးနော်၊ တစ်ရပ် ကွက်တည်းက ဆိုတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဗိမာန် တွေခနဲ ဖြစ်သွားပေမယ့် ခေါင်းကို စုံယမ်းကာ

"မဖြစ်နိုင်ပါဘူး မဟုတ်နိုင်ပါဘူး မေမေ၊ မြသွန်းဆက် သား ယုံတယ်၊ သူ ပြန်လာပြီး သူနဲ့တွေ့ပြီးမှ မေမေ ဆုံးဖြတ်ချက်တွေ ပြင်ပါနော်၊ အ အခု ကိုကိုပြောတာတွေကို မေမေ့နားထဲက ထုတ် လိုက်ပါနော်၊ မြသွန်းဆက်ကို သံသယ မဝင်လိုက်ပါနဲ့ဦး"

မေမေ တစ်ယောက်သာ အားကိုးစရာ ရှိတာမို့ နိုင်ဗိ ကတုန်ကယင် တောင်းပန်နေမိသည်။ မြသွန်းဆက်နှင့် ပတ်သက် သူ ဘာအမှားအယွင်းမှ အဖြစ်မခံနိုင်ပါ။

ဓာကျွမ်းခင်က လွမ်းနင့်နေရတဲ့သူ့အတွက် ဖြေဆေးလေး အဆိပ်တွေ မဖြစ်စေချင်။

အချိန်ရှိတိုင်း အလွမ်းတွေကို အဖော်ပြုပြီး နောက်ဆုံး လေးနှင့် ဖြေသိမ့်နေခဲ့ရတာ။

မြန်မြန်ပြန်လာခဲ့ပေးပါ မြသွန်းဆက်ရယ်။ အကောင်း အဖြေ တစ်ခုခု ပြန်ယူလာခဲ့မယ်လို့ ပြောသွားခဲ့တဲ့ မြသွန်းဆက် လေးကြောင့် ကျွန်တော် ဒီနေ့ထိ ရှင်သန်နေတာပါ။

ကျွန်တော် ဒီနေ့ထိ ရှင်သန်နေတာပါ။

မချိမြန်တဲ့ အလွမ်းတွေနဲ့ ကျွန်တော် စောင့်နေခဲ့ရတာ ပါ။

■ ■ ■



## အခန်း (၂၇)

တနင့်တပိုး အလွမ်းတွေနှင့် လက်ရိုးရေတွက်ရင်း မြသွန်းဆက် လာမယ့်ရက်ကို ရောက်လာခဲ့သည်။ ပြီးခဲ့တဲ့ အပတ်ထဲက မြသွန်းဆက် တွေ အိမ်ကိုရောက်တော့

"သမီးလေး နောက်တစ်ပတ် သောကြာနေ့ ပြန်ရောက်မယ်လို့ နားက ဖုန်းကို ဆက်ပြီး ပြောတယ် လူလေးရဲ့၊ အဒေါ်တို့ကတော့ ယာဉ်ကွင်းကို မသွားတတ်ပါဘူးကွယ်၊ ပြီးတော့ အဲဒီနေ့မှာ မြေးလေး ကျောင်းမှာ စာစီစာကုံးပြိုင်ပွဲနဲ့ ပညာရည်ချွန်ဆုပေးပွဲ ရှိတယ်၊ သမီး လာတာ မိချင်မှ မိမှာဆိုတော့ အဒေါ်တို့ကျောင်းကို လိုက်သွားရမယ်၊ လေး အချိန်ရရင် သမီးလေးကို သွားကြိုပေးပါလားကွယ်"

မြသွန်းဆက် အမေ ဤကဲ့သို့ ပြောလာတော့ သူ ဝမ်းသာအား



www.burmeseclassic.com

www.burmeseclassic.com



ရ ခေါင်းညိတ် လက်ခံခဲ့သည်။ သူမ ပြန်လာလျှင်လည်း လာကြိုပေးပ
လို့ မြသွန်းဆက် မှာသွားခဲ့သည် မဟုတ်ပါလား။

အမြင်မကြည်တဲ့သူတွေများနေတာမို့ ဘယ်သူ့ကိုမှ မပြောဘဲ
သူ တစ်ယောက်တည်း ကြိတ်ပြီး ဝမ်းသာနေခဲ့သည်။ မအိပ်နိုင် မစားနိုင်
ရင်ဘတ်ထဲမှာ ကြည်နူးမှုတွေ ပြည့်နှက်နေ၏။

ဒီနေ့ သွားကြိုရမှာမို့ မနက်ကတည်းက သူ ဝီရိယကောင်းနေ
ကာ ဘာလုပ်လုပ် မြန်မြန်ဆန်ဆန် ပြီးမြောက်ချင်နေသည်။ နာရီလက်တံ
တွေ တရွေ့ရွေ့ သွားနေတာကို စိတ်မရှည်ဘဲ လူက အယောင်ယောင်
အမှားမှား ဖြစ်လျက် လောနေမိသည်။

အဝင်ဖုန်းတွေ အစည်းအဝေးကိစ္စတွေ သူ့ရဲ့ စက္ကူထရီမလေး
နှင့် လွှဲထားပစ်ခဲ့ပြီး လေယာဉ်ဆိုက်ချိန်ထက် လေယာဉ်ကွင်းကို နာရီ
ဝက်ခန့် စောရောက်နေခဲ့သည်။

လေယာဉ်မဆိုက်မချင်း ဖင်တကြွကြွဖြင့် ဂနာမငြိမ်။

အသက်ကို ရှူမိသလား။ သွင်းထုတ်မိသလား သတိမထား
အောင် ကယောင်ကတမ်း ဖြစ်နေ၏။

ညှော်ဆောင်မှာ ထိုင်စောင့်ရင်း ဂ္ဂာခြေမရ ပေါင်ကို တဖျပ်ဖျပ်
ပုတ်ကာ လည်ပင်းရှည်နေ၏။

"နိုင်ဗိမာန်"





"ဟင် မြ မြသွန်းဆက် ဒီနားရောက်လာပြီ၊ ကျွန်တော်က
မြသွန်းဆက် စီးလာတဲ့ လေယာဉ် မဆိုက်သေးဘူး ထင်လို့"

"လာစောင့်တဲ့သူကလည်း လေယာဉ်သံလည်း မကြား၊ ရောက်
လာတာလည်း မမြင်၊ ဘယ်တွေ အတွေးရောက်နေတာလဲ"

ပြုံးပြုံးလေးနှင့် မြသွန်းဆက် ခနဲ့နေတော့ သူ့ရင်တွေ လှိုက်
လှိုက်ဆူဝေလာ၏။

လေသံလေးက မာနတွေမပါ၊ အတ္တတွေမရှိ။ ဟိုအရင်က မာ
ကျောခြင်းများနှင့် ရန်ထောင်နေတာလည်း မဟုတ်ဘဲ မှုန့်နွဲ့လေး ဖြစ်နေ
၏။

အသားအရေက ဝင်းစက်နုဖတ် စိုပြည်နေကာ မီးခိုးရောင်
တော်အင်္ကျီလေးနှင့် ကျက်သရေ ရှိလှသည်။ ရင့်ကျက်တည်ငြိမ်သယောင်
မျက်နှာလေးက ဘာမှလိမ်းခြယ်ထားခြင်း မရှိသလို ဟိုအရင်ကလို
ခါးပင်ပါးထိ ရှည်တဲ့ ဆံနွယ်တစ်တွေးကြီးက နွဲ့ကျပျော့အိ နက်မှောင်နေ
သည်။

အရင်က မရှိသော လက်မှာ နာရီသေးသေးတစ်လုံး ပတ်ထား
လျက် အဖြူနှင့် အနက် စပ်ထားသော ခွာမြင့် ဖိနပ်လေးကို စီးထား
၏။

"ကျွန်မကို ဒီအတိုင်း ရပ်ကြည့်နေတော့မှာလား။ အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မပို့တော့ဘူးလား''

''ခြောက် အင်း ပို့မှာပါ၊ လွမ်းခဲ့ရတဲ့ အချိန်တွေအတွက် အတိုးချပြီး တစ်ဝကြီး ကြည့်နေတာ''

''လေယာဉ်ကွင်းမှာ လူတွေ အများကြီးနဲ့ လျှောက်ပြောမနေနဲ့ အမေတို့ရော လာမကြိုကြဘူးလား မသိဘူး၊ ရှင်က အမေတို့ ပြောလို့ သိပြီး လာကြိုတာ မဟုတ်လား''

''ဒါပေါ့ ကျွန်တော့်ဆီကိုမှ မြသွန်းဆက် ဖုန်းဆက်ပြီး မပြောတာ၊ အခုတောင် ဒေါ်လေးတို့က ဝသုန်လေးရဲ့ စာစီစာကုံးပြိုင်ပွဲနဲ့ ပညာရည်ချွန် ဆုပေးပွဲ သွားရမှာမို့ ကျွန်တော့်ကို လွှတ်လိုက်တာ''

''ဟင် အဲ အဲဒီပွဲ ဘယ်အချိန် စမှာလဲဟင်၊ မီနိုင်သေးလား''

မြသွန်းဆက် ပျာပျာသလဲ ဖြစ်သွားတော့ နိုင်ဗိမာန် လက်ကနာရီမြှောက်ကြည့်လိုက်သည်။

''မီနိုင်တယ်၊ တစ်နာရီမှ စမှာ၊ အဲဒီကို သွားချင်လို့လား ကျွန်တော်နဲ့ စကားတွေ မပြောတော့ဘူးလား၊ ကျွန်တော် အရမ်းလွမ်းနေတာ၊ မြသွန်းဆက် ယူလာတဲ့ အကောင်းဆုံး လက်ဆောင် စကားလေးကိုလည်း ကြားချင်တယ်''

''ကျွန်မ ပြန်ရောက်နေပြီပဲ၊ သုံးနှစ်ကြီးတောင် စောင့်လာပြီး အလောတကြီး မလုပ်ပါနဲ့၊ ဝသုန်လေးဆီ ကျွန်မ အချိန်မီ ရောက်ချင်





နေတယ်''

သူက နားလည်စွာနဲ့ သူမ လက်ထဲက လက်ဆွဲ(စ်)လေးကို ဆွဲယူ၍ ကားပေါ် တင်လိုက်ပြီး သူမ ကားပေါ် တက်ထိုင်ပြီးသည်နှင့် အမြန်ဆုံး မောင်းထွက်လာခဲ့သည်။

ကားမောင်းနေရင်း သူမ မျက်နှာလေးကို ခိုးခိုးကြည့်ကာ သူ့စိတ်တွေ လှုပ်ရှားတုန်ယင်နေသည်။ သူမ မျက်လုံးလေး သူ့ဘက်ရောက်လာချိန်မှာလည်း အကြည့်ချင်းဆုံကာ ရင်ခုန်ရပြန်သည်။

သုံးနှစ်ဆိုတဲ့ ကာလအတွင်း သူမ အလှက ထူးထူးခြားခြား ပြောင်းလဲရင့်ရော်သွားတာမျိုး မရှိခဲ့။

ပို၍ နုပျိုတောက်ပနေကာ ယုံကြည်ချက်တွေ သယ်ဆောင်လာသလိုရင့်ကျက်တည်ငြိမ်နေသည်။

အမြဲရင်ဆိုင်ပြီး ကြားနေခဲ့ရတဲ့သတင်းတွေကို မမေးရက်အောင် ဖြစ်နေ၏။

''ဘာလို့ လှည့်တကြည့်ကြည့် လုပ်နေတာလဲ၊ ကားကိုဂရုစိုက်မောင်းစမ်းပါ''

''ကျွန်တော် အရမ်းလွမ်းနေခဲ့တာ မြသွန်းဆက်ရဲ့၊ ဘာစကားမှလည်း မပြောရဘဲနဲ့ ဒီလိုလေးကြည့်တာတောင် မသင့်ဘူးလား''

''ရှင် ကလေးဆန်တုန်းပဲနော် ဘာလို့မရင့်ကျက်သေးတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသားက နလိုဖြစ်မှာပေါ့ တစ်ခါမှတောင်ပွင့်ပွင့်လင်းလင်း မချစ်ရသေးဘူး"

သူ့စကားလေးကို သဘောကျကာ ပြုံးနှင့်ဆက် စိတ်ပါလက်ပါ ပြုံးမိ လိုက်သည်။

နိုင်ဗိမာန်က ဟိုအရင်ကလိုပဲ ဘာမှပြောင်းလဲခြင်း မရှိပါ။

ကာလာတင်ထားတဲ့ ဆံပင်ပျော့အိအိလေးတွေ ဂုတ်ထောက် လျက် နှုတ်ခမ်းဖျား၊ မေးဖျားအောက်က အမွှေးရှည်ရှည်လေးတွေ က လည်း ဒီအတိုင်းပင်။

စတိုင်(လ်)ပန်နှင့် ကုတ်အင်္ကျီကို တွဲဖက်ဝတ်ဆင် လာတာ ကတော့ အနောက်တိုင်းဆန်ဆန် ရှင်းသန့်ချောမွေ့နေ၏။ အနက်ရောင် ပြောင်လက်နေသော ရှူးဖိနပ်လေးစီးထားတာမို့ လူကိုပံ့ကြွား ခံ့ညားစေ၏။

မျက်တောင်တိုစိပ်စိပ် ကော့ကော့လေးများနှင့် မျက်ဝန်းညို များကို သူမ သတိရဆုံးဖြစ်သည်။

သူမ တိတ်တဆိတ် ခိုးကြည့်မိစဉ် သူနှင့်အကြည့်ချင်း ဆုံသွား တော့ ဖျတ်ခနဲ မျက်လုံးပြန်လွှဲလိုက်ရသည်။

ဖျပ်ဖျပ်တုန် လှုပ်ရှားရင်ခုန်နေသည်မို့ ကားပြတင်းပေါက်ကနေ အပြင်ဘက်ကို မျက်နှာမူကာ ငေးမောရင်းလိုက်လာခဲ့ရသည်။





သဘော်ဆိပ်ကို ရောက်တော့ သူမ လက်(စ်)ဂေ့(စ်)ကို သူက ဆွဲလာသည်။ ဟိုဘက် ကမ်းကို ရောက်တော့ ဆိုင်ကယ်ကယ်ရီဖြင့် ကျောင်းကိုရောက်အောင်တစ်ယောက် တစ်စီးစီးလာခဲ့ကြသည်။

အိမ်ကိုဝင်နေလည်း ဘယ်သူမှရှိမှာ မဟုတ်။

သူမတို့နှစ်ယောက် နောက်ဆုံး ခုံတန်းလေးမှာ နေရာယူ ထိုင်လိုက်ကြတော့ စာစီစာကုံးပြိုင်ပွဲပြီးလို့ ထူးချွန်ကျောင်းသား ကျောင်း သူတွေကို ဆုပေးတဲ့ အခမ်းအနားတောင် စတင်နေပြီဖြစ်သည်။

မိဘတွေစုံစုံညီညီ တက်ရောက်ကြသလို ဗွီဒီယိုမှတ်တမ်းဓာတ်ပုံ မှတ်တမ်းတွေပါ ရိုက်နေကြ၏။

"ဝသုန်လေး စာစီစာကုံးပြိုင်တာတောင် မမီလိုက်တော့ဘူးနော်၊ လက်ခုတ်တီးပြီးတောင် အားမပေးလိုက်ရဘူး"

"ဗွီဒီယို မှတ်တမ်းခွေရအောင် ကိုယ် လုပ်ပေးပါမယ် စိတ် မကောင်းမဖြစ်ပါနဲ့ သူ ထူးချွန်ဆုယူတဲ့အချိန် လက်ခုတ်တီးပြီး အားပေး ပေါ့"

သူ့ရဲ့နှစ်သိမ့်မှုကြောင့် သူမ စိတ်သက်သာရာ ရသွားပေမယ့် ကျောင်းသားမိဘတွေ နာမည်အရင်ခေါ်ပြီးမှ ဆုရ ကျောင်းသားတွေရဲ့ နာမည်ကြေညာတာမို့၊ သူမ အထိတ်တလန့်ဖြင့် နိုင်ဗိမာန်ကို လှည့်ကြည့် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျ ကျွန်မ ခေါင်းတွေမူးလို့ အိမ်ပြန်ချင်တယ် အိမ်ပြန်လိုက်ပို့ပါ နိုင်ဇိမာန်''

''ဟင် ဟုတ်လား အဲဒါဆိုပြန်ကြမယ်လေ၊ ဆေးခန်းတစ်ခါတည်း ဝင်လိုက်မလားဟင်''

''ဆရာဝန်ကို ဆေးခန်းသွားနိုင်းနေတာလား အိမ်မှာ ဆေးသောက်ပြီး နားလိုက်ရင်ရပါတယ်''

နိုင်ဇိမာန် ပြုံးစိစိဖြစ်သွားကာ အလောတကြီး အိမ်ပြန်ချင်နေသော သူမကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

အစကတော့ အသည်းအသန် ဝသုန်လေးဆီကို ရောက်အောင်သွားချင်နေသည်။ ခုတော့ ဝသုန်လေး ဆုယူတာတောင် အားမပေးတော့ဘဲ ပျာယာခတ်အောင် ထပြန်လာခဲ့၏။

တကယ်ခေါင်းမူးတာမှဟုတ်ရဲ့လား။

ထူးတော့ ထူးဆန်းနေတယ်လို့ထင်မိတယ် မြသွန်းဆက်ရေး

■ ■ ■



အခန်း (၂၈)

''အဲဒါကြောင့် သမီးတို့အိမ်ပြန်သွားခဲ့ကြတာလား''

''ဟုတ်တယ် အမေ မိဘတွေအမည် ကြေညာလိုက်တာနဲ့ ဝသုန်လေး အဖေ အမေ ဘယ်သူလဲဆိုတာ နိုင်ဇိမာန် သိသွားမှာပေါ့ အစက အဲဒါကိုသတိမထားမိဘူး၊ ဝသုန်လေးကို လက်ခုတ်တီးပြီး အားပေးချင်စိတ်ပဲ ရှိတာ နိုင်ဇိမာန်ကို မေ့သွားတယ်''

''သမီး ဘာဖြစ်ဖြစ် ရင်ဆိုင်တော့မယ်လို့ ပြောထားတယ် မဟုတ်လား သိချင်လည်း သိသွားပစေပေါ့ သမီးရယ်၊ သူတို့လည်း လက်ထပ်ပြီးပြီပဲ''

''အခုမှ ပြန်ရောက်ခါစ လတ်တလောကြီးတော့ ပြဿနာ မဖြစ်ချင်သေးပါဘူး အမေရယ်၊ နိုင်ဇိမာန် သိသွားအောင် တမင်သက်သက် ခေါ်ပြသလို ဖြစ်မှလည်းစိုးရိမ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ စဉ်းစားချင့်ချိန်မှုကို ဒေါ်သက်နှင်းချိုလည်း သဘောကျပါသည်။ ဒါပေမဲ့ ခေတ်တော်ဝင်ကို နာကျင်တာတွေ များနေပြီမို့ ဘာဖြစ်ဖြစ် လုပ်သင့်တာကို မြန်မြန်လုပ်လိုက်စေချင်သည်။

ရင်ကလွယ်မွေးခဲ့တဲ့ သားကို ဥပေက္ခာပြုရက်သလို ညီမရဲ့နှလုံးသားကိုလှေကားထစ်လို နင်းတက်သွားဖို့ဝန်မလေးတဲ့ ခေတ်တော်ဝင်အတွက် မိခင်မေတ္တာလက်ကျန် ရှိပါသေးလားလို့တောင် ကိုယ့်ကိုယ်ကို မဝံ့မရဲဖြစ်လာသည်။

သူကြင်မှ ကိုယ်ကြင်ဆိုတဲ့ လက်သုံးစကားကို မိဘတွေ မသုံးသင့်မှန်း နားလည်ပါသည်။

"အမေ ဘာတွေတွေးနေသလဲဆိုတာ သွန်းဆက် သိပါတယ် သွန်းဆက် ဘဝအတွက် သွန်းဆက် ဘာလုပ်သင့်သလဲ ဆိုတာလည်း သွန်းဆက် နားလည်တယ် အမေ၊ ဒါပေမဲ့ သွန်းဆက်တို့ ဝသုန်လေး မျက်နှာကို ပြန်ငဲ့ကြည့်ရမယ်"

"သမီးက မောင်နိုင်ဗိမာန်ကို လက်မခံတော့ဘူးလား သမီး"

"ဝသုန်လေးကြောင့် သွန်းဆက်တို့ နှစ်ယောက်ကြားမှာ ပြဿနာ မရှိနိုင်ဘူးလား အမေ ကလေးအမေပါလို့ သိသိကြီးနဲ့သူ သွန်းဆက်ကို လက်ထပ်ဖို့ကြိုးစားခဲ့တာပါ၊ သူ့အမေကလည်း နားလည်ပေးတယ်"

"အင်း အဲလိုဆိုရင်တော့ အဆင်ပြေတာပေါ့ကွယ် ဘယ်သူ





ကိုမှမထိခိုက်တော့ ဘူးပေါ့၊ အဲဒါကိုခေတ်တော်ဝင် နားမလည်မှာကိုဘဲ စိုးရိမ်ရတာ၊ သူ မရမက လိုက်ဖျက်ဦးမှာတော့ သေချာတယ် သမီး၊ သမီးကိုငွေကုန်ကြေးကျခံပြီး နိုင်ငံခြားကို လွှတ်လိုက်တာ ကြည့်ပါလား"

"အဲဒါက သူတို့ လက်မထပ်ရသေးလို့ စိုးရိမ်လွန်ပြီး လွှတ်လိုက်တာလည်း ဖြစ်မှာပါအမေ၊ ဘာဖြစ်ဖြစ် ဒီတစ်ခါတော့ နိုင်ဗိမာန် အချစ်ကို လက်ခံတော့မယ် ဆုံးဖြတ်ထားတယ်၊ အမေရော သဘောတူ ဘယ်မဟုတ်လား"

ရှက်ရွံ့စွာ ခေါင်းလေးငုံ့ပြီး မေးတော့ သမီးမျက်နှာလေးကို ဒေါ်သက်နှင်းချို ဆွဲမလိုက်သည်။

"အမေက အစကတည်းက ဖြစ်စေချင်ခဲ့တာပါ၊ မောင်နိုင်ဗိမာန်က လူတော်တစ်ယောက်ပါ သမီး၊ သမီးမရှိတဲ့ အချိန်မှာလည်း အမေတို့ကို သူစောင့်ရှောက်တယ်၊ ဝသုန်လေးနဲ့ ရင်းနှီးမှုရအောင်လည်း ဂရုစိုက်တယ်၊ သမီးနဲ့မောင်နိုင်ဗိမာန် အရမ်းလိုက်ဖက်ပါတယ်"

အမေရဲ့နားလည် လိုက်လျောမှုကြောင့် ကျေးဇူးတင်ရသည်။ ဒါပေမဲ့ မမခေတ်အကြောင်း တွေးလျှင် စိတ်တွေက လေးလံထိုင်းမှိုင်းရပြန်သည်။

"မေမေဆက်"

"ဟယ် သား သား ခုမှပြန်လာတယ် ဘိုးဘိုးကြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးကြီး ပါတယ် မေမေဆက် အိမ်ရှေ့မှာ ဟိုဘက်အိမ်က ဦးဝတုတ်ကြီးနဲ့ စကားပြောနေတယ်"

ကျောင်းသူ ကျောင်းသားတွေကို အတန်းပိုင်ဆရာမက သူ့အိမ်မှာ မုန့်လုပ်ကျွေးတာမို့ ဆုပေးပွဲအပြီး အဖေ လိုက်ပို့ခဲ့ခြင်း ဖြစ်သည်။ ဝသုန်လေးရတဲ့ ဆုတံဆိပ်တွေကို အမေက ယူပြီး အိမ်ကို အရင်ပြန်ရောက်နေခဲ့တာဖြစ်၏။

ဝသုန်လေးက သူမ ရင်ခွင်တွင်း ပြေးဝင်လာသည်မို့ အားပါးရ ပွေ့ဖက်နမ်းရှုံ့လိုက်သည်။

"စာတွေအရမ်းတော်နေတယ်ဆို ဟုတ်လား ဝသုန်လေး"

"မေမေဆက်က စာကြိုးစားရမယ်လို့ မှာသွားတာလေ၊ အဲဒါကြောင့် သားကကြိုးစားနေတာ၊ မေမေဆက်လို ဆရာဝန်ကြီးလုပ်ချင်လို့"

"ဟုတ်ပါပြီရှင် ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားပါ ဝသုန်လေး မေမေဆက်ကို သတိရသေး လွမ်းသေးလားဟင်"

"လွမ်းတာပေါ့ မေမေဆက်ရဲ၊ ဘွားဘွားတို့ စိတ်မကောင်းဖြစ်မှာစိုးလို့ အိပ်ရာထဲရောက်မှ သားသား တိတ်တိတ်လေးငိုတာ"

"သြော် စိတ်မကောင်းလိုက်တာ ဝသုန်လေးရယ်"

ဝသုန်လေးကို တိုးဖက်ကာ နဖူးလေးကို နမ်းရှိုက်ရင်း စိတ်မကောင်း ဖြစ်ရသည်။ ဝသုန်လေးက လွန့်လွန့်လေးရုန်းကာ သူမ





မျက်နှာကို စေ့စေ့ကြည့်၏။

"မေမေနဲ့တွေ့ခဲ့လားဟင် မေမေဆက် မေမေက လာမယ်တဲ့လား"

"ဟင်"

"မေမေက နိုင်ငံခြားမှာဆို မေမေဆက်လို ဘာလို့ တစ်ခေါက်မှ ပြန်မလာရတာလဲ၊ သားက မေမေဆက်တောင် မေမေ့လို ပြန်မလာမှာ စိုးရိမ်နေတာ"

"သားရယ် ဝသုန်လေးရယ်"

သူမ မျက်ရည်တွေကို ဝသုန်လေး မမြင်အောင် တစ်ဖက်လှည့်ကာ ပွတ်သုတ်ရသည်။ အမေက စိတ်မကောင်းဖြစ်ကာ သူမတို့အနားက ထွက်သွား၏။

အမေဖြစ်သူကို မျှော်လင့်နေတဲ့ ကလေးတစ်ယောက် ရင်ထဲက ခံစားမှုကို သူမဘယ်လို ဖျောင်းဖျနှစ်သိမ့်ရမလဲ။ သူလိုချင်တဲ့ မေတ္တာတွေ သူမ ဘယ်လိုပဲ ဖြည့်ဆည်းပေးပေး အမေမေတ္တာလောက် နွေးထွေးပြည့်စုံလိမ့်မည်မထင်။

"မေမေကို အရမ်းတွေ့ချင်တာပဲလား ဝသုန်"

"တွေ့ချင်တာပေါ့ မေမေဆက်ရယ် မေမေက ဘယ်လိုပုံစံမျိုးလဲဆိုပြီးတော့လည်း သိချင်တယ်၊ ဒီနေ့ဆိုရင်သားက ဘိုးဘိုး ဘွားဘွားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပုံရိုက်ရတယ်၊ သူများတွေက သူတို့အဖေ အမေတွေကို ဖက်ပြီး ခေတ်ပုံရိုက်ကြတယ်၊ မေမေက ဖေဖေ့လိုသေသွားတာဆိုရင် တော်သေးတာပေါ့''

သူမ ရင်ထဲ နင့်ခနဲဖြစ် ဘာပြောရမှန်းပင် မသိ။ ဝသုန်သေး သုံးတန်းကျောင်းသားကြီးတောင် ဖြစ်လာပြီဆိုတော့ နာနာကျင်ကျင် ခံစားတတ်လာပြီနေမှာပေါ့။

ဖြေရှင်းလို့မရအောင် အခြေအနေတွေရှုပ်ထွေးလာတော့ ... ထင်သည်။ သားလေးရင်ထဲမှာ ဒဏ်ရာတွေရနေပြီ မမခေတ်။

မမခေတ် ဘာတွေဆက်လုပ်ဦးမှာလဲ၊ သားလေးကို ဥပေက္ခာ ... ပြီး ဘာတွေဖြစ်ချင်နေသေးတာလဲ။

ဝေဒနာဆိုတာ အသေးအမွှားလေးမှာ ကုရလွယ်ပေမယ့် ... လုထည် နိုင်ခုံကြီးမားလာရင် အသက်အန္တရာယ်တောင် စိုးရိမ်ရတတ် ... ပါတယ်။

မိခင်တစ်ယောက်ရဲ့မေတ္တာတွေနဲ့ဖြစ်ဖြစ် စာနာစိတ်ကလေး ... ဖြစ်ဖြစ် တစ်ချက်လောက်ငဲ့ကြည့်ပေးလိုက်စမ်းပါ။

သားလေးကို . . . ။

■ ■ ■



## အခန်း (၂၉)

''မြသွန်းဆက် ပြန်ရောက်နေပြီ မဟုတ်လား သား''

''ဟုတ်ကဲ့ မေမေ''

''ဘာတွေ သိခဲ့ရပြီးပြီလဲ''

''ဗျာ''

''သူ့အကြောင်းကို အရေးတကြီး သေချာသိဖို့ လိုအပ်နေပြီ မဟုတ်လား ဘာမှ မမေးရသေးဘူးလား''

တည်တင်းနေသော မေမေ့အမေးကြောင့် ရင်ဘတ် တစ်နေရာ ... အောင့်မျက်သွားသည်။ ကိုကိုနဲ့ခေတ်တော်ဝင်ရဲ့သွေးတိုး စကား ... တွေကြောင့် မေမေစိတ်တွေ ယိမ်းယိုင်နေချင်ပြီလား မသိ။

သူ သက်ပြင်းရှိုက်သံကလေးပင် မနေပါ။



www.burmeseclassic.com

www.burmeseclassic.com



"မြသွန်းဆက်ကို မေမေဆီ တစ်ခေါက် ခေါ်လာခဲ့ဦးမှာ မေမေ၊ အဲဒီအချိန်မှာ မေမေ စိတ်တိုင်းမကျရင် ကိုကိုတို့လိုဘဲ မေမေ လည်း သားကိုအပြစ်တင်နိုင် ပါတယ်"

"မေမေ အပြစ်မတင်ချင်ပါဘူး၊ မိန်းကလေးတစ်ယော ခြောက်ပစ်ကင်း သဲလဲစင်ဖြစ်နေမှ သားတွေနဲ့သဘောတူမယ်လို့ မေမေ ဆုံးဖြတ်ထားတာလည်းမဟုတ်ပါဘူး၊ ဒါပေမဲ့ နောက်ကြောင်း ရှင်းနဲ့ သိက္ခာရှိစေချင်တယ်၊ ဒါဟာ မိခင်တစ်ယောက်ရဲ့မေတ္တာပါ သား"

"သား နားလည်ပါတယ် မေမေ၊ မြသွန်းဆက် အပြစ် ကြောင်း သက်သေပြနိုင်အောင် သား ကြိုးစားမှာပါ။ တကယ်လို့ ကိုကို စွပ်စွဲသလို ဟုတ်နေခဲ့တယ်ဆိုရင် သား ရင်ကွဲခံလိုက်ပါမယ်၊ ဒါကလည်း မေမေ့မေတ္တာကို နားလည်နေတဲ့ သားရဲ့ လေးစားမှုပါ"

သားရဲ့ ဆုံးဖြတ်မှုအတွက် ဒေါ်ဆင့်ဆင့်လှိုင် ကြည်နူး ဖြစ်မိ၏။ မှားတာ မှန်တာ ဘာတွေပဲလုပ်လုပ် ဒီလို အသိစိတ် တရားလေး ရှိပေးတာကို ချစ်မြတ်နိုးရသည်။

"သားရဲ့လေးစားမှုကို မေမေ ဂုဏ်ယူချင်နေပါတယ်၊ သား တဲ့မိန်းကလေး နဲ့လည်း သားကို ပေါင်းဖက်ရစေချင်ပါတယ်၊ မေမေ စိတ်က မြသွန်းဆက်ကို ယုံကြည်ချင်ပေမယ့် သားအစ်ကိုနဲ့မရီးကို သံသယ ကင်းစေချင်တယ်၊ မြသွန်းဆက်ကိုခေါ်လာရင် သူ့သား





ဆိုတဲ့ ကလေးလေးကိုလည်း ပါအောင်ခေါ်လာခဲ့ပါ သား၊ ကလေး ဆိုတာက မလိမ်ညာတတ်ဘူး မကောက်ကျစ်တတ်ဘူး၊ လူဖြစ်လာရင် အမှန်တရားနဲ့ ရိုးသားမှုကို ကိုးကွယ်တတ်ကြတာ အဲဒီကလေး အရွယ် တွေပဲ"

"အသက်ကြီးလာရင် မရိုးသားတော့ဘူးလို့ မေမေ ပြောချင် တာလား"

"အသိဉာဏ်ရှိလေ၊ လောဘ ဒေါသ မောဟ အာဃာတတွေ ကြီးမားတဲ့စိတ်တွေ ပိုများလာကြတယ်၊ အဲဒီထဲမှာ ရိုးသားချင်ယောင် ဆောင်တတ်တဲ့လူရဲ့စိတ်က ပိုပြီး ကြောက်စရာကောင်းတယ် ငါပြောတာ ငါလုပ်တာ မှန်တယ်လို့ထင်နေတဲ့သူက ကိုယ်ချင်းစာစိတ် မရှိတာနဲ့ကြလို့ဘဲ သား"

မေမေ့ စကားတွေကြောင့် မြသွန်းဆက်ရဲ့ရိုးသားမှုကို ရှာတွေ့ မှာလားလို့ စိုးရိမ်လာသည်။ အပြစ်တွေ့လျှင် ရင်ကွဲခံပါ့မယ်လို့ ပြောထား သော်လည်း တကယ်တမ်း မြသွန်းဆက်နှင့်ဝေးကွာရလျှင် အသက် သေဆုံးတဲ့ အထိ ခံစားကြေကွဲရမှာသေချာသည်။

ထိုအချိန်မှာ ကိုကိုနှင့်ခေတ်တော်ဝင် ညစာစားပွဲမှ ပြန်ရောက် လာကြသည်။ နှစ်ယောက်လုံး ဧည့်ခန်းထဲမှာ ဝင်ထိုင်ကြတော့ ခေတ် တော်ဝင် အဝတ်အစားတွေက မလုံမခြုံ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကတော့ နက်(ခ်)တိုင်နှင့် ကုတ်နှင့် ကြည့်ကောင်းပါသည်။

"နယ်ကိုယ်စားလှယ်တွေနဲ့ တွေ့ခဲ့ရဲ့လား။ အဆင်ပြေကြရဲ့လား"

"ဟုတ်ကဲ့ မေမေ ကျွန်တော်တို့ ကုမ္ပဏီက ထုတ်တဲ့ပစ္စည်းတွေ ရောင်းအားတက်လို့ ကံစမ်းမဲနဲ့ ညစာစားပွဲတစ်ခု လုပ်ပေးမယ်လို့ ပြောခဲ့ပါတယ်၊ သူတို့ကို မနက်ဖြန် စင်ကာပူ ခရီးစဉ်အတွက် စီစဉ်ပေး လိုက်တယ် မေမေ"

"ကောင်းတာပေ့ါ သားကြီးရယ် လုပ်ငန်းရှင် တစ်ယောက်ဟာ အဲလို မျှဝေစားတတ်မှ စီးပွားရေးက ရေရှည်ခိုင်မြဲမှာ ကိုယ် တစ် ယောက်တည်း အလိုရမ္မက်ကြီးနေရင် အပြိုင်အခွင့်အရေးပေးတဲ့ လုပ်ငန်းရှင်လက်ထဲ ပါသွားတတ်ကြတယ်၊ ကိုယ်ဘက်ကမှ လုံအောင် မထိန်းသိမ်းနိုင်တာ ပါသွားတော့လည်း ဘယ်တတ်နိုင်တော့မလဲ၊ အဲဒီ ကြောင့် သားတို့ကို မေမေပြောတာ ဝန်ထမ်းတွေအပေါ်လည်း ငဲ့ညာ စာနာပါ၊ ကိုယ့်ကုန်ပစ္စည်းကို ရောင်းပေးနေတဲ့ ကိုယ်စားလှယ် တွေကိုလည်း လက်မလွှတ်ရအောင် အခွင့်အရေးပေးနိုင်သလောက်ပေး၊ ကုန်ပစ္စည်းကို ဝယ်သုံးတဲ့ ကာစတမ်မာတွေကိုလည်း ပစ္စည်းကောင်း သုံးနိုင်အောင် ဂရုစိုက်ကြိုးစားကြပါလို့"

"ဟုတ်ကဲ့ သားတို့ကြိုးစားကြပါတယ် မေမေ"





ကိုကိုရော ခေတ်တော်ဝင်ရော လုပ်ငန်းနှင့်ပတ်သက်လျှင် ဘိကျ သေချာကြပါသည်။ တကယ်လည်း စွမ်းစွမ်းတမံ ကိုယ်ဖိရင်ဖိ ကြိုးစားတတ်ကြ၏။

"ခေတ်တော်ဝင်ကို မေမေ တစ်ခုပြောချင်တယ် သမီးတို့ သက်ထပ်တာလည်း သုံးနှစ်နီးပါးရှိလာပြီဆိုတော့ ကလေးယူသင့်ပြီလို့ မေမေ ထင်တယ် အမေက အလုပ်က နားနေပြီဆိုတော့ ကိုယ့်မြေးလေး တွေနဲ့အိမ်မှာနေရတာ အပြင်းပြေတာပေ့ါ"

"ဟုတ်ကဲ့ နောင်နှစ်လောက်ဆိုရင် ယူမယ်လို့ စဉ်းစားထား ပါတယ် မေမေ၊ အခုက စီးပွားရေးမှာ သူများတွေထက် နောက်ကျ ကျန်ခဲ့အောင် ကြိုးစားနေချင်လို့ပါ"

"လုပ်ငန်းအပေါ် သမီး အလေးအနက်ရှိတာ မေမေ ကျေးဇူး တင်ပါတယ်၊ ဒါ့ပေမဲ့ အလုပ်အပေါ်မှာ အာရုံစိုက်ပေးမယ့် သားငယ်လည်း ရှိနေပြီလေ သားကြီးနဲ့ ခုလိုပဲ တွဲလုပ်သွားကြမှာပေ့ါ၊ သမီးကိုမိုက်ဖုံး အကျီလေးနဲ့ မေမေမြင်ချင်ပြီ ပြီးရင် သားငယ်လေးရဲ့ မင်္ဂလာပွဲ အတွက် အကောင်းဆုံး လုပ်ပေးရမယ်"

"ဘယ် ဘယ်သူနဲ့လဲ မေမေ"

ခေတ်တော်ဝင်က မေမေ့ကို အထိတ်တလန့်မေး၏။ နိုင်ဇိမာန် ၏ မြသွန်းဆက်ကို မလိုတမာ အပုတ်ချလိုသော ခေတ်တော်ဝင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေထဲ စေ့စေ့ရှုရှု ကြည့်နေလိုက်၏။

"သားငယ် ရွေးချယ်ထားတဲ့ မိန်းကလေးကို သင့်မသင့် တော်မတော် မေမေကြည့်ပြီး စီစဉ်ဆုံးဖြတ်ပေးရမှာပေါ့"

"မြသွန်းဆက်နဲ့ ဆိုရင်တော့ လုံးဝမဖြစ်နိုင်ဘူး မေမေ၊ ဒီ အကြောင်းတွေကိုလည်း မေမေတို့ကို ပြောပြထားမှာပါ"

ဒီလောက် ပိတ်ပင်တားဆီးထားတဲ့ကြားက ခေတ်တော်ဝင် အရဲစွန့် ပြောရဲနေတာ ဘယ်လိုအကြောင်းကြောင့်လဲ။ ကိုယ့်ဘက်က ဘာမှ လက်ဆုပ် လက်ကိုင် သက်သေပြစရာ မရှိသေးသည့်အတွက် နိုင်ဗိမာန် ငြိမ်သက် နားထောင်နေလိုက်သည်။

"မဖြစ်နိုင်ဘူးဆိုတာက ခေတ်ဘက်မှာရော တိတိကျကျ ချပြ နိုင်တဲ့ သက်သေရှိသလား"

"ရှင်"

"သားငယ်က မြသွန်းဆက် အပြစ်ကင်းကြောင်း သက်သေပြဖို့ ကြိုးစားမယ်တဲ့ ခေတ်ဘက်ကလည်း ခေတ်ပြောနေတာတွေ အမှန်တရား တွေပါဆိုတာ အထောက်အထားပြဖို့ ရှိနေမှာပေါ့"

"ခေတ် တမင်အပြစ်ရှာ ပြောနေတယ်လို့ သံသယဝင်နေတာ လား မေမေ"

"မေမေက ကြားလူပါ မြသွန်းဆက်နဲ့ တစ်ခါပဲဆုံဖူးသေးတယ်





အခါခါတွေ့ပြီးရင်တော့ ဘယ်သူမှ မပြောလည်း မြသွန်းဆက်အကြောင်း ကို သိလာနိုင်မယ် ထင်ပါတယ်"

"တွေ့ကို မတွေ့သင့်တဲ့ မိန်းကလေးပါ မေမေ နိုင်ဗိမာန်ရဲ့ အိမ်ထောင်ဖက် လုံးဝ မဖြစ်နိုင်ပါဘူး။ ဒီအသိုက်အဝန်းထဲကို လုံးဝ အဝင်မခံသင့်ပါဘူး"

တစ်ခါမှ မဆုံဘူးတာကို ဒီလောက် ခါးခါးသီးသီးဖြစ်နေတာ ထူးတော့ထူးဆန်းသည်။ ကိုကိုက သူ့မိန်းမကို လက်ကုတ်သတိပေး ၏။ မေမေက မျက်ခုံးနှစ်ခု တွန့်ချိုးကာ ခေတ်တော်ဝင်ကို တစ်ချက် အကဲခတ်ပြီးမှ မျက်နှာလွှဲသည်။ နိုင်ဗိမာန်က ပျော့အိအိဂုတ်ထောက် နေတဲ့ ဆံပင်တွေကို ဆတ်ခနဲ ခါပစ်လိုက်ကာ

"မြသွန်းဆက်အပေါ် ဘယ်လိုအငြိုးတွေ ရှိနေသလဲ ခေတ်တော် ဝင်၊ ဒလဘက်က ခင်မျှားဦးလေး အဒေါ်တွေ အိမ်မှာနေခဲ့တုန်းက မြသွန်းဆက်နဲ့ ပြဿနာဖြစ်ထားကြတာလား"

"ဘာ မှ မဟုတ်ပါဘူး။ မြသွန်းဆက် အဲဒီမှာနေမှန်းတောင် ငါမသိဘူး"

"ဒါဆို တစ်ခါမှမဆုံဖူးဘဲနဲ့ သူ့အကြောင်း ခင်မျှား ဘယ်လို စုံစမ်းထားလဲ ယုံမှား သံသယဝင်အောင် ခင်မျှား အတိအကျ ဘာလို့ပြော နိုင်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဒီလိုမေးခွန်းတွေ မေးမည် မထင်တာကြောင့် ခေတ်တော်ဝင် မင်သက်ကြောင်တွေသွား၏။ ဒါပေမဲ့ ခေတ်တော်ဝင်က ရင်ထဲက မှန်းနေရင်တောင် မျက်နှာက ပြုံးနေတတ်တဲ့ မိန်းမပါ။ ခဏခြင်းမှာပင် ခနီးခနဲ့ ပြုံးလိုက်နိုင်သည်။

"သူ့အဲဒီဘက်မှာ နေမှန်းတောင် ငါမသိပါဘူး။ ငါနဲ့ တစ်ခါမှ မဆုံဖူးဘူးဆိုတာလည်း မှန်တယ်၊ ဒါပေမဲ့ လူသတင်း လူချင်း ဆောင်တယ်ဆိုတာ မင်းကြားဖူးမှာပါ၊ ဟုတ်ရင်ကျော် ပုတ်ရင်ပေါ်ပါတယ် မင်း သက်သေလိုချင်ရင် ငါ့ကိုပြောတဲ့လူတွေကို ဒီအိမ်ခေါ်လာခဲ့မယ်"

ခေတ်တော်ဝင် ပြုံးမော့ကာ အတိအကျ အသေအချာ ပြောလာတော့ မေမေ့မျက်နှာကိုမကြည့်ရဲဘဲ နိုင်ဗိမာန် ထိတ်ခနဲ ဖြစ်သွားသည်။

"သိပ်မစောင့်ရပါဘူး နိုင်ဗိမာန် အဲဒီလူတွေရဲ့ နှုတ်ထွက်စကားဆိုရင် မင်းယုံမယ် မဟုတ်လား"

နိုင်ဗိမာန် အယောင်ယောင်အမှားမှား ခေါင်းခါယမ်း လိုက်မိသည်။

မေမေက ရှူးခနဲ လှည့်ကြည့်တော့ ခေါင်းညိတ်မိလိုက်ပြန်၏

"အဟင်း ဟင်း ငါလည်း ဒီမိသားစုအတွက် မလုပ်သင့်





တာတွေ လုပ်ရတော့ မယ် လူတစ်ယောက်ကို အထင်သေး ရှုံ့ချပြီး အပြစ်ပြောရတယ်ဆိုတာ တကယ် မလုပ်သင့်ပါဘူး၊ ဒါပေမဲ့ မင်းက မြသွန်းဆက်ကို အပျော်သဘောမျိုး မဟုတ်ဘဲ အလေးအနက်ခံစားနေတာကိုးကွ"

အနိုင်နှင့်ပိုင်းကာ မခိုးမခန့် မထီတရီအပြုံးတွေနှင့် ခေတ်တော်ဝင် ထထွက်သွားသည်။

နိုင်ဗိမာန် အသားတွေ ဆတ်ဆတ်တုန်ကာ ဖောချွေးတွေပြန်၍ မေမေကိုမကြည့်ရဲသလို မျက်နှာကိုလက်ဝါးနှင့်အုတ်ထားမိသည်။ မေမေ့ဘက်က လေးပင်သောသက်ပြင်းချသံကြီးနှင့် တစ်ဆက်တည်း

"ခေတ်တော်ဝင်ဘက်ကတော့ သက်သေပြဖို့အဆင်သင့် ဖြစ်နေပြီ ဘယ်လိုအကျိုးအကြောင်းဆိုတာ သေချာ သိပြီးမှ မြသွန်းဆက်နဲ့ ထပ်တွေ့ကြည့်လိုက်ပါ သား ဒီကြားထဲမှာ သားဘက်က ခြေလှမ်းပျက်တာ မေမေ မမြင်ချင်ဘူး"

နိုင်ဗိမာန်ဘက်က ဘာဆင်ခြေကိုမှ မေမေ ကြားချင်တော့ဟန်မတူ။ အပေါ်ထပ်က မေမေ့အိပ်ခန်းရှိရာ ခပ်ဖြည်းဖြည်း တက်သွားခဲ့သည်။

"မြသွန်းဆက်ရယ် ဘယ့်လိုကြမ္မာဆိုးတွေလဲ အတိတ်ဆိုးဆိုးတွေနဲ့များ ကြုံခဲ့ခဲ့ရတာလား၊ တကယ်ဖြစ်ခဲ့တယ်ဆိုရင်တောင် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ပေးခွင့်ရချင်တာပါ မြသွန်းဆက်ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ခွင့် ရချင်တာပါ''

ရင်ထဲကစကားတွေ တတွတ်တွတ်ပြောရင်း ကျွန်းဆက်ဝံ ခုံကြီးကို ကျောကပ်မှီကာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

ဒီမျက်ရည်တွေက မြသွန်းဆက်ကို ချစ်တဲ့ သက်သေတွေပါ။

■ ■ ■



# အခန်း (၃၀)

သက်သေ

မြသွန်းဆက်ရဲ့မရှိတဲ့အပြစ်တွေကို သက်သေအထောက်အထား ပြနိုင်ဖို့ သူမဘယ်မှာသွားရှာရမလဲ။

ကြုံးဝါးခဲ့တဲ့အတိုင်းသူမ ချပြနိုင်လျှင်ပွဲကပြတ်ပြီ။ မြသွန်းဆက် ဘယ်လိုမှနလံထူနိုင်မှာမဟုတ်တော့။

ဒီအသိုက်အဝန်းကို မြသွန်းဆက် မဝင်နိုင်လျှင် သူမအတွက် ဘာပြဿနာမှ မရှိနိုင်။ ဒါဆို သူမ စိတ်အနှောင့်အယှက်မရှိ ဒီစည်းစိမ်တွေ တစ်သက်လုံး ခံစားလို့ရပြီပေါ့။

''ဟား''

သူမအကြံဉာဏ်တွေ ထုတ်နေမိရင်း စိတ်တွေက ဂနာမငြိမ်။



www.burmeseclassic.com

www.burmeseclassic.com



တချူးချူး အိပ်မောကျနေတဲ့ နိုင်သခ်ကို ထားရစ်ကာ၊ လသာဆောင်ဘက် ထွက်လာပြီး ဟိုလျှောက်ဒီလျှောက်ဖြင့် အမျိုးမျိုး တွေးတောစဉ်းစားနေမိသည်။

သူမ ဖြစ်ချင်တာတွေ ဖြစ်ဖို့၊ သူမ ဆန္ဒတွေ ပြည့်ဝဖို့ဘာတွေ လိုအပ်သလဲ။ ဘယ်သူတွေကို အကူအညီတောင်းရမလဲ။

"အိုကေ ဟုတ်ပြီ သူတို့ကို ငွေမြိုးမြိုးမြက်မြက် ပေးလိုက်ရင် အဆင်ပြေနိုင်တယ်"

လက်ခနဲ ပေါ်လာတဲ့အတွေးကို လက်ဖျောက်တစ်ချက်တီးကာ အတည်ပြုလိုက်သည်။ သူမ အချိန်ဆွဲနေလို့မဖြစ်။

ထိန်ထိန်သာနေတဲ့ လမင်းကြီးကို တိမ်တိုက်တွေထဲ တွန်းပို့ကာ နေမင်းကြီးကို နေ့အလင်းရောင်ပေးဖို့ မြန်မြန်ထွက်ခဲ့ပါလို့ ဆွဲခေါ်လိုက်ချင်သည်။

အိပ်မပျော်တဲ့ညအတွက် မိုးလင်းအောင် စောင့်ရတာ စိတ်ပင်ပန်းလှ၏။ ဘယ်အချိန်ရှိပြီမှန်း မသိပေမယ့် မိုးတဝါးအလင်းရောင်မြင်လိုက်ရသည်နှင့် သူမ အိပ်ရာပေါ်က ကုန်းရုန်းထလိုက်သည်။

ဘယ်သူမှမနိုးကြသေးတာမို့ ခြံစောင့်ကိုတံခါးဖွင့်ခိုင်းပြီး သူမ ကားလေးကို ညင်သာစွာမောင်းထွက်ခဲ့၏။

ဘယ်သူမှ ကူမှုကြီမသွားခင် ဘရိတ်ဖတ်(စ်)စားချိန် အမီပြန်ရောက်လာနိုင်အောင် ကြိုးစားရမည်။





"မြသွန်းဆက်ရေ ဒီအိမ် ဒီခြံထဲမှာ နင့်အတွက်ခြေချစရာ မြေနေရာ မရှိစေရဘူး"

တီးတိုးကြိမ်းဝါးရင်း သူမတို့ အရင်က နေခဲ့ဖူးတဲ့ ရပ်ကွက်လေးကို ရောက်လာခဲ့သည်။ ကလေးတွေဆူညံနေသော အိမ်စုတ်စုတ်လေးရှေ့ကိုရောက်တော့ သူမကားလေးကိုရပ်လိုက်၏။ အိမ်လေးထဲက ညစ်နွမ်းပေစုတ်နေသော လင်မယား နှစ်ယောက် ထွက်လာတော့ သူမကို မမှတ်မိ၍ ကိုယ်တိုင်ပဲ မိတ်ဆက်လိုက်ရသည်။ လာရင်းကိစ္စကိုလည်း ဖျာကြမ်းလေးပေါ် ငွေထုပ်ပစ်ပေးပြီး အတိုချုံ့ကာ ပြောပြလိုက်၏။

"အခုတစ်ခါတည်း ရေမိုးချိုးပြီး ကျွန်မနဲ့ လိုက်ခဲ့ပါ၊ လမ်းမှာ အဝတ်အစား အသစ်တစ်စုံစီ ဝယ်ပေးမယ်၊ ဒီကိစ္စ အောင်မြင်ရင် ငွေလည်း ထပ်ပေးမယ်၊ ကဲ ဘယ်လိုလဲ ရှင်တို့လင်မယား လုပ်နိုင်ပါ့မလား လုပ်ရဲပါ့မလား ဦးဖေသန်းနဲ့ ဒေါ်ခင်ကြည်"

ငွေထုပ်ကိုကြည့်ပြီး မျက်နှာကြီးတွေပြုံးဖြီးနေကာ လင်မယား နှစ်ယောက်လုံး ခေါင်းတဆတ်ဆတ် ညိတ်ကြသည်။

"ဒါလေးပြောပေးရမှာများ ပြောနိုင်ပါတယ် ခေတ်တော်ဝင်ရယ် ညည်းနိုင်ငံခြားကနေပြန်ရောက်လာပြီး ငါတို့ရပ်ကွက်လေးကနေ ပြောင်းသွားကြတော့ ညည်းတို့ကို သတိရနေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်အကိုင် အဆင်မပြေ၊ အစားအသောက် အဆင်မပြေ တော့ ပိုပြီးသတိရတာပေါ့အေ၊ ရပ်ကွက်ထဲမှာ ဘယ်သူမှ ငါတို့ကို မသဒ္ဓါပေမယ့် ညည်းအမေ ရှိတော့ ကလေးတွေကို ထမင်းကျန် ဟင်း ကျန် ကျွေးသေးတယ် မဟုတ်လား၊ ခုလို ငွေနဲ့ကြေးနဲ့လာပြီး အလုပ် လုပ်ခိုင်းတာ ညည်းကိုပိုပြီး ကျေးဇူးတင်ရမှာပါ"

ဒီလောက် ပြောနေလျှင် အဆင်မပြေစရာ အကြောင်း မရှိ ဦးဖေသန်းနှင့်ဒေါ်ခင်ကြည်က ရပ်ကွက်ထဲမှာ မကောင်းတဲ့အကျင့် စရိုက် ရှိတာ နာမည်ကြီးသည်။

ငွေရဖို့ဆိုလျှင် ခိုးဆိုးတိုက်ရမှာ လိမ်ညာရမှာ ဝန်မလေးကြ အခု သူမ ခိုင်းတဲ့ကိစ္စ အောင်မြင်လိမ့်မည်ဆိုတာ ယုံကြည်သည်။ ကိုယ့်အစီစဉ်ကိုယ် သဘောကျကာ ဦးဖေသန်းနှင့်ဒေါ်ခင်ကြည်ကို ခေါ်ပြီး အိမ်ပြန်ရောက်တော့ ဘရိတ်ဖတ်(စ်)ဝိုင်းမှာ မိသားစုစုံစုံညီညီ ရှိနေ၏

"ဟာ ခေတ် မနက် စောစောစီးစီး ဘယ်သွားနေတာလဲကွာ ကို အိပ်ရာနိုးတော့ ခေတ်ကိုမတွေ့တော့ လန့်သွားတာပဲ"

"သမီးခေတ်က သွားစရာ လာစရာရှိရင်လည်း ပြောဆိုပြီး သွားရောပေါ့ကွယ်၊ သမီးယောက်ျား တစ်အိမ်လုံး လိုက်ရှာနေတာ ခေါင်း ချာစိုင်းနေတာပဲ"

"ခေတ် ကိစ္စရှိလို့ ထွက်သွားတာပါ မေမေ၊ မြသွန်းဆက်





အကြောင်းသိထားတဲ့ သက်သေတွေကို သွားခေါ်လာခဲ့တာပါ၊ အခု ဧည့်ခန်းမှာ ထိုင်စောင့်နေကြတယ်"

"ဘာ"

နိုင်ဗိုမာန် ကိုယ်ကြီး ဆတ်ခနဲ တုန်သွားကာ အလန့်တကြား အော်လိုက်သည်။ ခေတ်တော်ဝင်က မြသွန်းဆက်ကို တိုက်ခိုက်ဖို့ အဲဒီ လောက်တောင် ဝီရိယကောင်းနေခဲ့တာတဲ့လား။ အစားအသောက် တွေ ဘယ်သူမှ ဆက်မစားနိုင်တော့ဘဲ ဧည့်ခန်းထဲကို ဝရုန်းသုန်းကား ရောက် လာခဲ့ကြသည်။

ဧည့်သည်နှစ်ယောက်က ဧည့်ခန်းက ကျွန်းဆက်တီခုံကြီး တွေပေါ်မှာ မင်သေသေ ထိုင်နေကြသည်။ သစ်လွင်တောက်ပသော အဝတ်အစားတွေ ဝတ်ထားကြပေမယ့် လိုက်ဖက်သလိုဖြစ်နေ၏။

"သူက ဦးဖေသန်း၊ သူကဦးဖေသန်းရဲ့မိန်းမ ဒေါ်ခင်ကြည်တဲ့ အမေ အရင်က မြသွန်းဆက်တို့နဲ့တစ်ရပ်ကွက်တည်း နေလာခဲ့ကြ တာတဲ့"

"ဟုတ်ပါတယ် ခင်ဗျာ၊ မြသွန်းဆက်နဲ့ကျွန်တော်တို့က အိမ်နား နီးချင်းတွေပါ၊ သူတို့က ဆင်းရဲကြတယ်လေ၊ ကျွန်တော်တို့က နည်းနည်း ပါးပါး ကြည့်ရှုစောင့်ရှောက်ကြရတာပေါ့၊ မြသွန်းဆက် ငယ်ငယ်က အကျင့်စာရိတ္တ ဒီလောက်မဆိုးပါဘူး၊ ကျွေးမှစား ပေးမှယူတာ အမြဲတင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အရွယ်လေး ရောက်လာမှ လူချင်ပချင်စိတ်၊ ပညာလေးတော်
ဆေးကျောင်းတက်ချင်စိတ်နဲ့ စပျက်တော့တာပဲ''

''ပထမတစ်ယောက်နဲ့က သိပ်အဆင်မပြေလိုက်ဘူးလေ၊
ကောင်မပေါ်ဘဲ မွေးလိုက်ရတဲ့ ကလေးတစ်ယောက်ပဲ အဖတ်
လိုက်တယ်၊ နောက်တစ်ယောက်ကမှ သူ့ကိုနိုင်ငံခြားတွေဘာတွေ
အိမ်က မိသားစုကိုလည်း ထောက်ပံ့နဲ့ တော်တော် အဆင်ပြေသွား
နိုင်ငံခြားကပြန်လာရင် လက်ထပ်မယ်ဆိုလား ဘာလား မသိပါ
သူဌေးကလည်း သူကုန်ကျခဲ့တဲ့ ငွေနဲ့ချိန်ဆက်ပြီး လူကိုရမှတန်မှ

အားလုံး မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားကြတော့
တော်ဝင် ကြိတ်ပြုံးလိုက်သည်။ ကားပေါ်မှာ သင်လာခဲ့တဲ့အတိုင်း
မယားနှစ်ယောက်လုံး အတိုင်အဖောက် ညီနေကြတော့ သူမ ရင်
က ခိုးကျူးမိလိုက်သည်။

တကယ်တော်တဲ့ လူလိမ် လူညာတွေပါ။ ငွေမျက်နှာကြော
ပိပိရိရိ သရုပ်ဆောင်နေကြသည်။ အများအယွင်းဖြစ်လျှင် ဒီငွေကို
မြင်ဖူးလိုက်ရမှာမဟုတ်တာမို့ မင်သေသေနှင့် ကျွေ့ရနေကြ၏။ ဒေါ်
ဆင့်လှိုင်က နိုင်ဗိမာန်ကို တစ်ချက်ကြည့်ပြီးမှ

''သူတို့ ပြောင်းသွားကြတာ ကြာပြီလား၊ ဘယ်ကိုပြောင်း
သွားကြတာလဲ''





''ပြောင်းသွားတာ သုံးနှစ်ကျော်လောက်ရှိပြီ၊ ဒလဘက်ကို
ဆိုလားပါပဲ၊ မြသွန်းဆက်ရဲ့ လူက သူ့အိမ်မိသားစု သိမှာစိုးလို့ အဲဒီ
ဘက်မှာ အိမ်ဝယ်ပေးလိုက်တာတဲ့''

''တောက်''

နိုင်ဗိမာန်ဆီက ပြင်းထန်သော တက်ခေါက်သံကြားလိုက်ရပြီး
ဖြုန်းခနဲ ထထွက်သွား၏။

အနာပေါ်တုတ်ကျပြီး အရှိုက်ကို ဓားထိသွားသည်။

ဒေါ်ဆင့်ဆင့်လှိုင်မျက်နှာက သွေးဆုတ်ဖြူရော်နေကာ အံ့ဩ
တကြီး ဖြစ်နေ၏။

တစ်ဖက်လှည့်ပြီး ခေတ်တော်ဝင် ကြိတ်ပြုံးနေတာကိုတော့
မြင်မှာမဟုတ်။ နိုင်ဗိမာန် ဘယ်ထွက်သွားတာလဲ ဘာလုပ်မှာလဲ ဆိုတာ
ကိုပဲ စိုးရိမ်နေပေလိမ့်မည်။

နိုင်သန်တောင် ဘာမှမပြောနိုင်ဘဲ ကြောင်ငေးနေ၏။ ခေတ်
တော်ဝင် ဖြစ်စေချင်တာ ဒီအခြေအနေပါပဲ။ ဘယ်သူကမှ မြသွန်း
ဆက်ကို မယုံကြည်စေချင်တာ။

ဒီအိမ်မှာလက်မခံစေချင်တာ။

နင်ဘယ်တော့မှ ငါ့ဘဝကိုဖျက်ဆီးလို့မရဘူး။ ငါ့ခြေရာကို
နင်းလို့မရဘူး မြသွန်းဆက် ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၁)

မင်းဝေ ထမင်းစားနေဆဲ ဟန်းဆက်လေးက တီးလုံးသံ 
ထွက်လာသည်မို့ အဝင်နံပါတ်ကိုကြည့်ပြီး မင်းဝေ ပြုံးလိုက်မိသည်။

"သေခဲဦးမယ့်ကောင် ငါ့ဆီကို ဖုန်းမဆက်တာ ကြာပြီ၊ အ
ဘာကိစ္စလဲ နိုင်ဝိမာန်"

"မင်းအခုဘယ်ရောက်နေလဲ မင်းဝေ ငါမင်းနဲ့တွေ့ချင်လို့"

တစ်ဖက်မှ ဖုန်းပြောတဲ့ နိုင်ဝိမာန်အသံက အလောတကြီ
ပျာယာခတ်နေသည်။ ကားသံတွေ ကြားနေရတာမို့ ကားမောင်းရင်း
ဖုန်းပြောနေတာဖြစ်နိုင်သည်။

"ငါက အိမ်မှာပေါ့ကွ၊ ညီမလေး ဘွဲ့ယူလို့ အဖေနဲ့ အမေ
လိုက်ပို့ကြတယ် အိမ်မှာ အလုပ်သမားနှစ်ယောက်နဲ့ ငါက အိမ်စော
ကျနေတာ မင်းတွေ့ချင်ရင် ငါ ခဏထွက်လာလို့ ရပါတယ်၊ ဘယ်





လာခဲ့ရမလဲ"

"ရတယ် မင်းထွက်မလာနဲ့ ငါမင်းအိမ်ကိုလာခဲ့မယ် ငါ့ကိုစောင့်
နေ ငါအခုကားပေါ်မှာနော် မင်း ခဏပဲ စောင့်"

"ဟယ်လို ဟိတ်ကောင် နိုင်ဝိမာန်"

နှုတ်မဆက်တဲ့ နိုင်ဝိမာန် ဖုန်းချသွားသည်။ ဒီကောင်ဘာတွေ
အရေးကြီးနေတာလဲ။ ဘာတွေဖြစ်နေတာလဲ။

ကိုယ်တွေက သူတို့လို လုံးချင်းတိုက်နှင့် မနေနိုင်။ ကွန်ဒိုအခန်း
နှင့် နေတာမို့ တံခါးဖွင့်ပြီး စောင့်နေလိုက်သည်။

ခဏနေတော့ နိုင်ဝိမာန်ရေးကြီးသုတ်ပျာ ရောက်ချလာ၏။

"ဘာရှော့(ခ်)လဲ နိုင်ဝိမာန်"

အခန်းတံခါးကို နောက်ပြန်ပိတ်ရင်းမေးတော့ ဆိုဖာခုံပေါ်ခြေပစ်
လက်ပစ်ထိုင်ချရင်း

"မြသွန်းဆက်"

"ဟင် မြသွန်းဆက် ပြန်ရောက်နေပြီလား"

"သုံးရက်တောင် ရှိသွားပြီ၊ အိမ်မှာ ကျိုင်တက်နေလို့ မင်းကို
မပြောဖြစ်တာ"

"မင်း မရီးနဲ့လား"

"အလုံးအရင်းနဲ့ အကြီးကြီး တိုက်ခိုက်နေတာ ပြန်ခံနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်အားမရှိတော့ မေမေကတောင် အမြင်မကြည်တော့ဘူး''

''ဟား မင်းတော့ လှုပ်လို့မရတဲ့ အိုနာကျိုးကန်း ဖြစ်ပြီ

ဘိုးဘွားရိပ်သာ သွားကွာ၊ အဲဒီမှာစိတ်ငြိမ်အောင် တရားထိုင်''

''အာ ချီးတဲ့ ဒီမှာတကယ် အုံးစားနေတာ မနောက်စမ်းပါနဲ့''

နိုင်ဗိမာန်က စိတ်ပျက် ညည်းညူးစွာဖြင့် ကုတ်အင်္ကျီထဲက စီဒီချပ်လေး ဆွဲထုတ်လိုက်၏။

''မင်းက ညစ်တယ်ပြောပြီး ငါ့အိမ်မှာသီချင်းနားထောင် အခွေတော့ ဝယ်လာနိုင်သေးတယ်ပေါ့၊ အဲဒါဘယ်က ဝယ်လာတာလဲ''

''ဒလ က''

''ဘာ မင်း မြသွန်းဆက်တို့အိမ်ကနေ ငါ့ဆီလာတာလား''

''ဟင့်အင်း မြသွန်းဆက်တို့အိမ် မဝင်ခဲ့ဘူး၊ ကျောင်းအုပ် ဆရာကြီးဆီမှာ အလှူငွေထည့်ပြီး ဒီ စီဒီခွေ တောင်းခဲ့တာ''

''အဲဒါက ဘာခွေမို့လို့လဲ''

''မြသွန်းဆက်ရဲ့သား၊ ဝသုန်လေးတို့ကျောင်းက စာစီစာကုံး ပြိုင်ပွဲနဲ့ ပညာရည်ချွန်ဆုပေးပွဲမှတ်တမ်း''

''ဟား မင်းတော့ရူးပြီ နိုင်ဗိမာန် မြသွန်းဆက်နဲ့ဝေးရမှာ မင်း သွေးရူးသွေးတမ်း ဖြစ်နေတာလား၊ အဲဒီအခွေက မြသွန်းဆက်နဲ့ နီးအောင် ဘာတွေလုပ်ပေးနိုင်မှာမို့လဲ''





''ငါမစုံစမ်းရဲ မမေးမြန်းရဲတဲ့ အကြောင်းအရာတစ်ခု ဒီထဲက သဲလွန်စ ရနိုင်တယ်''

''ဘာအကြောင်းလဲ''

''ငါတို့လည်း ငယ်ငယ်တုန်းက ကျောင်းမှာ ဆုတွေယူဖူးတာ ပဲကွာ ဘယ်သူဘယ်ဝါရဲ့ သားသမီးဆိုတာ အဓိက မဟုတ်ဘူးလား''

''မြသွန်းဆက်သားက မြသွန်းဆက် သားပေါ့ ဘာတွေထူးခြား သာမှာမို့လို့လဲ''

''အဖေနာမည် ဘယ်သူဆိုတာကလည်း ရေနစ်နေတဲ့ငါ့အတွက် အသက်ကယ်ပေးမယ့် ကောက်ရိုးတစ်မျှင် ဖြစ်လာနိုင်တာပေါ့၊ ရော့ပါ ကွာ မင်းစက်ထဲ ထည့်ဖွင့်ပေးစမ်းပါ''

''မင်းကကွာ ငါနဲ့အေးအေးဆေးဆေး စကားပြောစမ်းပါ၊ မင်း အိမ်ရောက်မှ ဖွင့်ကြည့်လည်းရတာပဲဟာကို''

မင်းဝေက စိတ်မရှည်သလို စီဒီခွေကို လက်လှမ်း မယူ။ နိုင်ဗိ မာန်ကလည်း ဖြုန်းခနဲထရပ်ကာ

''ငါလည်း အခုအချိန်မှာ ဒီကိစ္စက လွဲပြီး ကျန်တာတွေ ဘာမှ စိတ်မဝင်စားဘူး၊ အိမ်ကိုရော ကုမ္ပဏီကိုရော သွားချင်ပြန်ချင် စိတ်မရှိလို့ မင်းဆီ ရောက်လာတာ၊ မင်း မကူညီချင်လည်း ငါ့ဟာ ငါ သွားတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အာ ဒီကောင် ဘာလို့တင်းနေတာလဲဟ ငါနဲ့စကားပြောရင် မင်းစိတ်တွေ ပြေမလားလို့ ပြောကြည့်တာပါ ပေး ပေး ငါဖွင့်ပေးမယ်"

သူ့လက်ထဲက ခွေကိုဆွဲယူပြီး မင်းဝေ စက်ထဲထည့်ပေး ဆိုဖာခုံမှာ နိုင်ဗိမာန် ပြန်ထိုင်လိုက်၏။ ပြီးမှ မင်းဝေက နိုင်ဗိမာန် လက်ထဲ ရီမုတ်ထည့်ပေးသည်။

နိုင်ဗိမာန်က တခြားကလေးတွေ ရစ်ပတ်လိုက်ပြီး ဝသုန်လေး အလှည့်မှာ ရပ်လိုက်သည်။

ဝသုန်လေးက အဖြူအစိမ်းကျောင်းဝတ်စုံလေးဖြင့် ချစ်စရာ ကောင်းလှ၏။ ပထမဆုံး စာစီစာကုံးပြိုင်ဖို့ ဘယ်သူဘယ်ဝါရဲ့ သား ဘယ်အတန်းဘယ်ကျောင်းကပါလို့ ကြေညာလိုက်သည်နှင့် မင်းဝေနှင့် နိုင်ဗိမာန်တိုင်ပင်မထားရပါဘဲ အကြည့်ချင်းဆုံသွားသည်။

မယုံနိုင်လွန်း၍ နိုင်ဗိမာန် နောက်တစ်ခေါက်ရစ်ကာ နားထောင် ပြန်သည်။

ကြည့်ရင်း ကြည့်ရင်း နားထောင်ရင်းဖြင့် အသားတွေ ဆတ် ဆတ် တုန်ကာ ရင်တွေလည်းခုန်လာ၏။

စာစီစာကုံး ပြိုင်လို့ပြီးတော့ ဆုပေးတဲ့နေရာ ရောက်အောင် မင်းဝေက အလိုက်တသိရစ်ပေးသည်။ ထိုနေရာမှာလည်း ဝသုန်လေး ရဲ့မိဘနာမည်တွေက ဒီအတိုင်း။





နိုင်ဗိမာန်က ဘာစကားမှ မပြောနိုင်အောင် ရင်ထဲက လှိုက် လှိုက်ဆူဝေ သွေးပူနေသည်။ မင်းဝေက စက်ထဲက ခွေကိုထုတ်ပြီး အိတ်ထဲထည့်ပြီးမှ သူ့လက်ထဲ ထည့်၏။

"နားနဲ့ဆတ်ဆတ်ကြားရလို့သာ ယုံတောင် မယုံနိုင်ဘူးကွာ၊ ဒီပုံအတိုင်းဆိုရင် ခေတ်တော်ဝင်နဲ့မြသွန်းဆက်က"

"ညီအစ်မအရင်း ဒါမှမဟုတ် ရင်းရင်းနှီးနှီးသွေးသား တော်စပ် နိုင်တယ်၊ ဖုံးကွယ်ထားရတဲ့ကိစ္စတွေမှာ ခေတ်တော်ဝင်ကို မလွန်ဆန် နိုင်တဲ့ အကြောင်းတရားတွေ ရှိလိမ့်မယ်"

"တကယ် သေချာရင် မြသွန်းဆက်က အရမ်းသနားစရာ ကောင်းနေပြီ၊ အပျိုတစ်ယောက်က ကလေးအမေ အမည်ခံပြီး ကလေး အမေက အပျိုဂုဏ်နဲ့ မင်းအစ်ကိုကို ရအောင်ယူတယ်၊ ဒါဟာ လက်မခံ သင့်တဲ့ မှားယွင်းမှုကြီးပဲကွ၊ ပြီးတော့ မြသွန်းဆက်ကို တစ်ချိန်လုံး ယုတ်ယုတ်မာမာနဲ့ တိုက်ခိုက်နေတာ"

"အဲဒါက မြသွန်းဆက် ငါတို့အသိုက်အဝန်းထဲ ရောက်လာရင် သူ့အကြောင်းတွေ ပေါ်ကုန်မှာစိုးလို့ လုပ်ကြံဖန်တီးပြီး အပြစ်ပုံချနေတာ သေချာတယ်၊ အရမ်းကြောက်စရာကောင်းတဲ့ မိန်းမကွာ"

"မင်းဘယ်လိုလုပ်မှာလဲ နိုင်ဗိမာန် ဒီကိစ္စမင်းအမေကို အသိ ပေးမှဖြစ်မှာနော်၊ အကွက်ဆင်ထားတဲ့ မရိုးသားမှုကြီးမှန်း သိသာတယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဝိမာန် အသံတိတ်သွားကာ ဆိုဖာခုံကိုဖြေလျှော့မှီ၍ မျက်လုံးကို စုံမှိတ် အသက်ကို မှန်မှန်ရှူကြည့်ရင်း စဉ်းစားနေ၏။ မေမေ့ကို ဒီအကြောင်း အသိပေးလိုက်လျှင် ဘာတွေဖြစ်သွားနိုင်သလဲ။

သူနဲ့မြသွန်းဆက် အဆင်ပြေသွားနိုင်တာ သေချာသော်လည်း ကိုကိုနှင့်ခေတ်တော်ဝင်တို့ရဲ့ အိမ်ထောင်ရေး အက်ကြောင်းထင်သွားမှာလည်း သေချာသည်။

မေမေကရော ခေတ်တော်ဝင် အမှားကို လက်ခံပေးပါ့မလား

ကိုကိုကရော နားလည်ပေးနိုင်ပါ့မလား။

ခေတ်တော်ဝင် မမှားသင့်သောအမှားကို ပိပိရိရိကျူးလွန်ရဲတာ အံ့သြဖို့ကောင်းသည်။ ခေတ်တော်ဝင်နှင့် မြသွန်းဆက် ညီအစ်မ အရင်းဖြစ်ပြီး မြသွန်းဆက် မိဘတွေက ခေတ်တော်ဝင် မိဘတွေသာ ဖြစ်ခဲ့လျှင် ခေတ်တော်ဝင် ငရဲအိုးထဲဖောက်ထိုး ကျပေလိမ့်မည်။

ကိုယ့်သွေးသားကိုတောင် ဥပေက္ခာပြုရက်သေးတာ ဒီမိန်းမစိတ်က မလုပ်ရဲလောက်ဘူးဆိုတာ မဖြစ်နိုင်။

"မေမေကိုပြောလိုက်ရင် စိတ်ထိခိုက်မှာ သေချာတယ် မေမေက ခေတ်တော်ဝင်ကို အရမ်းယုံကြည်အားကိုးနေတာ၊ တကယ်လည်း စီးပွားရေးဘက်မှာ လေးစားလောက်အောင် ထက်မြက်တဲ့မိန်းမတစ်ယောက်ပါ၊ ဒါပေမဲ့ ကိုယ့်ရင်သွေးကို သူများ သားသမီးအမည်ခံ





နိုင်းပြီး ဥပေက္ခာပြုနိုင်တာတော့ အရမ်းရက်စက်လွန်းတယ်၊ သူ့ရုပ်ရည်သူ့အဆင့်အတန်းနဲ့ အဲလိုလုပ်ရဲမယ် မထင်ဘူး"

"ကိုယ်ကျိုးအတွက်ဆိုရင် လူတွေမလုပ်ရဲတာဘာမှမရှိဘူးကွ၊ ကောင်းတာ တစ်ခုလုပ်ဖို့ ခက်ခဲပေမယ့် မကောင်းတာဆယ်ခုလုပ်ဖို့ ဝန်မလေးတတ်ကြဘူး၊ တိုက်တိုက်ဆိုင်ဆိုင် သူ ယူလိုက်တဲ့ ယောကျ်ားရဲ့ညီက သူ့ညီမနဲ့ သွားပတ်သက်တော့ သူပိုပြီး အနေခက် သွားတာပေါ့ အဲဒါကြောင့် လုပ်သင့် မလုပ်သင့်၊ အမှားအမှန် မခွဲခြားနိုင်တော့ဘဲ သူ လုပ်ချင်ရာတွေ လုပ်ပစ်တာ ဖြစ်မယ်"

"သူ လုပ်နေတဲ့ အပြစ်ကြီးက ငါသာ ဒီ စီဒီခွေကနေ သဲလွန်စမရရင် မြသွန်းဆက်နဲ့ငါနဲ့တစ်သက်လုံး ဝေးရတော့မှာ တောက် တော်တော်မိုက်ရိုင်းတဲ့မိန်းမကွာ တွေးလို့တောင်မရဘူး"

ပြောရင်းနှင့် နိုင်ဝိမာန်ပေါက်ကွဲလာကာ အံကြိတ်နေသည်။ တင်းတင်းဆုပ်ထားတဲ့ လက်သီးဆုပ်ကို မင်းဝေက နှစ်သိမ့်သလိုဖြေသေးနေ၏။

"စိတ်ကိုလျှော့လိုက်တော့ နိုင်ဝိမာန် မင်းအမေနဲ့ ဘာလုပ်သင့်သလဲတိုင်ပင် မြသွန်းဆက်နဲ့ကိစ္စက အဆင်ပြေနေပြီပဲ၊ သွေးအေးအောင်ကြိုးစားစမ်းပါကွာ၊ မင်းအစ်ကို အိမ်ထောင်ပျက်သွားရင်လည်း မင်းအမေ စိတ်ဆင်းရဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေ ဖျောင်းဖျနေပေမယ့် နိုင်ဗိမာန် ဘယ်လိုမှ သည်းမခံနိုင်အောင် သွေးတွေပွက်ပွက်ဆူနေသည်။

မြသွန်းဆက်ကို ဒီမိန်းမ ဘယ်လောက်တောင် အနိုင်ကျင့်နှိပ်စက်ခဲ့သလဲ။ အစကတည်းက မြသွန်းဆက် အပျိုစင်လေး တစ်ယောက် ဖြစ်ရမည်ဆိုတာ သူ ယုံကြည်ခဲ့သည်။ မေမေလည်း ထိုအတိုင်းနားလည် စာနာပေးခဲ့၏။

ဒါကိုတောင် ယုံကြည်မှုနည်းပြီး အထင်သေးရှုံ့ချလာအောင် အကွက်စေ့ထောင့်စေ့ ယုတ်မာကောက်ကျစ်စွာ ယုတ္တိရှိရှိ ဖန်တီးခဲ့သေးသည်။ မြသွန်းဆက်ကရော ဘာကြောင့်များ နာမည်ပျက်ခံ ရလောက်ထိ အရတာလဲ။

အခု ချက်ချင်း ပခုံးလေးကို မနာကျင်အောင် ကိုင်ကိုင်လှုပ်ယမ်း မေးပစ်လိုက်ချင်သည်။

နှလုံးသားရဲ့ ဆာလောင်မှုကိုမေ့လျော့ပြီး ခေတ်တော်ဝင်ကျွေးတဲ့ အဆိပ်အပင်တွေကို ဘာလို့သောက်သုံး မျိုချနေတာလဲလို့။

ဒါပေမဲ့ ဒီအချိန်မှာ ဒီအကြောင်းတွေ မေမေ့ကိုအရင်ဆုံးပြောပြချင်လှသည်မို့...။

■ ■ ■



## အခန်း (၃၂)

"ဒါဆို မြသွန်းဆက် သားလေးရဲ့အမေက ခေတ်တော်ဝင်ပေါ့၊ ဘုရား ဘုရား ဘယ်လိုဖြစ်ရတာလဲကွယ်၊ ခေတ်တော်ဝင်ကို မိမရှိ ဖမရှိဘဝလေးနဲ့ ဦးလေး အဒေါ်တွေကို မှီခိုနေခဲ့ရတဲ့သူလေး ဆိုပြီး သနားနေခဲ့တာ၊ ဦးလေး အဒေါ်တွေကို ငွေကြေး ထောက်ပံ့တယ်ဆိုတော့လည်း ကျေးဇူးသိတတ်သားပဲလို့ သူ့စိတ်ကလေးကို လေးစားနေခဲ့တာပါ၊ ခုတော့ ရေးရေး တွေးကြည့်ရုံနဲ့ ထင်ထင်ရှားရှား မြင်တွေ့ရပြီပေါ့၊ မဆင်ရက်စရာ မတွေးရဲစရာ ပါလား သားရယ်"

"သားလည်း တော်တော်အံ့သြသွားတာပါ မေမေ၊ သူ့လိုသုပ်ငန်းဘက်မှာ ထက်မြက်အောင်မြင်နေတဲ့ မိန်းမတစ်ယောက်က အဲလိုအောက်တန်းကျတဲ့ အလုပ်မျိုး လုပ်မယ် မထင်ဘူး"

စီဒီခွေကိုဖွင့်ပြပြီးသည်နှင့် ဒေါ်ဆင့်ဆင့်လှိုင် တုန်လှုပ်သွားပျက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မိမိတန်ဖိုးထားယုံကြည်ခဲ့တဲ့ ခေတ်တော်ဝင်မှာ ဒီလိုမျိုး အောက်တန်းကျ အဆင့်အတန်း မရှိတဲ့ အယူအဆတွေရှိနေတာ မယုံ ကြည်ရဲ မယုံကြည်နိုင်အောင် ဖြစ်နေသည်။

ဗုဒ္ဓဘာသာမြန်မာ လူမျိုးတစ်ယောက်အနေဖြင့် မပြုသင့်မလုပ် သင့် မလုပ်အပ်ဘူးဆိုတာ နားမလည်ဘူးလား။

သားကြီးသိလျှင် ဘယ်လောက်များ သွေးဆူပေါက်ကွဲလိုက်မလဲ သားငယ်လေးတောင် အသံရောလူရော ကတုန်ကယင်။

"နိုင်သန်သိရင် ဘယ်လိုတွေဖြစ်ကုန်မလဲ မသိဘူးကွယ် မေး ရင်တွေ တုန်လိုက်တာ"

"အလိမ်အညာခံရတယ်ဆိုပြီး ရှက်နေမှာသေချာတယ်၊ သာ သာ ကိုကို့နေရာမှာဆိုရင်တော့ ဒီမိန်းမကိုတစ်ခါတည်း ကွာရှင်း တယ်၊ မြသွန်းဆက်လို ကလေးအမေမုန်း သိသိကြီးနဲ့ ချစ်ခဲ့မိ မျိုးဆိုရင်တော့ တစ်မျိုးပေါ့၊ ခုတော့ ကိုယ့်ကလေး သူများမွေးနိုင်ပြီ ကျေးဇူးလည်း မသိတတ်တဲ့ မိန်းမမျိုး"

သားငယ်လေးရဲ့ဒေါသကို ဒေါ်ဆင့်ဆင့်လှိုင် စာနာပေး ပါသည်။ လူငယ်ဆိုတော့ သွေးဆူပေမပေါ့။

ကိုယ်ချစ်နေတဲ့သူကို သွေးထိုးလုပ်ကြံစော်ကားနေတာ အ သာ ကြီးဥစ္စာ။





ဒါပေမဲ့ ခေတ်တော်ဝင်က အခုချိန်မှာသူ့စိမ်း မဟုတ်။

သားကြီးရဲ့အချစ်ဆုံး ဇနီးမယား။ မိမိတို့ လုပ်ငန်းမှာလည်း အားကိုးယုံကြည်ရတဲ့ သစ္စာရှိသော လူတစ်ယောက်။

ဒေါ်ဆင့်ဆင့်လှိုင် ဘယ်လိုနားလည်ပြီး ဘာတွေလုပ်ရမှန်း မသိဖြစ်နေသည်။

"ကိုကို့ကို ဒီခွေပြလိုက်ရမလား မေမေ၊ သူ့မိန်းမ ယုတ်မာ ကောက်ကျစ်တာတွေ ဖွင့်ထုတ်ချပြလိုက်မလား"

"နေ နေပါဦး သားရယ် မေမေ စဉ်းစားနေပါတယ်၊ ရန်သူကို ဓားကိုဓားချင်း၊ လှံကိုလှံချင်း တုံ့ပြန်တိုက်ခိုက်တာထက် ထိရောက် တာကို မေမေတို့ လုပ်ကြည့်ရအောင်"

"ဘာလုပ်မှာလဲ မေမေရာ သူတောင်မှ လိမ်ညာ လီဆယ် သွယ်ကြံရဲသေးတာ၊ သားတို့က သူလုပ်ခဲ့တဲ့ အပြစ်တွေချပြရုံပဲဟာ"

"ဟုတ်ပါတယ် ဒါပေမဲ့ သူ့ကိုလူတွေရဲ့ မေတ္တာကို စော်ကားရင် အဲဒီလူတွေရဲ့ မေတ္တာ ဘယ်လိုပြန်ရုန်းတတ်သလဲဆိုတာ သိစေချင်တယ် ရင်ကလွယ်မွေးခဲ့တဲ့ ကိုယ့်သွေးသားကို ဥပေက္ခာပြုရင် အဲဒီကလေး နဲ့အမုန်းကို ဘယ်လိုပြန်ခံစားရမလဲဆိုတာ သိစေချင်တယ်"

"ဒါဆို မေမေက"

"မြသွန်းဆက်နဲ့ အဲဒီကလေးကို မေမေတို့ဒီအကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သိနေတာကိုမပြောဘဲ အိမ်ခေါ်လာခဲ့ပါ သား၊ ဒီတစ်ခေါက် သားယေ စင်ကာပူ သွားရမယ့်ကိစ္စ သားကြီးကို မေမေ လွှတ်လိုက်မယ်၊ မြသွန်း ဆက်တို့ သားအမိနဲ့ မေမေတို့ ရင်းရင်းနှီးနှီးနေတာကို သူမြင်ရင် သူဖန်တီးခဲ့တာတွေ ဘာမှဖြစ်မလာပါလားဆိုပြီး သူ့ဟာသူ ရင်ကွဲနာ ကျနေလိမ့်မယ်၊ မေမေကတော့နောက်ဆုံး အချိန်ထိ သားကြီး မသိအောင် လည်း လျှို့ဝှက်ထားချင်တယ်၊ ခေတ်တော်ဝင် နောင်တရပြီး ဝန်ခံလာ အောင်လည်း လုပ်ချင်တယ် သား''

မေမေ ပြောနေတာတွေ ဖြစ်ချင်နေတာတွေ သူနားလည်ပါ သည်။ မေတ္တာနဲ့အနိုင်ယူကြည့်ချင်နေတာ ဖြစ်မှာပါ။

အဆုံးထိခေတ်တော်ဝင် နားမလည်ဘူးဆိုရင်လည်း ကိုယ့်ဘက် မှာ လက်နက်ကောင်းတွေရှိနေပြီပဲ။

ဘာမှကြောက်စရာ မလိုသလို၊ ရင်မဆိုင်ရဲစရာ အကြောင်း လည်း မရှိ။ ဒါပေမဲ့ မြသွန်းဆက်ကို တစ်ဖက်လှည့်နှင့် ဘယ်လိုတိုက်ခိုက် နေဦးမလဲဆိုတာတော့ စိုးရိမ်မိသည်။

မြသွန်းဆက်ဆိုတာ သူ့ရင်က တန်ဖိုးထားပြီး ချစ်ရတဲ့သူ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ အန္တရာယ်ပြုတာကို မခံရစေချင်။

မင်းဘဝတစ်ခုလုံး အနှောင့်အယှက် ကင်းကင်းနဲ့ ပြည့်စုံ သာဖို့ ကိုယ်တာဝန်ယူမှာပါ မြသွန်းဆက်ရယ်။



## အခန်း (၃၃)

သူမကို အိမ်ပြန်လိုက်ပို့ပြီးကတည်းက နိုင်ဗိမာန် ရောက်မလာ တော့တာမို့ အဖြေမပေးခဲ့တာကို စိတ်ဆိုးသွားပြီးလားလို့ စိတ်ထဲမှာ ထင်နေမိသည်။

ဒီနေ့ဆို လေးရက်မြောက်။

ဘာသတင်းမှမကြားရလောက်အောင် ပျောက်ချက်သားကောင်း နေသည်။ သူမမှာ တာဝန်ကျဆေးရုံမသတ်မှတ်ရသေးတာမို့ အချိန်တွေက အလကားပိုနေသည်။

ပုဂ္ဂလိကဆေးရုံဆေးခန်းတွေက နိုင်ငံခြားဆရာဝန်မို့ ငွေကြေး ဆိုက် ထိုက်တန်တန်ပေးပြီး ကမ်းလှမ်းလာကြပေမယ့် နိုင်ငံတော်ကို တစ်ဖက် တစ်လမ်းက အကျိုးပြုချင်သေးသည်မို့ အချိန်ဆွဲ စောင့် နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်လေးက ကျောင်းပိတ်ထားသည့်အတွက် သူ့ကိုအဖော် လုပ် ပေးနေရတာ အပျင်းတော့ပြေပါသည်။

ဒါပေမဲ့ နိုင်ဗိမာန်ကို နေ့စဉ်နေ့တိုင်း အချိန်တိုင်း မျှော်နေမိတာ ကိုယ့်ကိုယ်ကိုတောင် အလိုမကျဖြစ်လာ၏။

နိုင်ငံခြားက ပြန်လာတဲ့နေ့ ကားပေါ်မှာတော့ အသည်းအသ တတွတ်တွတ် အဖြေတောင်းနေပြီး အခုမှ ဘာလို့ မလာတော့တာလဲ မသိ။

''မေမေဆက် ဦးဦးကို သတိရနေတာလား''

''ဟင်''

ရေတွင်းနောက်က ထိုင်ခုံလေးမှာ ထိုင်နေသော သူမအနား ဘောလုံးလေးပိုက်၍ ဝသုန် ရောက်လာကာ သူမ မျက်နှာကို တည့်တည့် ကြည့်ပြီး မေးလိုက်တာမို့ ရှက်ရွံ့ထူပူသွား၏။

''မင်းဦးဦးကို ဘာလို့သတိရရမှာလဲ မရပါဘူး''

''မညာတတ်ဘဲနဲ့ မညာပါနဲ့မေမေဆက်ရာ၊ မေမေဆ ခြံပေါက်ဝကို လှမ်းလှမ်းကြည့်နေတာ သား သိပါတယ်၊ ဦးဦးကလ မညာဘူး မေမေဆက်ရ''

''သူက ဘာကိုမညာတာလဲ''

''မေမေဆက်ကို ချစ်တယ်တဲ့''





''ဘာ သူ သူက ကလေးရှေ့မှာ အဲဒါတွေပြောတယ်ပေါ့''

မြသွန်းဆက် အထိတ်အလန့်မေးတော့ ဝသုန်လေးကပြုံးစိစိ။

''သားက မေးလိုက်တာပါ မေမေဆက်ရဲ့၊ မေမေဆက် အကြောင်း အိမ်လာတိုင်း ခဏ ခဏ မေးနေတော့ ဘွားဘွားတို့ မသိ အောင် အိမ်ပေါက်ဝမှာ လိုက်မေးလိုက်တာ မေမေဆက်အကြောင်း ဘာလို့ခဏ ခဏ မေးနေတာလဲ ဆိုတော့ သား၊ မေမေဆက်ကို ချစ်လို့ ပေါ့တဲ့''

''မင်းကရော ကလေးလေးလို့ နေပါလား၊ ဘာလို့သွားမေး ရတာလဲ၊ ဟိုကလည်း လူကြီးလို မနေဘူး အလကားလျှောက် ပြော နေတယ်''

''ဘယ်သူက အလကားပြောလို့လဲ ကြေးကြီးကြီးနဲ့ တန်ဖိုးထား ပြီး တကယ် ပြောတာ''

''ဟင် နိုင်ဗိမာန်''

ဝသုန်လေးနှင့် စကားလှည့် ပြောနေတုန်း နောက်ကနေ နိုင်ဗိမာန် ရောက်လာတာ မသိလိုက်၊ နိုင်ဗိမာန်က အရင်ဆုံး ဝသုန်လေး ကို ပွေ့ဖက် နမ်းပြီးမှ

''မေမေက မြသွန်းဆက်တို့ သားအမိကို အိမ်ခေါ်ခဲ့ပါတဲ့ ဆို့ လာခေါ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုတောင် ကျွန်မ ဘာမှအဖြေမပေးရသေးဘူး၊ မလိုက်ချ ပါဘူး"

"အခု တစ်ခါတည်း အဖြေပေး၊ တစ်ခါတည်းလိုက်ခဲ့ အိမ်မှာ မေမေ စောင့်နေတယ်"

"ကျွန်မက ရှင့်လို အရှက်မရှိကလေးရှေ့မှာ အဖြေမပေးရဲ

မြသွန်းဆက် မူနွဲ့နွဲ့လေး ပြောပြီး ထရပ်တော့ သူမလ ကလေးကို နိုင်ဗိမာန် ဖျတ်ခနဲ ဖမ်းဆွဲလိုက်သည်။

ဗေဒါရောင် ဖျော့ဖျော့ဝတ်စုံအောက်မှ ဖြူနုဝင်းဝါနေ အသားအရေက ထင်းခနဲ လင်းလက်သွားသလို အချိုးအစား ပြေပြစ်သော ခန္ဓာကိုယ် ကောက်ကြောင်းလေးကလည်း ရှင်းနေသည်

သူနေရာနှင့်သူ ဘာတစ်ခုမှ အပိုအလိုမရှိ သေသပ်ချပ် လှပလွန်း၏။ နက်မှောင်ပျော့အိနေသော ဆံနွယ်တစ်ထွေးကြီးကို ကလစ်ပြားလေးနှင့် ရောညှပ်ပြီး ခေါက်တင်ထားသဖြင့် လှပသော မျက် တစ်ဝိုက်နှင့် ပါးပြင်လည်တိုင်တို့မှာ ဆံယဉ်စုတို့က ဟိုတစ်စဒီတစ်

"ဦးဦး"

လူကို ကတိမ်းကပါး ဖြစ်စေသည့် နှုတ်ခမ်းနှစ်လွှာကို ငေး နေမိဆဲ ဝသုန်လေးရဲ့ ခေါ်သံကြောင့် နိုင်ဗိမာန် ဆတ်ခနဲ တုန်သွားသည် မြသွန်းဆက်လည်း သတိဝင်ကာ သူမ လက်ကလေးကို ဖျတ်ခနဲ ရုန်း





"ဦးဦး သားသားတို့ကို ဦးဦးတို့အိမ် အလည်ခေါ်မှာလားဟင်"

"ခေါ်မှာပေါ့သားရဲ့ အခုဦးဦးလာခေါ်တာ"

"ဒါဆို သား အဝတ်အစားသွားလဲလိုက်ဦးမယ်၊ မေမေဆက် လည်း အဝတ်အစားလဲချည်လေ"

ဝသုန်လေးက သူမကို သတိပေးခဲ့ပြီး၊ အိမ်ပေါ်ကို ပြေးတက် သွားသည်။ ကလေးဆိုတော့ ဟိုဟိုဒီဒီ သွားချင်လာချင်တာ သိပြီး၊ ကျန်တာ ဘာမှမသိ။

သူမကတော့ မမခေတ်နှင့် ဟိုတစ်ခါလို ထိပ်တိုက် ဆုံမှာ စိုးရိမ်နေသည်။ ဝသုန်လေးပါ ပါသည်ဆိုလျှင် ပြဿနာက ပိုကြီးထွား နိုင်သည်။

"ကျွန်မတို့ တစ်နေရာရာမှာ စကားပြောရအောင်ပါ နိုင်ဗိမာန် ဝသုန်လေးကိုလည်း ခေါ်ခဲ့မယ်လေ"

"မေမေက မြသွန်းဆက်ကိုရော ကလေးကိုရော လေးလေး နက်နက် ခေါ်ခိုင်းလိုက်တာပါ၊ မြေးတွေ မြစ်တွေ မရှိတော့ ဝသုန်လေးကို အရမ်းတွေ့ချင်နေတာ၊ ကျွန်တော်တောင်မှ မြသွန်းဆက်မရှိတဲ့ အချိန် တွေလည်း ဒီအိမ်ကိုအမြဲတမ်း ရောက်အောင်လာနေခဲ့တာ ပြန်လာရင် ကျွန်တော်အတွက် အကောင်းဆုံး အဖြေတစ်ခုယူလာခဲ့မယ်လို့ မြသွန်း ဆက် ပြောသွားခဲ့တယ်နော်၊ မေမေ့ဆီ လိုက်တွေ့ပေးမယ်ဆိုရင် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မြသွန်းဆက် အကောင်းဆုံး လက်ဆောင်ယူလာ ခဲ့တယ်...
သဘောထားပါမယ်၊ လိုက်ခဲ့ပါနော်''

မငြင်းဆန်ရက်အောင် နိုင်ဗိမာန်က အပြောကောင်းလှသည်... ဘာဖြစ်ဖြစ် မမခေတ်ကိုရင်ဆိုင်တော့မယ်လို့ တွေးထားပြီးသည့်အတွ... မေမေတို့ကို ခွင့်တောင်းပြီး ဝသုန်လေးနှင့် သူမ နိုင်ဗိမာန်တို့ အိမ်ကို... လာခဲ့ကြသည်။

ဝမ်းသာအားရ ဖြစ်သွားတဲ့ နိုင်ဗိမာန်က တပြုံးပြုံး။

ဒေါ်ဆင့်ဆင့်လှိုင်ကလည်း ရင်းနှီးဖော်ရွေစွာ ဝသုန်လေး... ပွေ့ဖက် နမ်းရှုံ့ပြီး ကြိုဆိုခဲ့သည်။

''မြသွန်းဆက် သားလေးက အချောလေးပဲကွဲ့၊ မ... သားဖြစ်ရမယ် ဟုတ်လား သား၊ သားလေးနာမည် ဘယ်သူလဲကွ...

''ဝသုန်ပါ ဘွားဘွား''

''ဘွားဘွား ဘွားဘွားလို့ ခေါ်တယ် အံမယ်လေး မြေး... လိမ်မာလိုက်တာ မြေးလေးဘယ်နှတန်းရောက်နေပြီလဲကွယ်၊ ဘွား... ကိုပြောပါဦး''

''ဒီတစ်ခါ ကျောင်းတက်ရင် သုံးတန်းတက်ရမှာပါ ဘွား... သားက ဆုတွေလည်း ရတယ်၊ ဆရာမတွေက သားကိုစာတော်တယ်...

''အို ဟုတ်လား ဘွားမြေးလေးက ပညာရှိဖြစ်မယ့်...





အဲလိုပြောကြမှာပေါ့ ဟင်းဟင်း။ ဟဲ့ဒေါ်မြင့်တို့ မိလုံးတို့ ငါ့မြေးလေးစားဖို့ အစားအသောက်တွေ ယူခဲ့ကြပါဦး''

မြေးလိုချင်နေသော ဒေါ်ဆင့်ဆင့်လှိုင်နှင့် စကားကြွယ်သော ဝသုန်လေးတို့ ချက်ချင်း သဟဇာတဖြစ်ကာ ရင်းနှီးလုံးထွေးသွားကြသည်၊ ဝသုန်လေးက အိမ်ကြီးပတ်ပတ်လည်ကို ဟိုလက်ညှိုးထိုး ဒီလက်ညှိုးထိုး၊ ဟိုဟာမေး ဒီဟာမေး။

ဒေါ်ဆင့်ဆင့်လှိုင်က ပျော်တပြုံးပြုံးဖြင့် စကားတွေဖောင်ဖွဲ့ကာ ရှင်းပြနေသည်။ ဒေါ်မြင့်နှင့် မိလုံးကလည်း ဝသုန်လေးကို အစား အသောက် တွေခွံ့ကျွေးနေ၏။

နိုင်ဗိမာန်က မြသွန်းဆက် လက်ဖဝါးလေးကို ခပ်ဖိဖိဆုပ်ညှစ် လျက် ခြံဝင်းထဲခွဲခေါ်လာခဲ့သည်။

''ဝသုန်လေးနဲ့မေမေက ရှေးရေစက်ပါတယ် ထင်တယ်၊ တန်း ခနဲ ရင်းနှီးချစ်ခင် သွားလိုက်တာ အံ့သြစရာပဲ''

''ဝသုန်လေးက လူချစ်လူခင် ပေါပါတယ်၊ အရမ်းလည်း စကား တတ်တယ်''

''ကလေးအမေက ပိုပြီးတတ်မှာပေါ့၊ ကျွန်တော် ကြားချင်တယ် ပြောပါဦး၊ ကျွန်တော့်ကို အဖြေပေးမယ်ဆို''

သနပ်ခါး ပန်းပင်လေးတွေကြားက ထိုင်ခုံလေးမှာ ထိုင်ချ၍



www.burmeseclassic.com

www.burmeseclassic.com



သူမ ပန်းလေးကို ဖက်တွယ်ထားရင်းမေးတော့ နိုင်ဇိမာန်ကို မျက်စောင်းဝေ့ဝေ့ ထိုးလိုက်သည်။

"လက်ကိုလည်း ပိုင်စိုးပိုင်နင်း ကိုင်တယ်၊ ပန်းကိုလည်း ဖက်တယ်၊ အိမ်လိုက် လာရင်လည်း အကောင်းဆုံး လက်ဆောင်ပေးတယ်လို့ သဘောထားပါတယ်တဲ့ အဖြေပေးဖို့ လိုသေးလို့လား"

တည်ငြိမ်ရင့်ကျက်၍ ဣန္ဒြေကြီးသော မိန်းမတစ်ယောက်၏ မျက်စောင်းက ပိုပြီး ဂန္ထဝင်မြောက်သည်ဟု ထင်မိ၏။

ဝင်းဖန်ဖန့် မျက်နှာလေးပေါ် ဆံယဉ်စု ဟိုတစ်စ ဒီတစ်စ ဝေ့ဝဲကျနေသည့်မို့ သူ့မျက်နှာနှင့် ပွတ်တိုက်ကာ ဖယ်ပေးလိုက်သည်။

မြသွန်းဆက် လွန့်လွန့်လေးရုန်းကာ သူ့ရင်ဘတ်ကို သူမ လက်ဖဝါးနုနုလေးဖြင့် တွန်းကန်ထား၏။

"ဟင့်အင်း မနမ်းနဲ့ ကလေးတွေလည်း မဟုတ်တာနဲ့ ဣန္ဒြေလည်း မဖနဘူး"

"ကလေးတွေ မဟုတ်တော့လို့ ဒီလိုမျိုး ချစ်တတ်လာတာပေါ့ ဒါလေးတောင် မသိဘူးလား"

"မသိချင်ဘူး"

"ဟင်း ဟင်း ကျွန်တော် အသည်းတွေ ယားလာပြီနော် မေမေ့ကို အခုချက်ချင်း လက်ထပ်ပေးပါလို့ ပြောလိုက်တော့မယ်"





"ဟင်းအင်း အလောတကြီး ဘာမှ သွားမပြောနဲ့ဦးနော်၊ ရှင့်အမေက ရှင်နဲ့ ကျွန်မကို တကယ် သဘောတူတာ ဟုတ်ရဲ့လား ကျွန်မသိချင်သေးတယ်၊ ရှင့်ဆန္ဒကိုလိုက်လျောချင်ရုံသက်သက် ဆိုရင် ကျွန်မဘက်က လိုအပ်ချက်တွေပြင်ဖို့ အချိန်ယူရဦးမယ်"

"မြသွန်းဆက်ရယ် မေမေက တကယ် သဘောတူတာပါ၊ ကျွန်တော်နဲ့ မြသွန်းဆက် လက်ထပ်ရင် မိဘဘိုးဘွား အမွေအနှစ်အပြင် ပုဂ္ဂလိက အထူးကု ဆေးခန်းကြီးတစ်ခုလည်း လက်ဖွဲ့မယ်တဲ့၊ ဝသုန်လေးကိုလည်း မြသွန်းဆက်ရဲ့ သားလေး အဖြစ်နဲ့ တစ်သက်လုံး တာဝန်ယူစောင့်ရှောက်မှာပါ၊ မြသွန်းဆက် မိဘတွေကိုလည်း အဆင့်အတန်းမြင့်မြင့်နေနိုင်အောင် ပံ့ပိုးကူညီမယ်လို့ မေမေ ကတိပေးထားပါတယ်"

နိုင်ဇိမာန် ထက်ထက်သန်သန် အားပါးတရ ပြောနေပေမယ့် မြသွန်းဆက်က မက်မောမှုကင်းသော မျက်လုံးများဖြင့် မော့ကြည့်ပြီး

"ကျွန်မ ဘာမှမျှော်လင့်မထားပါဘူး နိုင်ဇိမာန်၊ ပကာသနတွေ ဥစ္စာဓနတွေ တစ်ခါမှ မခံစားဘူးပေမယ့် လိုချင်တပ်မက်စိတ်လည်း မရှိနေပါဘူး၊ လူတစ်ယောက်က တစ်ယောက်အပေါ် ထားတဲ့ ယုံကြည်မှုနဲ့ စေတနာ မေတ္တာကိုပဲ ကျွန်မ လိုချင်တယ်၊ အဲဒါကမှ ဘယ်အချိန် ဘယ်ကာလဖြစ်ဖြစ် အပြစ်မမြင်တော့တဲ့ လုံခြုံအေးချမ်းနိုင်တယ် မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကိုလည်း မေမေရော ကျွန်တော်ရော အပြည့်အဝ ပေးမှာပါ မြသွန်းဆက်၊ နောက်ဆံမတင်းဘဲ ကျွန်တော်ကို ယုံယုံကြည်ကြည် ချစ်လိုက်ပါ၊ နောက်ဘဝတွေအတွက်ပါ ကတိပေးပါတယ်"

သူမက ဆည်းလည်းလို အသံသာနှင့် ခပ်ညင်းညင်း ရယ်မော လျက် သူ့ပခုံးထက်မှာ နွဲ့နွဲ့လေး မှီကျလာသည်။

သူ့အပြုံးများသည်လည်း မှုးရစ်ရီဝေသော အချစ်ရဲ့ပြယုဂ်များ ဖြင့် စွတ်စိုတောက်ပနေ၏။

နားလည်မှုတွေကြောင့် ချစ်ခြင်းတရားတွေက နူးညံ့ညင် သာဝတိမ်း မှုးဖွယ်ကောင်းနေခဲ့သည်။

ပတ်ဝန်းကျင်ကိုမေ့၊ အရာရာကိုမေး။

လေပြည်လေးတွေမေ့ ခြေသံလေးတွေ သစ်ရွက်ကြွေသံလေး တွေ အားလုံး အားလုံးမေ့။

မေ့ မေ့ မေ့

ဒါပေမဲ့ မမေ့နိုင်သူ တစ်ယောက်က ထိုအဖြစ်ကို . . ။

■ ■ ■



## အခန်း (၃၄)

"တောက်"

ဒါဘယ်လိုဖြစ်ရတာလဲ၊ ဘယ်လိုဖြစ်ကြတာလဲ။

လွန်ခဲ့တဲ့နှစ်ရက်လောက်ကမှ သူမအစီအစဉ်တွေ အောင်မြင်ခဲ့ တာပါ။ ဒေါ်ဆင့်ဆင့်လှိုင်ရော နိုင်ဗိမာန်ရော သွေးပျက်တုန်လှုပ်သွား ခဲ့ကြတာ မျက်ဝါးထင်ထင်။

မဆက်ဆံရဘူးလို့တောင် ဒေါ်ဆင့်ဆင့်လှိုင် အမိန့်ချခဲ့သေး သည်။ နိုင်ဗိမာန်လည်း မျက်စိမျက်နှာပျက်ကာ အလဲလဲအပြိုပြို ကျရှုံးခဲ့ တာဖြစ်၏။

သူမ နိုင်ပြီဆိုပြီး ကြိတ်ပြုံးနေခဲ့မိတာ အားတောင်မရသေး။

ဒါက ဘယ်လိုဖြစ်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဗိမာန်နှင့် မြသွန်းဆက်က ခြံဝင်းထဲမှာ ချစ်ရည်လူးကာ ကြည်နူးလို့။

သူမ ကားလေး ခြံဝင်းထဲကို မောင်းဝင်လာတာတောင် သတိမထားမိအောင်အရာရာကို မေ့လျော့နေကြသည်။

စိတ်ဆိုးမာန်ဆိုးဖြင့် ကားစက်ကိုတောင် ရပ်မိခဲ့ပါရဲ့လားမသိ။ ဧည့်ခန်းအဝကိုရောက်တော့ သားလေးဝသုန်နှင့်ပျော်မြူးကြည်နူးနေသော ဒေါ်ဆင့်ဆင့်လှိုင်ကို မြင်ရပြန်တော့ သူမ အိမ်ထဲကို လှမ်းမဝင်ရဲအောင် ထိတ်လန့်တုန်လှုပ်သွားသည်။

ဝသုန်လေးက သူမကိုမြင်လျှင် အိမ်ကိုလာဖူးတဲ့ တီတီလို့ အော်ဟစ် နှုတ်ဆက်မှာသေချာသည်။ သူမ ပြောထားခဲ့သလို လင်ကောင်မပေါ်တဲ့ ကလေး တစ်ယောက်အမေ မြသွန်းဆက်ကို ဒေါ်ဆင့်ဆင့်လှိုင်ကြည်ကြည်ဖြူဖြူ လက်ခံနေနိုင်တာ အံ့သြစရာ ကောင်းသည်။

ကလေးနဲ့တောင် ရယ်ရယ်မောမော ပျော်ရွှင်စွာဆော့ကစားနေသေး၏။

သူမ လုပ်ကြံဖန်တီးခဲ့တာတွေ၊ ဘယ်နေရာမှာ မှားယွင်းနေသလဲ။ ဘာတွေလိုအပ်နေသေးလို့လဲ။

ဒီလောက်နဲ့တောင် မထိရောက်သေးဘူးဆိုလျှင် သူမဘာတွေထပ်လုပ်ရဦးမှာပါလဲ။





မြသွန်းဆက်ကရော သူမ စကားကို ဂရုမစိုက်ဘဲ ကလေးကိုတောင် ခေါ်လာရဲတာ ဘယ်လို ခံယူချက်တွေ ပြင်းထန်လာလို့ပါလဲ။ အတွေးတွေဖြင့် ဆံပင်တွေ လွင့်ဝဲသွားအောင် ယမ်းခါရင်း သူမ ရူးချင်လာသည်။

သူမ ဖြစ်ချင်တာတွေ ဆန္ဒတွေ မအောင်မြင်ဘူးဆိုလျှင်၊ ဘာတွေဆက်ဖြစ်လာနိုင်သလဲ။ ဒီထက်ဆိုးဝါးတဲ့ အခြေအနေတစ်ခုကို ဖန်တီးဖို့လည်း ခုအချိန်မှာ သူမ အင်အားမဲ့နေသည်။ ဒီဘက်ကို ဟန့်တားပိတ်ပင်လို့မရလျှင်၊ မြသွန်းဆက်ကို အပြင်းထန်ဆုံး ရာဇသံပေးဖို့ပဲ ရှိတော့သည်။

"မြသွန်းဆက် နင် အရဲကိုးပြီး ဖွတ်တိုးဖို့ ပြင်ဆင်ထားပါ၊ ငါ့ပြောစကားကို နားမထောင်ရင်၊ နင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

အသံတိတ် ကြိမ်းဝါးရင်း၊ နောက်တစ်နေ့မှာ ဒလဘက်က အိမ်ကို သူမ ရောက်အောင်လာခဲ့သည်။ ဘုန်းကြီးကျောင်း သွားတဲ့ သမ်းချိုးအကွေ့လေးမှာ၊ အဖေအမေနှင့် ဝသုန်လေးတို့ကို ဆွမ်းချိုင့်ဆွဲလျှက် မြင်လိုက်တာတောင် လှမ်းအော် မနှုတ်ဆက်မိ။ သူတို့တွေမရှိလို့ မြသန်းဆက် တစ်ယောက်တည်း အိမ်မှာရှိလျှင် ပိုပြီးပေါက်ကွဲလို့ ကောင်းသေးသည်။

အိမ်ပေါ်တက်တက်ချင်း ကြက်မွေးတစ်ချောင်းနှင့် ဆေးတံတိခုံ



www.burmeseclassic.com

www.burmeseclassic.com



အနွမ်းလေးကို ဖုန်သုတ်နေသော မြသွန်းဆက်ကို မြင်လိုက်ရတော့ ထွက်ပေါက်ရချင်နေတဲ့စိတ်က ဘယ်လိုမှ မထိန်းနိုင်။ ဟိုအရင်ကလိုပဲ လက်ကို အားကုန်လွှဲမြောက်လိုက်ကာ

"နောက်တစ်ကြိမ်သည်းခံဖို့ ဆန္ဒမရှိတော့ဘူး မမခေတ်"

မြသွန်းဆက်က သူမ ပါးပြင်လေးပေါ် ခေတ်တော်ဝင်ရဲ့ အင်အားပြင်းတဲ့ လက်တစ်စုံ ကျရောက် မလာခင်၊ ဖမ်းထိန်း ဆွဲယမ်းပစ်လိုက်သည်။

ဆတ်ဆတ်ခါသွားကာ၊ မြသွန်းဆက်ကို ရူးရူးရဲရဲ စိုက်ကြည့်လိုက်၏။

မြသွန်းဆက် မျက်လုံးတွေကလည်း ဒီတစ်ကြိမ်တော့ ခေတ်တော်ဝင် ထက်အင်အားမလျော့ပါ။

"နင်က ဘယ်သူ့အားကိုးနဲ့ ငါ့ကို အာခံဖို့ ကြိုးစားနေတာလဲ မြသွန်းဆက်"

"မမခေတ် အနိုင်ကျင့်တိုင်း အမြဲတမ်း ခေါင်းငုံ့ခံဖို့ စိတ်ကူးမရှိလို့ပါ။ မမခေတ် ပြေလည်ရာ ပြေလည်ကြောင်း ပြောဖို့လာတာ မဟုတ်ဘူး ဆိုရင် သွန်းဆက် ဘက်ကလည်း ပြန်တုံ့ပြန်ဖို့ အဆင်သင့်ပဲ"

"ဘာ"

"သိအောင် ပြောပြတာပါ။ သွန်းဆက်ကစပြီး ဘယ်သူ့ကို





မစော်ကားပါဘူး"

"ဟား နှုတ်ရေးကြွယ်နေပါလား၊ မြသွန်းဆက်၊ နိုင်ငံခြားက သင်တန်းဆင်း လက်မှတ် ရလာတယ် ထင်တယ်၊ ပညာဂုဏ်မောက်ပြီးများ ပြန်တိုက်ခိုက်ဖို့ အင်အားတွေ ပြည့်ဝနေတာလား၊ အဲဒီပညာတွေ ငါ ငွေကုန်ကြေးကျခံပြီး သင်ပေးထားတယ်ဆိုတာ မမေ့နဲ့နော်"

"အပေးအယူသဘောနဲ့ ငွေကုန်ကြေးကျခံပြီး နယ်နှင်ဒဏ်ပေးလိုက်တာလို့ တည့်တည့်ပြောပါ မမခေတ်၊ မမခေတ်လည်း လက်ထပ်ပြီးနေပြီ ဘာကိုကြောက်နေသေးတာလဲ၊ ပညာသင်ခဲ့ရတာကို ကျေးဇူးတင်တယ်၊ မစော်ကားမိအောင် စကားပြော ဆင်ခြင်ပေးပါ မမခေတ်"

ခေတ်တော်ဝင်က ရှုံ့မဲ့ပစ်တာ ဆက်တိခုံမှာ ခြေချင်းချိတ်ထိုင်၏။ ခနီးခနဲ့ မဲ့ပြုံးက ခံပြင်းစိတ်တွေကို နှိုးဆွပေးနေသလို ဖြစ်နေသည်။

"ငါ့ကို စကားပြော ဆင်ခြင်စေချင်ရင် နင်လည်း၊ ငါ့စကားကို အလေးအနက်·နားထောင်မှ ဖြစ်မှာပေါ့ မြသွန်းဆက်၊ ငါ ရထားတဲ့ အရာလေး တည်မြဲဖို့ နင်ဒီလောက်တောင် မလိုက်လျောနိုင်ဘူးလား"

"မမခေတ်နဲ့ ဆက်နွယ်နေတဲ့လူတွေကို လက်မခံဘူးလေ၊ ဒီနေ့ထိ မမခေတ် အကြောင်းကို လေသံတောင် မဟဘူးသေးတဲ့အတွက် သွန်းဆက်ဆန္ဒတွေကိုလည်း လွတ်လပ်ခွင့်ပေးသင့်ပါတယ်၊ လိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



သင့်ပါတယ်''

''နှင်တောင်းဆိုမှုတွေကို ငါစိတ်မဝင်ဘူး မြသွန်းဆက်၊ ငါ့ခြေ စကားကိုဘဲ နားထောင်ပါ၊ နိုင်ဗိမာန်တို့နဲ့ ရင်းနှီးပတ်သက်မှုကို နင် ဖြတ်တောက်လိုက်ပါ နင့်အတွက် ငါ တစ်ခုခု ''

''နယ်နှင်ဒဏ်ပေးဖို့ မျှော်လင့်ချက်တွေပေးဖို့ မစဉ်းစားပါ တော့ မမခေတ်၊ နိုင်ဗိမာန် အချစ်ကလွဲပြီး ဘာကိုမှ မတောင့်တ ဆုံးဖြတ်ထားပါတယ်၊ မမခေတ် နေရာကို လုယူတာလည်း မဟုတ်ပါဘူး မမခေတ် အကြောင်းတွေ အထုတ်ဖြေချဖို့လည်း စိတ်ကူးမရှိပါဘူး သူတို့တွေကလည်း ဝသုန်လေးရဲ့ အမေအဖြစ်နဲ့ သွန်းဆက်ကို အင် အမှတ်ပြု လက်ခံခဲ့ကြတာပါ၊ မမခေတ် စိတ်မပူစေချင်ပါဘူး''

မြသွန်းဆက်ကို ဘယ်လိုမှ ပြောမရတော့ ခေတ်တော်ဝင် ဒေါသသွေးတွေ ဆူဝေနေသည်။ ကာလာတင်ထားသော မျက်နှာသေ လည်း နီမြန်းတည် တင်းစက်မာကျောနေ၏။

မြသွန်းဆက်ကတော့ ကြက်မွှေးလေးကို စားပွဲပေါ် ပစ်ချ ကိုယ့်ဆန္ဒတွေအတွက် ဒီတစ်ခါ အရှုံးမပေးတော့ဘူးဟု ဆုံးဖြတ်ထား သည်။ နိုင်ဗိမာန်ကို သူမ မြတ်မြတ်နိုးနိုး ချစ်မိနေပြီပဲလေ။ ဖြန်း ထရပ်လိုက်တဲ့ ခေတ်တော်ဝင်က မြသွန်းဆက်ကို စူးခနဲ တစ်ချက် လှည့်ကြည့်ကာ





''အဖေနဲ့အမေကို ပြောလိုက်၊ နောက်တစ်နေ့ရာ အိမ်ပြောင်းဖို့ ပြင်ဆင်ထားလို့''

အနိုင်နှင့်ပိုင်းကာ ပြောပစ်ခဲ့ပြီး၊ ခေတ်တော်ဝင် ခြေသံတဒုန်း ဒုန်း မြည်အောင် ခြေဆောင့်လျက် အိမ်ပေါ်က ပြန်ဆင်းသွားသည်။ ခြင်းတံခါးဝ အရောက်မှာ မြသွန်းဆက် အမိပြေးလိုက်၍ ခေတ်တော်ဝင် ရှေ့က ပိတ်ရပ်လိုက်ကာ

''အဲလိုပြောသွားရုံနဲ့ အရင်လို လိုက်လျောမယ်လို့ မထင်နဲ့ မမခေတ်၊ အဲဒီလို လုပ်ရုံနဲ့လည်း နိုင်ဗိမာန်နဲ့ သွန်းဆက် အချစ်က ပြတ်တောက်သွားမှာ မဟုတ်ဘူး။ မမခေတ် ဝယ်ပေးထားတဲ့အိမ်မှာ နေစေချင်ရင် သွန်းဆက်တို့ အကုန်လုံး ကိုယ့်အထုပ် ကိုယ်ဆွဲပြီး အိမ်ပေါ်က ဆင်းပေးပါမယ်''

''ပညာစုံတတ်သွားပြီဆိုတော့ နင် ငါ့ကို စိန်ခေါ်ရဲနေပြီပေါ့ ဟုတ်လား မြသွန်းဆက်၊ ငါပေးခဲ့ ကျွေးခဲ့ထောက်ပံ့ခဲ့တာတွေနဲ့ ဆန်အောင် နင် စော်ကား ရဲနေပြီပေါ့''

''ကလေးအမေ အမည်ခံခိုင်းကတည်းက တန်ရာတန်ကြေး ပြီးနေပါပြီ၊ မမခေတ် ကိုယ်ချင်းစာ ကြည့်စမ်းပါဦး၊ အဲဒီ ကလေး ခင်ထဲမှာရော ဘယ်လို ခံစားမှုတွေရှိနေပြီလဲ ဆိုတာ တစ်ခါလောက် ရှုကြည့်စမ်းပါဦး၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်တဲ့ အမေ ပြန်လာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါဆိုတဲ့ မျှော်လင့်ချက်မျိုး အဲဒီကလေး မှာမရှိတော့ဘူး မုန်းတတ်နေပြီ နာကြည်းတတ်နေပြီ၊ နာကျင် ခံစားတတ်နေပြီ သိရဲ့လား။ မိခင်မေတ္တာ ငတ်နေတဲ့ အဲဒီကလေးကို အမြဲတမ်းပဲ ဥပေက္ခာပြုထားတော့မှာလား"

"မပြောနဲ့ မပြောနဲ့ ငါဘာမှ မကြားချင်ဘူး"

ခေတ်တော်ဝင် ခါးခါးသီးသီးငြင်းဆန်ကာ ဖွတ်ထွက်သွားသော အိမ်တိုင်လေးကိုကိုင်ကာ မြသွန်းဆက် မှိုင်တွေတုန်လှုပ်စွာ ကျန်ရစ်သည်။

မမခေတ်ဆီမှာ မိခင်တစ်ယောက်ရဲ့ မေတ္တာအရိပ်အငွေ့ အ သက်လေးတောင် မရှိပါလား။

ထိုမေတ္တာတွေ ကိုယ့်ကိုယ်ကို ပြန်မစူးပါစေနဲ့။

■ ■ ■



အခန်း (၃၅)

"သွန်းဆက်"

"ဟင် နိုင် နိုင်ဗိမာန်"

မမခေတ် ထွက်သွားပြီး စက္ကန့်ပိုင်းအတွင်းမှာ ဝင်းတံခါးကို ဆုပ်ကိုင်ရပ်နေတဲ့ သူမအနား နိုင်ဗိမာန် ရောက်လာတော့ မြသွန်းဆက် ဒိတ်လန့် ပြူးပျာသွားသည်။

မမခေတ်နဲ့ပတ်သက်မှုကို နိုင်ဗိမာန် သိသွားခဲ့ပြီလား။

နိုင်ဗိမာန် မျက်နှာက တည်တင်း ရင့်ကျက်နေသော်လည်း သူမ လက်ကလေးကို ကြင်နာစွာ ဖွဖွဆုပ်ကိုင်လာသည်။

သူမ အဖြေရှာမရသော တစ်စုံတစ်ရာရဲ့ လုပ်ဆောင်မှုက နိုင်ဗိမာန် မျက်ဝန်းမှ တစ်ဆင့် သူမ တစ်ကိုယ်လုံး စီးဆင်းစိမ့်ဝင်သွားသည်။

"ကျွန်တော် သိပါတယ် မြသွန်းဆက်၊ မင်းတို့ ပြောနေတာတွေ



www.burmeseclassic.com

လည်း ဒီတံခါး အကွယ်လေးကနေ ကျွန်တော်အကုန်ကြားပါတယ်"

"ဟင်"

"ဘာအတွက်မှ ဘယ်သူ့အတွက်မှ ထိတ်လန့်မသွားပါနဲ့ မြသွန်းဆက်ရယ် ကျွန်တော်ရော မေမေရော ဝသုန်လေးက ဘယ်သူ့ သားဆိုတာ သိနေကြပါပြီ ဘယ်လိုစုံစမ်းပြီး သိတာလဲဆိုတာ ဝန်ခံရရင် ကျောင်းအုပ်ဆရာကြီးဆီက ဝသုန်လေးတို့မှတ်တမ်းခွေ ကြည့်ရလို့ပါ"

သည့ "ဟင် ဒါ ဒါဆိုမမခေတ်"

"မစိုးရိမ်နဲ့လို့ပြောပြီးပြီလေ၊ ခေတ်တော်ဝင်ကို ကျွန်တော်တို့ သံဃနေတဲ့ အကြောင်း မပြောရသေးပါဘူး၊ ဒါပေမဲ့ အခုသိ အောင် ပြောဖို့တော့ ဆုံးဖြတ်လိုက်ပြီ မြသွန်းဆက်ကို ထပ်ပြီးနှိပ်စက်နေမှာစိုး၍"

"ဟင့် ဟင့်အင်း အဲလို ရှင်တို့သိသွားပြီဆိုရင် သူ့အချမ်း စိတ်ထိခိုက်မှာပေါ့၊ သူ့အိမ်ထောင်ရေး ပျက်စီးရမှာ စည်းစိမ်ဥစ္စာတွေ စွန့်လွှတ်ရမှာ ကျွန်မကြောင့်ဆိုပြီး ကျွန်မကိုလည်း တစ်သက်လုံး ခွင့်လွှတ် တော့မှာ မဟုတ်ဘူး"

"အဲဒီလို တွေးကြောက်နေရင် သူ ဘယ်တော့မှ နောင်တရ တော့မှာ မဟုတ်ဘူး မြသွန်းဆက်၊ သူ့အိမ်ထောင်ရေး မပြိုကွဲအောင် ကိုကို့ကို အသိမပေးဘဲ ကျွန်တော်တို့ ဖုံးကွယ်ထားလိုက်ပါမယ်၊ နောက်ဆုံး သူအလိုလို သိသွားခဲ့ရင်တောင် ကိုကို့ကို ကျွန်တော်နဲ့ မေမေ ဖျောင်းဖျ နားချလိုက်ပါမယ်၊ မေတ္တာ အတိမ်အနက်နဲ့ သွေးသားသံယောဇဉ်ကို ခေတ်တော်ဝင် သိသွားမှုဖြစ်မယ် မြသွန်းဆက်"





နိုင်ဗိမာန် ပြောနေတာတွေ သူမ နားလည်ပါသည်။ နိုင်ဗိမာန်တို့ သားအမိရဲ့ စာနာ နားလည်တတ်တဲ့စေတနာ မေတ္တာကိုလည်း လေးစား မြတ်နိုးမိသည်။ အမှားတွေ ကျူးလွန်နေတဲ့ မမခေတ်ကို အပြစ်မြင်ပြီး မစွန့်လွှတ်တာကိုလည်း ကျေးဇူးတင်ရသည်။

ဒါပေမဲ့ သူမကို မမခေတ်အမြင်ရှင်းပါမလား။

ကိုယ်အစ်မကို ပုံပျက်ပန်းပျက် မကျရှုံးစေချင်ပါ။

နိုင်ဗိမာန်က စိတ်လှုပ်ရှားမှုကြောင့် ကတုန်ကယင်ဖြစ်နေတဲ့ သူမ ပခုံးလေးကို ဖေးမဖက်တွယ်ကာ အိမ်ပေါ်ကိုပြန်ခေါ်လာခဲ့သည်။

"မင်းရင်ထဲက ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော် သိပါတယ် မြသွန်းဆက်ရယ်၊ ကျွန်တော်တို့ သိသွားပြီဆိုတော့ မင်းအစ်မ အတွက် စိတ်မကောင်းဖြစ်နေတယ် မဟုတ်လား။ ကျွန်တော်တို့ မိသားစုရဲ့ စိတ်သဘောထားနဲ့ ခံယူချက်ကို မြသွန်းဆက် နားလည်သင့်ပါတယ်"

"ကျွန်မ နားလည်ပါတယ်၊ လေးလည်းလေးစားပါတယ် နိုင်ဗိမာန် လူပီသ အောင်နေနေတဲ့ လူစိတ်ရှိတဲ့သူတွေဆိုတာ ကျွန်မ သိပါတယ်၊ ကျွန်မအစ်မရဲ့ အကျင့်စရိုက်နဲ့ အပြုအမူတွေအတွက်လည်း အရမ်းအားနာပါတယ်၊ ဖြစ်နိုင်ရင် မမခေတ် အမှားတွေအတွက် ကျွန်မက ပဲ ပေးဆပ်လိုက်ချင်ပါတယ်"

"အဲဒါကတော့ မဖြစ်မနေ ပေးဆပ်ရမှာ အမှန်ပဲ မြသွန်းဆက် အမေ စိတ်ကျေနပ်မှုရှိအောင် ဝသုန်လေးကို ခေါ်ပြီး ခဏခဏ အိမ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ၊ မေမေက ဝသုန်လေးကို အရမ်းချစ်နေတယ်၊ မြသွန်းဆက် နဲ့ကျွန်တော့်ကိုလည်း အမြန်ဆုံး လက်ထပ်နိုင်အောင် စီစဉ်ပေးမယ်တဲ့ ကိုကိုနိုင်ငံခြားခရီးစဉ်က ပြန်လာရင် အဲဒီကိစ္စတိုင်ပင်ကြလိမ့်မယ်"

"ရှင့်အစ်ကိုကရော မမခေတ် သွေးထိုးစကားတွေနဲ့ ကျွန်မကို ကြည်ကြည်ဖြူဖြူ လက်ခံချင်ပါ့မလားဟင်"

"မေမေ လက်ခံပေးတဲ့ ကျွန်တော်ရဲ့ မင်္ဂလာပွဲကို ကိုကို တားဆီး ပိတ်ပင်လို့ မရပါဘူး၊ ဝင်ရောက် စွက်ဖက်ခွင့်လည်း မရှိဘူး တစ်ဖက်လှည့်နဲ့ ရှင်းပြရင် ကိုကို နားလည်မှာပါ"

"ကျေးဇူးတင်ပါတယ် နိုင်ဇိမာန်"

"အလကား ကျေးဇူးတင်မယ့်အစား မောင်လို့ခေါ်ပြီး ကျေးဇူး ဆပ်ပါလား"

ဂန္ထဝင်မျက်စောင်းနှင့် သူမ မျက်နှာလေး ပြုံးယောင်သမ်း သွား၏။

ထိုအပြုံးလေးကို မြင်ရဖို့ သူ အရဲစွန့်ပြီး ခေါ်နိုင်းလိုက်တာပါ မျက်ရည်ဆိုတာ မင်းအတွက် သူစိမ်းသက်သက် ဖြစ်သွားအောင် ဖန်တီး ဆောင်ခွင့် ရချင်ပါတယ် မြသွန်းဆက်။

■ ■ ■



## အခန်း (၃၆)

ဒီအကြောင်းတွေ အိမ်ရောက်တာနှင့် မေမေ့ကို ပြောပြမိတော့ သက်ပြင်းရှည်ကြီးကိုမှုတ်ထုတ်ပြီး၊ မေမေ ဆုံးဖြတ်ချက်ချ၏။ ညှိခန်း ကျယ်ကြီးထဲက ကျွန်းဆက်တီခုံကြီးတွေမှာ သူ့ကို ထိုင်ခိုင်းခဲ့ပြီး၊ ခေတ် တော်ဝင် ရှိနေတဲ့ အပေါ်ထပ်အခန်းကို မေမေ တက်သွားခဲ့သည်။

အခန်းတံခါးကို အသံပေးခေါက်လိုက်တော့ ညအိပ်ဝတ်စုံ ပန်းနု ရောင်လေးဖြင့် ခေတ်တော်ဝင် ထွက်လာသည်။

"မင်း မအိပ်သေးဘူးဆိုရင် မေမေနဲ့အခွေကြည့်ရအောင် အောက်ထပ်ဆင်းလာခဲ့ပါ"

"ရှင် ဟုတ် ဟုတ်ကဲ့"

အခန်းတိုင်းမှာ တီဗွီရှိကြပေမယ့် ထူးထူးဆန်းဆန်း ခေါ်ဆင်း ခိုင်းလို့ ကိုယ်တိုင် လာခေါ်တာမို့ အခန်းတံခါးကို နောက်ပြန်ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ဆင်းလိုက်ခဲ့ရသည်။

"သားငယ် ဖွင့်လိုက်တော့"

သူမ နေရာယူ ထိုင်ပြီးချိန်မှာ ဒေါ်ဆင့်ဆင့်လှိုင်က သူမ ကပ်လျက်ခုံမှာ ဝင်ထိုင်လိုက်သည်။ နိုင်ဗိမာန်က ရီမုတ်ကိုကိုင်ထားကာ မလိုအပ်တာတွေ ရစ်ဖစ်လိုက်ပြီး၊ ဝသုန်လေး အလှည့်မှာ ပလေး လုပ်လိုက်၏။

"အတန်းပိုင်ဆရာမ ဒေါ်ခင်စန်းရီရဲ့ ဒုတိယတန်းမှ ကျွန်တော့်ရဲ့ မိသားစုအကြောင်း ပြိုင်ပွဲဝင်မယ့် မောင်ဝသုန်ရဲ့ အလှည့်ဖြစ်ပါတယ် ဦးမြင့်မိုး၊ ဒေါ်ခေတ်တော်ဝင်ရဲ့သား မောင်ဝသုန် စင်မြင့်ထက်ကိုကြွပါ"

"ဖြောင်း ဖြောင်း ဖြောင်း"

ဘယ်သူကိုမှ လှည့်မကြည့်ရဲအောင် ခေတ်တော်ဝင် မျက်နှာ သွေးရောင်လွှမ်းသွား၏၊ တီဗွီထဲက လျှံထွက်လာတဲ့ လက်ခုပ်သံတွေက သူမကို လှောင်ပြောင်သရော်နေသလို ဖြစ်နေသည်။

ဒေါ်ဆင့်ဆင့်လှိုင်နှင့် နိုင်ဗိမာန်က ဝသုန်လေးဆီမှာ အာရုံစိုက် လျက် သူမကို ဘယ်သူမှ လှည့်ကြည့်မနေကြပါ။

"သားနာမည် မောင်ဝသုန် ဖြစ်ပါတယ် ခင်ဗျာ၊ သားသား အဖေက ဦးမြင့်မိုး၊ မေမေက ဒေါ်ခေတ်တော်ဝင် ဖြစ်ပါတယ်၊ သားအဖေ က သား မမွေးခင်ကတည်းက ဆုံးသွားပြီလို့ ပြောကြပါတယ်၊ မေမေ





ကလည်း နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတယ်လို့ ပြောပါတယ်၊ အခုသားက ဘိုးဘိုး ဘွားဘွား မေမေဆက်နဲ့ အတူတူနေရပါတယ် ခင်ဗျာ၊ မေမေဆက်က အခု ဆရာဝန်ကြီး ဖြစ်အောင် နိုင်ငံခြားကို ပညာသွားသင်နေပါတယ်၊ မေမေ ပြန်ရောက်လာတော့မယ်လို့လည်း ပြောပါတယ်၊ ဒီအချိန်မှာ သားအနားမှာ မေမေဆက်ကို ရှိစေချင်ပါတယ်၊ မေမေကတော့ ရောက်လာမှ မဟုတ်လို့ မမျှော်တော့ပါဘူး၊ သားတစ်ခါမှ မမြင်ဘူးလို့ မေမေဆက်လောက်လည်း မေမေ့ကို မချစ်တော့ပါဘူး၊ သားသူငယ်ချင်းတွေ အားလုံး သူတို့မိဘတွေက ဒီနေရာကို ချီးပိုးပြီး လိုက်ပို့ကြပါတယ်၊ သားကိုတော့ ဘိုးဘိုးနဲ့ ဘွားဘွားကပဲ လိုက်ပို့ကြပါ တယ်၊ ဘိုးဘိုးနဲ့ ဘွားဘွားကို ကျေးဇူးတင်ပေမယ့် မေမေမဟုတ်လို့ အရမ်းဝမ်းနည်းပါတယ်၊ အီးဟီး ဟီး၊ သားသားကြီးရင် မေမေဆက် လို ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားပါမယ်လို့ သားသား ဒီလောက်နဲ့ နိဂုံးချုပ်ပါတယ်"

ငိုသံစွက်ကာ ပြောနေတဲ့ ဝသုန်လေးက နောက်ဆုံးမှာ စိတ် မထိန်းနိုင်တော့သလို အီးခနဲ ငိုချပြီး မျက်နှာကိုလက်ဝါးလေးနှင့် အုပ်ကာ စင်အောက် ပြန်ဆင်းသွားခဲ့သည်။ ကျောင်းသား ကျောင်းသူ မိဘတွေနှင့် ဆရာ ဆရာမတွေ အားလုံး စိတ်မကောင်းဖြစ်နေတဲ့ မျက်နှာများနှင့်အတူ မျက်ရည်လည်ရွဲ ဖြစ်နေတဲ့ အဘိုး အဘွားတွေက ဝသုန်လေးကို ဆီးဖက်



www.burmeseclassic.com

www.burmeseclassic.com



နမ်းရှုံ့နေတာကိုပါ တီဗွီရိုက်ပြထားသည်။

နိုင်ငံဗိမာန် ရိုက်ကွင်းနှင့်တီဗွီကို လှမ်းပိတ်လိုက်ပြီး ဒေါ်ဆင့်ဆင့်လှိုင်က တဆတ်ဆတ် တုန်လှုပ်ချောက်ချားနေတဲ့ ခေတ်တော်ဝင်ကို ဆတ်ခနဲ လှည့်ကြည့်သည်။

"အဲဒီကလေး စာစီစာကုံးပြိုင်ပွဲ ဝင်နေတယ်လို့ ထင်နေလား ခေတ်တော်ဝင်"

"ရှင် ရှင် မေမေ"

"သူ့ရင်ထဲခံစားနေရတာတွေ ထုတ်ပြောသွားတာ၊ အဲဒီထက် မက ပြောချင်နေတာတွေလည်း ရှိနေဦးမှာပါ၊ မင်း အဲဒီကလေးဘက်က ဘယ်နှခါ ကိုယ်ချင်းစာကြည့်ပေးခဲ့ဖူးလဲ ခေတ်တော်ဝင်၊ သား တစ်ယောက်ရယ်လို့ အသိအမှတ် ပြုခဲ့တာရော ရှိရဲ့လား"

ဒေါ်ဆင့်ဆင့်လှိုင်ရဲ့ မေးခွန်းတိုင်းက သူမ အသည်းနှလုံး ကလီစာတွေကို ဓားထက်ထက်နဲ့ တရိရိမွှမ်းနေသလို ခံစားနေရသည်။ သားလေးအသံကို ပြန်ကြားယောင်၏။ သားမျက်ရည်တွေ ပြန်မြင်နေမိ၏။ သားလေး ခံစားနေရတာတွေ ခုမှ သိလိုက်ရပေမယ့် သူမ ရင်တွေကို မီးပြင်းပြင်းနှင့်ရှို့မြှိုက်ခံလိုက် ရသလိုဖြစ်နေသည်။

မေမေ့ရင်တွေ အဆမတန် ပူပြင်းနေရပါပြီ သားရယ်။

"မိခင်ဆိုတာ အရမ်းမွန်မြတ်တဲ့ နာမ်စားလေးပါ၊ ရင်မှာ





လွယ်ပိုးထားဖို့ ဘယ်လောက်ထိ ခက်ခဲပင်ပန်းခဲ့လဲ၊ မွေးထုတ်ခဲ့ရတဲ့ အချိန်ကရော အသက်နဲ့ မရင်းခဲ့ရဘူးလား။ ဒီလောက်တောင် စွန့်စား ခဲ့ပြီးမှ မင်းဘာကြောင့် ဥပေက္ခာပြုရက်ရတာလဲ ခေတ်တော်ဝင်" ရင်ထဲမှာ ဆို့နင့်နာကျင်ကာ ခေတ်တော်ဝင် ဘာမှပြန် မပြော နိုင်ပါ။ သူမ မျက်ရည်တွေကို ဒေါ်ဆင့်ဆင့်လှိုင်က ရွံရှာသလို မဲ့ပစ်ပြီး

"မင်း ဖြစ်ချင်တာတွေဖြစ်ဖို့ မင်းဆန္ဒတွေပြည့်ဝဖို့ မိဘ၊ ညီမ ကိုယ်ရင်သွေးကအစ အဲဒီဘဝတွေကို နင်းခြေပြီး တက်လာရဲတဲ့ မင်းရဲ့ စိတ်က အရမ်းစက်ဆုပ် ရွံရှာစရာကောင်းပါတယ် ခေတ်တော်ဝင်၊ ကိုယ့်ကို မွေးထုတ်ခဲ့တဲ့ မိဘတွေရဲ့ ကျေးဇူးတရားကို ပြန်မဆပ်ချင်ရင် တောင်မှ မင်း မစော်ကားသင့်ပါဘူး။ ငါ ထောက်ပံ့ ကျွေးမွေးနေရတာပဲ ဆိုပြီး၊ ညီမကို ကိုယ်မွေးထားတဲ့ သားသမီးရဲ့ အမေ အမည်ခံ ခိုင်းတာ လည်း အရမ်းကို အရုပ်ဆိုး အကျည်းတန်လွန်းတဲ့ လုပ်ရပ်ပါ၊ မင်းမိဘ တွေ မင်းကို ဘယ်အရွယ်ထိ ကျွေးမွေး စောင့်ရှောက်ခဲ့သလဲ မင်း သိလား"

"ဆယ့် ဆယ့်ရှစ်နှစ်သမီးအရွယ်ထိပါ"

"အေး မင်း ထောက်ပံ့ပေးခဲ့တာရော ဘယ်နှနှစ်လောက်ရှိပြီလဲ၊ အလွန်ဆုံး ရှစ်နှစ်ဝန်းကျင်ပေါ့ ဟုတ်ရဲ့လား ခေတ်တော်ဝင် ညီမလေးတာ အတိုင်းအဆရော တူနေပြီလား၊ ဒါပေမဲ့ မိဘမေတ္တာဆိုတာ တိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းဆကောင်းတဲ့အရာ မဟုတ်ပါဘူး။ ကိုယ့်ကို ချိုချဉ်ငံစပ် အစားအသောက်တွေရှောင် ဒုက္ခခံလွယ် ပိုးခဲ့တယ်၊ အသက်နဲ့ရင်းမွေးဖွားခဲ့တယ်၊ လူလားမြောက်အောင် ကျွေးမွေး ပြုစုစောင့်ရှောက်ခဲ့တယ်၊ ဘာမျှော်ကိုးမှု မျှော်လင့်မှုမှမထားတဲ့ ပေးဆပ်နိုင်လွန်းတာ မိဘတွေရဲ့ မေတ္တာပါ ခေတ်တော်ဝင်၊ ဒါပေမဲ့ ဒါတွေကို မင်းနားမလည်လို့ ဝသုန်လေးကို ဥပေက္ခာပြုရက်ခဲ့တာပေါ့၊ ကိုယ်လေး လှုပ်ယမ်းနေအောင် သည်း သည်းထန်ထန် ရှိုက်ငိုရန် ဒေါ်ဆင့်ဆင့်လှိုင်ရှေ့မှာ ခေတ်တော်ဝင် လက် အုပ်ချီကာ ဒူးထောက်ထိုင်ချလိုက်သည်။

"ခေတ် ခေတ် မှားပါတယ် ခွင့်လွှတ်မပေးသင့်တဲ့ အမှားတွေကို ကျူးလွန်မိပါတယ်မေမေ၊ မေမေတို့ကိုလည်း ခေတ် လိမ်လည်မိပါတယ် ခေတ်ကို အပြစ်ပေးပါ၊ အပြစ်ပေးပါ မေမေ"

"အေး ပေးရမှာပေါ့၊ မင်းလုပ်ခဲ့တာတွေနဲ့ ညီမျှတဲ့အပြစ်ဒဏ်ကို ပေးမှာ ဒါပေမဲ့ မင်းဘာတွေ လုပ်ချင်သေးလဲ ဖြစ်ချင်သေးလဲဆိုတာ အရင် သိချင်ပါတယ်"

"ဟင့်အင်း ခေတ် ဘာမှမလုပ်ချင်တော့ပါဘူး၊ မဖြစ်ချင်တော့ပါဘူးမေမေ၊ ကိုကိုလည်း ခေတ် ဝန်ချတောင်းပန်မှာပါ၊ နာကျည်းမှုတွေနဲ့ သူစွန့်လွှတ်မယ်ဆိုလည်း ခေတ် ကျေကျေနပ်နပ် လက်ခံပါမယ်"

"နောင်တရပါပြီလို့ ဆိုလိုတာလား ခေတ်တော်ဝင်"





"မေမေပြောတဲ့စကားတွေက ခေတ်ဦးနှောက်တွေ နှလုံးသားတွေထဲထိ ရောက်ပါတယ် မေမေ၊ ကိုင်လှုပ်ပြီး သတိပေးလိုက်သလိုပါပဲ ခေတ် ဘာကိုမှ မမက်မော တောင့်တချင်စိတ်လည်း မရှိတော့ပါဘူး၊ ခေတ် အရှမ်းလည်း ရှက်ပါတယ်"

ခေတ်တော်ဝင် မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ပြောနေတော့ ဒေါ်ဆင့်ဆင့်လှိုင် သက်ပြင်းချကာ

"မင်းလုပ်ခဲ့တဲ့ အပြစ်တွေက မင်းကျနေတဲ့ မျက်ရည်တွေနဲ့ တန်ဖိုးမညီမျှသေးဘူး ခေတ်တော်ဝင် ငါ့သားတွေကို အိမ်ထောင်ကွဲ၊ အိမ်ထောင်ပျက် တစ်ခုလပ် နာမည်ဆိုးတွေလည်း မရစေချင်ဘူး၊ ဒါဟာ မိခင်တစ်ယောက်ရဲ့ မေတ္တာပါ၊ ဒါပေမဲ့ ဒီကိစ္စကို နိုင်သခံ သိရင် အရှက်ကြီး ရှက်ပြီး၊ မင်းကို ကွာရှင်းတဲ့အထိ ပေါက်ကွဲလိမ့်မယ်၊ အဲဒီတော့ သွေးအေးအေးနဲ့ သူ့ကို ဖျောင်းဖျနိုင်ဖို့ အချိန်တစ်ခုတော့ စောင့်ရလိမ့်မယ် ခေတ်တော်ဝင်၊ ဒီကြားထဲမှာ မင်းကလေး ရရန် အေးအေးဆေးဆေးပဲ နေလိုက်ပါ၊ မြသွန်းဆက်နဲ့ သားငယ်ရဲ့မင်္ဂလာပွဲ ကိစ္စကို ငါတို့ဘာသာ ကြည့်ပြီး ပြောလိုက်မယ်၊ ဟုတ်ပြီလား ခေတ်တော်ဝင် မင်းသွားလို့ရပြီ၊ နေသာသလို နေပါ"

နေရာက ဖြည်းလေးစွာ ထထွက်လာခဲ့ရပေမယ့် သူမ ရင်ထဲ၌ ထူပူနေခဲ့ဖြစ်သည်။ အော်ဟစ်ငေါက်ငမ်း ပြစ်တင် ဆူပူပြီး နှင်ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကမှ စိတ်သက်သာဦးမည်။

ခုတော့ ကိုယ်လုပ်ခဲ့တဲ့ အပြစ်တွေက ကိုယ့်ကိုယ်ကိုရှက်ရွံ့ သိမ်ငယ်စေ၏။ မျက်နှာပူ အားနာကာ ဘယ်လို နေရ စားရမှန်းပင်မသိ။ ဒါဟာ မရိုးသားမှုရဲ့ အပြစ်ဒဏ်သင့်ခံရခြင်းလား။

မပြစ်မှားအပ်တဲ့လူတွေကို ပြစ်မှားမိလို့ မေတ္တာရူးခံရခြင်းလား။

■ ■ ■



## အခန်း (၃၇)

BURMESE CLASSIC .com

သေချာတာက မိသားစုအတွင်းမှာ သူမက အပိုလူသက်သက် ဖြစ်သွားခဲ့ရသည်။ မြသွန်းဆက်နှင့် သားလေးဝသုန်က အရေးပါ အရာ ရောက်နေပြီး၊ ဒီမိသားစုရဲ့ အရေးပေး ဆက်ဆံခံနေရသည်။ ရင်းနှီး နွေးထွေး၍ ပျော်ရွှင် ကြည်နူးစရာကောင်းတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်နေကြ၏။

ကုမ္ပဏီပိတ်ရက်တွင် မြသွန်းဆက်နှင့် သားလေး ဝသုန် အပါ အဝင် မိသားစုတွေအားလုံး နေ့လည်ထမင်းစားပြီးတာနှင့် ညေ့ခန်း ကျယ်ကြီးထဲမှာ တီဗွီကြည့်ရင်း အချိုတည်းနေကြသည်။

ဝသုန်လေးကို စရင်း၊ နောက်ရင်း ပျော်ရွှင်ကြည်နူးနေခဲ့ကြတာ၊ တကယ့် သွေးသားရင်းခြာ မိသားစုလေးသဖွယ်။

သူမကိုလည်း ဒေါ်ဆင့်ဆင့်လှိုင်က ရှောင်တမ်း မနေနိုင်တာမို့



www.burmeseclassic.com

www.burmeseclassic.com



အတူရှိနေခဲ့ရသည်။ ဒါပေမဲ့ ဝသုန်လေးရဲ့ အကြည့်စိမ်းစိမ်းကြောင့် သူမ အနေခက်စွာ အိုးတိုးအမ်းတမ်းဖြစ်နေရ၏။

ထိုအချိန်မှာ နိုင်သခ် စင်ကာပူက ပြန်ရောက်လာသည်။

"ဟော သားကြီး ပြန်ရောက်လာပြီ လုပ်ငန်းကိစ္စတွေအားလုံး အဆင်ပြေခဲ့ရဲ့လား သား"

"ဟုတ်ကဲ့ ပြေပါတယ် မေမေ ဧည့်သည်တွေ ရောက်နေတာလား။ ဘယ်က ဧည့်သည်တွေလဲ မေမေ"

"ဧည့်သည်မဟုတ်ဘူး သားရဲ့၊ သူတို့ သားအမိက မေမေတို့ရဲ့ မိသားစုဝင် ဖြစ်တော့မှာ သူက သားငယ်ရဲ့ချစ်သူ မြသွန်းဆက်၊ ဒီကလေး လေးက မြသွန်းဆက်ရဲ့သား ဝသုန်တဲ့"

"ဟင်"

နိုင်သခ် အံ့သြသွားကာ မြသွန်းဆက်ကို ခါးခါးသီးသီး ဝေဖန် တိုက်ခိုက်ခဲ့တဲ့ ခေတ်တော်ဝင်ကို တစ်ချက် လှည့်ကြည့်မိသည်။ ချစ်ဇနီး လေးရဲ့ မျက်နှာက စစ်ရှုံးသမားရဲ့ ညှိုးနွမ်းမှုမျိုးဆိုတာထက် တစ်ခုခုကို စိုးရိမ်သိမ်ငယ်နေသလိုဖြစ်နေ၏။

ဟိုအရင်က ပေါ့ပါး လန်းဆန်းမှုတွေ စိတ်အား ထက်သန် တက်ကြွမှုတွေ ဘယ်ဆီ လွင့်ပါးပျောက်ကွယ်နေပြီလဲ။

"ထိုင်စမ်းပါဦး သားရယ်၊ သား နားမလည်နိုင် ဖြစ်နေတာကို





မေမေ ရှင်းပြပါမယ်၊ ခေတ်တော်ဝင်က မြသွန်းဆက်ကို တိုက်ခိုက်ချင်လို့ တိုက်ခိုက်နေတာ မဟုတ်ဘူး သားရဲ့၊ ဟိုတစ်ခါ ဒီအိမ်ရောက်လာတဲ့ လင်မယားက သူ့ဆီက ငွေချေးချင်တော့ မြသွန်းဆက် မကောင်းကြောင်း ပြောပြီး သွေးထိုးနေလို့လေ၊ အခုတော့ ခေတ်လည်း နားလည်သွားပါပြီ၊ မေမေလည်း သဘောတူလိုက်ပြီလေ၊ သားကြီး ဆန္ဒလည်း အရေးပါ ပါတယ်၊ သားကြီးရော ဘာပြောစရာရှိလဲ ပြောလေ"

"ဩော် အားလုံး အဆင်ပြေတယ်ဆိုရင် သားက ဘာပြော စရာလိုဦးမှာလဲ၊ သား ကျေနပ်ပါတယ်"

"ကဲ အဲဒါကြောင့် မေမေပြောတာပေါ့ သားကြီးက ဘာအတိုက် အခံမှ မလုပ်ပါဘူးလို့ မေမေပြောတာမှန်တယ်မဟုတ်လား"

"ဟုတ်ကဲ့ မေမေ မေမေ့သားကြီးက စိတ်သဘောထား ပြည့်ဝ ပြီးသားပါ၊ ခေတ်ပဲ မှားခဲ့တာပါ မေမေ"

"လောကမှာ မမှားဘူးတဲ့သူ မရှိဘူး၊ အမှားကို မပြင်နိုင်တဲ့ သူပဲ ရှိတာပါ၊ ခေတ်လည်း အရမ်းတော်တဲ့ မိန်းကလေးပါ"

ဒေါ်ဆင့်ဆင့်လှိုင်က အဓိပ္ပါယ်တွေ အများကြီး သက်ရောက်နိုင် သော စကားလုံးကို ပြောလိုက်ပြီး

"ကဲ မြေးလေး ဒီဦးဦးလာရင် ဘယ်လိုခေါ်ရမယ်လို့ ဘွားဘွား သင်ပေးထားလဲ ခေါ်လိုက်ပါဦး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေဝမ်း"

ဝသုန်လေးက ဖြုန်းခနဲ ထရပ်ပြီး နိုင်သခ်ပါးကို ဖက်နမ်း...
အကျယ်ကြီးအော်ခေါ်လိုက်၏။ နိုင်သခ် မျက်နှာကြီး ပြုံးဖြီးသွား...
ဝသုန်လေးကို ဘယ်ပြန်ညာပြန် နမ်းပစ်လိုက်သည်။

"သားလေးက လူလည်လေးပဲကွ၊ မင်းက ငါ့ကို...
ဝမ်းခေါ်တော့ ဖေဖေတူးက ဘယ်သူလဲ"

"ဒီဦး ဦးလေး၊ သူက ဖေဖေတူး။ မေမေဆက်က...
မေမေတူး၊ တီတီက ဖေဖေဝမ်းနဲ့အတူတူ မေမေဝမ်းပေါ့၊ ဘွားဘွား...
ကြီးစဉ်ငယ်လိုက် အဲလိုခေါ်ရမယ်တဲ့"

လူကြီးလေးလို တစ်ယောက်ချင်းလက်ညှိုးထိုးပြောနေ...
ဒေါ်ဆင့်ဆင့်လှိုင်က ချစ်မြတ်နိုးကာ ဝသုန်လေးကို ထွေးဖက် နမ်း...
လိုက်သည်။

"မြေးလေးက လိမ္မာလိုက်တာ၊ ကဲ မင်းတို့အားလုံး ဒီက...
အပ်နေတဲ့ အဖေ အမေ မေတ္တာတွေ အပြည့်အဝ ပေးကြရမယ်...
မေမေကတော့ ဒီမြေးလေးကြောင့် အသက်...
ကျန်းမာတော့မယ်ဆိုတာ သိနေတယ်၊ မိသားစုဘဝမှာ အရေး...
လိုအပ်နေတဲ့ ဆည်းလည်း လေးလို့လည်း အောက်မေ့...
မြေးလေးကရော ဘွားဘွားတို့အားလုံးကို ချစ်တယ် မဟုတ်လား မြေး...





...မြေးလေး၊ ဒီထဲက ဘယ်သူ့ကို အချစ်ဆုံး လဲ"

"မေမေဆက် အဲ မေမေတူးကို ချစ်တယ်၊ ပြီးတော့ ဖေဖေတူး၊
...မေမေတူး ပြီးရင် ဘွားဘွား၊ ဘွားဘွား ပြီးရင်ဖေဖေဝမ်း"

ဝသုန်လေးက ဒါပဲပြောပြီး ပါးစပ်လေးပိတ်သွား၏။ ခေတ်တော်
...င် တလှိုက်လှိုက်ဖြင့် ဝမ်းနည်းနေကာ မျက်နှာလေး အောက်ငုံ့ကျသွား
...သည်။

"မေမေဝမ်းကိုလည်း ချစ်တယ်လို့ ပြောလိုက်လေ သားရဲ့"

မြသွန်းဆက်က မမခေတ်အတွက် စိတ်မကောင်းဖြစ်ကာ
...နေသာ လွှန်းသည့်မို့ ဝသုန်လေးကို တိုက်တွန်းလိုက်မိသည်။ ဝသုန်
...သားက မျက်နှာကို ခပ်လွှဲလွှဲလုပ်ကာ

"အဲဒီ တီတီက သားကို အရမ်းအော်ငေါက်ချင်တာ မေမေ
...ဆက်သိရဲ့သားနဲ့၊ ဘွားဘွားက မေမေဝမ်း ခေါ်ခိုင်းလို့သာ ခေါ်ရတာ၊
...သား သူ့ကိုမချစ်ဘူး"

"ဟဲ့ အို သားဝသုန် အဲလိုမပြောရဘူးလေ"

"ပြောပါစေ မြသွန်းဆက်၊ ကလေးဆိုတာ အဲလိုပဲ ရိုးသား
...သင်းတယ်၊ မလိမ်ညာတတ်ဘူး၊ မကောက်ကျစ်တတ်ဘူး။ သူ့ရင်ထဲမှာ
...ရင် ခံစားရသလို ပြောမှာပေါ့"

ပြောရင်းနှင့် ဒေါ်ဆင့်ဆင့်လှိုင်က ငုံ့လျှိုး တုန်ယင်နေတဲ့ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်ဘက် လှည့်လိုက်ကာ

"ခေတ်က နားလည်သိတတ်နေတဲ့ လူကြီးဖြစ်နေပြီဆိုတော့ ကလေးကို မေတ္တာ မပျက်ရဘူး နားလည်ပေးရမယ်နော်၊ ကလေးရဲ့ အမုန်းကိုမခံချင်ရင် ကိုယ်က နွေးထွေးကြင်နာတဲ့ မေတ္တာတွေ ပေးနိုင်အောင် ကြိုးစားပေ့ါ၊ သက်ရောက်မှု တိုင်းမှာ တန်ပြန် သက်ရောက်မှု ရှိပါတယ်"

"ဟုတ် ဟုတ်ကဲ့ပါ မေမေ"

"စိတ်ချမေမေ ကလေးတွေကို ကြင်နာတတ်အောင် သားမိန်းမကို ကလေးကို အများကြီး မွေးခိုင်းလိုက်မယ်၊ ဟားဟား မကောင်းဘူးလား ခေတ်၊ ကို့ကို များများ မွေးပေးနော်"

ဘာမှမသိတဲ့ နိုင်သခ်က သူ့မိန်းမ စိတ်အပြောင်းအလဲ ဖြစ်သွားအောင် စနောက်နေသည်။

အားလုံးကလည်း စိတ်မကောင်း ဖြစ်နေသည့်မို့ ခေတ်တော်ဝင် အတွက်ရောယောင် ရယ်ပေးလိုက်ကြ၏။

မေတ္တာကို လိုချင်လျှင် မေတ္တာပြန်ပေးတတ်မှဖြစ်မည်။

အချစ်ကို လိုချင်လျှင်. . .။

■ ■ ■



## အခန်း (၃၈)

"ဘာဖြစ်လို့ သက်ပြင်းတွေချနေတာလဲ မြသွန်းဆက်"

"သားလေးအဲလိုပြောလိုက်တော့လည်း မမခေတ်အတွက် စိတ်မကောင်းဘူး"

"သူ ပြောတဲ့ အချိန်တုန်းကလည်း အားနာခဲ့လို့လားကွာ၊ ကလေးဆိုတာ အယုအယခံချင်သလို အငြိုးအမှတ်လည်းကြီးတယ်လေ၊ မေမေပြောသလို ကလေးဆီက တစ်ခုခုလိုချင်ရင် သူလည်း တစ်ခုမက ပြန်ပေးနိုင်အောင် ကြိုးစားရမှာပေ့ါ"

"ဟို ပြီးတော့ ကျွန်မတို့ အားလုံးက အရမ်းရင်းနှီး နွေးထွေးနေကြပြီး၊ မမခေတ် မဝံ့မရဲ ဖြစ်နေတာကို အားနာသလိုကြီးဘဲ"

ရိုးသား ဖြူစင်လွန်းသော ချစ်သူလေးက အမျိုးမျိုး နှိပ်စက် အနိုင်ကျင့်နေခဲ့တဲ့ ခေတ်တော်ဝင်အတွက် တစ်မျိုးပြီးတစ်မျိုး ခံစားပေးလို့မပြီးနိုင်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီလောက်တောင် စိတ်သဘောထားပြည့်ဝ မြင့်မြတ်သွန်းတဲ့ညီမလေးအပေါ်မှာ ခေတ်တော်ဝင် ရက်စက် နိုင်ရတာလဲမသိ။

"အရာအားလုံးကို အချိန်က ကုစားပေးသွားမှာပါ။ နောင်တ ရနေတဲ့ လူတစ်ယောက်က ထပ်ပြီး မမှားနိုင်တော့ပါဘူး။ မေတ္တာရဲ့ ဝန်ဖိုးကို သူ သိသွားပြီဆိုရင် အဲဒီမေတ္တာတရားက သူ့ကိုပြန်ပြီး စောင့်ရှောက်မှာပါ၊ စိတ်ပူမနေနဲ့တော့ကွာ၊ မောင်တို့အကြောင်းပဲ ပြောရအောင်"

"အံမယ် ဘာ မောင်လဲ၊ ကလေးကလား၊ တော်တော် မောင် ခေါင်းခံချင်နေတယ်"

"အခေါ်ခံချင်တာပေါ့ကွာ၊ တစ်ခါမှ နားမထောင်ဘူးတာ ခေါ်ကြည့်စမ်းပါ၊ ဘယ်လောက် နားဝင်ချိုမလဲလို့"

မြသွန်းဆက်က ဂန္ထဝင်မြောက် ရှက်မျက်စောင်းလေးဖြင့် တန်းလေးရဲ့တစ်ဖက်ကို တိုးရွှေ့သွားသည်။ သူက လိုက်တိုးရွှေ့ကာ ပူမ ပခုံးလေးကို ခပ်ဖွဖွ ပွေ့ဖက်လိုက်၏။

"အခု ဆင်ဆင်ခြင်ခြင်နေရင် မင်္ဂလာဦးညကျရင် ခေါ်မယ်"

"အဟား"

တွန့်တိုစွာရှေးဆစ်နေသော ချစ်သူလေးကို ကြည့်ပြီး ဟားခနဲ အော်ကာ သိမ်းကျုံးဖက်ပစ်လိုက်၏။ သူမ ကိုယ်လေးက အလိုက်သင့်ပါ





မလာဘဲ ခပ်တောင့်တောင့်လေး ဖြစ်နေသည်။

"ဘာဖြစ်နေတာလဲ၊ အခုမှသောကတွေ စိတ်ညစ်စရာတွေ ပြေပျောက်သွားတာလေ၊ ခဏလေးတောင် ကြည်ကြည်နူးနူးလေး နေလို့မရဘူးလား"

"သားလေး ထွက်လာလို့မြင်သွားရင် ရှက်စရာကြီး"

"ဒီကောင်လေး အလိုက်သိပါတယ်၊ မောင့်ကိုတောင် မှာလိုက်သေးတယ်"

"ဘာမှာလိုက်တာလဲ"

"မေမေ့တူးကို အာဝါးပေးဖြစ်အောင် ပေးလိုက်ပါ ဖေဖေတူးတဲ့"

"ဩော် အဖေတူ သားက အဲလို မှာလိုက်တယ်ပေါ့"

"အင်း ကလေးဆန္ဒပြည့်အောင် မောင့်ရင်ခွင်ထဲမှာ ခဏလေး ငြိမ်ငြိမ်နေစမ်းပါလာ ရင်ခုန်သံတွေလည်း နားထောင်လို့ရတယ်"

မျက်လုံးကို စုံမှိတ်ပြီးပြီး ခေါင်းညိတ်ခေါ်တော့ ဝသုန်လေး ဆန္ဒလည်း ပြည့်အောင် သူ့ရင်ခွင်ထဲ သူမတိုးဝင်လိုက်သည်။

သူ့ရင်ခုန်သံကို နားထောင်ဖို့ သူ့ရင်အုံကျယ်ကြီးမှာ နားကပ် ထောင်နေဆဲ၊ ကိုယ့်ရင်ခုန်သံက တဒုန်းဒုန်း တဒိုင်းဒိုင်း ဆူညံပွက်လောရိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကြားသွားမှာစိုး၍ အသက်တောင် ပြင်းပြင်းမရှူရဲ၊ မိန့်မိန့်မှုးမှုးနှင့် သူရင်ခွင်က မခွာနိုင်အောင်လည်း ဖြစ်နေသည်။

ဘယ်လို ခံစားမှုမျိုးပါလဲ။

သိအောင်မေးကြည့်ရင်ရော မောင်က ဘယ်လိုဖြေမှာလည်း မသိ။

သူ့ရဲ့ဖက်တွယ်မှုက ပိုမိုတင်းကျပ်လာကာ သူမကလည်း ရုန်းထွက်ချင်စိတ် မရှိ။

ဒါဟာ သက်ရောက်မှုရဲ့ တန်ပြန်သက်ရောက်မှုလား။

ရှင့် အချစ်ကွန်ယက်ထဲက ရုန်းမထွက်တော့ဘူး မောင်။

ကျွန်မကို တစ်သက်စာ အားမနာတမ်း သိမ်းပိုက်လိုက်စမ်းပါ။

ကျေကျေနပ်နပ်ကြီး ရှင့်ရင်ခွင်မှာ တွယ်ကပ်နေချင်လို့ပါ။

ကြားရဲ့လား မောင်။

BURMESE CLASSIC .com

အားလုံးအတွက်
နတ်သမီး

စိုးမိုးစာပေ

www.burmeseclassic.com